
www.burmeseclassic.com



www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ်
၅၀၀၉၃၃၀၈၀၀
မျက်နှာဖုံးခွင့်ပြုချက်အမှတ်

ထုတ်ဝေသူ
ဦးကျော်ဆန်း (ရဲအောင်စာပေ)
အမှတ် (၂)၊ ရွှန်း ၁လမ်း
မင်္ဂလာတောင်ညွန့်၊ ရန်ကုန်
အတွင်းဖုံး အဖုံးပုံနှိပ်သူ
ဦးကျင်ရှင် (၀၅၄၁၇)
ရွှေခြည်ဆံ့ပုံနှိပ်တိုက်
၂၂၅၊ အခန်း(၂)၊ ၃၁လမ်း
ပန်းဆိုးတန်း၊ ရန်ကုန်
ပထမအကြိမ်
၂၀၀၀၊ အောက်တိုဘာလ
အုပ်ရေ ၅၀၀၊ တန်ဖိုး ၅၀၀ကျပ်

၈၉၅ . ၈

သမီးချို
စင်ဒရဲလားလေးရဲ့ချစ်ပုံပြင် သမီးချို ။ -ရန်ကုန်၊
ရဲအောင်စာပေ၊ ၂၀၀၀။

၃၀၆-စာ၊ ၁၂x၁၇ . ၅စင်တီ။
(၁) စင်ဒရဲလားလေးရဲ့ချစ်ပုံပြင်

သမီးချိုစာပေ အတွက် သိမ့်ထိုက်စာပေ မှ ဖြန့်ချိပေးသည်။



## အခန်း ( ၁ )
## ရွှေရွှေထုန်းက ဒဏ္ဍာရီ

တစ်ခါတုန်းက ဝေးလံလှတဲ့ နေရာလေးတစ်ခုမှာ မင်းနေပြည်တော်လေးတစ်ခု ရှိသတဲ့။

အဲဒီ မင်းနေပြည်တော်တည်ရှိတဲ့ ပြည်နယ်လေးဟာ အေးငြိမ်းချမ်းသာပြီး ချစ်ခြင်းမေတ္တာ ဝေလေ့ထုံးစံတွေနဲ့ ပြည့်နှက်နေတာပေါ့ကွာ။

အဲဒီပြည်နယ်လေးတစ်ခုမှာ ဂုဏ်သရေရှိတဲ့ လူချမ်းသာမုဆိုးဖိုကြီးတစ်ယောက်ဟာ စင်ဒရဲလားဆိုတဲ့ သမီးလေးတစ်ဦးနဲ့ နေထိုင်သတဲ့။

အဖေဖြစ်သူဟာ အကြင်နာတရားနဲ့ စိတ်သဘောထားအလွန်ပြည့်ဝပြီး သူ့သမီးလေးကိုလည်း စည်းစိမ်ချမ်းသာအပြည့်နဲ့ လိုလေသေးမရှိအောင် ထားသတဲ့။

ဒါပေမဲ့ စင်ဒရဲလားလေးရဲ့ ဖခင်ဟာ သူ့သမီးအတွက်



www.burmeseclassic.com

www.burmeseclassic.com



မိခင်တစ်ယောက်ရဲ့ကြင်နာမှုမျိုး လိုအပ်တယ်လို့ခံစားမိပြီး သူဟာ နောက်အိမ်ထောင်ပြုလိုက်သတဲ့။

စင်ဒရဲလားလေးရဲ့ဖခင် နောက်အိမ်ထောင်ပြုလိုက်တဲ့ မိန်းမမှာ ဂင်ဒရဲလားနဲ့ ရွယ်တူသမီးနှစ်ယောက်လည်း ပါလာတယ်လေ။

အဲဒီ သမီးနှစ်ယောက်ရဲ့ နာမည်က ဘယ်လိုခေါ်သလဲဆိုတော့ အနက်စတေးရှားနဲ့ ဒရယ်ဇီလာလို့ ခေါ်သတဲ့။

အနက်စတေးရှားနဲ့ ဒရယ်ဇီလာရဲ့ အလှဟာ စင်ဒရဲလားလေးရဲ့ အလှနဲ့ယှဉ်မယ်ဆိုရင်တောင် ဘယ်လိုမှ နှိုင်းယှဉ်လို့မရအောင် အရုပ်ဆိုး အကျည်းတန်လွန်းတယ်တဲ့လေ။

စင်ဒရဲလားလေးရဲ့ မိထွေးဟာလည်း စင်ဒရဲလားလေး ကို သူ့ဖခင်ရှေ့မှာဆိုရင်တော့ သိပ်ကိုချစ်တဲ့ အမူအရာမျိုးနဲ့ စင်ဒရဲလားလေးကို ဂရုစိုက်သလောက် သူ့ဖခင်ကွယ်ပြီဆိုရင် တော့ စင်ဒရဲလားလေးကို နှိပ်စက်သတဲ့။ အဲဒီလိုနဲ့ . . .

အချိန်မတန်သေးဘဲ စိတ်ကောင်းရှိတဲ့ စင်ဒရဲလားလေးရဲ့ ဖခင်ဟာ သေသွားရှာသတဲ့။ အဲဒီနောက်မှာတော့ . . .

မိထွေးဖြစ်သူဟာ သူ့ရဲ့ နဂိုမူလအကျင့်စရိုက်တွေ ပိုပြီး သိသာထင်ရှားလာတော့တာပေါ့။ မိထွေးဖြစ်သူရဲ့ အေးစက်သော ရက်စက်ကြမ်းကြုတ်မှုတွေနဲ့အတူ စင်ဒရဲလားလေးရဲ့ အလှတရားတွေကြောင့် ပြင်းထန်တဲ့မနာလိုမှုတွေဟာ စင်ဒရဲလားလေး အပေါ် ကျရောက်လို့လာတာပေါ့ကွယ်။

မိထွေးရဲ့စိတ်ထဲမှာတော့ သူ့အဖေသေသွားတော့ စင်ဒရဲ





လားလေးကို ငါတို့ပိုပြီး နှိမ့်နှိမ့်ချချ ဆက်ဆံလို့ရသွားပြီ။ ပြီးတော့ သူ့အဖေကျန်ခဲ့တဲ့ ပစ္စည်းဥစ္စာတွေကို ငါနဲ့အတူ ငါ့ရဲ့သမီးနှစ်ယောက်သာ ပိုင်ဆိုင်ရတော့မယ်ဆိုတဲ့ လောဘရမ္မက်တွေ ထနေတော့တာပေါ့။

သူတို့သားအမိတွေက သုံးဖြုန်းပျော်ပါးနေသလောက် စင်ဒရဲလားလေးခမျာမှာတော့ အိမ်အလုပ်တွေနဲ့သာ လက်မလည်အောင် တစ်နေကုန်တစ်နေခန်း လုပ်နေရရှာတာပေါ့ကွယ်။

အဲဒီလိုနဲ့ စင်ဒရဲလားလေးဟာ ဖခင်ကို သတိရလွမ်းဆွတ်ခြင်းတွေနဲ့အတူ စိတ်ပျက်စရာကောင်းတဲ့ မိထွေးနဲ့ သူ့သမီးနှစ်ယောက်ရဲ့ အနိုင်ယူဗိုလ်ကျမှုတွေကို ခါးခါးသီးသီး ခံစားနေရရှာတာပေါ့ကွယ်။

အချိန်တွေကြာလာတာနဲ့အမျှ အိမ်ကြီးတစ်ခုလုံး ခြောက်ကပ်တိတ်ဆိတ်ပြီး မိထွေးနဲ့ သူ့ရဲ့သမီးနှစ်ယောက်ရဲ့ မာနကြီးပြီး တစ်ကိုယ်ကောင်းဆန်မှုတွေကြောင့် မိသားစုတစ်ခုရဲ့ ပျော်ရွှင်မှုတွေဟာ အချိန်တွေနဲ့အမျှ ပျောက်ကွယ်လာတော့တာပေါ့။

အဆုံးမှာတော့ သူ့အဖေပိုင်တဲ့ သူမရဲ့ အိမ်ကြီးမှာပဲ အစေခံဘဝကို ရောက်မှန်းမသိ ရောက်သွားတော့တာပေါ့ကွယ်။

တစ်နေ့မှာတော့ . . .

သူတို့တိုင်းပြည်ရဲ့ မင်းသားလေးဟာ ကြင်ယာတော်ရွေးပွဲလုပ်မယ်ဆိုတဲ့ သတင်းကို မိထွေးနဲ့ သူ့ရဲ့သမီးနှစ်ယောက် ပြောဆိုနေတာကို စင်ဒရဲလားလေး ကြားသွားရှာတာပေါ့ကွယ်။

မိထွေးဟာ သူ့သမီးနှစ်ယောက်ကို အဖိုးတန်အဝတ်အ



www.burmeseclassic.com

www.burmeseclassic.com



စားတွေနဲ့ လက်ဝတ်ရတနာတွေကို ဝတ်ဆင်။ အလှဆုံးပြင်ဆင်ပြီး ကြင်ယာတော်ရွေးပွဲကို တက်ဖို့ စီစဉ်နေကြတာပေါ့။ မိထွေးရဲ့ သမီးနှစ်ယောက်မှာလည်း... မင်းသားလေးကတော့ သူ့ရဲ့ကြင်ယာတော်အဖြစ် ငါတို့ကိုပဲ ရွေးမှာပါဆိုတဲ့ စိတ်ကူးယဉ် အပျော်တွေနဲ့ပဲ အိပ်လို့တောင် မပျော်ကြဘူးတဲ့။

မင်းသားလေး ကြင်ယာတော်ရွေးပွဲနေ့လည်း ရောက်ရော စင်ဒရဲလားလေးဟာ သူကတော့ ဒီပွဲကို ဘယ်လိုမှ မတက်နိုင်တော့ပါဘူးဆိုပြီး ဝမ်းနည်းနေလေရဲ့။ မိထွေးသားအမိသုံးယောက်ဟာ စင်ဒရဲလားလေးကို အိမ်အလုပ်တွေ ဖယ်ဆက်အောင် ခိုင်းခဲ့ပြီး ကြင်ယာတော်ရွေးပွဲ ကိုလည်း ထွက်သွားရော။

စင်ဒရဲလားလေးဟာ ပန်းခြံကလေးထဲမှာ ပူဆွေးဝမ်းနည်းစွာ ငိုကြွေးနေရှာတာပေါ့။ အဲဒီလို ငိုကြွေးနေတဲ့အချိန်မှာ အဘွားအိုတစ်ဦးဟာ စင်ဒရဲလားလေးနားမှာ ဘွားခနဲပေါ်လာပြီး

"သမီး... ဘာကြောင့် ပူဆွေးဝမ်းနည်းစွာ ငိုကြွေးနေရတာလဲ" လို့ မေးသတဲ့။ စင်ဒရဲလားလေးဟာ "ကျွန်မမိထွေးနဲ့ သမီးနှစ်ယောက်ကတော့ ကြင်ယာတော် ရွေးပွဲကို တက်ခွင့်ရပြီး ကျွန်မကတော့ တက်ခွင့်မရှိဘူး။ ဒါကြောင့် ဝမ်းနည်းပြီး ငိုနေရတာပါ" လို့ အဘွားအိုကိုပြောလိုက်သတဲ့။ အဘွားအိုက...

"ကောင်းပြီ၊ ဒီပွဲကို သမီးတက်လို့ရအောင် အဘွား စီစဉ်ပေးမယ်"လို့ ပြောသတဲ့။ စင်ဒရဲလားလေးဟာ မယုံနိုင်လောက်အောင် အံ့သြသွားပြီး ...

"ဖြစ်နိုင်ပါ့မလား အဘွားရယ်။ ခုလောက်ဆို မင်းသား





လေးရဲ့ ကြင်ယာတော်ရွေးပွဲမှာ လူစုံတစ်စုံ ရောက်လောက်နေပါပြီ။ ကျွန်မသွားလည်း မှီနိုင်မယ်မထင်တော့ပါဘူး။ ပြီးတော့ ကျွန်မမှာ ကြင်ယာတော်ပွဲတက်ဖို့ သစ်လွင်တောက်ပတဲ့ ဝတ်စုံကောင်းကောင်းလည်း မရှိပါဘူး"

ဆိုပြီး စိတ်ပျက်အားငယ်စွာ ပြောသတဲ့။ အဘွားအိုက

"အဲဒီအတွက် ဘာမှမပူပါနဲ့ကွယ်၊ အဘွားကူညီပါ့မယ်" ဆိုပြီး သူ့လက်ထဲမှာ ကိုင်ထားတဲ့ မှော်တောင်ဝှေးနဲ့ ခြင်းရထားတစ်စီး ဖန်ဆင်းလိုက်သတဲ့။

စင်ဒရဲလားလေးရဲ့ လှပသွယ်လျတဲ့ ခန္ဓာကိုယ်လေးကိုလည်း သူ့ရဲ့မှော်တောင်ဝှေးလေးနဲ့ တို့ထိလိုက်တယ်ဆိုရင်ပဲ စင်ဒရဲလားလေးဟာ သစ်လွင်တောက်ပတဲ့ ဝတ်စုံသစ်ကလေးနဲ့ ကောင်းကင်နတ်သမီးလေးလို လှပသွားတာပေါ့ကွယ်။

ခေါင်းကနေ ခြေဖျားအဆုံး တစ်ခုမှ လိုအပ်ချက်မရှိအောင် ပြည့်စုံသွားတဲ့ စင်ဒရဲလားလေးကို အဘွားအိုက ပြုံးကြည့်ပြီး...

"ကဲ... ဒီမြင်းရထားဟာ ကြင်ယာတော်ရွေးပွဲကို အမီပို့ဆောင်ပေးပါလိမ့်မယ်ကွယ်၊ ဒါပေမဲ့ သမီးဟာ ၁၂ နာရီမကျော်ခင် သမီးရဲ့အိမ်ကို အရောက်ပြန်လာရမယ်ကွယ့်"

"အဘွားဖန်ဆင်းပေးလိုက်တဲ့ အဆောင်အယောင်တွေ အားလုံးဟာ ၁၂ နာရီကျော်တာနဲ့ တန်ခိုးအစွမ်းတွေ ပျက်ပြယ်သွားပြီး သမီးဟာ နဂိုမူလအတိုင်း ပြန်ဖြစ်သွားလိမ့်မယ်"လို့ အဘွားအိုက သတိပေးလိုက်တယ်လေ။ စင်ဒရဲလားလေးဟာ



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ . . . ကောင်းပါပြီ အဘွားရယ်၊ ကျွန်မ ၁၂ နာရီမကျော်ခင် အိမ်ကို အရောက်ပြန်ခဲ့ပါ့မယ်" လို့ ကတိပေးပြီး ကြင်ယာတော်ရွေးပွဲကို မြင်းရထားလေးစီးပြီး ထွက်လာသတဲ့

စင်ဒရဲလားလေးဟာ လမ်းတစ်လျှောက်မှာ မင်းသား လေးကို တွေ့ခွင့်ရတော့မယ်ဆိုတဲ့ အတွေးတွေနဲ့ ပျော်ရွှင်နေရှာ တာပေါ့ကွယ်။ ကြင်ယာတော်ရွေးပွဲလဲ ရောက်ရော နန်းတော် မှာ မိန်းမလှလေးတွေဟာ သူထက်ငါ အလှပြိုင်ပြီး မင်းသားလေး ရဲ့ ကြင်ယာတော်အဖြစ် အရွေးချယ်ခံဖို့ စောင့်ဆိုင်းနေကြတာပေါ့ ကွယ်။

စင်ဒရဲလားလေးဟာ အပြင်ကနေရပ်ကြည့်ပြီး နန်းတော် ထဲကို မဝင်ရဲရှာဘူးတဲ့။

တချို့ဆိုရင် စင်ဒရဲလားလေးရဲ့အလှကို ငေးမောနေကြ တာပေါ့ကွယ်။ စင်ဒရဲလားလေးဟာ နန်းတော်ရဲ့ အပြင်ဘက်မှာ ပဲ ပုန်းလျှိုးကွယ်လျှိုးနဲ့ နေရရှာသတဲ့။

ဘာဖြစ်လို့လဲဆိုတော့ သူ့မိထွေး သားအမိတွေ သူ့ကိုမြင် သွားမှာစိုးလို့ပေါ့ကွယ်။

"မကြာခင်မှာပဲ ကြင်ယာတော်ရွေးပွဲ စမှာမို့လို့ ကြင်ယာ တော်အဖြစ် အရွေးခံမယ့်သတို့သမီးလောင်းများ သတ်မှတ်ထား တဲ့ နေရာမှာနေပေးကြပါလို့ အမတ်ကြီးဒုဒ်ခ ကြေညာတာပေါ့ ကွယ်"

မကြာခင်မှာပဲ မင်းသားလေး ထွက်လာပါတော့မယ်လို့ လည်း ကြော်ငြာရော . . .

သမီးချိုစာပေ



နန်းတော်အဝင်အဝနားမှာ မဝံ့မရဲရပ်နေရှာတဲ့ စင်ဒရဲ းလေးဟာ ရင်ထဲမှာ တဒိန်းဒိန်းနဲ့ ရင်ခုန်နေရှာတာပေါ့ကွယ်။

အဲဒီလို အခြေအနေမျိုးကို မင်းသားလေးက လှမ်းမြင်သွား တဲ့။ အဲဒါနဲ့ ခန်းမထဲကနေထွက်ပြီး စင်ဒရဲလားလေးကို ခေါ် သတဲ့။

မြင်မြင်ချင်းဆိုသလို မင်းသားလေးဟာ စင်ဒရဲလားလေး နှစ်သက်မြတ်နိုးသွားပြီး ပရိသတ်လူဘုံအလယ်ထဲကို စင်ဒရဲ းလေးကို ခေါ်သွားပြီး ကပွဲဝင်ကြတာပေါ့ကွယ်။ သာယာငြိမ့် ကောင်းတဲ့ ဂီတသံစဉ်လေးနဲ့အတူ မင်းသားလေးနဲ့ စင်ဒရဲလား းဟာ ကကြတာပေါ့ကွယ်။ အဲဒီလို ကနေတဲ့အချိန်မှာပဲ စင်ဒရဲ းလေးရော မင်းသားလေးပါ ရင်ခုန်နေကြသတဲ့။

အဲဒီအချိန်မှာ နာရီစင်က ၁၂ နာရီထိုးတဲ့အသံကိုလည်း ကြားရော စင်ဒရဲလားလေးဟာ အိပ်မက်က လန့်နိုးလာသူ တစ် ယောက်လို ထိတ်ထိတ်ပျာပျာဖြစ်သွားပြီး မင်းသားလေးနဲ့ တွဲ ထားတဲ့လက်ကို ကမန်းကတန်းဖြုတ်ချခဲ့ပြီး ကပွဲခန်းမထဲကနေ ပြေးထွက်လာခဲ့တာပေါ့။

နန်းတော်အပြင်လည်းရောက်ရော စင်ဒရဲလားလေးဟာ အသင့်စောင့်နေတဲ့ မြင်းရထားလေးပေါ် အမြန်တက်ပြီး အိမ်ကို အပြင်းနှင်တော့တာပေါ့။ မင်းသားလေးခမျာမှာလည်း သူ့ရဲ့ကြင် ယာတော်အဖြစ် ရွေးချယ်လိုက်တဲ့ မိန်းမလှလေးဟာ ရုတ်တရက် ဘာကြောင့်များ သူ့ရှေ့က ပြေးထွက်သွားရသလဲခဲ့ပြီး စိတ်ထိ ခိုက်ရှာတာပေါ့ကွယ်။ သူ့မှာ စင်ဒရဲလားလေး ကျွတ်ကျန်ခဲ့တဲ့

သမီးချိုစာပေ

www.burmeseclassic.com



ဖိနပ်ကလေးကိုကိုင်ပြီး ပူဆွေးသောက ရောက်ရှာတာပေါ့။ အဲ
ကြောင့် ညတွင်းချင်းပဲ အမတ်ကြီးဒုန်ကို အမိန့်ပေးလိုက်သ

စင်ဒရဲလားလေးရဲ့ဖိနပ်တစ်ဖက်ကို ပေးလိုက်ပြီး ...

ဒီဖိနပ်ကလေးနဲ့ တော်တဲ့မိန်းကလေးကို အမြန်ဆုံး
တွေ့အောင်ရှာခဲ့ဖို့ပေါ့။

အဲဒီအချိန်မှာ စင်ဒရဲလားလေးဟာလည်း သူ့ရဲ့အိမ်
တောင် ပြန်မရောက်လိုက်ပါဘူး။

လမ်းတစ်ဝက်မှာတင် သူမှာရှိတဲ့ အဆောင်အယော
တွေအားလုံးဟာ ပျက်ပြယ်သွားတော့တာပေါ့။

အရင်ပုံစံလေးအတိုင်း ပြန်ဖြစ်သွားပြီး မိထွေးသားအ
ပြန်မလာခင် လှုပ်ခြေမပျက် အိမ်မှာ ပြန်နေရတာပေါ့ကွယ်။

အမတ်ကြီးဒုန်ခမျာလည်း မင်းသားလေးရဲ့အမိန့်ပေး
နိုင်းချက်အရ သမီးပျိုရှိတဲ့ အိမ်တိုင်းကိုလိုက်ပြီး ဖိနပ်ကလေး
စီးနိုင်းတာပေါ့ကွယ်။

ဒါပေမဲ့ အဲဒီဖိနပ်ကလေးနဲ့ တော်တဲ့သူ တစ်ယောက်
မတွေ့ဘူးတဲ့။ နောက်ဆုံးတော့ ဖိနပ်ပိုင်ရှင် ရှာပုံတော်ဖွင့်
အမတ်ကြီးဒုန်ဟာ စင်ဒရဲလားလေးရဲ့အိမ်ကို ရောက်လာတာပေ

အဲဒီမှာ မိထွေးက စင်ဒရဲလားလေးကိုတော့ အမတ်ကြီး
ဒုန် ယူဆောင်လာတဲ့ ဖိနပ်ရဲ့ စီးခွင့်မပေးဘူးတဲ့။ သူ့သမီး
မကျည်းတန်နှစ်ယောက်ကိုသာ ဖိနပ်ကလေးကို စီးခိုင်းစေတယ်
ကံဆိုးချင်တော့ ဖိနပ်က သူတို့နှစ်ယောက်စလုံးရဲ့ ခြေထောက်
တွေနဲ့ ဘယ်လိုမှ စွပ်လို့မရရှာဘူးတဲ့။ အဲဒီအချိန်မှာ စင်ဒရဲလား





လေးကို အမတ်ကြီးဒုန်က မြင်သွားတာပေါ့။ ပြီးတော့ အဲဒီဖိနပ်
ကလေးကို စီးခိုင်းတယ်တဲ့။

ဖိနပ်ကလေးဟာ စင်ဒရဲလားလေးရဲ့ လှပသေးသွယ်တဲ့
ခြေထောက်ကလေးနဲ့ အံကိုက်ဖြစ်နေတာပေါ့။

အဲဒီမှာ အမတ်ကြီးဒုန်ဟာ ဝမ်းသာပြီး စင်ဒရဲလားလေး
ကို ဘုရင်နဲ့မင်းသားလေးရဲ့အမိန့်အရ နန်းတော်ထဲကို ခေါ်သွား
တယ်ကွယ့်။ မင်းသားလေးဟာ စင်ဒရဲလားလေးကိုလည်းမြင်ရော
အရမ်းဝမ်းသာသွားပြီး ...

"မင်းကို ငါမြတ်မြတ်နိုးနိုးနဲ့ သက်ဆုံးတိုင် ချစ်သွားပါ
မယ်လို့" ပြောလိုက်သတဲ့။ အဲဒီအချိန်ကစပြီး စင်ဒရဲလားလေး
ဟာ မင်းသားလေး ရဲ့ ကြင်ယာတော်မင်းသမီးလေးအဖြစ်နဲ့
တစ်သက်လုံး ပျော်ပျော် ရွှင်ရွှင်နဲ့ နေသွားရတာပေါ့ကွယ်။

အဘွားငြိမ်းရဲ့ စင်ဒရဲလားပုံပြင်ပြောအပြီးမှာ နှင်းစက်
ဖြူဖြူဆိုသော ခေတ်သစ်စင်ဒရဲလားလေးမှာလည်း ...

သက်ပြင်းခိုးလေးကို မသိမသာ ချမိရင်း ...

ရင်ထဲမှာ ပျော်သလိုလို၊ ဝမ်းနည်းသလိုလိုနဲ့ ဘာမှန်းမ
သိတဲ့ ခံစားချက်ကြီးတစ်ခုက ထုံးစံအတိုင်း ဝင်ရောက်လာပြန်ပေါ့။

ဒီပုံပြင်လေးဟာ နှင်းစက်ဖြူဖြူရဲ့ အိပ်ရာဝင်ပုံပြင်အဖြစ်
အဘွားငြိမ်း အမြဲပြောပြနေသော ပုံပြင်လေးဖြစ်ပေသို့ သူမ



www.burmeseclassic.com

www.burmeseclassic.com



အတွက် ဘယ်တော့မှ ရိုးအီမသွားခဲ့တာ ဆန်းတော့ဆန်းသားပင်။

သူမဘဝကလည်း နာကျင်ခြင်းတွေနဲ့ ပြည့်နှက်နေတာပဲလေ။ စင်ဒရဲလားလေးလို မိထွေးရဲ့ အနိုင်ကျင့် ဗိုလ်ကျခြင်းတွေ၊ မိထွေးနှင့်ပါလာသော သမီးနှစ်ယောက်ရဲ့ အနိုင့်ကျင့်ဗိုလ်ကျခြင်းတွေဟာ သူမဘဝနဲ့ နေသားတကျတောင် ဖြစ်လို့နေပါပြီ။

ခုချိန်မှာ နှင်းစက်ကို ဖေးကူပြီး မေတ္တာအပြည့်အဝပေးနိုင်မယ့် ဒယ်ဒီကလည်း အိပ်ရာထဲမှာ သေခြင်းတရားရဲ့ အမိန့်ချမှတ်မယ့်နေ့ကို ဝေဒနာတွေခံစားရင်းနဲ့ စောင့်နေရရှာတာ။

နှင်းစက်ဘဝကရော စင်ဒရဲလားလေးရဲ့ ဘဝထက်ထူးပြီး ဘာများကွာခြားလာမှာမို့လဲ။ ပုံပြင်လေးထဲမှာ စင်ဒရဲလားလေးဟာ နောက်ဆုံးတော့ မင်းသားလေးနဲ့ ချစ်ပွဲဝင်ခွင့်ရခဲ့တာပါ ဒါဆို နှင်းစက်ကရော . . . ၊ ဘဝရဲ့အနာဂတ်တွေမှာ ရင်ခုန်စရာကောင်းတဲ့ ချစ်သူက ချစ်ခြင်းမေတ္တာတွေကို ထွေးပိုက်ပြီး ကိုယ့်ကို လက်ကမ်းကြိုနေမှာလား။ စင်ဒရဲလားလေးရဲ့ ဖာတ်သိမ်းခန်းလေးကို အားကျ နှစ်သက်မိတာတော့ အမှန်ပါပဲ။

ကြမ်းတမ်းခက်ထန်တဲ့ ဘဝရဲ့အလယ်လောက်မှာ နွေးထွေးတဲ့ချစ်ခြင်းမေတ္တာတွေနဲ့ ဆီးကြိုမွေ့ဖက်ခြင်းခံရတဲ့ စင်ဒရဲလားလေးရဲ့ဘဝဟာ သနားစရာကောင်းသလို ရင်ခုန်စရာလည်းကောင်း၊ ကြည်နူးစရာလည်း ကောင်းလှပါသည်။

စင်ဒရဲလားလေးကို အားကျနှစ်သက်ရာမှ ဖြစ်ပေါ်လာသော ကိုယ့်ရင်ထဲက စိတ်ကူးယဉ်ဆန်တဲ့ ရင်ခုန်သံ ဖူးဖူးလေးတွေဟာ သင်းပျံ့ချိုအီတဲ့ အချစ်တွေနဲ့ သန့်စင်ထားတဲ့မေတ္တာရေ





စင်ကို ပက်ဖျန်းပေးမယ့် ချစ်သူလေးတစ်ယောက်ကို တိတ်တခိုးလေး မျှော်လင့်နေရှာသူပါ။ ဒါမှ မျှော်လင့်ခြင်းတွေနဲ့ ရှင်သန်ခွင့်ရှုပ်တဲ့ ရင်ဘတ်ထဲက ဖူးပွင့်ငုံ့ငုံ့လေးတွေဟာ ငွားငွားစွင့်စွင့်နဲ့ အချစ်တွေထဲမှာ ပျော်ဝင်မိန်းမောနေတော့မှာပေါ့။

အဟင်း . . . ဘယ်လောက်လှပတဲ့ စိတ်ကူးယဉ်ဆန် ဆန်အတွေးလေးတွေလဲလို့။ လောကကြီးက ကိုယ့်ကို ဘယ်လိုပုံ စံနဲ့ အပ်နှင်းမှန်းမသိတဲ့အချစ်အတွက် စိတ်ကူးယဉ်နေရတယ်လို့။ ရယ်စရာတော့ ကောင်းသားနော်။

တကယ်တော့ အချစ်ကို ကိုယ်က ဘယ်လောက်တမ်းတ,တမ်းတ ကိုယ့်ရဲ့နှလုံးသားရင်ခုန်သံတွေ ငြိမ်သက်နေသရွေ့ အချစ်ဆိုတာလဲ ကိုယ်နဲ့အဝေးကြီးမှာ ရှိနေဦးမှာပါ။

"သမီးလေး . . . ဘွားငြိမ်းလည်း ပုံပြောပြီးသွားပြီလေ၊ ဘာတွေ တွေးနေတာလဲ၊ အိပ်တော့ အိပ်တော့ . . . မနက်အစောကြီးမနိုးရင် ဟိုသားအမိတွေက ပူညံပူညံလုပ်ဦးမယ်ကွယ်၊ မောင်အံ့ဘွယ်သိရင်လည်း စိတ်ထိခိုက်ရှာပါ့မယ်"

"အင်းပါ ဘွားငြိမ်းရယ် . . . နှင်းစက် အိပ်တော့မှာပါ"

ပြောပြောဆိုဆိုဖြင့် ဘွားငြိမ်းရဲ့အိပ်ရာဘေးမှာ အဆင်သင့်ပြင်ထားသော မိမိရဲ့ အိပ်ရာထက်သို့ ခွေ့ခနဲ ခုန်ကူးလိုက်၏။

သူမရဲ့ သိပ်ပြီး မထူးဆန်းလှတော့တဲ့ ရိုးအီနေတဲ့ အတွေးတွေကို ဒီညတော့ ဒီမှာပဲ တစ်ခန်းရပ်ပြီး အိပ်စက်ခြင်းကို အဖော်ပြုရဦးတော့မှာပေါ့။



www.burmeseclassic.com

www.burmeseclassic.com



အခန်း ( ၂ )

"သမီး"

ဒယ်ဒီ့ကို ရေပတ်တိုက်ပေးနေရင်းမှ ဒယ်ဒီရဲ့လေသံမှု သောခေါ်သံသဲ့သဲ့ကြောင့် နှင်းစက် ဒယ်ဒီကိုလှည့်ကြည့်လိုက်၏။

"ရှင် ဒယ်ဒီ ... သမီး ဘာလုပ်ပေးရမလဲဟင်"

"ဘာမှ လုပ်ပေးစရာမလိုပါဘူး သမီးရယ်"

"သမီးကို ဒယ်ဒီ ကျေးဇူးတင်ပါတယ်လို့ ပြောမလို့ပါ"

ဒယ်ဒီရဲ့ စကားလုံးမျှဉ်းမျှဉ်းတွေကြောင့် နှင်းစက် အကြည်သင်ဆုံးပြုံးပြလိုက်ပြီး ...

"ဒယ်ဒီရယ် သားအဖအချင်းချင်း ဘာကို ကျေးဇူးတင်စရာလိုလို့လဲ"

ဟုပြောရင်း ဒယ်ဒီ နဖူးပြင်လေးကို ရေစိုမျက်နှာသုတ်ပဝါဖြူလေးဖြင့် ညင်သာစွာ ပွတ်တိုက်လိုက်၏။





"ဒီလောကကြီးထဲမှာ အရှင်းအရှုပ်ဆိုလို့ သမီးရယ်, ဒယ်ဒီရယ် ... ဒီနှစ်ယောက်ပဲ ရှိတာလေ"

"သမီးဟာ သိတတ်လွန်းတဲ့ သမီးလေးဖြစ်နေလို့ ဒယ်ဒီလေ ကိုယ့်ကိုယ်ကိုယ် နောင်တရမိတယ်၊ ဒယ်ဒီ လူရွေးမှားသွားတယ် သမီးရယ်"

ဒယ်ဒီမမြင်အောင် သက်ပြင်းခိုးလေးကို ခပ်မှုင်းမှုင်းချရင်း ...

"ဒယ်ဒီရယ် ... ဖြစ်ပြီးတာတွေအတွက် ဘာလို့များ မြှန်ပြီးနောင်တရနေရတာလဲ"

"ဒယ်ဒီပြောခဲ့တဲ့စကားကို ဒယ်ဒီမေ့သွားပြီလား ဟင်"

ဒယ်ဒီက အင်အားမပါသောအပြုံးယဲ့ယဲ့လေးဖြင့် ကြည့်၏။

"ဒယ်ဒီပဲ ပြောခဲ့တာလေ ... ဘဝဆိုတာ ကောင်းတာပဲ ဖြစ်ဖြစ်, ဆိုးတာပဲဖြစ်ဖြစ် ရွေးချယ်ခွင့်မရှိဘူး ၊ ကံတရားရဲ့ အလိုကျလှုပ်ရှားသက်ဝင်ရတာဆို"

"ဘဝတစ်ခုမှာ အဆိုးကြီးပဲအမြဲမရှိနိုင်သလို အကောင်းကြီးပဲလည်း အမြဲမရှိနိုင်ပါဘူး။ လောကစံရှစ်ပါးမှာ အဆိုးလောကစံလေးပါး အကောင်းလောကဓံလေးပါးက လူတွေရဲ့ ဘဝကို အလှည့်ကျ ဝင်ရောက်ခြယ်လှယ်နေတာ၊ အဲဒီအတွက် ဘယ်လိုလောကဓံကပဲ ဝင်ရောက်ခြယ်လှယ်ပါစေ ကိုယ့်ရဲ့ စိတ်ကလေးကိုသာ အဖြူစင်ဆုံးနဲ့ အငြိမ်းချမ်းဆုံး စိတ်ကလေးသာ မွေးမြူ။ အရာရာဟာ သူ့အလိုလို ငြိမ်းအေးခြင်းတွေနဲ့ ပြီးမြောက်အောင်



www.burmeseclassic.com

www.burmeseclassic.com



မြင်သွားပါလိမ့်မယ်ဆို

သူ တစ်ချိန်က ကြော့ချိုမိုးမချဲ့ဖူးသော စကားတချို့ကို သမီးလုပ်သူက ရှည်လျားစွာ ပြန်ပြောပြနေ၏။ ဪ . . . ကိုယ့်ရဲ့သတိတစ်ချက်လွတ်မှုက သမီးရဲ့ သတိပေးစကားကြောင့် စိတ်ကိုနိုင်အောင် ပြန်မတင်ဖို့ သတိရလိုက်၏။

ကျေးဇူးတင်ပါတယ် သမီးရယ် . . .

ဒီသမီးလေးကြောင့် သူ ခုချိန်ထိ အသက်ရှင်နေရတာပါ

လူ့မဟာဘဝနဲ့ အိပ်ရာထဲလဲခဲ့တဲ့ အချိန်ကစပြီး သမီးလေးသာလျှင် သူ့အနားမှာ အဖော်အဖြစ် အမြဲနေပေးခဲ့တာ။

ဆေးတိုက်ချိန်၊ အစားစားချိန်၊ တရားစာအုပ်ဖတ်ပြချိန်

တစ်ခါထလေ ရယ်စရာ ဟာသဇာတ်လမ်းလေးများကို ပြောပြီး တစ်ခစ်ခစ်ရယ်မောကာ ဖခင်ဖြစ်သူရဲ့စိတ်ကို အပန်းဖြေစေခဲ့သူပါ။

"ဟော ကိုကို . . . ဒီနေ့တော့ မျက်နှာလေး ကြည်နေပါလား"

"မောနင်း ကိုကိုရေ၊ မနက်ကတည်းက ကိုကို့အခန်းကို လာဖို့ဟာလေ မီးဖိုချောင်ဝင်နေရတာနဲ့ မအားဘူးကွယ်၊ ဒေါ်ငြိမ်းကလည်း အသက်ကကြီးတော့ တုန်ချည့်ချည့်နဲ့ အားမကိုးရဘူး"

"မြိုင်က ကိုယ်တိုင်လုပ်ရမှ စိတ်တိုင်းကျတာ ကိုကိုလည်း အသိပဲကွယ်"

ချွဲပျစ်ချိုအီသော မာယာစကားများဖြင့် နှင်းစက်တို့သားအဖနားသို့ လျှောက်လာသော ဒေါ်ထူးထူးမြိုင်ရဲ့လက်ထဲတွင်





ကိုင်ထားသော စွပ်ပြုတ်ပန်းကန်က အငွေ့တထောင်းထောင်းထလျက် . . .

"သမီးလေး နှင်းစက် . . . သမီးလေးလည်း အရမ်းပင်ပန်းနေပါပြီကွယ်၊ သွားနားရင် နားတော့လေ၊ မာမီ တစ်လှည့်ပြုစုပါ့မယ်"

"ရပါတယ် မာမီထူး"

နှင်းစက် ဒေါ်ထူးထူးမြိုင်လက်ထဲမှ စွပ်ပြုတ်ပန်းကန်ကို ကြည့်ပြီး . . .

"ဒါနဲ့ ဒီစွပ်ပြုတ်ပန်းကန်က ဘာလုပ်ဖို့လဲ မာမီထူး"

"ကိုကို့ကိုတိုက်ဖို့လေ၊ ပြီးရင် ဆေးတိုက်ရမယ်"

နှင်းစက် ဒယ်ဒီကို လှမ်းအကဲခတ်လိုက်၏။ ဒယ်ဒီမျက်ဝန်းတွေ ခပ်ဖြည်းဖြည်းလေး မှိတ်သွား၏။ စိတ်ထဲမှာတော့ ဒီမိန်းမ အခုမှငါ့ကိုလာပြီး ဟန်ဆောင်မှုတွေနဲ့ နှမ်းလာဖြူးနေတယ်လို့။ ဘာဖြစ်လို့လဲဆိုတော့ . . .

"ဟို မာမီထူး . . . ဒီစွပ်ပြုတ်ကို ဒယ်ဒီသောက်နိုင်မယ် မထင်တော့ဘူး"

"ဘာဖြစ်လို့လဲ သမီးရယ် . . . သူမသောက်ချင်ဘူးဆိုတာနဲ့ မတိုက်ဘဲနေလို့ ဘယ်လိုလုပ်ဖြစ်မှာလဲ"

"မဟုတ်ဘူး မာမီထူး။ နှင်းစက် စောစောကလေးတင်မှ ဒယ်ဒီ့ကို တိုက်ပြီးသွားလို့ပါ၊ ဆေးလည်းတိုက်ပြီးပါပြီ၊ အခုရေပတ်တိုက်ပေးနေတာပါ"

နှင်းစက်စကားကြောင့် ဒေါ်ထူးထူးမြိုင် မသိမသာ မျက်



www.burmeseclassic.com

www.burmeseclassic.com



နှာ ပျက်သွား၏။

"သြော် ဟုတ်လား... ဓာဓာက မာမီ ဘုရားခန်းထဲမှာ အလုပ်ရှုပ်နေတာနဲ့ မသိလိုက်ဘူး သမီးရယ်"

ဟု ပါးစပ်ထဲ တွေ့ကရာပြောပြီး စွပ်ပြုတ်ပန်းကန်ကို ကိုင်ပြီး ရှက်အမ်းအမ်းဖြင့် အခန်းထဲမှ ပြန်ထွက်သွား၏။ မနက်မိုးလင်းကတည်းက အိမ်အလုပ်ကို ခြေဖျားနှင့်ပင်မခတ်ဘဲနှင့် ကွန်ပျူတာရှေ့တွင်ထိုင်ပြီး ဖဲကစားနေသော မိထွေးလုပ်ရပ်ကို သိနေပြီးသား နှင်းစက်ကတော့ ဒယ်ဒီ့ကို ဘာမှ မပြောချင်ပါ။

ဒယ်ဒီရဲ့နောက်ဆုံးအချိန်တွေမှာ ဒယ်ဒီအတွက် အကျိုးမရှိမယ့် အကြောင်းအရာ ပဋိပက္ခတွေကို ပေးမသိချင်။ ဒယ်ဒီရဲ့ ကျန်ရှိနေသော အချိန်အပိုင်းအခြားတစ်ခုကို ငြိမ်းချမ်းခြင်းတွေနဲ့ပဲ လွှမ်းခြောက်စေချင်တာ နှင်းစက်ရဲ့ဆန္ဒ အမှန်ပါ။

"သမီးရေ... ရှေ့နေကြီးရောက်နေတယ်"

ရှေ့နေကြီးဆိုသော အသွားငြိမ်းအသံကြောင့် ဒယ်ဒီ့မျက်ခွံများ ခပ်ဖြည်းဖြည်းပွင့်လာပြီး လေသံတိုးတိုးဖြင့်...

"သမီး ဒီအခန်းထဲပဲ ခေါ်လာခဲ့ပါကွယ်၊ ဒယ်ဒီ သူ့နဲ့ တိုင်ပင်စရာ ရှိလို့ပါ"

"ဟုတ်ကဲ့ ဒယ်ဒီ... နှင်းစက် သွားခေါ်လိုက်ပါ့မယ်"

ဒယ်ဒီ့အနားမှ နှင်းစက်ထကာ ဧည့်ခန်းထဲမှာ ရောက်နေသော ဘဘဦးကျော်မင်းခေါင်ကို ထွက်ခေါ်ဖို့ ဧည့်ခန်းအဝင်နားအရောက်၊ ဧည့်ခန်းထဲတွင် မိထွေးဒေါ်ထူးထူးမြိုင်က ထိုင်ပြီး ဧည့်ခံစကား ပြောနေ၏။





"ကျွန်မတော့ သိပ်ပြီး အားမရပါဘူး ဦးကျော်မင်းခေါင်ရယ်၊ အဲဒါကြောင့် သူမသေခင်မှာ အမွေကိစ္စကို တစ်ခါတည်း ရှင်းရှင်းလင်းလင်း ဖြစ်ခဲ့စေချင်တာပါ၊ ခုချိန်မှ နောင်ရှင်းမှ မဟုတ်ဘူးလား"

သူ့ရဲ့ရမ္မက်တွေကို ဟန်ပင်မဆောင်နိုင်လောက်အောင် ဝင်ပြနေသော မာမီထူးရဲ့စကားတချို့ကြောင့် နှင်းစက်ရင်ထဲ နုံးခနဲ ခံစားလိုက်ရ၏။ ကြည့်စမ်းပါဦး... ဒယ်ဒီကို ဒီမိန်းမကြီးက အတော်သေစေချင်နေပုံရ၏။

"ဒါကတော့ ကာယကံရှင်ရဲ့ ဆန္ဒအပေါ်မှာမူတည်ပြီးမှ ကျွန်တော်ဆောင်ရွက်ပေးရမယ့်ကိစ္စ ဖြစ်ပါတယ်၊ ဒေါ်ထူးထူးမြိုင်... ၊ကျွန်တော့်အနေနဲ့ ဘာမှ ဝင်စွက်ဖက်ပိုင်ခွင့် မရှိပါဘူး"

တရားနည်းလမ်းကျကျ ပြောလိုက်သော ဦးကျော်မင်းခေါင် စကားကြောင့် ဒေါ်ထူးထူးမြိုင် ဘာမှထပ်ပြီး စောဒကမတက်ရဲတော့ဘဲ ငြိမ်ကျသွား၏။ သူမထံမှ ဘာစကားမှ ထပ်ပြီးထွက်မလာခင် ဧည့်ခန်းထဲ အမြန်လှမ်းဝင်လိုက်ပြီး...

"ဘဘ... ဒယ်ဒီက သူ့အခန်းကိုပဲ လာခဲ့ပါတဲ့"

"အေး... ကောင်းပြီသမီး... ဘဘလာခဲ့မယ်"

ဘဘဦးကျော်မင်းခေါင် ဒယ်ဒီ့အခန်းထဲ အရောက်။

ဒယ်ဒီရဲ့ သွေးဆုတ်ဖြူရော်နေသော ခန္ဓာကိုယ်ပိန်ကပ်ကပ်ကိုကြည့်ပြီး ဦးကျော်မင်းခေါင် ရင်ထဲဆို့သွားရ၏။

တာဝန်နှင့် တောင်ကြီးကို သွားနေသော တစ်နှစ်ခိုသော ကာလလေးအတွင်းမှာ ဦးအံ့ဘွယ်ထူးရဲ့ ရုပ်ခန္ဓာသည်



www.burmeseclassic.com

www.burmeseclassic.com



သေမင်းထံသွားဖို့ အသင့်အနေအထားရှိနေသည့်ပုံစံမျိုးဖြစ်နေ၍ တော်တော်ခလေး စိတ်ထိခိုက်ရပါ၏။

အရင်က ဖြူဖြူခန့်ခန့်နှင့် ခန့်ညားထည်ဝါလွန်းသောရုပ်ရည်က ခုတော့ မွေ့ရာထဲမှာ မြုပ်လျက်ဖြင့် ခြုံထားသောဂွမ်းစောင်ပုံအောက်မှာ ခန္ဓာကိုယ်တစ်ခုရှိတယ်လို့တောင်မထင်ရ။

လေသံကို မနည်းအားယူမြှင့်တင်ရင် ...

"သာ ... ကို မင်း ခေါင် ရေ"

"ဒီလောက်တောင် ဖြစ်သွားလိမ့်မယ်လို့ ကိုယ် လုံးဝထင်မထားဘူး အံ့ဘွယ်ရယ်"

"ကံတရားရဲ့ စီမံရာပဲပေါ့ဗျာ၊ ကျွန်တော်တို့မှာ ငြင်းဆန်ခွင့်မှ မရှိတာ၊ သူတို့လာခေါ်တဲ့အချိန် ကျွန်တော် လိုက်သွားရုံပဲပေါ့"

"မဟုတ်တာဘဲ အံ့ဘွယ်ရယ် ... စိတ်ကို ခိုင်ခိုင်ထားစမ်းပါ၊ မင်းသမီးလေးရဲ့အနာဂတ်အတွက် မင်း အသက်ဆက်ရှင်ရဦးမယ်လေ"

ဒယ်ဒီနဲ့ဘဘဦးကျော်မင်းခေါင် ပြောနေသော စကားတွေကို နှင်းစက် နားထောင်နိုင်စွမ်း မရှိတော့ပါ။ ပါးပြင်ပေါ်သို့ မျက်ရည်စက်တွေ မကျလာခင် ဒယ်ဒီတို့ အနားမှ ထွက်လာခဲ့လိုက်၏။

ဦးအံ့ဘွယ်၏ သေးကွေးပိန်လှီသော လက်အစုံက ခေါင်းအုံးအောက်က ဖိုင်တွဲကို နှိုက်ယူလိုက်ပြီး ဦးကျော်မင်းခေါင်ရှေ့သို့ ထိုးပေးလိုက်၏။





"ရော့ ... ဒါဟာ ကျွန်တော့်ရဲ့ သေတမ်းစာပါ၊ ဒီထဲမှာပါတဲ့အချက်အလက်အတိုင်း ဆောင်ရွက်ပေးဖို့ ကျွန်တော် အထူးမေတ္တာရပ်ခံပါတယ် ... ၊

ပြီးတော့ ကျွန်တော့်သမီးလေးရဲ့အနာဂတ်ကို ကိုမင်းခေါင် လက်ထဲ အပ်ခဲ့ပါရစေ၊ ဖခင်တစ်ယောက်ရဲ့ မေတ္တာမျိုးနဲ့ဆက်ပြီး စောင့်ရှောက်ပေးပါ"

ဦးကျော်မင်းခေါင်သည် ဦးအံ့ဘွယ်ရဲ့ လက်ထဲမှ ဖိုင်ကိုယူလိုက်ပြီး အလေးနက်ဆုံး ကတိစကားတစ်ခုကို ပေးလိုက်၏။

"စိတ်ချပါ အံ့ဘွယ်၊ မင်းဟာ ငါ့ညီအရင်းတစ်ယောက်လို သံယောဇဉ် တွယ်ခဲ့ရတဲ့သူပါ၊ မင်းရဲ့သမီးလေးဟာလည်း ငါ့ရဲ့သမီးပဲပေါ့၊ မင်းစိတ်တိုင်းကျ ဖြစ်စေရမယ်လို့ ငါ လေးလေးနက်နက် ကတိပေးပါတယ်ကွာ"

ထိုအခြင်းအရာ အဖြစ်အပျက်အားလုံးကို အခန်းအပြင်မှ ချောင်းကြည့်နားထောင်နေသော ဒေါ်ထူးထူးမြိုင်၏ မျက်ဝန်း၌ လောဘရမ္မက်ခိုးတွေ ဝေနေလေ၏။

ဦးအံ့ဘွယ်ခမျာမှာလည်း သမီးလေးရဲ့ မိခင်ဟာ သမီးလေး ငယ်စဉ်ကတည်းက ကွယ်လွန်ခဲ့သဖြင့် သမီးလေးအပေါ်မှာ မေတ္တာတွေပို အချစ်တွေပိုခဲ့ပြီး နောက်အိမ်ထောင်မပြုတော့ဘူးလို့ စိတ်ဆုံးဖြတ်ခဲ့တာပါ။ အဲဒီနောက်ပိုင်း ကုမ္ပဏီမှာ အတွင်းရေးမှူးတစ်ယောက်လို၍ ဒေါ်ထူးထူးမြိုင်ကို စပြီးခန့်လိုက်မိရာမှ သူမ၏ မာယာညွှတ်ကွင်းမှာ သက်ဆင်းခဲ့ရသူ ဖြစ်သွား၏။

လက်ထပ်လိုက်ပြီးမှ သူဟာ အပျိုစင်မဟုတ်ဘဲ ကလေး



www.burmeseclassic.com

www.burmeseclassic.com



နှစ်ယောက်အမေမှန်း သိရ၏။ ဦးအံ့ဘွယ် ဘာများတတ်နိုင်ဦးမှာလဲ။ ခွင့်လွှတ်ရုံပဲ ရှိတော့သောပေါ့။ နှင်းစက်အပေါ်မှာ အစကတော့ တကယ့်မိခင်အရင်းသဖွယ် ဂရုစိုက်ပါ၏။ နှင်းစက်နှင့်ရွယ်တူ သူရဲ့သမီးနှစ်ယောက်နဲ့ ယှဉ်ရင်တောင် နှင်းစက်ကလေးကိုပဲ ဦးစားပေး၏။ အဲဒီလို သမာသမတ်စိတ်ဓာတ်လေး ဒေါ်ထူးထူးမြိုင်မှာ ရှိနေပါလားဆိုသည့်အချက်ကလေးနဲ့တင် ဦးအံ့ဘွယ်သည် သူတို့သားအမိသုံးယောက်ကို လိုအပ်တာထက် ပို၍ အခွင့်အရေးပေးခဲ့၏။

နှင်းစက်ကိုလည်း မာမီထူးနှင့်သူ့သမီးနှစ်ယောက်ကို တည့်အောင်နေဖို့နှင့် ထိုသားအမိတွေအပေါ် နားလည်မှုလေး ပေးလိုက်ပါဟု မကြာခဏ ဖျောင်းဖျမိသည်အထိ ထိုသားအမိသုံးယောက်အပေါ်မှာ ယုံကြည်ခဲ့ပါသည်။

တကယ်တမ်း ဦးအံ့ဘွယ် ကင်ဆာရောဂါဖြင့် အိပ်ရာထဲ ဘုန်းဘုန်းလဲနေသောအချိန်မှာတော့ ထိုသားအမိသုံးယောက်သည် ဦးအံ့ဘွယ်အား ပြုစုပေးဖို့နေနေသာသာ အနားကိုတောင် မသိတော့ပါ။ ကိုယ့်သွေးသားနဲ့ ဖြစ်တည်လာတဲ့ နှင်းစက်လေးကသာ နေ့ရော,ညပါ အထူးဂရုစိုက်ပေးရှာ၏။

နာ့စ်ငှားပြန်တော့လည်း သူတို့သားအမိရဲ့ မောက်မာမှု လူမမာကို ပြုစုရုံတင်မဟုတ် သူတို့သားအမိရဲ့ ဝေယျာဝစ္စတွေကိုပါ အောက်ခြေသိမ်းခိုင်းတော့ ဘယ်နာ့စ်နဲ့မှ အဆင်မပြေ။

နောက်တော့ ဘယ်နာ့စ်မှ မငှားတော့ဘဲ နှင်းစက်ပဲ ဒယ်ဒီ့ကိုပြုစုဖို့ တာဝန်အပြီးယူလိုက်ပါ၏။ နှင်းစက်ဖြူလေးဟာ





လုံးဝကို အပြစ်ကင်းပြီး ဖခင်အပေါ် သိတတ်ခင်တွယ်လွန်းသော သမီးဖြစ်၏။ မိထွေးသားအမိတွေအပေါ်မှာလည်း တစ်စိုးတစ်စိမှ အပြစ်မမြင် ၊ ရန်မလုပ်။

သူတို့သားအမိကသာ ဦးအံ့ဘွယ် ကွယ်ရင်တစ်မျိုး၊ ရှေ့တွင် တစ်မျိုး ဆက်ဆံလာကြ၏။

နှင်းစက်ခမျာမှာ မိထွေးနှင့်သမီးနှစ်ယောက်ရဲ့ သူမအပေါ်မှာ ထားရှိသော ရင့်သီးရိုင်းစိုင်းသော ဆက်ဆံမှုတွေကို ဖခင်မသိအောင် အတတ်နိုင်ဆုံး ဖုံးကွယ်ထားပါသည်။

သို့သော် ဦးအံ့ဘွယ် တဖြည်းဖြည်းနှင့်ရိပ်မိလာပါသည်။

"ဟဲ့ နှင်းစက်... ညည်းက ဒီမှာ ဘာလို့ လာထိုင်ငိုနေရတာလဲ"

စောစောက ဒယ်ဒီ့ရှေ့မှာတုန်းကတော့ သမီးလေး ဆိုတာက ပါးစပ်ဖျားက မချ၊ ခုတော့ တစ်မျိုး။

"ဒယ်ဒီ့အတွက် စိတ်ပူနေလို့ပါ၊ ပြီးတော့ ဒယ်ဒီ ဝေဒနာတွေ ခံစားနေရတာကို သနားလွန်းလို့ပါ မာမီထူးရယ်"

ပါးပြင်ပေါ်မှ မျက်ရည်စက်တွေကို လက်ဖမိုးနှင့် အသာသုတ်လိုက်၏။ ခပ်အေးအေးပင် ဖြေလိုက်၏။

"အို... ညည်း ဘယ်လောက်သနားသနား အချိန်တန် သေမယ့်သူက သေမှာပါဟဲ့၊ အေး... သွား၊ ဒီမှာ အလကား အချိန်လာဖြုန်းမနေနဲ့၊ မီးဖိုခန်းမှာ ဒေါ်ငြိမ်းနဲ့သွားဝိုင်းလုပ်"

နှင်းစက် အံကို ခပ်တင်းတင်းကြိတ်လိုက်ပြီး ရင်ထဲမှခံမရပ်နိုင်ဖြစ်မှုတွေက တွန်းထိုး လှုပ်ရှားလာ၏။ ကိုယ့်ဖေဖေအ



www.burmeseclassic.com

www.burmeseclassic.com



တွက် ကိုယ်ပိုင်တာတောင် အေးအေးဆေးဆေး မငိုရဘူးရယ်လို့။

ဒယ်ဒီ့အတွက် ရင်နင့်နေရသော ဝေဒနာတွေပင် မာမီထူးရဲ့ ပြင်းထန်သော စကားလုံးရင့်ရင့်တွေကြောင့် ပါးပေါ်မှ မျက်ရည်တွေနဲ့အတူ ရင်ထဲသို့ သိမ်းနုပ်ပုန်းကွယ်ကုန်ကြလေပြီ။

ဒီလိုအချိန်မှာ ဖိအားပေးနေသော ဒေါသလှိုင်းအရှိန်ကို လက်ခံမွေးမြူ၍ မဖြစ်။

မဖိတ်ခေါ်ပါဘဲနှင့် ရင်ထဲသို့ ဝင်ရောက်တိုးဝင်လာသော ဒေါသတရားတွေ၊ ဝမ်းနည်းခြင်းတွေကို ကံတရားပေါ် ပုံချလိုက်ပြီး ချွေးသိပ်လိုက်တာဟာ ဒယ်ဒီ့အတွက် အကောင်းဆုံး အခြေအနေတစ်ခုကို ဖန်တီးပေးလိုက်တာနှင့် မခြားပါပဲ။

မလိုအပ်သော ပြဿနာလေးတွေကို ဒယ်ဒီကြားသွားရင် ခက်ကုန်မယ်လေ။ ဒယ်ဒီရဲ့ ကျန်ရှိနေတဲ့ အချိန်တွေကို ငြိမ်းအေးခြင်းတွေနဲ့ပဲ ကုန်ဆုံးစေချင်ပါသည်။ ဒါဟာ နှင်းစက်ဖြူဖြူရဲ့ ဆန္ဒအမှန်ပါ။

ဒီတော့ စစ်ရှုံးသူတစ်ယောက်ရဲ့ ခြေလှမ်းတွေလို တိတ်ဆိတ်စွာဖြင့်ပင် မာမီထူးရှေ့မှ လှည့်ထွက်ခဲ့ပါ၏။ နိုင်ပြီးရင်း နိုင်ချင်တဲ့ အမျိုးအစားထဲမှာ မိထွေးဆိုသူ တွေက ထိပ်ဆုံးကပေါ့။

❦

"ဘွားငြိမ်း... ရေနွေး အဆင်သင့်ဖြစ်ပြီလား၊ ဒယ်ဒီ့ကို





ဟောလစ်ဖျော်ပေးချင်လို့"

အိပ်ရာထစ ရှင်းသန့်နေသော မျက်နှာကြည်ကြည်လေးဖြင့် မေးလာသော နှင်းစက်ရဲ့ အမေးကို ဘွားငြိမ်းက ပေါင်မုန့်မီးကင်နေရင်းမှ ...

"ဖြစ်ပြီ သမီး၊ ဘွားငြိမ်းပဲ ဖျော်ပြီး အခန်းထဲ လာပို့ပေးထားမယ်လေ"

"ဒါဆို နှင်းစက် ဒယ်ဒီ့ကို မျက်နှာသွားသစ်ပေးလိုက်ဦးမယ်၊ ခုလောက်ဆို ဒယ်ဒီလည်း နိုးနေရောပေါ့"

ဘွားငြိမ်းက အသံနေအသံထားကို အနည်းငယ် မြှင့်လိုက်ပြီး ...

"နိုးပြီပေါ့ သမီးရယ်၊ ဒီအိမ်သားမှန်ရင် မနက်အစောကြီး ထတတ်တဲ့ အကျင့်ရှိပြီးသားပဲ၊ ဟင်း... ဟိုအပျင်းယုတ်တွေသာ နေဖင်ထိုးအောင် အိပ်တတ်ကြတာ"

ဘွားငြိမ်းတို့တော့ မိုးမလင်းသေးဘူး... တေးသံသာက ကျူးရင့်နေပြီ။ အင်းပေါ့လေ... ဘွားငြိမ်းဘက်က ကြည့်တော့လည်း ဒီအိမ်ကြီးမှာ ငယ်စဉ်ကတည်းက နေလာတာဆိုတော့လည်း ဒီအိမ်က အကျင့်စရိုက်တွေက အရိုးစွဲနေပြီ၊ သူတို့သားအမိတွေရဲ့ အကျင့်စရိုက်တွေနဲ့ ယှဉ်ကြည့်တော့ တကယ့်ကို အကျင့်စရိုက်ချင်းက ဆန့်ကျင်ဘက်။

အဲဒီအတွက် သူတို့လုပ်ပုံ နေပုံထိုင်ပုံတွေကို ခံပြင်းစိတ်ဝင်တာ သိပ်တော့မဆန်းပါဘူးလေဟု တွေးရင်း ဒယ်ဒီ့ကို မျက်နှာသစ်ပေးရန်အတွက် ဘွားငြိမ်း ပြင်ဆင်ပေးထားသောဘက်



www.burmeseclassic.com

www.burmeseclassic.com



နှင့် ရေဖလုံကို ကြေးဘန်းကြီးထဲထည့်ပြီး ဒယ်ဒီ့အခန်းဆီသို့ ခြေသံဖွဖွနင်းပြီး လျှောက်လာလိုက်၏။ ခြေသံကိုဖွနင်းပြီး မလျှောက်လို့မဖြစ်။ နို့မို့ဆို မိတွေးကြီးက အပြစ်တင်တော်မူနေဦးမှာ

"နင်းစက်ရယ် မနက်မနက်ကျရင် ခြေသံကိုထိန်းပြီး လျှောက်စမ်းပါအေ၊ တကတဲ မိုးမလင်းသေးဘူး... ခြေသံတွေကို ဆူညံနေတာပဲ၊ ကမ္ဘာပျက်သလား မှတ်တယ်"

ဟု အပြစ်သေးသေးလေးကို ငြိုကာတွေချဦးမှာ။

အခန်းရှေ့တွင် တွန်းထားသော မီးရောင်မှိန်မှိန်အောက်မှာ ဖေဖေ အိပ်ခန်းတံခါးက နင်းစက်အလာကို စောင့်ကြိုနေဟန် တူ၏။ ပြတင်းပေါက်မှ ဝှေ့ဝဲတိုက်ခတ်လာသော အရုဏ်ဦးရဲ့ လေနုအေးလေးက အခန်းတံခါးရှေ့တွင် တပ်ဆင်ထားသော အပြာရောင်ခန်းဆီးစများကို တလွင့်လွင့် လှုပ်ခတ်နေစေ၏။

လိုက်ကာစမနောက်မှ တံခါးလက်ကိုင်ဘုကို ဆွဲလှည့်ဖွင့်လိုက်ပြီး ဒယ်ဒီ့အခန်းထဲသို့ ဝင်လာလိုက်သည်။

"မောနင်း ဒယ်ဒီ"

ဒါဟာ မနက်ခင်းတိုင်း ဒယ်ဒီ့ကို နှုတ်ဆက်နေကျ။

ဒယ်ဒီကတော့ ခုတင်ထက်တွင် ငြိမ်သက်စွာဖြင့် အိပ်နေဆဲ။ ရေဖလုံနှင့် ဘသက်ထည့်ထားသာဘန်းကို ခုတင်ခြေရင်းရှိ စားပွဲပေါ်တွင်တင်ပြီး ဒယ်ဒီ့အနားသို့ တိုးကပ်သွားလိုက်၏။

ဒီနေ့မှ ထူးထူးခြားခြား ဒယ်ဒီမနိုးသေးပါလား။ ခါတိုင်းနေ့များဆိုရင် နင်းစက်က မောနင်းဒယ်ဒီရေလို့ နှုတ်ဆက်လိုက်တာနဲ့ ဒယ်ဒီကလည်း အင်အားချည့်နဲ့သော လေသံတိုးတိုးသဲ့သဲ့





ဖြင့် 'မောနင်း' လို့ ပြန်လည်နှုတ်ဆက်နေကျ။

အခန်းမီးရောင် မှိန်ဖျော့ဖျော့အောက်မှ ငြိမ်သက်နေသော ဒယ်ဒီ့ကို စေ့စေ့ကြည့်ရင်းမှ နင်းစက်ရင်ထဲ သံသယတစ်ခု ဝင်လာသည်။ ပို့ပြီး ကျိုန်းသေရန် အခန်းမီးချောင်းခလုတ်ကို ထဖွင့်လိုက်သည်။

လင်းထိန်လာသော မီးအလင်းရောင်အောက်မှာ ဒယ်ဒီရဲ့ အသက်ရှူခြင်းမရှိသော ခန္ဓာကိုယ်က ငြိမ်သက်ဆဲ။ နင်းစက်များ အမြင်မှားပြီး စိတ်ကထင်မိတာလားဆိုပြီး ဒယ်ဒီ့မျက်နှာနားအသာတိုးကပ်ကြည့်လိုက်၊ ရင်ဘတ်ကိုကပ်ပြီး နှလုံးခုန်သံကို နားထောင်ကြည့်လိုက်နှင့် ဇဝေဇဝါဖြစ်နေသည်။ သေချာတာကတော့ အားလုံးက တုံ့ပြန်မှုမရှိ။ ဒယ်ဒီ့နဖူးပြင်မှာ စို့နေသော ချွေးသီးကလေးတွေကို လက်ကိုင်ပဝါလေးနှင့် အသာတို့သုတ်ပြီး ဒယ်ဒီ့လက်ကလေးတွေ ကို ဆုပ်ကိုင်လိုက်သည်။ ရေခဲတုံးတမျှ အေးစက်နေသော ဒယ်ဒီ့လက်အစုံရဲ့ ထိတွေ့မှုကြောင့်...

"ဟင်"

ဖျတ်ခနဲ ဆောင့်ခုန်လိုက်သော ရင်ခုန်သံနှင့်အတူ အသိစိတ်က လန့်ဖျပ်နိုးကြားသွား၏။

"ဘုရား ဘုရား... ဒယ်ဒီ ဒယ်ဒီ"

သူမဘာဝတော့ သွားပြီ။ ယဲ့ယဲ့လေးသာကျန်တော့သော အားကိုးရာ ရွှေတောင်ကြီး... ခုတော့ တကယ်ပြိုဆင်းသွားပြီ။

"ဒယ်ဒီ"

အထိန်းအကွပ်မဲ့သောအသံဖြင့် အားကုန်အော်လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



ရင်တစ်ခုလုံး ကြေကွဲဆို့နင့်ခြင်းတွေနဲ့အတူ အသိစိတ်တွေက ဖရိုဖရဲ လွင့်စဉ်ကုန်ပြီ။

"ဒယ်ဒီရေ... သမီးကို ထားခဲ့ပြီလား။ အဟင့် ဟင့် ဟင့်ဟင့်... သမီးကို ဘာမှ မမှာသွားတော့ဘူးလား ဒယ်ဒီရယ် ဒယ်ဒီမရှိဘဲ သမီးဘဝ ဘယ်လိုပုံစံနဲ့ ရပ်တည်ရမှာလဲ"

ဟောလစ်ဖျော်ပြီး ဝင်လာသော ဘွားငြိမ်းမှာ ကိုယ့်ရဲ့ အော်ဟစ်ငိုကြွေးနေပုံကို ကြည့်ပြီး လက်ထဲမှကိုင်လာသော ဟော လစ်ထည့်လာသော ကြွေကရားလင်ပန်းကို သတိလက်လွတ်ပစ် ချလိုက်ပြီး ...

'ခလွမ်း' ဆိုသော မြည်သံကြီးနဲ့အတူ နှင်းစက်ဆီကို ပြေးဝင်လာ၏။

"သမီး .. သမီးလေး နှင်းစက်"

မျက်ရည်ပြည့်နေသော မျက်ဝန်းတစ်စုံဖြင့် ဘွားငြိမ်းကို အားကိုးတကြီး မော့ကြည့်လိုက်ပြီး ...

"ဘွားငြိမ်း ... ဒယ်ဒီ သမီးကို စိတ်ချလက်ချ ထား သွားပြီ ဘွားငြိမ်းရယ်"

နှလုံးအိမ်ကို စူးရှပူလောင်သောခံစားမှု ငိုကြွေးခြင်းတွေ နဲ့အတူ နှင်းစက်ခမျာ ဘွားငြိမ်းရင်ခွင်ထဲ အသိစိတ်ကင်းမဲ့ကာ ပျော့ခွေယိုင်လဲသွား၏။

"သမီး ... သမီးလေး နှင်းစက် ... သတိထား သမီးရယ်၊ အောင်မယ်လေး မောင်အံ့ဘွယ်ရယ်... မင်းသမီးကို ထကြည့်ပါဦး ... ဟီး ဟီး ဟီး"





နှင်းစက်ရဲ့ သတိလစ်မေ့မြောသွားခြင်းတွေ၊ ဘွားငြိမ်းရဲ့ အော်ဟစ်ငိုညည်းခြင်းတွေဟာ ထိုအရှေ့ဦးမနက်ခင်းလေးကို ညည်းခြင်းတွေ၊ ဆို့နင့်ကြေကွဲခြင်းတွေနဲ့ အကျည်းတန်လို့ သွားပါ၏။

ထိုစဉ် အခန်းထဲသို့ ပြေးဝင်လာသော ခြေသံ၊ ထိုခြေသံ တစ်စုံမှာတော့ မျှော်လင့်ချက်တွေ၊ လောဘရမ္မက်ဇောတွေနဲ့ ညစ်ညမ်းတွေးယုက်ဖြာနေသည့် တက်ကြွသော ခြေသံတစ်စုံ။



www.burmeseclassic.com

www.burmeseclassic.com



အခန်း ( ၃ )

'ဒုံး ဒုံး ဒုံး ဒုံး'

"နှင်းစက် ... ဟဲ့ နှင်းစက်ဖြူဖြူ"

အပြင်မှ မိမိနာမည်ကိုအော်ခေါ်ပြီး တံခါးကို တဒုံးဒုံးထု နေသံကြောင့် မျက်ဝန်းများကနိုးကြားစွာဖြင့် ဖျတ်ခနဲ ပွင့်လာ၏။

အသိစိတ်နိုးခေါ်မှုအလျင်ကြောင့် လဲ့နေရာမှ ဆတ်ခနဲ ထလိုက်ပြီး ခြေလှမ်းတွေက အခန်းတံခါးဆီသို့ ဒရောသောပါး လျှောက်ပြီး တံခါးလက်ကိုင်ဘုကို ဆွဲလှည့်ဖွင့်လိုက်၏။

"အောင်မယ်လေး ... နိုးလိုက်ရတာ နှင်းစက်ရယ်"

"နှင်းစက်လည်း ကြားကြားချင်းထဖွင့်တာပါပဲ မာမီထွေး"

မျက်နှာပေါ် ဝဲကျနေသောဆံနွယ်များကို သပ်တင်လိုက် ပြီး ပြောလိုက်၏။ အိပ်ရာက နိုးသော ကပိုကရိုပုံစံလေးက တကယ့်ကို အပြစ်ကင်းစင်လွန်းသောအလှတရားတွေကို ဆောင် ကြဉ်းပေးနေပါ၏။





ပုလဲနှစ်ရောင်မျက်နှာလေးက ကြည်စင်ဝင်းဖန့်လွန်းကာ ပါးပြင်မှ သွေးကြောစိမ်းလေးများက ထင်းနေ၏။ မျက်တောင် ကော့ကော့၊ နှာတံစင်းစင်းချွန်ချွန်လေးတွေက သန္တာသွေးရောင် တောက်နေသော နှုတ်ခမ်းထူထူအိအိတစ်စုံနှင့် လွန်စွာမှ လိုက် ဖက်တင့်တယ်လွန်းပါသည်။

ပြေပြစ်လှသော ခန္ဓာကိုယ်အချိုးအစားကိုပါ ထပ်ဖြည့် ပေါင်းလိုက်မယ်ဆိုရင်တော့ ပန်းပုဆရာ စိတ်ကြိုက် ထုဆစ်ပုံဖော် ထားသော နှင်းမင်းသမီးလေးအလား ထင်မှတ်မှားမိမှာပါ။

တစ်ရေးနိုးထကြည့်တာတောင် လှပလွန်းသော သူမ လေးရဲ့အလှကို ကြည့်ပြီး ဒေါ်ထွေးထွေးမြိုင် မဲ့လိုက်ပါ၏။ သူမအဲဒီ လိုလှလေ သူ့တို့သားအမိတွေက သူမလေးအပေါ် ပို၍ မလိုစိတ် တွေနှင့် အမုန်းပွားလေပါပဲ။ ဘာဖြစ်လို့လဲဆိုတော့ ...

သူ့သမီးနှစ်ယောက်ပေါင်းပြီး အလှစစ်တစ်ခု ဖန်တီး မယ်ဆိုရင်တောင် နှင်းစက်ဖြူဖြူရဲ့ တစ်ရေးနိုးသော ကပိုကရို အလှကို လုံးဝမီနိုင်မယ်မထင်သောကြောင့် ဖြစ်လေသည်။

"ဘယ်နနာရီ ရှိပြီလဲ၊ ငါပြောထားတယ်လေ ... မနက်ကို လေးနာရီလောက်ထပြီး ဟောသာ့ကပွဲအတွက် အဝတ် အစားတွေ မီးပူတိုက်ပေးပါလို့"

"နှင်းစက်သိပါတယ် မာမီထွေး။ ကပွဲအချိန်က အဝေး ကြီး လိုသေးလို့ပါ"

"ပြောလိုက်ရင် ဆင်ခြေကစပြီ၊ တကယ်ပဲကွယ် ကိုယ့် တာဝန်ကိုယ်သိရမှာပေါ့။ ခုတော့ ငါပါ စိတ်က မဖြောင့်တော့



www.burmeseclassic.com

www.burmeseclassic.com



အိပ်ရေးပျက်ရပြီ'' ဟု ငြူငြူစူစူ ပြောပြီး နှင်းစက်ရှေ့မှ လှည့်ထွက်မည်အပြု . . .

''ဩော် . . . မေ့နေတယ်၊ ဒီနေ့ ခန်းဆီးလိုက်ကာတွေကို ဖြုတ်ပြီး လဲရမယ်နော်၊ ပြီးရင် အပေါ်ထပ်ရော အောက်ထပ်ရော ကြမ်းခင်းတွေကို အရောင်တင်လိုက်ဦး''

''ဟုတ်ကဲ့ မာမီထူး''

ဒါဟာ နှင်းစက်ရဲ့ မနက်ခင်းတိုင်းမှာ တွေ့ဆုံနေကျ မရိုးနိုင်သော တေးသံဆိုးတွေပါပဲ။

ကမန်းကတန်း မျက်နှာသစ်၊ ညဝတ်အင်္ကျီလဲလိုက်ပြီး အရင်ဦးဆုံး ဘုရားခန်းထဲ ဝင်လာပြီး မနက်ခင်း တစ်နေ့တာအစမှာ ဘုရားရှင်ကို အရင်ဆုံး ဦးတိုက်ဝတ်ပြုလိုက်၏။ နှင်းစက်ရဲ့ နေ့စဉ်ပြုမူနေကျ ဝတ္တရားလေးတစ်ခုပါ။

ပြီးမှ သတိုးဟေသာရဲ့အခန်းထဲကို ခြေဖွဝင်လာပြီး မီးပူတိုက်မယ့်ခြင်းကို ယူလာပြီး အဝတ်တွေကို မီးပူတိုက်ပေးရ၏။

ဒီနေ့ သတိုးဟေသာရဲ့ ကပွဲရှိသည်။ သတိုးဟေသာသည် ယခုခေတ် မော်ဒယ်လောကမှာ ရေပန်းစားနေသောသူဖြစ်သလို Dancer အကမယ်လည်း ဟုတ်သည်။ သူမရဲ့အကပညာကို နှင်းစက်အတုခိုး အားကျခဲ့ရတဲ့ သူပေါ့။

နှင်းစက်သည် သူမလို Dancer အကကို ကျွမ်းကျင်စွာ မကတတ်ပေမယ့် သူမဆီမှ ကကွက် အကွက်ဆန်းများကို သူမ မသိအောင် တိတ်တဆိတ် သင်ယူလေ့လာနေသူ။

တစ်ခါတလေ သတိုးဟေသာ အပြင်သွားခိုက် သူမ





အခန်းကို ဝင်ပြီး သန့်ရှင်းရေးလုပ်ပြီဆို နှင်းစက်က နိုင်ငံခြား Dancer ခွေတွေကို ထိုးကြည့်ပြီး အခန်းထဲမှာ တိတ်တဆိတ် လေ့ကျင့်ဖြစ်၏။

နှင်းစက်ကို ဝေဖန်အကြံပေးသောသူက အဘွားငြိမ်းနှင့် နှင်းစက်ရဲ့ တစ်ဦးတည်းသော သူငယ်ချင်း ရွှေယဉ်ကျေး ဖြစ်သည်။

တစ်ခါတစ်ရံ နေ့ခင်းနေ့လယ် နှင်းစက်သင်တန်းမသွားရတဲ့နေ့မျိုးမှာဆို ရွှေယဉ်ကျေးကို ဖုန်းဆက်ခေါ်ပြီး အိမ်ကြီးရဲ့ အနောက်ဘက်ပန်းခင်းတွေထဲမှာ သူငယ်ချင်းနှစ်ယောက် MP4 လေးတွေနှင့် နားကြပ်ကိုယ်စီ တပ်ပြီး ကကွက်အဆန်းတွေကို ကိုယ့်အိုင်ဒီယာ နှင့်ကိုယ် ထွင်ကြည့်ကြ၏။

ကလို့မောပြီလားဟေ့ဆို စမ်းချောင်းလေးနားမှာ ထိုင်ပြီး ဇာတ်တာတီးကြသည်။ နှင်းစက်ကတီးလျှင် ရွှေယဉ်ကျေးကဆိုသည်၊ ရွှေကျေး တီးတဲ့အခါဆိုရင် နှင်းစက်က ဆို၏။

ဒီလိုအခွင့်အရေးမျိုးကလည်း မိထွေးသားအမိသုံးယောက်စလုံး မရှိမှ ရတတ်တဲ့အခွင့်အရေးတစ်ခုပါ။

အတွေးများစွာကို အဖော်လုပ်ပြီး အဝတ်တွေအားလုံး မီးပူတိုက်လို့ ပြီးသွားသောအခါ တိုက်ပြီးသားအဝတ်တွေကို ခြင်းထဲကို အစီအရီ ပြန်ထည့်ပြီး ဟေသာ့ရဲ့အခန်းထဲမှာ ပြန်ထည့်ခဲ့လိုက်၏။

ဟေသာကတော့ အိပ်မောကျနေဆဲပါပဲ။

သူမတို့သားအမိတွေဟာ နှင်းစက်တို့ ဘိုးစဉ်ဘောင်



www.burmeseclassic.com

www.burmeseclassic.com



ဆက် ပိုင်ဆိုင်ခဲ့တဲ့ ဒီအိမ်ကြီးမှာ အခန့်သားတက်နေပြီး နှင်းစက်နဲ့ အဘွားငြိမ်းကို ဗိုလ်ကျစိုးမိုးနေတဲ့ သူတွေလေ။ တစ်ခါတလေ နှင်းစက်မခံချင်ဖြစ်မိ၍ ဂျစ်တန်ကန့်ပြန်ပြီး တုံ့ပြန်တဲ့အခါ သူတို့သားအမိမှာ တီကောင်ကို ဆားနဲ့ပက်သလို တွန့်ခေါက်ပြီး ဆတ်ဆတ်ခါအောင် ဒေါသဖြစ်ကြရ၏။ မတတ်နိုင်ပါ။ သည်းခံတယ်ဆိုတာ အတိုင်းအတာတစ်ခုအထိပဲ တောင်း၏။

"ဟော သမီး . . . လာ၊ ထမင်းကြော်ပူပူလေးနဲ့ ကော်ဖီလေး လာသောက်လှည့်ဦး"

အတွေးဖြင့် မီးဖိုခန်းထဲဝင်လာသောနှင်းစက်ကို ပေါင်မုန့်မီးကင်နေသော အဘွားငြိမ်း တွေ့သွားပြီး လှမ်းခေါ်၏။ သူတို့နိုးလာရင် စားဖို့သောက်ဖို့ အဆင်သင့်ဖြစ်ပြီးနေပြီ။

"ဟိုသခင်မကြီးတွေ မနိုးကြသေးဘူး မဟုတ်လား"

ဟု အဘွားငြိမ်းက မဲ့ကာရွဲ့ကာဖြင့် နှင်းစက်ကို မေး၏။

"ခုမှ အိပ်မက် မက်ကောင်းတုန်း ရှိဦးမှာ"

"ဟင်း . . . မပြောချင်ဘူး။ သူများစည်းစိမ်တွေနဲ့ လာပြီး အဆီတက်နေတဲ့ ဟာတွေ . . . ဘာတန်ကြေးမှ မရှိဘူး"

"ရှူး . . . တိုးတိုးပြောပါ ဘွားငြိမ်းရဲ့၊ တော်ကြာ နိုးလာလို့ ကြားသွားမှဖြင့် ရှင်းမရတဲ့အရှုပ်တော်ပုံတွေ တသီတတန်းကြီး ဖြစ်လာဦးမယ်"

"အောင်မယ်လေး . . . မပူနဲ့၊ ခုမှ ၆ နာရီပဲ ရှိသေးတယ်၊ အနည်းဆုံး ၇ နာရီလောက်မှ နိုးမယ့်ဟာတွေ"

"ဒါနဲ့ သမီး . . ဒီနေ့ သင်တန်းသွားစရာ ရှိသေးလား"





"ဒီနေ့တော့ မရှိဘူး ဒါပေမဲ့ သင်တန်းဆိုပြီး လစ်ထွက်စရာ ရှိသေးတယ်"

"ဘယ်ကိုလဲ"

"ဟေသာတို့ရဲ့ ကပွဲလေ၊ အဲဒီပွဲမှာ မင်းသားလေးသည်း သီချင်းဆိုမှာတဲ့၊ ရွှေကျေးနဲ့ချိန်းထားတယ်၊ လက်မှတ်တောင် ဝယ်ပြီးသွားပြီ"

"ကြည့်လည်းလုပ်ပါဦးသမီးရယ် . . . တော်ကြာ ဟိုအပ်စလူးမ မိဟေသာတွေ့သွားရင် ဘယ်လိုလုပ်မလဲ"

"ဒီလောက် လူတွေအများကြီးလာမယ့်ပွဲမှာ သမီးတို့သူ လွယ်လွယ်နဲ့မတွေ့နိုင်ပါဘူး ဘွားငြိမ်းရဲ့၊ စိတ်ချ . . မင်းသားလေး Dancer ကတာ သမီးအရမ်းကြည့်ချင်လို့ပါ ဘွားငြိမ်းရဲ့"

"အေးပါ . . . ပိပိရိရိတော့လုပ်နော် သမီး"

"အင်းပါ"

ဟုဆိုပြီး ဘွားငြိမ်းထည့်ပေးသော ထမင်းကြော်ကို လက်သေတ်စားအပြီး ကော်ဖီကို တစ်ငုံနှစ်ငုံ သောက်လိုက်၏။

"ဘွားငြိမ်း . . . သမီး ခြံအနောက်ဘက်ကို ခဏသွားဦးမယ်၊ ဒီအချိန်ဆို ငှက်ကလေးတွေ နိုးလောက်ပြီ၊ သူတို့ကို အစာသွားကျွေးလိုက်ဦးမယ်၊ ပန်းရော ခူးလာခဲ့ရဦးမလား"

"အင်း . . . နှင်းဆီလေး နည်းနည်းခူးလာလိုက် သမီး၊ ဧည့်ခန်းထဲက ပန်းအိုးအတွက်လေ"

"ဟုတ် ဘွားငြိမ်း . . . ခူးခဲ့မယ်"

ဆိုပြီး ကော်ဖီခွက်ထဲမှ လက်ကျန်ကော်ဖီကို အကုန်သော့



www.burmeseclassic.com

www.burmeseclassic.com



လိုက်ပြီး ကြက်တူရွေးလေးတွေအတွက် ပဲစေ့နှင့်ငရုတ်သီးစိမ်းနီနီလေးတွေကိုယူပြီး မီးဖိုခန်းထဲမှထွက်ကာ နောက်ဖေးလှေကားမှဆင်းပြီး စမ်းချောင်းကလေးနားကို ထွက်လာခဲ့လိုက်၏။

ငှက်ကလေးတွေက မနက်ခင်းတိုင်း သူတို့ကို အစာလာ,လာကျွေးတဲ့ သူတို့ရဲ့သခင်မလေးကို မျှော်နေလောက်ပြီပေါ့။

ပန်းခင်းကလေးကနေ ဖြတ်ပြီး ငှက်လှောင်အိမ်ကလေးတွေ ထားရာ အဆောင်လေးနောက်သို့ ဝင်လာလိုက်ပြီး . . .

"မောနင်း ကလေးတို့ရေ"

နှင်းစက်ရဲ့ နှုတ်ဆက်သံကို ကြားတော့ လှောင်အိမ်ကလေးထဲမှာ ငြိမ်သက်စွာရှိနေကြသော ငှက်ကလေးတွေမှ ကျီကျီဖြင့် အော်ကာ လှုပ်လှုပ်ရွရွ ဖြစ်ကုန်ကြ၏။

နှင်းစက် ချကျွေးလိုက်တဲ့ ပဲစေ့လေးတွေ၊ ငရုတ်သီးစိမ်းနီနီလေးတွေကို အားရပါးရစားနေကြပုံက နှင်းစက်အတွက် ကျေနပ်စရာ။ နှင်းစက်ဘဝမှာ တစ်နေ့တာ ကြည်နူးစရာ၊ စိတ်အပန်းဖြေစရာဆိုလို့ အဖြူအနီ အစိမ်းအဝါ ကာလာစုံ ဖူးပွင့်နေသော ပန်းခင်းကြီးရယ်၊ တသွင်သွင်စီးဆင်းနေတဲ့ ချောင်းကလေးရယ်၊ ကြက်တူရွေးကလေးတွေရဲ့ အသံသာသာလေးတွေရယ်။

ဒါတွေသာလျှင် နှင်းစက်ရဲ့ အပန်းဖြေစရာနေရာလေးနဲ့ အဖော်ကောင်းလေးတွေပဲပေါ့။ သူတို့လေးတွေက နှင်းစက်ရဲ့ ခံစားချက်တွေကို မျှဝေ ခံစားပေးကြတယ်လေ။ ဒါပေမဲ့ . . .

ခုချိန်ထိတော့ အရွှေးတွေနဲ့ ရင်မောနေရတုန်းပါပဲ။





"နှင်းစက်"

"ရှင်"

"ဝိုင်းမှာ စားဖို့အတွက် လက်ဖက်သုပ်ချဉ်ချဉ်ငန်ငန်စပ်စပ်လေး သုပ်ပေးစမ်း၊ ဪ . . . နောက်ပြီး ဒီက ထွေးခံကိုယူသွား။ အဲဒီကဟာတွေကို ရေစင်အောင်ဆေးပြီး ပြန်ယူခဲ့။ စင်အောင်လည်း ဆေးဦးနော်၊ လက်ဖက်သုပ်ပန်းကန်လာပို့ပြီးမှ ထွေးခံကို ဆေးဖို့ လုပ်နော်၊ နို့မို့ဆို ငါ အော့နှလုံးနာလွန်းလို့ ကြားလား"

ဟုဆိုပြီး မာမီထွေး အဝတ်တွေ မီးပူတိုက်နေရာမှ မီးပူပလပ်ကိုဖြုတ်ကာ အခန်းထဲမှ ထွက်လာခဲ့လိုက်၏။ ဒီနေ့လိုနေ့မျိုးရောက်ရင် နှင်းစက် နားချိန်မရှိအောင် အလုပ်ကို ဖယ်ဆက်နေအောင်လုပ်ရ၏။ ဖဲဝိုင်းတွင်လည်း လူစုံတက်စုံက ရှိနေကြတော့ မာမီထွေးအနေနဲ့ လင်ပါသမီးကိုဘယ်လို ပိုင်နိုင်သလဲဆိုတဲ့ ပါဝါလေးကိုလည်း လူရှေ့ ထုတ်ပြချင်တာလည်း ပါမှာပေါ့။

ဒယ်ဒီရှိစဉ်က ဒီလို ဖဲဝိုင်းလုပ်ဖို့ နေနေသာသာ သူများအိမ်မှာတောင် ပေါ်ပေါ်တင်တင် သွားကစားရဲတာ မဟုတ်ဘူး။

သူတို့အုပ်စု အိမ်မှာလူစုပြီး ကျိတ်ဝိုင်းချပြီဆိုရင်တော့ သူတို့ဝိုင်းမှာ လိုအပ်နေတာမှန်သမျှ တောက်တိုမယ်ရ အကုန်လုပ်ပေးရ၏။

"မြိုင်တို့များ ကံကောင်းလိုက်တာကွယ်"

"သူဌေးကြီးနဲ့ညားတဲ့အပြင် ကံကြမ္မာက ခိုင်းလို့ကောင်းတဲ့ လင်ပါသမီးကိုတောင် အဆစ်ထည့်ပေးလိုက်သေးတယ်"



www.burmeseclassic.com

www.burmeseclassic.com



"အောင်မယ်လေး ... မထင်ပါနဲ့တော့ဘီရယ်၊ နိုင်းလို့ တောင်းပေးမယ့် တစ်ခါတလေ မထင်ရင်မထင်သလို ပြန်ခံပက်သေးတာ၊ မြိုင့်မှာ အဲဒါကို မနည်း ဦးချိုးနေရတာ"

လက်ထဲမှ ဖဲချပ်တွေကို ဖြန့်ကြက်ကိုင်ထားပြီး ကျန်လက်တစ်ဖက်က စားပွဲဝိုင်းအလယ်မှာရှိသော ပန်းကန်ပြားထဲမှ ဖဲချပ်တစ်ခုကို ဆွဲနှုတ်လိုက်ပြီး သူကိုင်ထားသော ဖဲချပ်တွေပေါ် 'ဖတ်' ခနဲ မြည်အောင် ထပ်လိုက်ပြီး ပြောလိုက်သော ဒေါ်ထွေးထွေး မြိုင်ရဲ့ မျက်နှာမှာ မထွာပ်တိုင်တက်ချင်သော မာနအရောင်တွေ လဲ့နေ၏။

နှင်းစက် လက်ဖက်သုပ်ပန်းကန် ပို့ပေးပြီး ထွေးခံသေးရန် ရေချိုးခန်းဘက်ကို ထွက်ခဲ့လိုက်သည်။

"နှင်းစက်"

"ဟင်"

အဝတ်ထုပ်ကြီးကိုပိုက်ပြီး ခေါ်လိုက်သော သတိုးဟေသာကို ပြန်လှည့်လိုက်ပြီး သူ့လက်ထဲမှအထုပ်ကို ကြည့်ပြီး နှင်းစက် ရင်ဆို့သွားရ၏။

"ရော့... ငါ့ကို အဲဒါတွေ လျှော်ပေးထား၊ လက်နဲ့ပဲ လျှော်နော်၊ ငါမမြင်ဘူးဆိုပြီး စက်ထဲတော့ ထည့်မလျှော်နဲ့ နောက်ပြီး အခန်းထဲက မှန်တင်ခုံပေါ်ကိုလည်း ရှင်းထားလိုက်ဦး၊ ဘီးတွေကိုပါ တစ်လက်စတည်း ဆေးထားလိုက်နော်"

ခက်ရချည်ရဲ့၊ အလုပ်က တစ်လုပ်မပြီးသေးဘူး၊ နောက်တစ်လုပ်က အရန်သင့် စောင့်နေပြန်ပြီ။





"ထားခဲ့လေ... ငါ ထွေးခံဆေးပြီးရင် လျှော်ပေးမယ်"

ရေချိုးခန်းထဲရှိ အဝတ်ဇလုံကြီးထဲကို အဝတ်တွေ ပစ်သည့်ပြီး သတိုးဟေသာ ပြန်ထွက်သွား၏။

"နှင်းစက်"

ခေါ်သံက မာမီထွေး အခန်းထဲမှ။

"ရှင်"

အသံကို အနည်းမြှင့်ထူးလိုက်၏။

"လာဦး"

ထွေးခံလေးကို ကပျာကယာဆေးပြီး ဖဲဝိုင်းရှိရာသို့ မပြေးရုံတမယ် လျှောက်လာလိုက်သည်။ ရင်ထဲမှာ နည်းနည်းတော့ မောနေ၏။

"ရှင် မာမီထွေး"

"ညည်း သုပ်ထားတဲ့လက်ဖက်သုပ်ကို ညည်းပြန်စားကြည့်စမ်း၊ ငန်တူးနေတာပဲဟယ်၊ ငါ့ကို ဖဲရိုက်ရင်း သွေးတိုးပြီး တစ်ခါတည်း သေအောင်လုပ်နေတာလား"

"ဟို... နှင်း... နှင်းစက် သုပ်ပြီး မြည်းမကြည့်လိုက်မိဘူး"

"တော်ပြီ.. ဆင်ခြေတွေ ပေးမနေနဲ့တော့၊ ရော့... ဒီထဲကို ခရမ်းချဉ်သီးတွေ, ဂေါ်ဖီတွေ ထပ်ထည့်၊ ပုစွန်ခြောက်လည်း ထပ်ထည့်လိုက်ဦး"

"ဟဲ့... နင်ပဲ သွေးတိုးမှာ ကြောက်တယ်ဆို၊ ဘာလို့ ပုစွန်ခြောက်တွေ ထပ်ထည့်ခိုင်းနေရတာလဲ ... ငနိုင်နိုင်နဲ့"



www.burmeseclassic.com

www.burmeseclassic.com



အန်တီဝင်းက ဝင်ပြောခြင်းဖြစ်သည်။

"မငန်ပါဘူး... ပုစွန်ခြောက်က အချိုခြောက်၊ ပြဿနာ မရှိဘူး"

ဟု အန်တီဝင်းကို ပြောလိုက်ပြီး...

"ကဲ.. ရော့ ရော့... ဒါ သွားပြင်ပြီး အမြန်ယူလာခဲ့"

"ဒေါ်ငြိမ်းကိုပါ ပြောလိုက်ဦး... ညနေစာကို ညှိ သည့်တွေအတွက်ပါ ပိုချက်လိုက်လို့ ဝိုင်းက ကောင်းနေတော့ မိုးချုပ်မှပဲ ပြန်ဖြစ်ကြမှာ"

"ဟုတ်ကဲ့"

လက်ဖက်သုပ်ပန်းကန်ကိုယူပြီး အခန်းပြင်ကို ထွက်ခဲ့ လိုက်၏။ ဘယ်အချိန်ကတည်းက ပါးပေါ်ဆင်းသက်လာသည် မသိသော မျက်ရည်စက်တွေက အားအင်မဲ့စွာဖြင့် လှမ်းနေသော ခြေလှမ်းတွေပေါ်သို့ ဝဲခနဲ ကျသွား၏။

ဪ... ဒါဟာ နာကျင်ခြင်း မျက်ရည်စက်တွေပဲ

"နှင်းစက်... နှင့်ကို ငါ ညတုန်းက ဘာပြောထားလဲ ကပွဲအတွက် ဖိနပ်ကို အရောင်တင်ပြီး ပြောင်အောင်တိုက်ထားပါ ဆိုတာ... ဘာလို့ မလုပ်ထားတာလဲ"

"ခုမှ အိပ်ရာကထပြီး အမိန့်လာပေးမနေနဲ့ ဟေသာ ငါလည်း မနက်လေးနာရီကတည်းက နှင့်ကိစ္စတွေကို လုပ်ပေးနေ





တာ... နည်းနည်းလည်း ကိုယ်ချင်းစာကြဦး၊ ခုလည်း ငါက ...င့်ကို မတိုက်ပေးဘဲနေနေလို့လား။ နှင်မသွားခင် အဆင်သင့် ...ခိုရင် ပြီးရောမဟုတ်လား၊ စောစောစီးစီး ပြဿနာလာမရှာနဲ့"

နှင်းစက် ရင်ထဲရှိတဲ့အတိုင်း ပြောချလိုက်ပြီး သူမရှေ့မှ ...ွက်လာခဲ့လိုက်၏။

"အေး... ငါကလည်း နင့်လို အခြေအမြစ်မရှိတဲ့ ...န်းမနဲ့ ပြဿနာမဖြစ်ချင်ပါဘူး။ အချိန်တွေကို နှမြောလွန်း ...ပါ"

ထိုစဉ် ဒေါ်ထူးထူးမြိုင် အနားရောက်လာပြီး...

"ဟဲ့ ဟဲ့ သမီးဟေသာ၊ ဘယ်လိုတွေဖြစ်နေကြတာလဲ"

"ဟိုကောင်မပေါ့ မာမီရယ်၊ စောစောစီးစီး လူပါးဝနေလို့ ...ွန်း... ရုပ်ကလေး ဗန်းပြပြီး ပေါ့ပေါ့နေချင်နေတဲ့ဟာမ၊ ...ကဖြင့် ဘာအရည်အချင်းမှ မရှိဘူး"

ကိုယ့်နားနှင့် အတိုင်းသားကြားနေရသော သတိုးဟေ ...ာရဲ့စကားများ နိုင့်ထက်စီးနင်း ဆန်လွန်းပါ၏။ ဒေါသခိုးတွေ ... ရင်ကို တလှပ်လှပ်တုန်ခါစေသည်။ အနားရောက်လာသော ...ွားမြိုင်က မျက်နှာငယ်လေးဖြင့်...

"သမီးရယ်... သည်းခံလက်စနဲ့ ဆက်ပြီး သည်းခံ ...ိုက်ပါကွယ်၊ သိပ်မကြာခင် သူတို့ရဲ့ဒေါသတွေက အဘွားငြိမ်း ...ကို လှည့်ပြီးလာတော့မယ်၊ စိတ်ကိုလျှော့လိုက်ပါနော်"

ဘွားငြိမ်းရဲ့ မျက်နှာငယ်လေးနှင့် တောင်းပန်တိုးလျှိုးနေ ...သာ စကားသံတိုးတိုးကြောင့် နှင်းစက်ရဲ့ ဒေါသတွေကိုမျိုသိပ်



www.burmeseclassic.com

www.burmeseclassic.com



ပြီး ဖိနပ်စင်ရှိရာသို့ ထွက်လာခဲ့လိုက်၏။ ဖိနပ်စင်ပေါ်ရှိ အရောင်စုံ အသွေးစုံပြီး ခေတ်မီလှပသော ဖိနပ်အမျိုးအစားပေါင်းက အရန်လေးငါးဆယ်ထက်တော့ မနည်းပါ။

အရောင်တင်ဖို့အတွက် ရွေးချယ်ပေးထားသော ... Charles & Keith တံဆိပ် အနက်ရောင် လည်ရှည်ဖိနပ်နှင့် လေဒီရှူးပန်းရောင်ဖိနပ်ကလေးကို ရွေးထုတ်လိုက်ပြီး အရင်ဆုံး တစ်ရှူးပါးပါးလေးဖြင့် သန့်ရှင်းရေးလုပ်လိုက်သည်။

ထိုစဉ် ဟောသာ အနားရောက်လာပြီ။

"လက်ကြောတင်းတင်းလေးလည်း လုပ်နော် နှင်းစက်၊ ဟိုတစ်ခါတုန်းကလည်း ဖိနပ်ကို အရောင်တင်ပြီး ပြောင်အောင် တိုက်ပါဆိုတာကို ပြောင်အောင်မတိုက်ဘဲ ပုံပြီးမှိန်သွားအောင် ဘယ်လိုလုပ်လိုက်လဲ မသိဘူး"

"ပြီးရင် အခန်းထဲက အဝတ်box ကို ကားထဲ အဆင်သင့်ထည့်ထားလိုက်"

အနားသို့ ဒေါ်ထူးထူးမြိုင် ထပ်ရောက်လာ၍ နှင်းစက် ပို၍ ဒေါသတွေထွက်ရ၏။ အလုပ်က တစ်ခုမပြီးသေးဘူး၊ နောက်ထပ် တစ်ခုမကသော အလုပ်တွေကို တန်းစီပြီး ခိုင်းတော့မယ်။

"နှင်းစက်ရေ ... ညည်းကို မာမီထူး တောင်းပန်ပါတယ်အေ၊ သူ့စိတ်တိုင်းကျလေး လုပ်ပေးလိုက်ပါ၊ သူ့အကြောင်းလည်း ညည်းသိရဲ့သားနဲ့၊ သူက သိပ်ပြီး စည်းစနစ်ကြီးတာ"

"သေသေသပ်သပ်ကလေးလုပ်ပေးတော့ ညည်းလည်း မျက်နှာရတာပေါ့ကွယ် ... မဟုတ်ဘူးလား"





"အဲဒီကိစ္စပြီးရင် ငါ့အခန်းထဲမှာ အိပ်ရာဝင်ပြီး ရှင်းလိုက်ပါဦး၊ ငါ ရေချိုးပြီးရင် ဖေဆာနဲ့လိမ်းဖို့ တောင်နံ့ကြီးလည်း သွေးထားလိုက်ဦးနော်၊ ရာသီဥတုအေးတော့ တစ်ကိုယ်လုံးကို ကိုက်ခဲနေတာပဲကွယ်၊ ကဲ... လာ သမီး၊ တော်ကြာ မိတ်ကပ်ဆရာလာတော့မယ် မဟုတ်လား"

အလုပ်တွေကို ဖယ်ဆက်အောင် မနားတမ်း ခိုင်းသွားသော ဒေါ်ထူးထူးမြိုင်သည် သူ့သမီးဟောသာကို ပခုံးဖက်ပြီး နှင်းစက်အနားမှ ထွက်သွား၏။

နှင်းစက်သည် သူတို့သားအမိ ထွက်သွားရာကို မျက်စိတစ်ဆုံး လိုက်ကြည့်လိုက်ပြီး လက်ထဲမှကိုင်ထားသော လည်ရှည်ဖိနပ်ကို သူတို့သားအမိဟု စိတ်ထဲက တေးမှတ်လိုက်ပြီး နံရံနှင့် တအား လွှဲရိုက်ပစ်လိုက်၏။

'ခွပ်'

အရှိန်က ပြင်းသဖြင့် ဖိနပ်ခွာက ပြုတ်ထွက်သွား၏။ ပြုတ်ထွက်သွားသော ခွာကိုကြည့်ပြီး နှင်းစက် ပြုံးလိုက်၏။

တွေ့ကြသေးတာပေါ့၊ နှင်းစက်ကို အနိုင်ကျင့် ဗိုလ်ကျချင်တဲ့ မိန်းမဆိုးမတွေရယ်။



www.burmeseclassic.com

www.burmeseclassic.com



အခန်း ( ၄ )

"ရှီ… ဖြောင်း ဖြောင်း ဖြောင်း"

"မင်းသားလေး၊ မင်းသားလေး၊ မင်းသားလေး"

လက်ခုပ်သြဘာသံများ မင်းသားလေးဟု ပရိသတ်က ချစ်စနိုးခေါ်သော မိုးသားကျူးရင့်ဟုခေါ်သော မင်းသားလေးကို Show ခန်းမတစ်ခုလုံး အုတ်အော်သောင်းတင်း အားပေးနေကြပုံမှာ တကယ့်ကို အံ့မခန်းစရာ။

ထိုအားပေးကြသော ပရိသတ်တွေထဲမှာ နှင်းစက်ဖြူဖြူနှင့် ရွှေယဉ်ကျေးတို့ နှစ်ယောက်လည်း ပါ၏။

Stage ပေါ်မှ ရောင်စုံဆလိုက်များက ဖြူနီပြာဝါ စသော အရောင်မျိုးစုံကို ဖန်တီးလျက် လှုငယ်ပရိသတ်ထုကြီးရဲ့ စိတ်ဓာတ် တက်ကြွမှုများ ကို ညှို့ငင်ဆွဲဆောင်နေ၏။ အစီအစဉ် တင်ဆက်သူရဲ့ ကြော်ငြာသံက ခန်းမတစ်ခုလုံး ဟိန်းထွက်လာသည်။





"အားလုံးပဲ မင်္ဂလာပါ၊ ခု အလှည့်ကျမယ့် အဆိုရှင်က အားလုံးပဲ သိကြတဲ့အတိုင်း ပရိသတ်တွေရဲ့ ပါးစပ်ဖျားမှာ အရမ်းကို လန်းနေတဲ့ … "

အစီအစဉ် တင်ဆက်သူ မော်ဒယ်မမက ပြောလက်စစကားကို တုံ့ဆိုင်းလိုက်ပြီး ငါးစက္ကန့်လောက်ကြာမှ …

"ဘယ်သူလို့ ထင်ပါသလဲ"

ဟူသော ပဟေဠိဆန်ဆန် မေးခွန်းဖြင့် ပရိသတ်ဘက်သို့ လှည့်၍ ကျီစယ်နေ၏။

"မင်းသားလေး မင်းသားလေးပါဗျို့"

"ဝေး ဟေး"

"ဝူး ဟူး ဟူး"

ပရိသတ်တွေဘက်မှ အသံမျိုးစုံထွက်လာ၏။

"အိုကေ၊ ပရိသတ်ကြီးက အရမ်းတော်တာပဲ၊ ဟုတ်ပါတယ်၊ မင်းသားလေး မိုးသားကျူးရင့်ပါပဲရှင်၊ သူနဲ့အတူ တွဲဖက်ပြီး Dancer ကမယ့် မော်ဒယ်ကတော့ သတိုးဟေသာ ဖြစ်ပါတယ်"

"ဝေး ဟေး ဟေး"

'ရှီး'

"ဟယ် အနက်စတေးရှားက မင်းသားလေးနဲ့တွဲပြီး ကမယ်တဲ့၊ ဟင့် ငါတောင်ငိုချင်လာပြီ၊ အဲဒီနေရာမှာ ငါဖြစ်လိုက်ရင် သိပ်ကောင်းမှာပဲနော်"

ရွှေယဉ်ကျေးက အားမလိုအားမရ အသံကလေးနဲ့



www.burmeseclassic.com

www.burmeseclassic.com



နှင်းဇက်ကို တိုးတိုးလေးကပ်ပြောတယ်။

"တင်းနော်၊ သိပ်လည်း အရှုးထမနေနဲ့၊ တော်ကြာ နှင့်ရည်းစားထံ ရှော့ခ်ဝင်သွားမယ်၊ ဒီအချိန် စိတ်ကျန်းမာရေး ဆေးရုံသွားဖို့ မလွယ်ဘူး။ အပြင်ရောက်အောင် ဒီလူအုပ်ကြားထဲ နင့်ကိုကျော်ပို့ပြီး စိတ်ကျန်းမာရေးကို သွားဖို့မလွယ်ဘူး"

"မင်းသားလေးကြောင့် ရှော့ခ်ဝင်လည်း ငါကျေနပ်တယ် ... အဟိ"

"မိန်းမ ... ကဲကိုကဲတယ်"

နှစ်ယောက်သား တီးတိုးဆိုနေစဉ်မှာပင် ခန်းမတစ်ခုလုံး မှောင်ကျသွားပြီး Stage ပေါ်မှ ဒွတ်ကိုလိုက်တွေသာ ဟိုဒီပြေးလွှား ကာ D.J music တွေက ခန်းမတစ်ခုလုံး ဟိန်းကာ မြူးကြွစွာ ထွက်ပေါ်လာ၏။

မင်းသားလေးက ပရိသတ်တွေကြားထဲမှ တိုးထွက်ကာ Stage ပေါ်သို့ တက်သွား၏။ စင်ပေါ်မှာတော့ မော်ဒယ် သတိုး ဟေသာ ဦးဆောင်သော အကအဖွဲ့က Dancer ကကွက်များကို D.J music တွေနဲ့ အတူ ပုံဖော်နေကြပြီ။

'ရှီး ... ဖြောင်း ဖြောင်း ဖြောင်း'

ပရိသတ်များရဲ့ လက်ခုပ်သြဘာသံနှင့်အတူ မင်းသား လေးရဲ့အသံက မိုက်ခ်မှ စူးထွက်လာ၏။

"အားလုံးပဲ မင်္ဂလာပါခင်ဗျာ၊ ကျွန်တော့်ကို အားပေး တဲ့ ပရိသတ်ကြီး နှစ်တစ်ရာတိုင်တိုင် ကျွန်တော်တို့နဲ့အတူ ဂီတ ကို မြတ်နိုးနိုင်ကြပါစေ"





မင်းသားလေးက သူ့ရဲ့သီဆိုသော သီချင်းနှင့်အကကို အပေးအယူမျှစွာဖြင့် စတင်လှုပ်ရှားသက်ဝင်နေတော့၏။

မင်းသားလေးပုံဖော်သော ကကွက်ဆန်းများနှင့် သတိုး ဟေသာရဲ့ ကကွက်များက ငြိမ်သက်စွာမိန်းမောနေသော ပရိ သတ်ကြီးကို ဖမ်းစားနိုင်လွန်းနေသည်။

သီချင်းသုံးချိုးနှစ်ချိုးလောက်လည်းရောက်ရော Stage ပေါ်မှ ထင်မှတ်မထားသော မြင်ကွင်းကြောင့် ပရိသတ်တွေထဲမှ အာမေဋိတ်သံများ ထွက်ပေါ်လာပါ၏။

"ဟင်"

"ဟယ်"

"ဟာ ... သွားပြီ၊ လဲကျပြီ"

နှင်းဇက်အနားမှာ ရပ်နေသော ရွှေယဉ်ကျေးပင် အံ့သြ လွန်း၍ ပါးစပ်ကလေး အဟောင်းသားဖြစ်သွားရရှာ၏။

အဘယ်ကြောင့်ဆိုသော် ... မင်းသားလေးနှင့်အတူ Dancer ကနေသော သတိုးဟေသာရဲ့ မဟာအရှက်တော် ကွဲရ ခြင်းမှာ သူမ,စီးထားသော လည်ရှည်ရှူးမှာ နွာပြုတ်ထွက်သွားပြီး ကကွက်တွေနှင့် လှုပ်ရှားနေသော သူမအဖို့ ဟန်ချက်ပျက်ကာ Stage ပေါ်မှာပင် မထိန်းနိုင်ဘဲ ခြေခေါက်လဲသွားသော ကြောင့် ဖြစ်သည်။

Stage ပေါ်တွင် ခွေခွေလေး လဲသွားသော ဟေသာကို တွဲထူခြင်းမရှိဘဲ မင်းသားလေးက ဟန်မပျက်ပင် သူ့ရဲ့သီချင်းကို ဆက်ပြီး ဆိုနေ၏။ ကျန်တဲ့ အကမယ်များကသာ ဟေသာ့ကို



www.burmeseclassic.com

www.burmeseclassic.com



တွဲလျက် Stage ပေါ်မှ တွဲခေါ်သွားကြ၏။ ထိုမြင်ကွင်းကိုကြည့်ပြီး နှင်းစက်မှုလိုက်ပါသည်။ စိတ်မကောင်းဘူး ဟေသာရယ်။ ငါ ရည်ရွယ်ပါဘူး။

ဟေသာ အရှက်ကွဲသွားတာက လွဲပြီး မင်းသားလေးက တော့ ဟန်မပျက်ဆက်ပြီး ထိန်းထားနိုင်သဖြင့် ပွဲကတော့ ပျက် မသွားပါ။

မင်းသားလေး အစီအစဉ်ပြီးသည်နှင့် . . .

“ရွှေကျေး၊ ငါပြန်တော့မယ်”

“ဟယ်၊ နင်ကလည်း ပြီးမှ မပြီးသေးတာကို”

“ငါအချိန်မရဘူးဟ၊ မင်းသားလေး အစီအစဉ်လဲပြီးနေ ပြီပဲဟာ၊ နောက်ကျန်တဲ့ အဆိုတော်တွေကို ငါ သိပ်မကြိုက်ဘူး ဟ၊ အိမ်ပြန်အရမ်းနောက်ကျရင် မာမီထူးက ပွမ်ဦးမယ်၊ နင် လည်း ငါ့အခြေအနေ သိရဲ့သားနဲ့”

“အင်းလေ၊ ဒါဆိုလည်း ပြန်ကြတာပေါ့၊ တကယ်ပဲ နင်နဲ့လာရတာ လုံးဝ ဇိမ်မရှိဘူး”

ရွှေယဉ်ကျေးက စူပွပွဖြင့် နှင်းစက်ကို မကျေမနပ် ပြောရင်း နှစ်ယောက်သား လူအုပ်ကြီးထဲမှ မနည်းတိုးထွက်လာ ရသည်။

အပြင်ရောက်တော့ နှင်းစက်လက်မှ နာရီကို ငုံ့ကြည့် လိုက်၏။ ည ၈ နာရီခွဲနေပြီ။

“ငါတို့ Taxi နဲ့ ပြန်မှဖြစ်တော့မယ် ရွှေကျေးရေ၊ အိမ် ပြန်ဖို့ အရမ်းနောက်ကျနေပြီ”





“နင့်သဘောပဲလေ၊ ငါ့အိမ်ကတော့ အငြိမ်ဇယားပဲ”

“ငါ့ဇယားက မငြိမ်ဘူးပေါ့၊ ခုတောင် ပြန်မရောက်သေး လို့ အိမ်မှာ ဘယ်လောက် ဒေါသူပုန် ထနေပြီလဲ မသိဘူး”

ထင်သည့်အတိုင်းပင် အိမ်ပြန်ရောက်တာနှင့် ဦးလူအေး က ဆီးကြိုပြီး သတင်းစကား ပါးတော့၏။

“အဘွားငြိမ်းတော့ အဆူခံထိနေပြီ နှင်းစက်ရေ၊ အမြန် ဝင်တော့၊ ဘဘကိုလည်း သမီး ဘယ်အချိန်ကတည်းက ထွက် သွားတာလဲလို့ လာမေးသေးတယ်”

နှင်းစက်က ဘဘဦးလူအေးကို ခေါင်းတစ်ချက်ညိတ်ပြ လိုက်ပြီး အိမ်ကြီးဆီသို့ ခပ်သွက်သွက်လျှောက်လာလိုက်ပြီး အိမ် ထဲကို ခြေသံဖွဖွနင်းပြီး ဝင်လာလိုက်၏။

“ဟဲ့ . . . ဒါက ဘယ်တုံး”

MP 4 လေးယူပြီး မီးဖိုခန်းလှေကားမှ ချောင်းစပ်နား သွားမည်အပြု ထမင်းစားခန်းဘက်မှ လှမ်းမေးလိုက်သော အသံ စူးစူးကြောင့် ခြေလှမ်းတွေ တုံ့သွားရ၏။

“ခြံထဲဆင်းမလို့ပါ”

“ညည်းမှာလည်း အားနေရင် ခြံထဲပဲ ဆင်းနေတော့ တာပဲ . . . အိမ်ဆောက်နတ် နင်ထားတဲ့အတိုင်းပဲ”

“အလုပ်တွေ ပြီးသွားလို့ပါ မာမီထူး”



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ ... အိမ်အလုပ်ဆိုတာ ပြီးတယ်ရယ်လို့မရှိဘူး။ မိန်းကလေးဆိုတာ ကိုယ့်အိမ်မှာ ဘာလုပ်ရမယ်, ဘာကိုင်ရမယ် ဆိုတာ အမြဲတမ်း မျက်လုံးဒေါက်ထောက်ကြည့်ပြီး ဖယ်ဆက် သလို လုပ်နေရမှာ"

မာမီထူးရဲ့စကားကြောင့် ဘေစင်မှာ ပန်းကန်ဆေးနေ သော ဘွားငြိမ်းရဲ့မျက်နှာမှာ မသိမသာ မဲ့သွားသည်ကို နှင်းစက် မြင်လိုက်ပါ၏။

"ဘာခိုင်းစရာရှိသေးလို့လဲ မာမီထူး"

"ငါ့အခန်းထဲမှာ ကြောင်သေးနံ့လိုလို, ချေးနံ့လိုလိုနဲ့ တစ်ခန်းလုံး နံနေတယ်၊ ဟိုဘက်တိုက်ကကြောင် ဘယ်နေရာမှာ ချေးလာပါသွားလဲ မသိဘူး။ အဲဒါ လိုက်ရှာကြည့်ဦး... အဲဒီအနံ့ ကြီးကြောင့် တစ်မနက်လုံး အော်ဂလီဆန်နေတာ၊ တွေ့ရင်သေ ချာရှင်းပြီး တစ်ခန်းလုံး ရေပတ်လိုက်တိုက်လိုက်ဦး။ ပြီးရင် အခန်းသန့်ဆေး ဖျန်းလိုက်ပါဦး"

မာမီထူး စကားမဆုံးခင် သတိုးဆွေဖင် အသံစာစာနဲ့ ထမင်းစားခန်းထဲ ဝင်လာသည်။

"မာမီရေ ... ထမင်းစားမယ်"

"မာမီက သမီးကိုကျတော့ မစောင့်ဘူး။ တစ်ယောက် တည်း စားနေတယ်ပေါ့"

"မာမီ ဆာလို့စားတာ မဟုတ်ပါဘူးအေ၊ ဆေးသောက် ချိန်လွန်သွားမှာစိုးလို့သာ စားရတာ၊ စားလို့လည်း တစ်စက် ကလေးမှ မကောင်းဘူး"





"ဘာဟင်းလဲ မာမီ"

ဟုဆိုပြီး စားပွဲပေါ်က ဟင်းပန်းကန်တွေထဲ ရှုန်းမြင့် ဟိုမွှေဒီမွှေ လုပ်နေ၏။ ပြီးတော့ နှာခေါင်းကို ရှုံ့လိုက်ကာ-

"ဟင်း စိတ်ညစ်ပါတယ်၊ ဒီဟင်းတွေကို မစားချင်တော့ ပါဘူး။ ဘွားငြိမ်း"

ဆွေဖင်ညည်းတွားနေကတည်းက ဘွားငြိမ်းတို့က နပ် ပြီးသား။ သူ့ကို ခေါ်တော့မယ်ဆိုတာ ...

"ပြော ဘာ ထပ်ပြီး စီစဉ်ပေးရမလဲ"

"ကြက်သားပြုတ်ထားတာ ရှိလား"

"ရှိတယ်လေ၊ မနက်ဖြန်အတွက် ကြက်သားဆောင်း ကြော် လုပ်မလို့"

"အဲဒါဆို အတော်ပဲ၊ နှင်းစက် ... ငါ့ကို ကြက်သား လေး လုပ်ပေး။ ရေတ်သီးအစပ်တွေ သိပ်မထည့်နဲ့နော်၊ ဟင်းခါး လေးပါ စီစဉ်ပေး"

"အင်းပါ"

နှင်းစက်သည် ကိုင်ထားသော MP 4 လေးကို ရေခဲ သေတ္တာပေါ် ခဏတင်ထားလိုက်ရင်း ကြက်သားသုပ်ရန် စီစဉ် ပေးရပြန်ပါ၏။

တကယ်ပါပဲ။ သူတို့ကိုယ်သူတို့ ဘုရင့်သမီးတော်တွေများ မှတ်နေလေရော့သလား။ အရာရာကို သူတို့စိတ်တိုင်းကျကို ဖွတ် အတင်း ဖန်တီးနေတော့တာပဲ။ ကံကြမ္မာကလည်း ခုချိန်ထိ သူတို့ကို လုပ်ပိုင်ခွင့်တွေ အပြည့်အဝ ပေးနေဘုန်းပါပဲ။



www.burmeseclassic.com

www.burmeseclassic.com



မခံချင်စိတ်တွေ ဆင့်ကဲ,ဆင့်ကဲ မဖြစ်လာစေဖို့ ကိုယ့် စိတ်ကို ပြန်ပြီး အားပေးရင်း ဟင်းခါးချက်ပေးရန်အတွက် ကြက်သားပြုတ်ရည်လေးကို ဂက်စ်မီးဖိုပေါ်ကို တင်ထားလိုက်၏။

ဝဋ်ကြွေးဆိုတာ ဆပ်တတ်ရင် ကျေပါတယ်။

"သမီးရေ နှင်းစက် ... ရေချိုးတာ ကြာလိုက်တာကွယ် အမြန်ချိုး ... တော်ကြာ ဖျားနာနေမှဖြင့်"

ရေချိုးခန်းအပြင်မှ လှမ်းပြောနေသော ဘွားငြိမ်းရဲ့ သတိပေးစကားကြောင့် ရေကို စိမ်ချိုးနေရင်းမှ ...

"ပွတ်ကဲ့ပြီးပြီ ဘွားငြိမ်း"

မွှေးပွသဘက်ကြီးကို ကိုယ်လုံးလုံးအောင်ပတ်ပြီး ရေချိုးခန်း တံခါးဖွင့်ပြီး ထွက်လာလိုက်၏။

"ဘွားငြိမ်း ... နှင်းစက်ရော"

မီးဖိုခန်းအပြင်မှ လှမ်းမေးလိုက်သော သတိုးဆွေဇင်ရဲ့ အသံ။

"ရေချိုးနေတယ်"

နှင်းစက် ရေချိုးပြီးသွားတာ ဘွားငြိမ်းမြင်ပေမယ့်လည်း တမင် ရေချိုးနေတယ်လို့ ပြောလိုက်ခြင်းပါ။

"ရေချိုးပြီးရင် မာမီ့ကို ဆေးတိုက်လိုက်ဦးလို့၊ မြန်မြန် လည်းလုပ်နော်၊ ဆေးတိုက်ချိန် နောက်ကျရင် သွေးကပြန်တက်





နေဦးမယ်၊ မနက်က အစားတွေ စုံထားတာ"

"အေး"

ဟု ဆိုလိုက်သော ဘွားငြိမ်းရဲ့အသံမှာ ကျေနပ်နှစ်လိုဖွယ်ရာ မရှိ။

"ဟင်း ... သူတို့ကျတော့ ဘာလုပ်နေလဲမသိဘူး၊ သူတို့အမေကို သူတို့ကိုယ်တိုင် ဆေးတိုက်လိုက်ရင် ဒင်းတို့ လက်တွေ နူနာစွဲကပ်သွားမှာ စိုးလို့ထင်တယ်"

ခပ်တိုးတိုး တစ်ကိုယ်ကြားဆိုနေခြင်း ဖြစ်ပါသည်။

နှင်းစက်ကြားပေမယ့် ဘာမှ ဝင်ပြောမနေတော့ဘဲ အခန်းထဲကို ကမန်းကတန်းဝင်လာကာ ရေချိုးခန်းမဝင်ခင်က ဆင်သင့်သွေးထားသောသနပ်ခါးကို ပါးပေါ်မှာ ခပ်ပါးပါးလေး လိမ်းလိုက်ပြီး အဝတ်အစားကို ကပျာကယာလဲကာ၊ မာမီထွေးအား ဆေးတိုက်ရန် အခန်းထဲ ဝင်လိုက်၏။ သူတို့ ကိုယ့်အပေါ် ဘယ်လိုပဲ သဘောထားထား ကိုယ့်ဘက်က စေတနာအပြည့်ဖြင့်သာ အရာရာကို လုပ်ကိုင်ပေးပါသည်။

သောက်ရမယ့်ဆေးတွေကို ရွေးယူပြီး တိုက်လိုက်၏။

ဒေါ်ထွေးထွေးမြိုင် အမူအရာက တကယ့်လူမမာရုပ်၊ မနေ့က ဖဲရှုံးထား၍ စိတ်ထောင်းကိုယ်ကျေ ဖြစ်နေတာပဲ ဖြစ်မည်။

"ကျေးဇူးတင်ပါတယ်အေ၊ မာမီကလေ ညည်းရဲ့ အပြုအစုကိုပဲ ကျေနပ်နေတာ၊ ဟိုနှစ်ယောက်ကျတော့ နှင်းစက်လောက် စိတ်တိုင်းမကျဘူးလေ၊ အဟင်း ... တစ်လက်စတည်း မာမီထွေးကို ဇက်ကြောလေး တစ်ချက်နှစ်ချက် ဆွဲပေးစမ်းပါ



www.burmeseclassic.com

www.burmeseclassic.com



ကွယ်''

ဖက်ကြောလေးတစ်ချက်နှစ်ချက်ဆိုရင် နှင်းစက်တို့က သဘောပေါက်ပြီးသား၊ သူ့အိပ်မပျော်မချင်း နှိပ်ရတော့မှာ။ ဒါဟာ နှင်းစက်ရဲ့ ညစဉ်ဝတ္တရား။ သူ ညဆယ်နာရီ ကျော်လောက်မှ အိပ်ပျော်ရင် နှင်းစက်လည်း ညဆယ်နာရီကျော်မှပင် နှိပ်နေသည့် လက်တွေကို အနားပေးရ၏။

သူ့သမီးတွေရှိရဲ့သားနှင့် သူ့သမီးတွေကို ဘယ်တော့မှ မခိုင်း။ ကျွန်ရွေးတယ်ဆိုတာ ဒါမျိုးပဲ နေမှာဟု တွေးမိပါ၏။

နှင်းစက်အဖို့တော့ အဘွားငြိမ်းပြောသလိုပင် ယခု ပစ္စုပ္ပန်မှာ ကြုံနေရတဲ့ အကြောင်းအရာမှန်သမျှကို ဝဋ်ကြွေးဟု သဘောထားကာ ကျေအောင်ဆပ်မယ်လို့ စိတ်ကူးထားပြီး အရာရာကို စေတနာနှင့် အနစ်နာခံပြီးလုပ်ပေးပါ၏။





အခန်း ( ၅ )

မီးဖိုခန်းထဲမှ အဘွားငြိမ်းနှင့်အတူ မနက်စာ ဝိုင်းကူ ချက်ပေးပြီး ပြန်အထွက်မှာ အခန်းဝမှ ကိုယ့်ကိုခါးထောက်ပြီး ကြည့်နေသော ဟေသာ့ကိုမြင်ပြီး ပြဿနာတွေ စပြီဟု တွေးမိ၏။

"နှင်းစက်... မနေ့က နင် ဘယ်လိုလုပ်လိုက်တာလဲ"

ဘာကိုဦးတည်ပြီး မေးနေတယ်ဆိုတာ နှင်းစက်သိပေမယ့် တမင်ပင် မသိချင်ဟန်ဆောင်ပြီး မျက်လုံးလေး ကလယ် ကလယ်ဖြင့် ပြန်မေးလိုက်၏။

"ဘါ ဘာလုပ်လို့လဲ"

"နင် မသိချင်ဟန်ဆောင်မနေနဲ့၊ ငါ့ဖိနပ်ရဲ့ ခွာကို တမင်တကာ ဖြုတ်ပစ်ပြီး ကော်နဲ့တဲတဲလေး ပြန်ကပ်ထား တာလေ"

"ဩော်... ဒါလား၊ ဖိနပ်က အဟောင်းကြီးတွေတည်းက



www.burmeseclassic.com

www.burmeseclassic.com



ပြုတ်ခါနီးနေတဲ့ဟာ၊ ငါက စေတနာနဲ့ ကော်တောင်ပြန်ကပ်ပေးလိုက်တာပဲ''

''နှင်. . . နှင် ဒါ တမင်လုပ်လိုက်တာ၊ ဒီပွဲဟာ ငါ့ဘဝအတွက် အရေးကြီးတဲ့ပွဲဆိုတာ နှင်မသိဘူးလား။ မိုးသားရင့်ကျူးနဲ့ တွဲကဖို့ အခွင့်အရေးကို ငါ ဘယ်လောက် မျှော်လင့်ခဲ့ရလဲ၊ အဲဒါ ငါ့ရဲ့အိပ်မက်ပဲ၊ နှင် ငါ့အိပ်မက်ကို ရိုက်ချိုးပြီး သူ့အရှေ့မှာ အရှက်ကွဲအောင် နှင်တမင် ဖန်တီးလိုက်တာ မဟုတ်လား''

နှင်းစက် နားမလည်သလိုဟန်နှင့် ပခုံးလေးကို တွန့်လိုက်ပြီး . . .

''လူကို ဘာလို့ ဘလိုင်းကြီး လာကောနေရတာလဲ၊ ငါနဲ့ ဘာမှမဆိုင်ဘူး၊ ငါ တမင်ရည်ရွယ်ပြီး လုပ်တာလဲ မဟုတ်ဘူး ၊ အဲဒါမှ မယုံဘူးဆိုရင်လည်း ထင်ချင်သလိုသာ ထင်ပေတော့''

မထီမဲ့မြင် အမူအရာကို အပြည့်အဝ ထုတ်သုံးလိုက်ပြီး သူမရှေ့မှ ထွက်လာခဲ့လိုက်၏။

''တောက်''

တစ်ချက်ကို ခပ်ပြင်းပြင်း ခေါက်ရင်း မကျေမနပ်ဖြင့် ကျန်ရစ်ခဲ့သူက သတိုးဟေသာ။ တွေ့ကြသေးတာပေါ့။ အလှည့်ကျ မန္တဲ့ကြစတမ်းပေါ့ နှင်းစက်ရယ်။ နှင်လည်း ကျူးရင့်ကို ခရေဇီဖြစ်နေတဲ့ မိန်းမတွေထဲက တစ်ယောက်ပဲဆိုတာ ငါလည်း သိပ်သိတာပေါ့။ ဟေသာ မကျေမနပ်ဖြင့် အတွေးထဲမှာ ကျိန်းဝါးရင်း ခြံထဲသို့ ဆင်းလာလိုက်သည်။





ဆောရီးပဲ ဟေသာရေ။ မိုးသားရင့်ကျူးရှေ့မှာ အရှက်တွဲရကောင်းစေဆိုတဲ့ ရည်ရွယ်ချက်မပါတာတော့ နှင်းစက် ကျိန်ဆိုပြီး ပြောဝံ့ပါတယ်။ မင်းသားလေးရှေ့မှာ အရှက်တကွဲနဲ့ အလဲလဲအပြိုပြိုဖြစ်အောင် ပေးဆပ်လိုက်ရတဲ့ မိန်းမတစ်ယောက်ရဲ့ ဂုဏ်သိက္ခာအတွက် အားနာပါတယ်။

''နှင်းစက်ရေ နှင်းစက်''

အိမ်ရှေ့ ခြံတံခါးဝမှ အိမ်ဘက်ကိုကြည့်ပြီး ကြုံးအော်နေသော ရွှေကျေးကိုကြည့်ပြီး စောစောက ကိစ္စကို စိတ်တိုနေသော ဟေသာ ဘုတောလိုက်၏။

''ဘာလို့ အသံကုန်ဟစ်နေတာလဲ''

''နှင်းစက်ရှိလား''

''မရှိဘူး''

''မရှိဘူးဆိုတော့ ဘယ်သွားတာလဲဟင်''

''သေပြီဟေ့ သေပြီ၊ တွေ့ချင်ရင် သင်္ချိုင်းကုန်းကို သွားတွေ့''

ရင့်သီးရိုင်းပျလွန်းသော စကားကြောင့် ရွှေကျေးမျက်လုံးပြူးသွား၏။

ဘယ်လိုမိန်းမအမျိုးအစားပါလိမ့်။ ဒါလား နာမည်ကြီးမော်ဒယ်လ်အကမယ်။ ကိုယ့်ဂုဏ်နဲ့မလိုက်အောင် ပါးစပ်အဆင့်အတန်း မရှိလိုက်တာ။ ဒန်းပေါ်မှ ထထွက်သွားသော သူမကိုကြည့်ပြီး မဲ့လိုက်၏။

တံခါးသံတိုင်ကို ကိုင်ပြီး ရွှေကျေး ခြံဝန်းကျယ်ကြီးထဲကို



www.burmeseclassic.com

www.burmeseclassic.com



ခြေဖျားလေးထောက်ပြီး ကဲကြည့်လိုက်၏။

တွေ့ပြီ၊ ဟိုဘက်သစ်ခွစင်တွေဘက်မှာ ကုန်းကုန်းကွကွနဲ့ အလုပ်ရှုပ်နေတဲ့ ဘဘဦးလှအေး"

"ဘဘလှ ဘဘလှ"

အဘလှအေး အလုပ်ရှုပ်နေရာမှ ရွှေကျေးဘက်လှည့်ပြီး ထူး၏။

"ဝေး"

"နှင်းစက်ရှိလား"

"ရှိတယ်လေ၊ ဘာကိစ္စလဲ"

"သတင်းထူးတစ်ခု ပြောစရာရှိလို့ ခြံတံခါး လာဖွင့်ပေးပါဦး"

"အေး အေး လာပြီ"

အဘလှ သစ်ခွစင်ဘေးနားက ထလာပြီး ရွှေကျေးကို တံခါးသော့လာဖွင့်ပေး၏။

"သဲနှင်ယူ အဘလှရေ"

ကျောပိုးအိတ်ကလေးလွယ်၊ ဆံပင်လေးတရမ်းရမ်းဖြင့် ခုန်ပေါက်ဝင်သွားသော ရွှေကျေးကိုကြည့်ပြီး အဘလှအေးက . . .

"ဒီကောင်မလေး ဘာတွေ အူမြူးလာသဲမသိဘူး"

ဆိုပြီး သစ်ခွစင်ဘက်ကို ပြန်လျှောက်သွား၏။

"နှင်းစက်ရေ နှင်းစက်"

နာမည်ကို တကြော်ကြော်ခေါ်ရင်း အဘွားငြိမ်းရှိရာ မီးဖိုခန်းဘက်ကို ဝင်လာခဲ့လိုက်၏။





ဒီအိမ်က နှင်းစက်ဒယ်ဒီရှိစဉ်ကတည်းက ရွှေကျေးအား သူ့တစ်ဦးတည်းသော သမီးရဲ့ သူငယ်ချင်းအရင်းခေါက်ခေါက်ကြီးမို့ ဝင်ချင်တိုင်းဝင်၊ ထွက်နိုင်တိုင်းထွက် ခွင့်ပြုထားပြီးသား

"ဟော ရွှေကျေး . . . သမီး လာလေ၊ နှင်းစက်က နောက်ဖေးခြံဘက်မှာ ထင်တယ်"

"ဟုတ်လား ဘွားငြိမ်း . . . ဒါဆို သမီးလိုက်သွားလိုက်ဦးမယ်"

ဟု ဆိုပြီး အိမ်ရှေ့ဘက်သို့ ပြန်ထွက်သွားသော ရွှေကျေးအား အဘွားငြိမ်းက . . .

"ဟဲ့ . . . ဒီကလေး အုပင်ပန်းခံပြန်ပြီ၊ အိမ်ရှေ့က သွားရင် တစ်ပတ်ကြီးပြန်ပတ်နေရမှာပေါ့၊ လာ . . . ဒီမီးဖိုခန်း လှေကားကပဲ ဆင်းသွားတော့"

"ဩော် . . . ဟုတ်သားပဲ၊ အဟီး . . . ကျေးဇူးပဲ ဘွားငြိမ်း"

ခြံထဲရောက်တော့ နှင်းစက်က စမ်းချောင်းနံဘေးက အဆောင်လေးထဲမှာ ထိုင်ပြီး ငုက်စာကျွေးနေ၏။

ရွှေကျေး လှမ်းခေါ်လိုက်၏။

"နှင်းစက်"

"ဟင် ရွှေကျေး . . . စောစောစီးစီး ဘာကိစ္စ"

"နင်က ဒီမှာလာပြီး စိမ်ကျနေတယ်ပေါ့လေ"

"စိမ်မကျပါဘူးဟာ၊ စိတ်ညစ်လို့ လာထိုင်နေတာပါ အဲ . . . ပြော"



www.burmeseclassic.com

www.burmeseclassic.com



ပေါ်သာနှင့်ဖြစ်သော ဖိနပ်ကိစ္စကိုတော့ ရွှေကျေးကို ပြောမနေတော့ပါ။

"မိုးသားကျူးရင့် အကြောင်းပေါ့"

"နှင်လည်း သူ့အကြောင်းတွေနဲ့ပဲ နှင့်အချိန်တွေကို ပက်ပက်စက်စက် ဖြုန်းနေတော့တာပဲနော်"

"ခုဟာက ငါ့အတွက်တင်မဟုတ်ဘူး။ နှင့်အတွက်ရော ပါတယ်"

"ငါ့အတွက်ရော ဟုတ်လား"

"ဟုတ်တယ်"

"အခု မင်းသားလေးက သူကိုယ်တိုင်ဦးစီးပြီးတော့ Dancer Club တစ်ခု ဖွင့်မယ်တဲ့၊ အဲဒါ ငါတော့ သွားတက်မယ် နှင်ရော"

"အင်း . . . မဆိုးဘူး။ စိတ်တော့ဝင်စားတယ်၊ ဒါပေမဲ့ ငါ့အိမ်က မိထွေးကြီးက အကြောင်းပြချက်ခိုင်လုံစွာနဲ့ ခွင့်ပြုမှာ မဟုတ်ဘူး"

"နှင် တော်တော်ပိန်းတာပဲ၊ နှင်အခု သင်တန်းတွေ တက်နေတာ နှင့်အနာဂတ်အတွက်လား။ နှင် အိမ်မှာ မနေချင်လို့ ထွက်ပေါက်ရှာတဲ့အနေနဲ့ တက်တာလား"

"အိမ်မှာနေပြီး သူတို့သားအမိအလုပ်တွေကို ကျွန်လို လုပ်နေရတာထက်စာရင် သင်တန်းတွေ လျှောက်တက်တာ ငါ့ အတွက် ပိုပြီး စိတ်ထွက်ပေါက်ရမလားလို့ပေါ့"

နှင်းစက်စကားကြောင့် ရွှေကျေးက လက်ဖျောက်တစ်





က် တီးလိုက်ပြီး . . .

"အေး . . . အဲဒါ ခွင်ပဲ၊ နှင်တက်နေတဲ့ သင်တန်းတစ် ကို ဖြုတ်လိုက်ပြီး အဲဒီသင်တန်းအစား Dance Club မှာ ဝင်ပြီး င်တန်းတက်လိုက်ပေါ့၊ အဲဒါဆို နှင့်မိထွေးက ဘယ်လို နိုင်မှာလဲ"

ရွှေကျေးက နှင်းစက်အတွက် ဖယားအသစ် ဆွဲနေ၏။ င်းစက်ကတော့ ရွှေကျေးပြောသမျှကို ခေါင်းလေးတညိတ် ညိတ်။

"ဘယ်လိုလဲ . . . ငါ့အိုင်ဒီယာကို နှင် သဘောကျသွား မဟုတ်လား"

"အင်း . . . မဆိုးပါဘူး။ မယ်ရွှေကျေးတို့ ဒီတစ်ခါတော့ ဉာဏ်ရှင် ဖြစ်ပြီပေါ့"

"အေးပါ . . . ခုတော့ မြှောက်ပြောထားဦးပေါ့၊ နောက်မှ င်းသားလေးနဲ့တွေ့ပြီး ဒါဟာ ငါ့သူငယ်ချင်းလေး ရွှေကျေးရဲ့ ကျေးဇူးပါလားဆိုတာကို မေ့မသွားနဲ့"

"ဟင့်အင်း . . . မေ့ဘူး မေ့ဘူး၊ နှင့်ကို သတို့သမီး အရန် လုပ်ခိုင်းမယ် . . . စိတ်ချ"

"အံမယ် . . . မိန်းမက ဒီအဆင့်ထိတောင်မှန်းထား ယ်ပေါ့"

"သမီးရေ နှင်းစက်"

"ဟော . . . ဘွားငြိမ်းခေါ်နေပြီ လာ . . . ငါတို့ အိမ် ပါကို သွားကြမယ်"



www.burmeseclassic.com

www.burmeseclassic.com



"ငါ မလိုက်တော့ဘူး ... ပြန်တော့မယ်"

"အိုကေ... ဒါဆို မနက်ဖြန်မှ ဆက်ပြီး ဆွေးနွေ
တာပေါ့"

"အေး ... ငါလစ်ပြီ"

"ဟဲ့ ဟိုကလေးမ ... ပြန်တော့မလို့လား"

ဘွားငြိမ်း အနားရောက်လာမှ ရွှေကျေးထပြန်ဖို့ ပြ
ဖြင့် မျက်မှောင်ကြုတ်ပြီး အလိုမကျဟန်ဖြင့် မေး၏။

"ပြန်တော့မယ် ဘွားငြိမ်းရေ၊ အိမ်ပေါ်တက်မယ်
တော့ဘူး။ ဒီနေ့ ဘွားငြိမ်းတို့အိမ်မှာ Weather အခြေအ
သိပ်ကောင်းပုံမပေါ်ဘူးဆိုတာ ရွှေကျေးသိတယ်၊ ဘိုင့်ဘိုင် ဘွား
ငြိမ်းရေ"

"အေး အေး... ဘိုင့်ဘိုင်၊ ဟဲ့ ကြော်... ဒီကလေ
လူကြီးကို၊ ငါတောင် သူ့ကိုလိုက်ပြီး ဘိုင်ကုန်ပါပြီ"

နှင်းစက် ဘွားငြိမ်းကို ကြည့်ပြီး သဘောကျစွာ
ရယ်ရင်း ...

"ဘွားငြိမ်း ပြော ... ဘာကိစ္စလဲ"

"ဟိုမှာလေ ... သမီးရဲ့မိတ္ထွေးတော် ခေါ်နေလေ
... သွားလိုက်ဦး"

"ကျွတ်... ဘာတွေ တော်ကီပွားနေဦးမလဲ မသိဘူး

စိတ်ပျက်စွာ ညည်းတွားရင်း အိမ်ကြီးဆီသို့ လျှော
လာလိုက်၏။ ဘွားငြိမ်းက သူ့ရဲ့ ဝလွန်းသောခန္ဓာကိုယ်ကို သယ်
ပိုးရင်း အိပဲ့အိပဲ့ဖြင့် နှင်းစက်နောက်ကနေ လိုက်လာ၏။





နှင်းစက်လေးအတွက် သူပါ ဝိုင်းဝန်းပြီး ရင်မောနေရ
ပါသည်။

"မာမီထူး ... နှင်းစက်ကို ခေါ်တယ်ဆို"

"အိမ်အလုပ်တွေပြီးအောင်မလုပ်ဘဲ ဘယ်တွေ လျှောက်
သွားနေတာလဲ နှင်းစက်"

"ဘယ်မှမသွားပါဘူး၊ နောက်ဖေးခြံဘက်မှာရှိပါတယ်"

"ရော့"

'ဘုတ်'

နှင်းစက်ရပ်နေသောနေရာနားသို့ အထုပ်တစ်ထုပ် ချ
ပေးလာ၍။

"ဘာတွေလဲ မာမီထူး"

"အဝတ်အစားတွေလေ"

"ညည်းမှာ အဝတ်အစားအကောင်း သိပ်မရှိတော့မှန်း
မာမီသိတယ်၊ ဒါကြောင့် ဟေသာတို့ ဆွေဇင်တို့ဆီက တချို့
တစ်ဝက် ခွဲပြီးပေးတာ"

နှင်းစက် အောက်နှုတ်ခမ်းလေးကို မသိမသာ ကိုက်၍
အံကြိတ်လိုက်သည်။ ဒါ သူတို့ရဲ့ စေတနာအကုန်ပါပဲ၊ လူကြား
ကောင်းအောင် သူ့သမီးအဝတ်အစားထဲက ခွဲပေးတာတဲ့။

အမှန်တော့ သူ့သမီးနှစ်ယောက်နဲ့ မတော်တဲ့၊ ဖော်လို့



www.burmeseclassic.com

www.burmeseclassic.com



လုံးဝမလိုက်တဲ့ အဝတ်အစားတွေကို မကောင်းကျောင်းပို့ဆိုသလို ဒီအတိုင်း ပစ်ထားရမယ့်အတူတူ နှင်းစက်ကိုပေးတာ နှင်းစက် သိတာပေါ့။ နှင်းစက်ကလည်း သူတို့ပေးသမျှကို မငြင်းဘဲ ယူ တယ်။ ငြင်းနေရင်လည်း နှင်းစက်ပဲ မဝတ်ရမှာလေ။

သူ့သမီးတွေနဲ့ မလိုက်ဖက်လို့ ပေးတဲ့အဝတ်အစား မှန် သမျှဟာ နှင်းစက်အတွက်ကတော့ အချိုးတကျနှင့် လိုက်ဖက်လှ ပါ၏။ တစ်ခါတလေ ခေတ်အမြင်မရှိတဲ့ ဘွားငြိမ်းတောင်မှ သူတို့ပေးတဲ့အင်္ကျီတွေ၊ ဆွဲသားဘောင်းဘီတွေကို နှင်းစက် ဝတ် လို့ရှိရင် ...

"ဟယ် ... သမီးလေးနဲ့ ဒီအဝတ်အစားလေးက သိပ် လိုက်တာပဲကွယ်၊ ဟင်း ... ဟိုငါးကျီးခြောက်မတွေ ဝတ်တုန်းက များ ဘွားငြိမ်းမျက်စိနဲ့ ဘယ်လိုမှ မတွေ့ဘူး၊ ဒါနဲ့များ မော်ဒယ် ဆိုလား၊ မော်တယ်ဆိုလား ဖြစ်သေးတယ်၊ ငါ့သမီးလည်း သူတို့ လို ပြင်ဆင်ပြီးနေကြည့်ပါလား၊ ငါ့သမီးခြေသန်းဖျားလေးရဲ့အလှ တောင် သူတို့အလှနဲ့ ဘယ်လိုမှ မမီဘူး"

နှင်းစက် ဘွားငြိမ်းပြောတာကို ပြန်ကြားပြီး ပြုံးမိပါ သေး၏။ နှင်းစက်ဆိုရင် တစ်နှစ်နေလို့ အဝတ်အစား သုံးစုံပြည့် အောင်တောင် ဝယ်မပေးပါဘူး။ သူ့သမီးတွေကတော့ တစ်ပတ်၊ တစ်ပတ် ထွက်လိုက်ရတဲ့ Shopping ဝယ်ပေးလိုက်ရင်လည်း တနင့်တပိုး။

နှင်းစက်ကိုခေါ်သွားလို့များကတော့ နှင်းစက်က သူတို့ ဝယ်သမျှ အထုပ်ကို လိုက်ဆွဲပေးရတာ .... နှင်းစက်အတွက်





အလိုက်တသိနဲ့ အပေါစား နှုတ်ခမ်းနီတစ်တောင့်တောင် ဝယ် မပေးဘူး။

"နှင်းစက် မာမီပြောတာကြားလား"

"ဟင် အဲ ရှင် မာမီထူး၊ ဘာပြောလိုက်တာလဲ"

"ကြည့်၊ ဒီကလေးမလေးဟာလေ ဘယ်လိုဖြစ်နေလဲ စိတ်နဲ့လူနဲ့မကပ်ပါလား၊ မနက်ဖြန် ဦးကျော်မင်းခေါင် လာမယ့် ရက် မဟုတ်လားလို့ မေးနေတာ"

"ဟုတ်ကဲ့"

"ရော့ ... ဒါတွေကိုလည်း မနက်ဖြန်မိုးလင်းတာနဲ့ ဝတ်ထားလိုက်"

လှမ်းပေးလာသော လက်ဝတ်ရတနာဘူး အနီရိုင်းလေး တစ်ခု။ ဒီဘူးထဲက လက်ဝတ်ရတနာတွေက အတုတွေဆိုတာ နှင်းစက်က သိပြီးသား။ သူတို့ရဲ့အလိမ်အညာတွေကို နှင်းစက် မသိဘူးလို့ ထင်နေကြတာ။

နှင်းစက် တစ်သက်တစ်ကိုယ် ရွှေအတုတွေ ဝတ်ဖို့ အိပ်မက်တောင် မမက်ခဲ့ဘူး။ မိထွေးနှင့်ကျခါမှပဲ ရွှေအတုဆို လည်း ဝတ်ရ၊ သူများမဝတ်ချင်တဲ့ အင်္ကျီတွေလည်း ဝတ်ရ။

ကံက မှိန်လိုက်တာမှ မပြောပါနှင့်တော့။

"သမီးလေးရေ ... နှင်းစက်"



www.burmeseclassic.com

www.burmeseclassic.com



မိတွေးရဲ့ ချိုအီအီကောင်းလွန်းသော အသံကြီးကို စတင်ကြားရပြီ။

ဒီလိုအသံမျိုး တစ်လတစ်ခါသာ ကြားရခြင်းဖြစ်သည်။

"ရှင်"

"ဒီမှာ သမီးဘဘ လာပြီကွယ်၊ ထွက်ကြိုလိုက်ပါဦး"

ဘဘလာပြီဆို၍ နှင်းစက် အိမ်ရှေ့ကို အပြေး ထွက်လာခဲ့လိုက်၏။

တစ်လမှာတစ်ခါသာ လန်းခွင့်ရသော နှင်းစက်ရဲ့ နှုတ်လှပနေသော ပုံစံလေးကို ဘဘဦးကျော်မင်းခေါင်ကြည့်ပြီး ခေါင်းတညိတ်ညိတ်ဖြင့် ပြုံးကာ ကျေနပ်နေသည်။

"သမီး ဟိုလက ပေးထားတဲ့ မုန့်ဖိုးတွေ ကုန်လောက်ပြီပေါ့"

"ရှင်"

ထိုအမေးကို ဖြေစရာ နှင်းစက်မှာ အဖြေမရှိ။ ဘာဖြစ်လို့လဲဆိုတော့ လစဉ် ဘဘလာပေးနေသော မုန့်ဖိုးဆိုတာကို နှင်းစက် ကိုင်ခွင့်သုံးခွင့်မှ မရှိခဲ့တာ။

မာမီထူးက သူ့အလိမ်တွေ ပေါ်မှာစိုး၍...

"အောင်မယ်လေး သုံးလို့တောင် မလောက်ပါဘူး ဦးကျော်မင်းခေါင်ရယ်၊ ကျွန်မကလည်း သူစိတ်ချမ်းသာရင် ပြီးရော ဆိုပြီး ဘာမှကို မပြောဘဲ နေလိုက်တော့တာ"

"ဒါပေါ့ဗျာ၊ သူ့ဒွေးကြီးဦးအံ့ဘွယ်ရဲ့ တစ်ဦးတည်းသော သမီးလေးပဲ၊ ဒီလောက်တော့ သုံးခွင့်ရှိရမှာပေါ့"





ဟု ဆိုပြီး နှင်းစက်ဘက်ကိုလှည့်ကာ...

"သုံးစမ်းသမီး ... စိတ်ကြိုက်သာသုံး။ ဟုတ်ပြီလား။ အဓိက,က သမီးစိတ်ချမ်းသာဖို့ပဲ"

ဒေါ်ထူးထူးမြိုင်စိတ်ထဲမှာတော့ အောင်မယ်လေးနော် အကဲတွေ့ဒိုလိုက်ကြတာ၊ နားကြားပြင်းတောင် ကပ်လာပြီဟု တွေးရင်း...

"စိတ်ချမ်းသာတာတော့ ပြောမနေနဲ့၊ တစ်နေ့တစ်နေ့ ဘာအပူအပင်မှကို မရှိရအောင် ကျွန်မက ရွှေပေါ်မြှတင်ထားတာ ပါရှင်"

"ဟုတ်တယ်နော် သမီး။ ဪ ဒေါ်ငြိမ်းရေ ဦးကျော်မင်းခေါင်အတွက် တစ်ခုခု စီစဉ်ခဲ့ပါဦး"

မီးဖိုခန်းရှိရာဘက်လှည့်ပြီး အော်နေသော ဒေါ်ထူးထူးမြိုင်ကို ဦးကျော်မင်းခေါင်က လှမ်းပြီးလက်ကာပြရင်း...

"နေ နေ... ကျွန်တော့်အတွက် ဘာမှမစီစဉ်နဲ့တော့၊ မိတ်ဆွေတွေနဲ့ အလုပ်ကိစ္စစကားပြောရင်း စားသောက်ပြီး ခုပဲ ထွက်လာတာ"

ဟု ဆိုပြီး သူ့ရဲ့ အတာချိုကော့စ်ထဲမှ ငွေစက္ကူထပ်တွေကို တစ်အုပ်ပြီးတစ်အုပ် ဆွဲထုတ်ကာ စားပွဲပေါ်ကိုတင်ပြီး...

"ကဲ သမီး... ဒီဟာနဲ့ လောက်သလား။ မလောက်ရင် ထပ်ပြောနော် ... အကြောင်းကိစ္စကြီးငယ်ရှိရင် ဘဘဆီကို အချိန်မရွေး လာနော်"

"ကိစ္စကြီးငယ်ကတော့ ဘယ်တော့မှ ရှိလာမှာမဟုတ်



www.burmeseclassic.com

www.burmeseclassic.com



ဘူးဦးကျော်မင်းခေါင်ရေ့ သမီးနှင်းစက်က အရမ်းကို လိမ္မာတာ၊ သူတို့ညီအစ်မချင်းလည်း အတော့်ကို သင့်မြတ်ကြတာ၊ ကျွန်မ ဆိုရင် သမီးလေးအပေါ် မိတဆိုးလေး၊ ဖတဆိုးလေးဆိုပြီး အချစ် တွေ ပိုပေးနေရတာ၊ သူ့ကို အစစအရာရာ အရိပ်လိုကြည့်နေရ တော့ ကားကိုတောင် သူ့ကို သိပ်ပြီး ပေးမမောင်းရဲဘူး။ သူများ ကားနဲ့ထွက်သွားပြီဟော့ဆိုရင် အိမ်မှာကျန်ခဲ့တဲ့ ကျွန်မက ရင်ကို ပူလို့၊ လမ်းမှာ တစ်ခုခုဖြစ်မှာ စိုးလို့လေ''

ပြောရင်း မောလာ၍ ထင်သည်။ နှစ်စက္ကန့်၊ သုံးစက္ကန့် လောက် ရပ်ပြီး သက်ပြင်းကို ခပ်လေးလေးချကာ . . .

''ဒီအချိန်မှာတော့ ကျွန်မမေတ္တာကို သိပ်ပြီးနားလည် ဦးမှာ မဟုတ်ပါဘူး ဦးကျော်မင်းခေါင်ရယ်၊ သူတို့လေးတွေ မိခင်ဖြစ်လာတဲ့တစ်နေ့ကျမှ ဒီလိုပူပင်မှုမျိုးတွေကို သူတို့ခံစားပြီး သဘောပေါက်လာမှာ''

အံ့ဩလောက်ပါရဲ့။ ခုချိန် ဒီနေရာမှာ ဒါရိုက်တာ မောင် မျိုးမင်းတို့၊ မောင်သီတို့များရှိရင်တော့ မာမီထူးကို အမေခန်းတွေ မှာ ထည့်သုံးချင်လို့ ကမ်းလှမ်းမှာသေချာတယ်။ ဘာဖြစ်လို့လဲဆို တော့ အပြောအဆိုပိုင်းရော သရုပ်ဆောင်ပိုင်းမှာရော တကယ့် အကယ်ဒမီရှော့ခ်။

ဘဘဦးကျော်မင်းခေါင်ကတော့ သူ့အပြောတွေကို ယုံ၍ ထင်သည်။ ပြုံးပြုံးကြီးနှင့် ခေါင်းတညိတ်ညိတ်။

''ကဲ . . . စကားပြောတာလည်း ကြာသွားပြီ၊ ကျွန်တော် လည်း ပြန်ဦးမယ်ဗျာ . . . အမှုသည်တစ်ယောက်နဲ့ ချိန်းထား





ရှိလို့''

ဘဘပြန်မယ်ဆို၍ နှင်းစက်ရင်ထဲ အားငယ်စိတ်ကလေး ခုက လှစ်ခနဲ ဝင်ရောက်လာသည်။

''ကဲ သမီးရေ . . . ဘဘပြန်မယ်၊ လိုအပ်တာရှိရင် ဘကို လာပြော၊ ကောင်းတာပဲဖြစ်ဖြစ်, ဆိုးတာပဲဖြစ်ဖြစ် ထဲမှာ ဘာမှ သိမ်းမထားနဲ့၊ ဒီလောကကြီးထဲမှာ သမီးရဲ့အနာ အတွက် တာဝန်အရှိဆုံးလူဟာ ဘဘပဲကွယ့်''

''ဟုတ်ကဲ့ပါ ဘဘ''

ဘဘဦးကျော်မင်းခေါင်ကို အိမ်ဝအထိလိုက်ပို့ပြီး နှင်း် အိမ်ထဲကို ပြန်ဝင်လာကာ ဆက်တီစားပွဲပေါ်က ငွေထုပ်ကို မ်းဖို့ လက်အစုံက ခုံပေါ်ကို ရောက်သွားချေ၏။ ကိုယ့်လက်နှင့်ငွေ ပ်ကြီး မထိခင် လမ်းခုလတ်မှာပင် လျင်မြန်လွန်းသော လက် စ်စုံက ထိုငွေထုပ်ကြီးကို သိမ်းကျုံးယူသွားပြီ။

''ဒီငွေတွေကို ညည်း ဘယ်တုန်းက ကိုင်ရလို့လဲ နှင်း် ရယ်၊ ညည်းငွေတွေကို ငါကပဲ အမြဲတမ်း ထိန်းသိမ်းပေး ားတာ။ ခုလည်း ငါပဲ သိမ်းပေးထားရမှာပေါ့၊ အဲဒီအတွက် ညည်းမှာ စောဒက တက်ခွင့်မရှိဘူး''

ဘဘဦးကျော်မင်းခေါင်ရဲ့ကားကတော့ ခုမှ ခြံဝပဲရောက် မှာ။ ဒီမှာ ဖြစ်ပျက်နေတာတွေကတော့ စောစောက အမူအရာ တခြားစီ။ သရဲသဘက် ဝင်စီးနေသလားဟု ထင်ရသည်။

နှင်းစက် ဘာမှပြန်မပြောဘဲ ခေါင်းကိုသာ တွင်တွင် ထားလိုက်သည်။ ကိုယ့်မျက်ဝန်းမှ တွဲလွဲခိုဖို့ အရှိန်ယူနေသော



www.burmeseclassic.com

www.burmeseclassic.com



မျက်ရည်စတွေ မိထွေးလုပ်သူကို မမြင်စေချင်၍ ဖြစ်သည်

အခန်းထဲသို့ ဝင်လာလိုက်သည်။ အခန်းထဲမှာ ဘွား

က အဆင်သင့်ရှိနေ၏။ သူ့ရင်ထဲ လှိုက်ဆို့တက်လာပြီး ဘွာ

ရင်ခွင်ထဲ ပြေးဝင်ပြီး ရှိုက်ငင်ငိုကြွေးလိုက်ပါ၏။ ဒီအချိန်

ကိုယ့်ကိုဖက်ပြီး ကိုယ့်ကျောပြင်လေးကို အသာအယာ ပုတ်

ပြီး နှစ်သိမ့်ပေးသော ဘွားငြိမ်းရဲ့ လက်အစုံသာလျှင် နှင်းစက်

အင်အားတစ်ခုပါ။

မီးခံသေတ္တာထဲမှာ အရင်က ဟောင်းလောင်းဖြစ်

သည်။ ခုတော့ ငွေက သူ့အလိုလို ပြန်ဖြစ်သွားပြန်ပြီ။ ဟိုရေ

တွေက ဖဲရှုံးလို့ စိတ်ညစ်နေတာ။ စိန်လက်ကောက် နှစ်ရံတော

သွားရောင်းပြီး အိမ်အသုံးစရိတ်ကို ပြန်ဖြည့်နေရ၏။

သမီးတွေသိမှာစိုးလို့ အတုပြန်လုပ်ထားလိုက်ပြီး တ

မပျက် နေ့ရနေရသည်။ ဒီလိုအချိန်မှာ နှင်းစက်ကသာ သူ

ကံကောင်းခြင်းတွေ ဆောင်ကျဉ်းပေးနေတဲ့သူလေးပေါ့။ ဒီကော

မလေးရှိနေလို့ သူတို့ အနေအစား ချောင်နေတာ။ ကိုယ့်သမီးနှ

ယောက်က အလကား။ ဘာမှ အသုံးမကျဘူး။ တစ်လနေ

လည်း မိဘကို ငွေပုံပြီး ရှာမပေးနိုင်။

နှင်းစက်ရဲ့ အနာဂတ်ကို အချိန်မီ သူချုပ်ကိုင်မှ ဖြ

တော့မည်။ နှင်းစက် အသက်နှစ်ဆယ်ပြည့်ရင် ဦးကျော်မင်းခေါ်

က အိမ်ထောင်ချပေးပြီး အမွေတွေ လွှဲပေးတော့မှာ။ ဒီအစီအစ





ကို အံ့ဘွယ်မသေခင်ထဲက ကျိတ်ပြီး စီစဥ်သွားခဲ့ကြတာ။

ဒီက ထူးထူးမြိုင်ကို မသိဘူးလို့ ထင်နေကြတယ်။ အဟင်း သူတို့လည်ပုံလောက်တော့ ထူးထူးမြိုင်တို့က မှတ်နေအောင်လည်နေတဲ့ပန်ကာပေါ် တက်ထိုင်ပြီး တဟားဟားနဲ့ အော်ရယ်လိုက်ချင်သေး။

"မာမီထူး"

နှင်းစက်အသံကြောင့် ခေါ်ထူးထူးမြိုင် မီးခံသေတ္တာကို ကပျာကယာ ပိတ်လိုက်ပြီး . . .

"ပြော ဘာကိစ္စ"

"ဆေးသောက်ချိန်ရောက်ပါပြီ"

"ဩော် . . . အေး အေး . . . ဝင်ခဲ့"

နှင်းစက် မာမီထူးခုတင်ရှိရာသို့ လျှောက်လာသည်။

"ခုလာမယ့်သောကြာနေ့ ကိုကိုလွင် ပြန်ရောက်မယ်နော်၊ လေဆိပ်ကို သွားကြိုဖို့ ညည်းပဲ တာဝန်ယူရမှာ"

"ဟေသာတို့ကို ကြိုခိုင်းလို့ မရဘူးလား မာမီထူးရယ်"

"အို . . . ဖြစ်မလား။ သူတို့မောင်နှမတွေက တွေ့တာနဲ့ တကျက်ကျက်ဖြစ်နေကြတာ၊ ပြီးတော့ ဟိုက ညည်းကိုပဲ လာကြိုစေချင်တာ"

"ကားယူသွားပေါ့၊ အဲ . . . ကားကိုတော့ သတိထားမောင်းနော်၊ ဟိုတိုက်မိ ဒီတိုက်မိတော့ မဖြစ်စေနဲ့၊ လိုက်လည်း မရှင်းနိုင်ဘူး။ ငွေလည်း အကုန်မခံနိုင်ဘူး။ ကိုယ်ဖြစ်ကိုယ်ခံပဲ"



www.burmeseclassic.com

www.burmeseclassic.com



အခန်း ( ၆ )

လေဆိပ်ကို နှင်းစက်တစ်ယောက်တည်း မလာချင်၍ ရွှေကျေးကိုပါ အဖော်ခေါ်ခဲ့ရ၏။ လေဆိပ်တာဝါထဲ ဝင်လိုက် သည်နှင့် များပြားလှတဲ့ လူအများကြီးထဲမှ ကိုကို့ကို ရှာနေမိ၏။

နှင်းစက်တို့လာတာ နောက်ကျသွားလို့ လွဲများလွဲသွား ပြီလား မသိ။

"ရွှေကျေး၊ နှင်လည်း ဝိုင်းရှာပါဦးဟာ၊ ငါတော့ မျက် တောင် မွှေးလာပြီ"

"ငါလည်း ကြည့်နေတာပဲ၊ မတွေ့တာကြာလို့ ရုပ် နည်းနည်းပိုပြောင်လာမှာပဲနော်၊ အပြီ နှင်နဲ့ဆိုရင် လိုက်ဖတ် တယ်ဟဲ့၊ သိလား နှင်းစက်"

"အရေးထဲ ပေါက်ကရချောက်ဆယ် ပြောနေပြန်ပြီ"

"ဟယ် ... ပေါက်ကရလေးဆယ်ပါဟဲ့"

ရွှေကျေးက အထွန့်တက်သေး၏။ နှင်က အဲဒီထက်





လို့ပေါ့။

"အဟမ်း အဟမ်း"

နှစ်ယောက်သား တွတ်စီ တွတ်စီနှင့် ပြောနေကြပြီး အရှေ့ကိုသာ မဲပြီးရှာနေတုန်း နောက်နားမှ ချောင်းဟန့်သံ ကြောင့် အလန့်တကြား လှည့်ကြည့်မိကြ၏။ နှင်းစက်မျက်နှာမှာ အခက်အခဲတစ်ခုမှ လွတ်မြောက်သွားသလို မျက်နှာလေးပြုံးရွှင် သွားပြီး အံ့သြခြင်းနဲ့အတူ –

"ဟယ် ... ကိုကို"

ဟု နှုတ်ဆက်ပြီးမှ စောစောက သူတို့နှစ်ယောက် ပြော တာ ကြားများသွားပြီလားဟု သတိတရဖြင့် တွေးမိလိုက်ပြီး မျက်နှာလေးက ချက်ချင်း ပန်းရောင်ဖျော့ဖျော့လေး သမ်းသွား သွားကာ ရှက်လွန်းသောမျက်နှာလေးဖြင့် ရှက်အမ်းအမ်းလေး ပြုံးပြလိုက်၏။

"ဘာလို့ နောက်ကျနေတာလဲ Snow Sport"

"ဟမ်း ... နှင်းစက်ပါ ကိုကိုရဲ့"

ကိုကိုက ရှက်ရယ်လေးရယ်ပြီးပြောလိုက်သော နှင်းစက် ရဲ့ ဟန်လေးကိုကြည့်ပြီး ခန့်ညားသောအပြုံးလေးကို ဖန်တီး လိုက်ပြီး ...

"အင်းလေ ... ကိုကိုကလည်း ဘယ်လိုခေါ်လိုက်လို့ လဲ၊ အဓိပ္ပာယ်သက်ရောက်မှုပဲ မဟုတ်လား၊ အကြိုတော်တွေကို စောင့်နေတာ မိနစ်နှစ်ဆယ်နဲ့ နှစ်ဆယ့်ငါးစက္ကန့် ရှိသွားပြီ"

"အဟင်း ... ရွှေကျေးကို ဝင်ခေါ်နေတာနဲ့ နောက်ကျ



www.burmeseclassic.com

www.burmeseclassic.com



သွားတာ . . . ဟုတ်တယ်နော် ရွှေကျေး''

ရွှေကျေးဘက်ကို လှည့်ပြီး စစ်ကူတောင်းသလို အဖြေ ညှိလိုက်၏။ ရွှေကျေးကလည်း ခေါင်းလေးတဆတ်ဆတ်ညိတ် ပြကာ . . .

''ဟုတ်တယ် ဟုတ်တယ်၊ ရွှေကျေးကို စောင့်နေရလို့ အဟင်း''

သုံးယောက်သား လေဆိပ်တာဝါထဲမှ ထွက်လာကြ၏။

ကိုကိုသည် သူ့ရှေ့မှ အရင်ဆုံး ခြေလှမ်းကျောနေသော သူငယ်ချင်းနှစ်ယောက်အနက် ပန်းရောင်ဂါဝန်လေးနှင့် လှပ ကျော့ရှင်းနေပြီး ချစ်စရာကောင်းသော နှင်းစက်ရဲ့ပုံစံလေးကို အနောက်ဘက်မှ ခပ်ဖြည်းဖြည်းလျှောက်ရင်း သိမ်းကျုံးငေ့ဝဲ ကြည့်လိုက်ပြီး . . .

''ဖြူလေး . . . ဘယ်ကို ဝင်စရာရှိသေးလဲ''

''ဟင့်အင်း . . . ဝင်စရာမရှိဘူး ကိုကို''

''ဒါဆို ကိုကို မြန်မာပြည်ကို ပြန်ရောက်ရောက်ချင်း မြန်မာထမင်းဟင်းကောင်းကောင်းကို ဖြူလေးနဲ့အတူ လက်စုံ စားချင်တယ်''

ကိုကို့ရဲ့ တောင်းဆိုမှုကို မျက်လုံးအဝိုင်းသားလေးဖြင့်

''အိမ်မှာ အဘွားငြိမ်း အကုန်စီစဉ်ထားပါတယ် ကိုကို''

''နို့ . . . ကိုကိုက ဖြူလေးနဲ့ နှစ်ယောက်တည်းစားချင် တာ''

ကိုကို့စကားကြောင့် ရွှေကျေး ဇက်ကလေးပုသွားရှာပါ





ည်။ ဒီစကားဟာ ရွှေကျေးကိုပါ လိမ္မာပါးနပ်စွာ ရှောင်ပေးစေ သည့် သဘော။ ဒါကြောင့် သူမကပင် အလိုက်သိစွာနှင့် ခင်၍ . . .

''ဟယ် နှင်းစက် . . . ငါအခုမှ သတိရတယ် . . . ငါ ားနိုင်ငံထားတဲ့ကိစ္စတစ်ခု လုပ်ရဦးမယ်''

''ဘာကိစ္စလဲ''

ရုတ်တရက် ထပြီး အကြောင်းပေါ်လာသော သူငယ်ချင်း နားမလည်နိုင်စွာဖြင့် ကြည့်ရင်း မေးလိုက်၏။

''အရမ်းအရေးကြီးတယ်ဟ၊ နင့်ကိုတောင် ပြောလို့ ဖစ်ဘူး။ ငါ အဲဒါကို မလုပ်ဖြစ်ရင် ငါ့ကျောပြင်ကို မြောတင် မှာဟ''

''အေးလေ၊ ဒါဆို နင်သွားမယ့်နေရာကို ငါလိုက်ပို့ပေး ယ်''

''မဖြစ်ဘူး။ နင်ပို့ပေးလို့ မရဘူး။ ငါတစ်ယောက်တည်း ွားမှဖြစ်မှာ''

''ကဲ . . . ငါလစ်ပြီ''

''ဟယ် ရွှေကျေး . . . နေဦးလေ၊ ဟင်း . . . နင်က ည်း အသည်းအသန်ပဲ''

နှင်းစက်စကားမဆုံးခင်လေးမှာပင် ရွှေကျေးက နီးရာ ီ တစ်စီးကို တားလိုက်ပြီး ကားပေါ်သို့ တက်သွားပြီး ကားပေါ် ာက်မှ နှင်းစက်နှင့်ကိုကို့ကို တာ့တာပြသွား၏။ ကိုကို့စိတ်ထဲမှာ ာ့ ဒီကောင်မလေး မဆိုးဘူး။ အရိပ်ပြရင် အကောင်ထင်သား



www.burmeseclassic.com

www.burmeseclassic.com



ပဲဟု ကျိတ်ပြီး ချီးကျူးလိုက်၏။

ထို့နောက် လေဆိပ်အလာတုန်းက နှင်းစက် မောင်းလာသော ကားကို ကိုကိုက သူကိုယ်တိုင်မောင်းပြီး ကားကို မြန်မာ ထမင်းဟင်း အစုံရနိုင်သော ဟိုတယ်တစ်ခုသို့ ဦးတည်လိုက်၏။

ကားမောင်းရင်း ကိုကိုက စကားစမြည် စပြော၏။

"ဖြူလေးကို မာမီထူးက ကားတွေဘာတွေ ပေးမောင်း နေပြီပေါ့"

"ပေးမောင်းပါလိမ့်မယ် အားကြီးကြီး၊ ကိုကို့ကို လေဆိပ် လာကြိုရမှာမို့ ပေးမောင်းလိုက်တာ"

"ဒယ်ဒီဆုံးပြီးကတည်းက ကားကို ရေဆေး ဖုန်သုတ် ရုံကလွဲပြီး နှင်းစက်ကို ကားမှ ပေးမမောင်းတော့တာ။ အဟင်း နှင်းစက်အတွက် ဒယ်ဒီဝယ်ပေးထားတယ်ဆိုတာကို သူတို့ မေ့ နေပုံရတယ်"

"မာမီထူးကတော့ နှင်းစက်ကို စိတ်မချလို့ ပေးမမောင်း တာပါတဲ့"

နှင်းစက်ရဲ့ လေသံခပ်အေးအေးဖြင့် ပြောနေသော တည်ငြိမ်သည့်ဟန်လေးကို ကားမောင်းနေရာမှ စောင်းငဲ့ကြည့် လိုက်ပြီး . . .

"မတွေ့တာကြာလို့လားမသိဘူး . . . ဖြူလေး နည်း နည်း လူကြီးဆန်သွားသလိုပဲ"

"ထင်လို့ပါကိုကိုရာ . . . နှင်းစက်ကတော့ ဒီပုံအတိုင်းပါ ပဲ၊ ခုချိန်ထိ ဘဝက အရင်လိုပဲ၊ သိပ်ပြီး မပြောင်းလဲသေးပါဘူး"





"အနက်စတေးရှားနဲ့ ဒရယ်ဖီလာတို့နဲ့ရော တည့်ရဲ့ လား"

ကိုကို့အမေးကြောင့် နှင်းစက် ရယ်ချင်သွားသည်။ ကိုကို က နှင်းစက်ကို စင်ဒရဲလားလေးနဲ့နှိုင်းပြီး ဟာသနဲ့ခွေဖင့်ကို တော့ စင်ဒရဲလားရဲ့ မိထွေးသမီးနှစ်ယောက်ရဲ့နာမည်ကို နာမည် ပြောင်အဖြစ် သူတို့မသိအောင် တိတ်တိတ်လေး သုံးထားသည်။

"ဒီလိုပဲ အလိုက်အထိုက် ဆက်ဆံနေရတာပဲ"

"ဖြူလေးကို ငယ်ရွယ်ပေမယ့် ကိုယ် လေးစားမိတယ်"

"ဘာဖြစ်လို့လဲ"

"ဖြူလေးမှာ သည်းခံနိုင်တဲ့စိတ်အင်အားတွေ အပြည့်ရှိ နေလို့ပေါ့"

ဒီတစ်ခါတော့ နှင်းစက် ဆိတ်ဆိတ်နေပြီး မချိပြုံး ပြုံး လိုက်ပါ၏။ စကားတပြောပြောနဲ့ ဟိုတယ်ရှေ့သို့ ရောက်လာ၏။ ကားကို ပါကင်ယူပြီး ဟိုတယ်ထဲဝင်တော့ ကိုကိုက နှင်းစက်ရဲ့ လက်ကို ခပ်ဖွဖွ ဆုပ်ကိုင်လာသည်။ နှင်းစက်စိတ်ထဲ ရှိုးတိုးရှန့် တန့်ဖြစ်သွားပေမယ့် ဆုပ်ကိုင် ခံထားရသောကိုယ့်ရဲ့လက်ကို တော့ မရုန်းမိပါ။

ထမင်းစားကြတော့လည်း နှင်းစက်ရဲ့ ထမင်းပန်းကန် ထဲကို တယုတယနှင့် ဟင်းတွေ ခပ်ထည့်ပေးပြီး အစစအရာရာ ကလေးတစ်ယောက်လို လိုက်ပြီး ဂရုစိုက်နေသဖြင့် အနေခက်ရ ပြန်သည်လေ။

သူမဘဝမှာ တစ်မိမ်းယောကျ်ားတစ်ယောက်နှင့်အတူ တွဲ



www.burmeseclassic.com

www.burmeseclassic.com



ပြီး ထမင်းလက်ဆုံစားဖူးတာဟာ ဒါပထမဆုံးအကြိမ်။ ကိုကို့
ထဲမှာတော့ သူမကို ဘယ်လိုမြင်မလဲမသိ။ သူမအဖို့ကတေ
ကိုယ့်အစ်ကိုတစ်ယောက်နှင့်အတူ ထမင်း လက်ဆုံစားနေသ
မှာပဲ သဘောထားမိတာ အမှန်ပါ။ ခုလို ကိုယ့်ကို အရေးတ
ဂရုတစိုက် အဖြစ်သည်းနေသော ကိုကို့ရဲ့ဟန်တွေကို သူ့ရဲ့မွေ
အမေ ဒေါ်ထူးထူးမြိုင်သာမြင်ရင် ဘယ်လောက်တောင် အ
သည်းနေလိမ့်မလဲ ....

ပါးပြင်ကို လာရောက်ပွတ်သတ်လိုက်သော ကိုကို့လ
အစုံကြောင့် နှင်းစက် ဖွန်းခက်ရင်းကိုင်ပြီး ငိုင်နေသော အဖြ
သတိရသွားကာ ရှက်ကိုးရှက်ကန်းဖြင့် ပြုံးပြလိုက်၏။

''ဘယ်လို ကလေးလေးလဲ၊ ထမင်းစားရင်းနဲ့ ဘာ
တွေးနေမှန်းမသိဘူး။ မဟုတ်မှလွဲရော ကောင်လေးချောချော
တစ်ယောက်အကြောင်းများလား''

''ဟာ ... မဟုတ်ပါဘူး ကိုကိုရာ''

''တော်သေးတာပေါ့၊ ကိုကိုက. ဖြူလေးရဲ့ကောင်လေ
အကြောင်းများ တွေ့နေတာလားလို့ ရင်ကိုထိတ်သွားတာပ

ကိုကို့ရဲ့ စိုးရိမ်စိတ်ဖြင့် ပြောလာသော အကြင်နာ
များ ယှက်ဖြာနေသော အကြည့်အပြောတို့ကြောင့် ခပ်လွင်လွ
လေး ပြုံးလိုက်ပြီး ဘာမှပြန်မပြောမိတော့။ ပြောစရာစက
လည်း ရှိမှမရှိတော့တာကိုး။ ဟိုတယ်ကအပြန် အိမ်ကိုရော
တော့လည်း ညနေခင်းထဲတွင် လူစုံတက်စုံ ရှိနေကြ၏။

နှင်းစက်နှင့်အတူ ယှဉ်တွဲပြီးဝင်လာသော ကိုကို့ကို မြ





သည်နှင့် လက်ပံပင်ဆက်ရက်ကျသလို ညနေခင်းတစ်ခုလုံး ဆူညံ
သွားသည်။

“ဟယ် ... ကိုကိုပြန်လာပြီ”

“ကိုကို ... ဆွေဇင့်အတွက် ဘာပါလဲ”

“ကိုကို... ဟေသာမှာလိုက်တာ ဝယ်လာလားဟင်”

“တို့ကိုကိုက မမြင်တာကြာလို့လားမသိဘူး... အရမ်း
ကို ချောလာတာ၊ ကြည့်ပါဦး ... ကျက်သရေရှိလိုက်တာ”

“သိပ်လည်း မမြှောက်ပါနဲ့၊ ညည်းတို့မှာလိုက်တာတွေ
အကုန်ပါပါတယ်”

“မာမီထူး နေကောင်းတယ်နော်”

“ကောင်းပါတယ်ကွယ်၊ ကြည့်ပါဦး... ငါ့သားလေးက
မြူနပြီး ချောလာလိုက်တာ”

“ကိုကို လုပ်ကွာ... ဆွေဇင်တို့အတွက် ဘာပါလဲလို့
ဒီမှာစောင့်နေရတာ အသည်းယားလာပြီ”

“ပါပါတယ်ဗျာ ... နည်းနည်းလေး စိတ်ထိန်းကြပါ”

ပြောပြောဆိုဆိုဖြင့် အဘဦးလူအေး သယ်လာသော
လက်ဆွဲသေတ္တာကို ဖွင့်လိုက်ပြီး လက်ကိုင်အိတ်တစ်ယောက်
တစ်လုံးစီ ထုတ်ပေးလိုက်သည်။ ဆွေဇင်က ကိုကိုအိတ်ထဲမှ
ကတ္တီပါဘူးလေးကို တွေ့သွားပြီး ...

“ဟယ်... ဒီဘူးလေးက ဘာလဲဟင်၊ ချစ်စရာလေး”

“အဲဒါက ဖြူလေးအတွက်၊ ညည်းတို့အတွက် မဟုတ်
ဘူး”



www.burmeseclassic.com

www.burmeseclassic.com



ကိုကို့စကားကြောင့် ညီအစ်မနှစ်ယောက်စလုံး မျက်နှာတွေက ပျက်ယွင်းသွားကြ၏။ သူတို့ရင်ထဲက မနာလိုမှုတွေက သူတို့ မျက်နှာမှာ ထင်းခနဲ။ နှင်းစက်က စားပွဲပေါ်မှာ သူတို့စားထားသော လက်ဖက်သုပ် ပန်းကန်နဲ့ရေနွေးဇန်းကို ယူပြီး အိမ်ရဲ့ မီးဖိုခန်းဘက်ကို လှမ်းအထွက် ...

"ဖြူလေး လာလေ ... ဘယ်သွားမလို့လဲ"

"ဒါတွေ သွားသိမ်းလိုက်ဦးမယ်"

"ဘားစမ်းပါ ... သူတို့စားတာ သူတို့သိမ်းပစေပေါ့"

ကိုကိုက မနှစ်မြို့ဟန်ဖြင့် လှမ်းပြောရင်း ...

"ရော့ ... ဒါ ဖြူလေးအတွက် ဝယ်လာတာ"

ကမ်းပေးလာသော ကတ္တီပါဘူးလေးကို နှင်းစက် တကယ် မယူချင်ပါ။ အင်တင်တင်ဖြစ်နေသော နှင်းစက်ရဲ့ပုံစံကို ကြည့်ပြီး ဒေါ်ထူးထူးမြိုင်က ...

"ယူလိုက်လေ နှင်းစက်၊ ညည်းအစ်ကိုက ညည်းကို သတိရလို့ ဝယ်လာတဲ့လက်ဆောင်ပဲ ... မငြင်းသင့်ဘူး"

ဒေါ်ထူးထူးမြိုင်ရဲ့ အမိန့်ပေးဟန်ပါသော တိုက်တွန်းမှုကြောင့် နှင်းစက်မယူချင်ယူချင်နှင့် လှမ်းယူလိုက်ပါသည်။

"ကျေးဇူးတင်ပါတယ် ကိုကို"

တစ်ဆက်တည်းမှာပင် ဒေါ်ထူးထူးမြိုင်ဘက်လှည့်ပြီး–

"မာမီထူး ဘာခိုင်းစရာရှိသေးလဲ"

"လက်ထဲက ဇန်းတွေ သိမ်းပြီးရင်နားလိုက်တော့လေ"

"ဟုတ်ကဲ့"





ဟု ဆိုပြီး သူတို့တစ်တွေရှေ့မှ နှင်းစက် လှည့်ထွက်ခဲ့၏။

မီးဖိုခန်းထဲမှ အဘွားငြိမ်းကတော့ ခုထိ ဝါကုပ်ကုပ်ဖြင့် သုပ်ရှမပြီးသေး။ နှင်းစက် ဝင်လာတာမြင်တော့ ...

"ဟော ... သမီးလေးတောင် ပြန်လာပြီ"

ဟု ပြောရင်း နှင်းစက်လက်ထဲမှ စားပြီးသား လက်ဖက်သုပ်ပန်းကန်နှင့် ရေနွေးကြမ်းဇန်းတွေရော၊ နောက် ကိုကိုပေးလိုက်သော ကတ္တီပါဘူးလေးကို ကြည့်ပြီး ...

"ရောက်တာနဲ့ သူတို့ မျိုထား,ဆို့ထားတာတွေကို ငါ့သမီးလေး တန်းပြီးသိမ်းရတော့တာပဲကွယ်"

တစ်ဆက်တည်းမှာပင် ကတ္တီပါဘူးလေးကို မေးငေါ့ပြပြီး

"ဒါကရော ဘာလဲ"

"နှင်းစက်အတွက်တဲ့ ... ကိုကိုဝယ်လာတာ"

ဘွားငြိမ်း မျက်နှာရှုံ့သွား၏။

"ဟင် ... ကိုကိုလွင် ပြန်ရောက်လာပြီဆိုတော့ ဟိုဟာတွေ ဆက်စလူးထဦးတော့မှာပေါ့"

"ဒါတွေ ထားလိုက်ပါ ဘွားငြိမ်းရာ၊ သူတို့အကြောင်းသာ ထိုင်ပြောနေရင် တစ်နေ့လုံး ထိုင်ပြောတောင် ကုန်မှာမဟုတ်ဘူး"

"ကဲ ... လက်ထဲကဟာတွေ ချခဲ့၊ ဘွားငြိမ်းပဲ ဆက်သုပ်လိုက်မယ်၊ သမီး အဝတ်အစားလဲပြီး နားလိုက်တော့၊ ဒါမှမဟုတ် ထမင်းစား"

"အပြင်က စားခဲ့ပြီ ဘွားငြိမ်းရေ"

www.burmeseclassic.com



ပန်းကန်ကို ဘေစင်ထဲ သွားထည့်ပြီး . . .

"သမီး အဝတ်လဲလိုက်ဦးမယ်သိလား။ ဒါတွေ ဘွာ

မဆေးနဲ့ သမီးဘာသာ ပြီးမှ လာဆေးမယ်"

ဟု ဆိုပြီး အခန်းဘက်ဆီသို့ လျှောက်လာလိုက်

ကိုယ့်အခန်းထဲရောက်မှပင် စိတ်အစဉ်က လွတ်လပ်သွာ

အိပ်ရာပေါ် ခြေပစ်လက်ပစ် လှဲအိပ်လိုက်သည်။ ပြီးနော

ခေါင်းအုံးအောက်မှ MP 4 လေးကို လှမ်းယူလိုက်

နားကျပ်ကလေးကို နားမှာတပ်ဖိုက်သည်။

ပါဝါခလုတ်ကလေးကို နှိပ်လိုက်ပြီး သီချင်းဖွင့်လိုက်

ဝိုင်းစုခိုင်သိန်းရဲ့သီချင်းက နှင်းစက်ရဲ့နားစည်ထဲသို့ ငြိမ့်ငြိမ့်လေ

ပျော်ဝင်သွားကာ . . .

နှုတ်မှ ခပ်တိုးတိုးလေး လိုက်ဆိုလိုက်၏။ သီချင်းတစ်

ပင် မဆုံးသေးသော တစ်ခဏအတွင်းမှာပင် သူမသည် မေ့

အိပ်ပျော်သွားပါသည်။





အခန်း ( ၅ )

ဒီနေ့ နှင်းစက်ဖြူဖြူနဲ့ ရွှေယဉ်ကျေးတို့ သူငယ်ချင်းနှစ်ယောက် မိုးသားကျူးရင့်ရဲ့ Dancer အကသင်တန်း စတက်တဲ့နေ့ဖြစ်သည်။မင်းသားလေးဖွင့်တဲ့ အကသင်တန်းမို့လား မသိ . . . ယောကျ်ားလေးအရေအတွက်ထက် မိန်းကလေးအရေအတွက်က ပိုများသည်။

နှင်းစက်ကတော့ မင်းသားလေးဖွင့်တဲ့ သင်တန်းမို့ လာတက်သည်ဆိုတာထက် နှင်းစက်ကိုယ်တိုင်က ဝါသနာပါလို့ လာတက်သည်ဆိုက ပိုမှန်ပါလိမ့်မည်။

ဒီနေ့ သင်တန်းစဖွင့်သည့်နေ့မှာ မင်းသားလေးက သင်တန်းသူသင်တန်းသားများကို တွေ့ဆုံစကားပြောပြီး သင်တန်းဖွင့်ပွဲအခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးမည် ဖြစ်သည်။

သင်တန်းရဲ့ အစည်းအဝေးခန်းမထဲမှာ သင်တန်းသူ သင်တန်းသားများ လှုပ်စိ,လှုပ်စိဖြင့် သဖန်းပိုးသိုးနေကြ၏။

ထိုစဉ် ခန်းမထဲသို့ မင်းသားလေးဝင်လာသဖြင့် အားလုံး



www.burmeseclassic.com

www.burmeseclassic.com



ဆူညံနေရာမှ ငြိမ်သက်သွားကြ၏။ မင်းသားလေးကိုလည်း မြင်ရော ရွှေကျေးတို့ ရောဂါ စ,ထပြီ။

"ဟယ်... ချောလိုက်တာဟယ်၊ အသားလေးကိုဖွေးနေပြီး သန့်နေတာပဲ၊ သူ့မျက်နှာလေးက ကြည်လင်လိုက်တာဟယ်"

ဂနာမငြိမ်ဖြစ်နေသော ရွှေကျေးကို နှင်းစက်က ခပ်ကျိတ်ကျိတ်ကလေး ပြောလိုက်၏။

"တိတ်တိတ်နေစမ်းပါ။ ဘယ်လိုဖြစ်နေတာလဲ၊ ဣန္ဒြေကို မရှိဘူး"

ရွှေကျေးခမျာ ဇက်ကလေးပုသွားပြီး ဘာမှမပြောတော့ဘဲ Stage ပေါ် တက်သွားသော မင်းသားလေးကိုသာ မျက်တောင်မခတ် ငေးစိုက်ကြည့်နေဆဲ။

"အားလုံးပဲ မင်္ဂလာပါခင်ဗျာ... ဒီနေ့ ကျွန်တော့်ရဲ့ Dancer Club မှာ လာရောက်အသင်းဝင်ကြတဲ့ ဆယ်ကျော်သက် ညီငယ်, ညီမငယ်လေးများအားလုံးကို ကျွန်တော် အထူးကျေးဇူးတင်ပါတယ်... ကျွန်တော့်ရဲ့ ဒီ Club ကလေးကို စတင်တည်ထောင်ရတဲ့ ရည်ရွယ်ချက်ကတော့ ပြည်သူတွေထဲမှာ တိမ်မြုပ်နေတဲ့ တကယ့်ပါရမီရှင်စစ်တွေကို ဖော်ထုတ်မယ်ဆိုတဲ့ ရည်ရွယ်ချက် အဓိကပါ... ခုခေတ် လူငယ်တွေဟာ ဖက်ရှင်နဲ့အတူ Dance အကတွေကိုလည်း စိတ်ဝင်စားလာပြီဆိုတာ မြင်တွေ့နေရတဲ့အတွက် ကျွန်တော်တို့လို အကဖန်တီးရှင်တွေအတွက် အရမ်းကို ဂုဏ်ယူမိပါတယ်၊ အဲဒီအတွက်ကြောင့်လည်း ဒီ Club





ကို ရောက်လာကြတဲ့ ညီငယ်,ညီမငယ်လေးတွေကို ကျွန်တော့်မှာရှိတဲ့ စေတနာ, ဝါသနာတွေနဲ့ ထုံမွမ်းထားတဲ့ ကျွန်တော့်ရဲ့ ဉာဏ်စွမ်းနဲ့ တီထွင် ဆန်းသစ်ထားတဲ့ ပညာရပ်နဲ့ပါ ပူးပေါင်းပြီး ခြေတောင်မြှောက်ပေးချင်တဲ့ဆန္ဒဟာ ကျွန်တော့်အတွေးထဲမှာ အမြဲနေရာယူနေခဲ့တာပါ... ကျွန်တော်က နိုင်ငံတကာလှည့်ပြီး အကပညာကို လေ့လာဆည်းပူးခဲ့တဲ့သူတစ်ယောက်ပါ ... ကျွန်တော်သိသမျှ, သင်ယူခဲ့သမျှကို ကျွန်တော်တို့ မြန်မာလူငယ်တွေရဲ့ ကိုယ်ပိုင်ဟန် ကိုယ်ပိုင်ဆန်းသစ်တီထွင်မှုတွေနဲ့ ပူးပေါင်းလိုက်မယ်ဆိုရင်... ကျွန်တော်တို့ရဲ့ Dancer ကကွက်အသစ်အသစ်တွေ ဟာ ကိုယ့်တိုင်းပြည်မှာတင် မဟုတ်ပါဘူး... နိုင်ငံတကာအထိ ပါ ထိုးဖောက်နိုင်လာမယ်လို့ ကျွန်တော် ယုံကြည်ပါတယ်... ။ ဒါကြောင့် ကျွန်တော်နဲ့အတူ လက်တွဲပြီး မင်းသားလေး Dancer Club အသင်းသူ ၊ အသင်းသားတွေရဲ့ ဂုဏ်သတင်းတွေ မွှေးပျံ့အောင် ပူးပေါင်းပါဝင်ကူညီကြပါလို့ ကျွန်တော် ပြောချင်တယ်ခင်ဗျာ ။ ဒါဟာ ကျွန်တော်အနှစ်နှစ်, အလလက မက်ခဲ့ရတဲ့ အိပ်မက်ကလေးတစ်ခုမို့လို့ပါ၊ အားလုံးကို ကျေးဇူးတင်ပါတယ်"

'ဖြောင်း ဖြောင်း ဖြောင်း ဖြောင်း'

လက်ခုပ်သံများက မင်းသားလေးရဲ့ စိတ်ကူးတွေကို အကောင်အထည်ဖော်ဖို့ အင်အားဖြစ်လာလိမ့်မယ်ဟု မင်းသားလေး စိတ်ထဲမှာ အနိုင်အမာ ယုံကြည်လိုက်ပါ၏။

သင်တန်းသူသင်တန်းသားများနှင့် တွေ့ဆုံစကားပြော



www.burmeseclassic.com

www.burmeseclassic.com



ပြီးမှာ Stage ပေါ်မှ ဆင်းသွားသော မင်းသားလေးကိုကြည့်[illegible]
နှင်းစက်ရင်ထဲမှာ သူ့ရဲ့စိတ်ကူးနဲ့ ရည်ရွယ်ချက်ကလေးကို [illegible]
စားမိပါသည်။ ထိုနေ့က သတ်မှတ်ထားသော သင်တန်း[illegible]
လည်း ရောက်ရော သင်တန်းမှာ လေ့ကျင့်သည့်ဝတ်စုံကိုဝတ်[illegible]
အခြေခံ ကာကွက်များကို စတင်သင်ကြားရသဖြင့် နှင်းစက်အ[illegible]
အခက်အခဲမရှိ သင်ကြားနိုင်ခဲ့သည်။

တကယ်တမ်း သင်တန်းချိန်မှာတော့ မင်းသားလေ[illegible]
ကိုယ်တိုင် သင်ကြားပေးခြင်းမဟုတ်ပါ။ သူ့လက်ထောက်ဖြ[illegible]
သော နိုင်ငံခြားသားအက ဆရာ၊ ဆရာမများသာ သင်ကြားပေ[illegible]
ခြင်း ဖြစ်သည်။

"အသက်ကို ခပ်မှန်မှန်လေးရှူပါ၊ အာရုံတွေကို စုစည်း[illegible]
ပါ၊ ပြီးရင် ခန္ဓာကိုယ်တစ်ခုလုံးမှာရှိတဲ့ တင်းမာမှုတွေကို [illegible]
လျှော့ချလိုက်ပါ"

"ဟုတ်ပြီ ... ခါးကို မတ်မတ်ရပ်မယ် ... အိုကေ"

လေ့ကျင့်ရေးခန်းမတစ်ခုလုံး နည်းပြဆရာမလေးရဲ့
ဗမာသံဝဲဝဲလေးက ဟိန်းနေ၏။

"ကဲ ... အားလုံး Ok ပြီဆိုရင် စမယ်၊ ဝမ်း တူ
သရီး ဖိုး ညာလက်ကို ညာဘက်ကို ဆန့်ပါ၊ ဘယ်ဘက်လက်[illegible]
ခါးကို ထောက်ထားပါ ... ၊

Body ကို တောင့်တောင့်ကြီး လုပ်မထားပါနဲ့၊ ဟုတ်ပြီ
... ညာခြေခွဲမယ်၊ အရှေ့ကို ဆန့်ထုတ်မယ် ... ၊

အိတ်ရှ် ဆဲဗင်းန် ဆစ် ဖိုက် ဖိုး သရီး တူး ဝမ်း





အိုကေ ... မြူးဇစ်နဲ့အတူ လှုပ်ရှားမယ်"

ခန်းမတစ်ခုလုံး တေးသံနှင့်အတူ သင်တန်းသူများ၏
အခြေခံကာကွက်များက တစ်သားတည်း ဖြစ်လို့သွား၏။ ဥရောပ
သူလေးဖြစ်သော နည်းပြဆရာမလေးကလည်း အမှန်ပင် စိတ်
ရှည်သူလေး ဖြစ်ပါသည်။ နှင်းစက်နှင့်ရွှေကျေးကတော့ အရင်က
တည်းက အကမှာ အခြေခံရှိပြီးသားမို့ သိပ်ပြီး အခက်အခဲမရှိပါ။

သင်တန်းမှအပြန်တွင်တော့ သူငယ်ချင်းနှစ်ယောက်
ကော်ဖီဆိုင် ထိုင်ဖြစ်ကြ၏။

"ဟဲ့ ... ရှေ့လကျရင် မင်းသားလေးရဲ့မွေးနေ့ပွဲ ရှိ
တယ်နော်"

"နင့်ကို ဘယ်သူပြောလဲ"

"နင် တော်တော် ဗဟုသုတနည်းတာပဲ၊ ဒီလောက်
ဂျာနယ်တွေထဲမှာ ပါနေတဲ့ဟာကို"

"ငါက နင့်လို အချိန်ပြည့် အားနေတာမှမဟုတ်တာ၊
ဘယ်လိုလုပ်ပြီး ဂျာနယ်ဖတ်ချိန် ရှိမှာလဲဟဲ့"

"အဲဒီကျရင် နင်သွားမှာလား"

"ဘယ်မှာလုပ်မှာတဲ့"

"နေရာတော့ အတိအကျ မသိသေးဘူး"

"ဖိတ်စာနဲ့ဆို ငါတို့ ဘယ်လိုသွားလို့ရမှာလဲဟ"

"ဖိတ်စာမပါဘူးတဲ့၊ အဲဒီမွေးနေ့ပွဲမှာ မင်းသားလေးရဲ့
အထူးအစီအစဉ်ရှိတယ်လို့လည်း ကြားတယ်"

"ငါသွားနိုင်မယ် မထင်ပါဘူးဟယ်"

www.burmeseclassic.com

"နင်ကလည်း စစ်မရောက်ခင် မြားက ကုန်နေပြန်ပါပြီ နီးမှ အခြေအနေကို ကြည့်ပြီး ဖန်တီးကြတာပေါ့ဟာ"

လွတ်လပ်မှုဆိုတာ ကိုယ့်ရဲ့လက်ရှိဘဝအခြေအနေနဲ့ လားလားမျှ မသက်ဆိုင်တော့သလို စိမ်းကားပြတ်တောက်လွန်းပေစွ။

အရာရာဟာ ကိုယ့်စိတ် ကိုယ့်သဘော ရေးခြယ်ဖန်တီး ပိုင်ခွင့်ရှိတဲ့ ပန်းချီကားတစ်ချပ်ဆိုရင် ...

ကိုယ့်ဘဝကို ကိုယ်စားပြုတဲ့ အဲဒီပန်းချီကားလေးကို ရသမျိုးစုံကို အရောင်အသွေးစုံလင်စွာနဲ့ ဖန်တီးရေးခြယ်မိမှာပါ။

ခုတော့ ကိုယ့်ခန္ဓာနဲ့ သူများစိတ် နေနေရတဲ့ ဘဝကြီးကို ပိုင်ဆိုင်နေရတဲ့ ယခုပစ္စုပ္ပန် အခြေအနေတွေကို ဖော်မပြနိုင်လောက်အောင်ကို စက်ဆုပ်မိပါ၏။

အဲဒါဟာ ကိုယ့်ဘဝအစစ်အမှန်အဖြစ် ထာဝရ ပိုင်ဆိုင်သွားမယ်ဆိုရင် အသက်ရှင်နေရတာထက် ဒီလောကကြီးထဲမှ မြူမှုန်တစ်စလို ပျောက်ကွယ်သွားတာကမှ နောင်သံသရာအတွက် အပြောင်းအလဲလေးတစ်ခု ဖြစ်ကောင်းဖြစ်နေမှာပါ။





အခန်း ( ၁ )

စန္ဒရားအရှေ့မှာ ထိုင်ပြီး ကျစ်လျစ်သန့်မာသော လက်အစုံက ဂီတသံစဉ်အသစ်တွေကို စမ်းသပ်တီးခတ်လို့နေ၏။

"သခင်လေး... အောက်မှာ မေမေကြီး မနက်စာစားဖို့ အဆင်သင့်စောင့်နေပါတယ်"

ခန့်ညားသပ်ရပ်သော လူရွယ်တစ်ဦးက မင်းသားလေးနားသို့ အညင်သာဆုံး ခြေလှမ်းတွေနဲ့ လျှောက်လာပြီး ရိုကျိုးစွာ ပြော၏။

စန္ဒရားခလုတ်တွေပေါ်မှာ ပြေးလွှားလှုပ်ရှားနေသော လက်ချောင်းများရဲ့ ရပ်တန့်ခြင်းအဆုံးမှာ ဆန်းသစ်သော သံစဉ်တစ်ပုဒ်ပါ ရုတ်တရက် ရပ်တန့်သွား၏။ ပြီးတော့ တစ်စုံတစ်ခုအတွက် အလိုမကျသော အမူအရာဖြင့် မျက်မှောင်ကြုတ်လိုက်ပြီး ကိုဖေ့ဘက်သို့ လှည့်ကာ ...

"ငါ့ကို သခင်လေးလို့ မခေါ်ပါနဲ့ဆိုတာ ဘယ်နှခါပြောရမလဲ ကိုဖေယျာ၊ မင်းနဲ့ငါက ရွယ်တူတွေပါ၊ အဲဒီလောက်အထိ


www.burmeseclassic.com

www.burmeseclassic.com



ရှိရှိသေသေ ဆက်ဆံဖို့ မလိုဘူး။ ဘော်ဒါတွေလို နေစမ်းပါကွာ"

မျက်နှာငယ်လေးဖြင့် ပြောလာသော ကိုဇေ့ကိုကြည့်ပြီး သူသည် သက်ပြင်းဖျော့ဖျော့လေးတစ်ခု ချလိုက်သည်။ ပြီးတော့ ခေါင်းကို လေးပင်စွာ ခါရမ်းလိုက်သည်။

"ခက်တယ်ဗျာ၊ မေမေတို့က အဲဒီလို အလွယ်ရှင်းနေတာနဲ့ ဘဝမှာ အနှစ်ရှိတဲ့အမှန်တရားတွေကို လက်လွှတ်ဆုံးရှုံးနေရတာ ကိုဇေ့... မင်း စဉ်းစားကြည့်ကွာ... မင်းလည်းလူ၊ ငါလည်းလူ ပြီးတော့ ငါတို့အားလုံးဟာ သေမင်းကို ခေါင်းပေါ် ရွက်ထားရတာ ချင်းလည်း အတူတူပဲ၊ သေမင်းက သေမိန့်ချမယ့်နေ့ကို စောင့်နေကြရတာလဲ အတူတူပဲ"

"လောကကြီးက ဘယ်သူ့ကိုများ ပိုပြီး အခွင့်အရေးတွေ ပေးနေလို့လဲ၊ အားလုံးဟာ မြေကြီးပေါ်မှာ ခြေထောက်နှစ်ချောင်း ထောက်ပြီး မိုးကောင်းကင်ရဲ့ ရင်ခွင်ကို လှုံနေကြရင်း ဘဝကို ရုန်းကန်နေကြရတာပဲ မဟုတ်လား"

"ဒါပေမဲ့ သခင်လေးတို့က ဆွေစဉ်မျိုးဆက်ချမ်းသာလာတာလေ၊ ပြီးတော့ နန်းတွင်းတော်ဝင်သွေးတွေက သခင်လေးရဲ့ ကိုယ်ထဲမှာ စီးဆင်းနေတုန်းပဲ မဟုတ်လား"

"ဒါဟာ ရှောင်လွှဲလို့မရတဲ့ မြင့်မြတ်တဲ့ ဂုဏ်သိက္ခာလေ နောက်ပြီး မင်းသားလေးက နိုင်ငံကျော်အဆိုတော်တစ်ဦး အောင်မြင်နေတဲ့ ပရော်ဖက်ရှင်နယ် အကပညာရှင်တစ်ဦး၊ ပြည်သူတွေရဲ့ ပါးစပ်ဖျားမှ ရေပန်းစားနေတဲ့ မိုးသားရင့်ကျူး ဆိုတဲ့ အနုပညာရှင်တစ်ဦးအတွက် အဲဒီလောက်တော့ ထည့်ဝါ သင့်ပါတယ်





သခင်လေးရယ်"

ဆရာကြီးဟန်အပြည့်ဖြင့် ရှည်လျားသော စကားလုံးများကို တစ်သီတတန်းကြီး စာဖွဲ့နေသော ကိုဇေ့ကိုကြည့်ပြီး စိတ်ကမရှည်တော့။ ကိုယ့်ကို သူတပြန်ပြီး ဩဝါဒချွေနေသေးရဲ့။

"ကဲ ကိုဇေ့... မင်းလည်း မေမေ့ရဲ့မှိုင်းတွေ မိသွားပြီ၊ တော်ပြီ ... မင်းရဲ့စာတန်းဖတ်ပွဲကို ဒီမှာပဲ တစ်ခန်းရပ်လိုက်တော့... ဟုတ်ပြီလား။ စောစောက မသောက်ခဲ့ဝိုက် အခုမှပြီး ဆာသွားပြီ၊ အဲဒီတော့ ပြောချင်ရင် မင်းတစ်ယောက်တည်း ပြောကျန်ရစ်ခဲ့တော့၊ ငါတော့ အောက်ဆင်းပြီ"

ဟု ဆိုပြီး ကိုဇေ့ရှေ့မှ ခပ်သွက်သွက် ဆင်းလာပြီး မေမေရှိရာ ထမင်းစားခန်းထဲသို့ ဝင်လာလိုက်သည်။

"ကြာလိုက်တာ သားရယ်... ဘာတွေများ အလုပ်ရှုပ်နေရတာလဲ"

ကိုဇေ့ဩဝါဒချွေခြင်းတွေကို နားထောင်နေလို့ပါလို့တော့ မေမေ့ကို မပြောချင်တော့ပါ။ ထမင်းဝိုင်းတွင် ဝင်ထိုင်လိုက်ပြီးသည်နှင့် မေမေက ကျူးရင့်ရှေ့မှ ထမင်းပန်းကန်ထဲသို့ ဟင်းတွေ ခပ်ထည့်ပေးရင်း ....

"တစ်ရက်တလေလေးများ အိမ်မှာ နားရတုန်း သက်သောင့်သက်သာ နေပါလားကွယ်"

"နေပါတယ် မေမေရယ်... သားက အဲဒီလို နားနေရတာကို ပျင်းတာ"

"ဟဲ့ ခင်လေးရေ... ဟင်းရည်နွေးပြီးရင် ယူခဲ့တော့"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ ... လာပါပြီ မေမေကြီး"

ခင်လေးဆိုသော ကောင်မလေးက အငွေ့တထောင်းထောင်းထနေသော အရည်သောက်ပန်းကန်လုံးကို ဗန်းထဲထည့်ပြီး သယ်လာ၏။

ကိုယ့်ရှေ့က ထမင်းပန်းကန်ထဲမှာ မေမေ ခပ်ထည့်ပေးထားသော ပုစွန်တုပ်ဟင်းနှင့် စားပွဲပေါ်မှာ စုံလင်လှသော ဟင်းအမယ်တွေကြောင့် ဖွန်းခက်ရင်းကိုင်ထားသော ကျူးရင့်လက်တွေက အင်အားမရှိသလို နေးကွေးလေးလံနေ၏။ ကျန်းမာရေးနဲ့ အညီချက်ထားသော မေမေစီမံခိုင်းသည့်ဟင်းများမှာ ဖြူဖပ်ဖြူရော်ဖြင့် ဘယ်လိုမှ ခံတွင်းမတွေ့နိုင်သော မနက်စာထမင်းဝိုင်း။

"မေမေရော... သား ဒီဟင်းတွေနဲ့ ဘယ်လိုမှ စားဝင်မယ် မထင်တော့ဘူး။ တစ်ခါတလေတော့လည်း ချဉ်ချဉ်ငန်ငန် စပ်စပ်နဲ့ အရစ်တည့်တဲ့ ဟင်းမျိုးတွေပဲ စားချင်တယ်"

မိခင်လုပ်သူက သားဖြစ်သူရဲ့ စိတ်ပျက်ညည်းညူခြင်းတွေကို မျက်မှန်အောက်မှ အသာပင့်ကြည့်ရင်း ...

"အောင်မယ်လေး သားရယ်... အစပ်တို့ အငန်တို့ဆိုတာ သားနဲ့ ဘယ်လိုမှ မဖြစ်ဘူးလေ၊ လူကို ဥပါဒ်ဖြစ်စေတယ်ကွဲ့၊ သားရဲ့အသားအရေနဲ့ မျက်နှာမှာ မလိုအပ်တဲ့ဆိုးကျိုးတွေ ဖြစ်လာမှာပေါ့ကွယ်"

ကဲ ကြည့်... မေမေရဲ့ ကျန်းမာရေးအသိတွေကို စစ်ကူတောင်းပြီး ပြောတော့မယ့် မှာတမ်းခြွေတေးထပ်တစ်ပုဒ်က ခုချိန်ကစပြီး ကျူးရင့်ရဲ့အာရုံတွေကို နောက်ကျိစေဖို့ အစပျိုးနေလေပြီ



ကြီးများမိတဲ့ ကိုယ့်ရဲ့အသားကိုပဲ ကိုယ်ပြန်ပြီး အပြစ်မြင်မိပါရဲ့။ ကြောက်တယ်ပါ၊ တစ်နေ့တစ်နေ့ မရိုးနိုင်တဲ့ မေတ္တာနယ်လွန်သာကတွေ။

"ကဲပါ မေမေရယ် ... မေမေပြောမယ့်စကားတွေကို သား ဦးနှောက်တွေက အမြဲတမ်း Copy ကူးထားပြီးသားမို့ အလွတ်တောင်ရနေပြီ၊ ဒီတော့ ဒီစားပွဲပေါ်ကဟင်းတွေနဲ့ပဲ စားသောက်မယ် ... နော် မေမေ"

ဒီလိုမှ စကားမဖြတ်ရင် မေမေ့ရဲ့ တော်ကီတွေထဲမှာ သူရော ဒီထမင်းဝိုင်းပါ မျောသွားနိုင်တယ်။

"သား... နိုင်ငံတကာ အကပညာရှင်များ တွေ့ဆုံနိုးဆော်ပွဲကို တက်ဖြစ်လား သား"

"ကိုယ့်ကိုဖိတ်ထားတာဆိုတော့ တက်ရမယ် မေမေ၊ ဒီလိုပွဲမျိုးကို သား လက်လွှတ်ခံလို့ ဘယ်ဖြစ်မလဲ"

"ဒါပေါ့သားရယ်၊ ဒါဟာ သားရဲ့ အောင်မြင်မှုရလဒ်ကောင်းတွေပဲပေါ့"

"မေမေရော လိုက်ခဲ့ပါလား။ ဖေဖေရှိတဲ့ နိုင်ငံကို သွားရာပဲ၊ အပြန် တစ်လက်စတည်း Shopping ပါ ထွက်ခဲ့လို့ ရတာပေါ့"

မေမေသည် ခင်ပွန်းဖြစ်သူကို တွေ့ချင်သည့်စိတ်ကို မျိုးနှိမ်ဖိနှိပ်နိုင်စွမ်းသော အမူအရာဖြင့် ...

"လိုက်လို့မဖြစ်သေးပါဘူးကွယ်၊ ဒီမှာ မေမေမရှိရင် မဖြစ်ဘူးလေ၊ မေမေလိုက်လည်း သားဖေဖေအတွက် အနှောင့်



www.burmeseclassic.com

www.burmeseclassic.com

အယုက်ဖြစ်နေပါဦးမယ်၊ သူ့ခမျာ ကုမ္ပဏီအလုပ်တွေနဲ့ များ
ခတ်နေတာ၊ ဒီကြားထဲ သူ့မြေးတွေနဲ့ သွားသွားတွေ့ရတဲ့ အ
က ရှိသေးတယ်၊ နေ့တိုင်းလိုလို မေမေနဲ့လည်းအင်တာနက်
တွေ့နေကြတာပဲကွယ်''

ကျူးရင့် မေမေ့ကို သနားသွားမိ၏။ သူ့ကြောင့်
မေမေသည် မြန်မာပြည်မှာ ရှိနေခြင်း ဖြစ်သည်။ ကျူးရင့်
မောင်နှမ နှစ်ယောက်ရှိ၏။ ကျူးရင့်က အငယ်ဆုံးဖြစ်သ
အစ်မက သူ့အိမ်ထောင်နဲ့သူ ကနေဒါမှာ Shopping Mall တ
ဖွင့်ထား၏။ ဖေဖေကတော့ မမရှိတဲ့နိုင်ငံမှာ ကုမ္ပဏီလုပ်ငန်း
အပြင် တခြားနှစ်နိုင်ငံမှာလည်း ကုမ္ပဏီတွေ ထောင်ထားသေး

မေမေကတော့ မြန်မာပြည်မှာ ကျန်ခဲ့တဲ့ကုမ္ပဏီကို ဦး
နေရသည်။ ကျူးရင့်ကတော့ ကိုယ့်လမ်းကိုယ်ခင်းထားပြီးသာ
မိဘတွေရဲ့လုပ်ငန်းကို လှည့်မကြည့်နိုင်။ လှည့်ကြည့်ဖို့လည်
အချိန်မပေးနိုင် ဖြစ်နေရသည်။

အနုပညာမျိုးရိုးဗီဇမရှိဘဲ ကျူးရင့်တစ်ယောက်တည်
သာလျှင် အောင်မြင်သော အနုပညာရှင်တစ်ယောက်အဖြစ် ရ
တည်နေသူဖြစ်၏။ ကျူးရင့်ရဲ့ ဝါသနာနှင့်အလုပ်ကို ဖေဖေ
လုံးဝ သဘောမကျ။ သူ့လိုပဲ နိုင်ငံတကာ စီးပွားရေးဈေးကွက်
ရင်ဘောင်တန်းနိုင်သော စီးပွားရေးသမားတစ်ယောက် ဖြစ်
ချင်သည်။

ဒါမှ ကိုယ့်တိုင်းပြည်ကို ကိုယ်ပြန်ပြီး အကျိုးပြုနိုင်မည်
ယူဆပါ၏။ ဒါက ဖေဖေ့ရဲ့ ခံယူချက်။





''သခင်လေး... Shopping ထွက်ဖို့ အဆင်သင့်ဖြစ်နေ
ပြီ''

''အင်း ... ကားရော အဆင်သင့်ဖြစ်ပြီလား''

''ဖြစ်ပါပြီ''

မေမေနှင့် စကားတွေပြောရင်း မအီမလည်ဖြင့် စားနေရ
သော ထမင်းစားခြင်းအလုပ်ကို တက်ကြွစွာ ရပ်သိမ်းလိုက်ပြီး

''မေမေ ... သား သွားလိုက်ဦးမယ်''

''ဟဲ့... ထမင်းကုန်အောင် စားသွားလေ။ ဒီကလေး
တော့''

''မစားတော့ဘူး ... ဗိုက်ပြည့်သွားပြီ''

''အေး အေး ... ဪ သား ... လူများတဲ့နေရာ
တွေကိုတော့ အတတ်နိုင်ဆုံး ရှောင်နော် သား''

''ရက်စ် မေမေ''

ထမင်းစားခန်းထဲမှ ထွက်ပြီး အဝတ်အစားလဲခန်းထဲ
ဝင်လာလိုက်တော့ ကိုဇေက အားလုံးအဆင်သင့် ဖြင်ပြီးသား။

စီးဖို့ ဖိနပ်ကအစ သူ့ရှေ့မှာ လာချပေးသည်။

''သခင်လေး ... လက်ကိုင်ဖုန်း ယူသွားဦးမလား''

''မယူဘူးကွာ၊ ဒီနေ့ လွတ်လွတ်ကျွတ်ကျွတ် နားတဲ့နေ့
ဘယ်သူနဲ့မှ အလုပ်ကိစ္စအကြောင်း မပြောချင်ဘူး။ ငွေသာ
အလုံအလောက် ထည့်လာခဲ့''

''ဟုတ်ကဲ့ ကောင်းပါပြီ''

ကားနားရောက်တော့ ဒရိုင်ဘာမောင်စိုးက ကားတံခါး



www.burmeseclassic.com

www.burmeseclassic.com



အဆင်သင့် ဖွင့်ပြီးသား။ ကျူးရင့်အတွက် အရာအားလုံးဟာ လိုတာရဆိုသော အခြေအနေမှာ ရှိနေ၏။ ဒါကို ကျူးရင့် လုံးဝ သဘောမကျ။ ဖြစ်နိုင်လျှင် ဒီလို အခြေအရံတွေနှင့် မသွားလိုပါ။ မေမေ စီမံနေလို့သာ ကျူးရင့် စောဒကမတက်ဘဲ ငြိမ်နေရတာ။

"ဂျဲဖေ... မင်းတို့ တစ်နေရာမှာ သွားအောင်းနေကြပါ သား။ ငါတစ်ယောက်တည်း လွတ်လွတ်လပ်လပ် သွားချင်လို့ပါ"

"မလုပ်ပါနဲ့ သခင်လေးရာ... မေမေကြီးသိရင် ကျွန်တော်တို့ ခေါင်းနဲ့ကိုယ် အိုးစားကွဲသွားပါ့မယ်"

စည်းရုံးရေးဆင်းကြည့်တော့ ဘယ်လိုမှမလွယ်။

"ဟင်း... စိတ်ပျက်စရာပဲကွာ၊ မင်းတို့ လူရောဟုတ်ရဲ့လား... ဟမ်၊ ငါ့အမြင်တော့ မင်းတို့ကို မေမေထိန်းချုပ်ထားတဲ့ စက်ရုပ်တွေလိုပဲ မြင်တော့တယ်"

ဒေါသကြောင့် လေသံမာမာနှင့်ပြောလိုက်သော်လည်း သူတို့နှစ်ယောက်ကတော့ မူလပုံစံအတိုင်း ဟန်မပျက်။ ပြန်ပြီးတော့လည်း စောဒကမတက်။ ကဲ ဘယ်လောက် အသည်းယားစရာကောင်းလိုက်သလဲလို့။ နောက်ဆုံးတော့ ကိုယ့်ကို ဘာမှပြန်လည်ချေပပြောဆိုရဲခြင်းမရှိတဲ့ လူတွေကို ကိုယ်ကပဲ လက်မြှောက်အရှုံးပေးပြီး သူတို့ဖွင့်ထားသော ကားထဲကို ဝင်ထိုင်လိုက်ရတော့တာပေါ့။ ကိုဇော် သူ့ဘေးနား ဝင်ထိုင်သည်ကိုကြည့်ပြီး မကျေမနပ်ဖြင့် ဘုကြည့်ကြည့်လိုက်ပါ၏။

မောင်းရန်အသင့်ဖြစ်နေသော အနေအထားမှာမို့ မောင်းစိုးက ကားကိုအညင်သာဆုံး မောင်းထွက်လာလိုက်၏။





Junction 8 ရှေ့အရောက် ကားကို ပါကင်မှာရပ်ပြီး ဆင်းမည်အပြု...

"သခင်လေး... ရှော့"

"ဘာလဲ"

"ဦးထုပ်နဲ့ မျက်မှန်ပါ"

ကမ်းပေးလာသော ဦးထုပ်နှင့်မျက်မှန်ကို လှမ်းယူပြီး စိတ်ပျက်သော အပြုံးတစ်ခုပြုံးလိုက်ရင်း ကားပေါ်က ဆင်းလိုက်၏။ သူတို့လာဖွင့်မပေးခင် ကိုယ့်ဘာသာကိုယ် အမြန်ဆင်းမှ။ ဒီလိုဆို မလွယ်။ အဲဒီလောက် စိတ်ပျက်စရာကောင်းသော တပည့်တွေပါ၊ မေမေ့ရဲ့ကိုယ်ပွားတွေ အနားရောက်နေသလိုတောင် တခါတလေ ခံစားမိပြီး ဘယ်အရာမှ မလွတ်လပ်။

ကားပေါ်ကဆင်းပြီးသည်နှင့် မျက်မှန်ကိုတပ်၊ ဦးထုပ်ကို ဆောင်းလိုက်ပြီး အထဲဝင်လာလိုက်၏။ ဒါမှလည်း တော်ရုံလူ ကိုယ့်ကို မမှတ်မိနိုင်မှာပါ။ စင်တာထဲ ဝင်လိုက်ပြီး ခြေလှမ်းဆယ် လှမ်းပင်ပြည့်အောင် မလှမ်းရသေးခင်မှာပင် ကိုယ့်ရဲ့ထင်ကြေး မှာ တက်တက်စင်အောင် လွဲလေ၏။

"ဟိုင်း... ကျူးရင့်"

သတိုးဟေသာ သူ့မျက်နှာကို မြင်တာနှင့် ဟိုနေ့က ပွဲကိစ္စကို မျက်စိထဲ ပြန်မြင်ယောင်လာ၏။ ကနေ့ရင်းနဲ့ ဖိနပ်ခွာ ပြတ်ပြီး ရုပ်ပျက် ဆင်းပျက် လဲကျသွားသောအဖြစ်။ တွေးရင်း ရယ်ချင်လာ၏။ သို့သော် ရယ်လို့က မဖြစ်သေး။ သူမကို ဟန် ဆောင် နှုတ်ဆက်ရဦးမယ်။



www.burmeseclassic.com

www.burmeseclassic.com



"ဟဲလို ဟေသာ"

"ဒီနေ့ နားတယ်ပေါ့"

"ဟုတ်တယ်"

"ဟေသာလည်း နားတယ်လေ၊ အဲဒါနဲ့ ညီမလေး ခေါ်ပြီး ရှော့ပင် ထွက်လာတာ"

"ကျူးရှင့် ဒါ ကိုယ့်ညီမလေးလေ၊ သတိုးခွေဇင်တဲ့"

အသားအရေက ဖြူဖွေးဖွေး၊ မျက်ပေါက်ကကျဉ်းကျဉ်းနှင့် ရယ်လိုက်လျှင် မျက်ခွံတွေပိတ်သွားတာက သတိုးခွေဇင်ဆိုသော ကောင်မလေးကိုမြင်တာနှင့် သတိုးဟေသာရဲ့ ညီမ မှန်း တွေးပြီးသား။

"ဟုတ်ကဲ့ . . . ခွေဇင်က ကျူးရှင့်ရဲ့ ပရိသတ်တစ်ဦးပါ"

ဟု အချိုသာဆုံးလေပြေလေးနဲ့အတူ လှလှပပဟန်လေးနှင့် နှုတ်ဆက်လာသော ဟေသာ့ရဲ့ညီမကို အသိအမှတ်ပြု အပြုံးတစ်ခုနှင့်အတူ လောကွတ်ပြု ပြုံးပြလိုက်ပြီး သူတို့နှစ်ဦး နောက်မှ အထုပ်အပိုးတွေ မနိုင့်တနိုင်မပြီး လဲမကျအောင် အနိုင်နိုင် ရပ်နေရသော ကောင်မလေးကို သတိထားမိစွာ တစ်ချက် ကြည့်လိုက်၏။

နှင်းစက်မှာလည်း စိုးရိမ်နေ၏။ မင်းသားလေးရဲ့ ကလပ်မှာ အကသင်နေသော သင်တန်းသူတစ်ဦးအနေနဲ့ မှတ်မျှားမှတ်မိသွားရင်တော့ အကြီးအကျယ် ကျိုင်တက်ပြီလေ။ သို့သော် နှင်းစက်ဘက်ကို တစ်ချက်သာကြည့်ပြီး ဘာမှမပြောသဖြင့် စိုးရိမ်





စိတ်တွေလျော့ကာ အနည်းငယ်တော့ ရင်ချောင်သွားရ၏။

နှင်းစက်ကို သူ့ရဲ့ကလပ်က သင်တန်းသူတစ်ယောက် ဆိုတာ သိပုံမပေါ်ပါ။

"သုံးယောက်လာတာ မဟုတ်ဘူးလား"

ကျူးရှင့်ရဲ့ အမေးကို ဟေသာက နားမလည်သလိုဟန် လေးဖြင့် . . .

"ဟင် . . . နှစ်ယောက်ပါ ကျူးရှင့်ရဲ့၊ ဘာဖြစ်လို့လဲ ဟင်"

"ဒါဆို ဟိုတစ်ယောက်ကရော"

အထုပ်အပိုးတွေကို မနိုင့်တနိုင် သယ်မနေရရှာသော နှင်းစက်ရဲ့ မသက်မသာပုံစံကို မေးဆတ်ပြပြီး မေးလိုက်သော မင်းသားလေးရဲ့ ချစ်စရာမျက်နှာပေးကြောင့် နှင်းစက်ရဲ့ ဒူးတွေ အလိုလို ချောင်သွားကာ ရင်ထဲမှာ တလှပ်လှပ် ဖြစ်သွား၏။

ဟေသာက နှင်းစက်ကို ငဲ့ကြည့်လိုက်ပြီး . . .

"ဪ၊ ဒါက ဟေသာတို့အထုပ်တွေ သယ်ဖို့ခေါ်လာတာလေ ကျူးရှင့်ရဲ့"

"သူ့ပုံစံကြည့်ရတာ မနိုင်တဲ့ဝန်ကို ထမ်းထားပုံရတယ် နှစ်ယောက်က ကြော့ကြော့လေးလာပြီး သူတစ်ယောက်တည်း မမြင်အောင် ပစ္စည်းတွေသယ်လာရတော့ သိပ်ပြီး လှုမြင်လို့ မကောင်းဖြစ်နေသလားလို့ပါ၊ အဟင်း . . . စေတနာနဲ့ သတိပေး တာနော်၊ မော်ဒယ်လ်သတိုးဟေသာက အကြင်နာကင်းမဲ့တယ်လို့ ပရိသတ်တွေပါးစပ်ဖျားကို ရောက်ကုန်ရင် ဟေသာ့ရဲ့ပရိသတ်ထဲ



www.burmeseclassic.com

www.burmeseclassic.com



က ၅၀ ရာခိုင်နှုန်း လျော့သွားနိုင်တယ်"

မင်းသားလေးရဲ့ လိုက်လျောညီထွေသော သတိပေးစကားများကြောင့် ညီအစ်မနှစ်ယောက်စလုံး မျက်နှာတွေ ကွပ်ခနဲ ပျက်သွားပြီ။

"ဟေသာတို့လည်း ပြောပါတယ်၊ တို့တွေ အတူကိုင်ကြမယ်ဆိုတာကို သူက လက်မခံတာ"

သူမတို့ရဲ့ ဆင်ခြေစကားမဆုံးခင်မှာပင် ကောင်မလေးသုံးယောက် မင်းသားလေးအနားရောက်လာကြသည်။

"မင်းသားလေး မင်းသားလေးပါနော်"

သူမလေးတွေရဲ့ အမေးစကားကြောင့် မင်းသားလေးနှုတ်မှ ဘယ်လိုဖြေရမှန်းမသိ၊ ရုပ်ဖျက်လာပါတယ်ဆိုမှ ...

"အင်း ... အဲ ... ဟုတ်ပါတယ်"

"ဟယ် ... ဒါကြောင့် အဝေးကြီးကတည်းက ကြည့်နေတာ၊ မင်းသားလေးမှ မင်းသားလေးအစစ်ပါလို့၊ အဟင်း ... ငယ်တို့ကို အော်တိုလေး ရေးပေးပါ"

"ဟုတ်ကဲ့ ... အဟဲ"

ကမ်းပေးလာသော အော်တိုစာအုပ်ကလေးတွေပေါ်မှာ ရှက်ရယ်ကျဲကျဲလေးဖြင့် တုံ့ပြန်ကာ ယောင်နနဖြင့် လက်မှတ်ထိုးပေးလိုက်သည်။ အခြေအနေက ပို၍ လူအုံသွားစေတော့၏။

အနားသို့ တခြားကောင်မလေးတွေပါ အပြေးအလွှားရောက်လာကြ၍ မင်းသားလေး ဘာလုပ်လို့ ဘာကိုင်ရမှန်းမသိတော့။ တဖြည်းဖြည်းနဲ့ လူက အုံသထက် အုံလာ၏။ ဟေ





သာတို့ညီအစ်မလည်း ထိုလူအုပ်ကြီးထဲမှာ ပိတ်မိနေ၏။

"မင်းသားလေးတော့"

"ဟယ် ချောလိုက်တာနော်"

"မင်းသားလေး ... မီးရဲ့လက်ဝါးမှာ အမှတ်တရလက်မှတ်ရေးထိုးပေးပါ"

"ဟော့... မင်းသားလေးကို ငါတို့ အရင်ဆုံးတွေ့တာနော်"

"အာ... အရမ်းမတိုးကြပါနဲ့လေ၊ ဘယ်လိုဖြစ်နေကြတာလဲ"

တစ်ယောက်တစ်ပေါက် ပြောဆိုနေကြကာ ဆူညံ ပွက်လောရိုက်သွား၏။ နှင်းစက်ခမျာလည်း ထိုလူအုပ်ကြီးကြားထဲမှာ အခက် တွေ့နေပြီ။ နဂိုကတည်းက မနိုင်မနင်း သယ်မ,ထားရတဲ့အထုပ်တွေကို တစ်ယောက်ပြီးတစ်ယောက်က ဝင်တိုက်တိုးကြိတ်နေကြသဖြင့် တစ်ခုပြီးတစ်ခု ပြုတ်ကျကုန်သည်။

"ဟင်... ကျ... ကျကုန်ပြီ၊ ဟော့... မတိုးကြပါနဲ့၊ ဒီမှာ ပစ္စည်းတွေ ကျကုန်ပြီ"

နှင်းစက် စိတ်ရှုပ်စွာ အော်လိုက်ပြီး လူအုပ်ကြားထဲမှ ပြန့်ကျဲနေသောအထုပ်များကို ကုန်းကုန်းကွကွဖြင့် လိုက်လံကောက်နေရ၏။ နှင်းစက်ရဲ့လက်ကို တက်နင်းသူက,နင်း၊ ကျော်သူက,ကျော်၊ ပစ္စည်းတွေက ဟိုတစ်ခု ဒီတစ်ခု တက်နင်းထားကြသဖြင့် အားလုံး ဖရိုဖရဲ။

ရုတ်တရက်,ပစ္စည်းတွေလိုက်ကောက်နေသော နှင်းစက်



www.burmeseclassic.com

www.burmeseclassic.com



ကို တစ်စုံတစ်ဦးက ဆွဲခေါ်လိုက်သော အထိအတွေ့ကြော
မော့ကြည့်လိုက်တော့ ကိုယ့်မျက်ဝန်းကိုယ်ပင် မယုံချင်ပါ။ သူ
ရာသို့ မြန်လျှန်းသောခြေလှမ်းတွေက အစီအစဉ်မကျစွာ ပါ
ရင်း လူက အိပ်မက်မက်နေသလိုပင်။ တကယ့်အဖြစ်အပျ
ဟုတ်ရဲ့လားပေါ့။ ရင်တွေခုန်လိုက်တာ။

လူရှင်းတဲ့တစ်နေရာရောက်တော့မှ မင်းသားလေး
သူ့ကို လူအုပ်ကြားထဲမှ ဝိနေ၍ ဆွဲထုတ်လာတာဟု စဉ်းစာ
လိုက်သည်။ မင်းသားလေးရဲ့ နွေးထွေးတဲ့ လက်အစုံနဲ့ ဆုပ်ကို
ထားမှုကြောင့် ရင်တစ်ခုလုံးက ပရမ်းပတာ လှုပ်ခတ်လို့
စိုးရိမ်စိတ်တစ်ခုက အာရုံမှာ လင်းခနဲ။

"ကျွန်မ ပစ္စည်းတွေ သွားကောက်ရဦးမယ်၊ ဘာကြော
ဆွဲခေါ်လာရတာလဲရှင်'

စေတနာကို စော်ကားတာမဟုတ်ပေမယ့် ကိုယ့်အခ
အခဲကို ကိုယ်ပင်သိသည်လေ။ ဒီအချိန်မှာ မင်းသားလေး
အကြည့်တွေကို ရင်ခုန်လိုက်မောနေရင် မဖြစ်သေး။

"ငါခေါ်မလာရင် မင်း ဒီလူအုပ်ကြီးတက်နင်းတာ ခံ
လို့ ခုလောက်ဆို အရေးပေါ်တောင် ရောက်နေလောက်ပြီ၊ င
တောင် မနည်းရုန်းထွက်လာရတာ၊ တော်သေးတာပေါ့... မျက်
ခြည် ပြတ်သွားလို့"

"ဒီပစ္စည်းတွေက မင်းပစ္စည်းတွေမှ မဟုတ်တာ၊ ဘာ
မနမြောနေနဲ့"

ဆံပင်တွေ ပွရောင်းပြီး လူတိုးခံထားရသော သူမရဲ့ပုံစံ





က ဖရိုဖရဲနိုင်လွန်းပေစွ။ ကိုယ့်ရဲ့ ဒီလိုပုံစံကြီးနဲ့ မင်းသားလေးရဲ့
ခြင်ကွင်းရှေ့မှာ ဆက်မရပ်ရဲ။

"ကျွန်မ အဲဒီပစ္စည်းတွေကို ပြန်ရမှဖြစ်မှာ၊ ရှင့်ကိုတော့
ကျေးဇူးတင်ပါတယ်"

စိုးရိမ်ကြောင့်ကြခြင်းကြီးစွာဖြင့် မင်းသားလေးရှေ့မှ ပြေး
ထွက်လာခဲ့လိုက်၏။ ပူပင်သောကတွေနှင့် မျက်နှာလေးညှိုး
နေသော ထိုကောင်မလေးကိုကြည့်ပြီး မင်းသားလေး ခေါင်းကို
ခါယမ်းလိုက်၏။ ဘယ်လိုကောင်မလေးလဲ မသိဘူး။ ဒီက
အကောင်းနဲ့လည်း ခေါ်ထုတ်လာရသေးတယ်။ နောက်မှ တစ်စုံ
တစ်ခုကို သတိရသွားကာ ရပ်နေရာမှ အမြန်လစ်ခဲ့တော့၏။
ဒီမှာ ဆက်နေလို့ရှိရင် စောစောက ပရိသတ်ကြီးက ထပ်မံ၍
ဝိုင်းအုံလာနိုင်ပါသည်။

ကိုဇေတို့ မောင်စိုးတို့လည်း လူအုပ်ကြီးကိုထိန်းရင်းနဲ့
ဘယ်တွေ ရောက်ကုန်မှန်းမသိတော့။ သူတို့ကတော့ ကိုယ့်ကို
လိုက်ပြီးရှာနေမှာ အမှန်ပင်။ ကိုယ့်အတွက် အခွင့်အရေးပေးလာ
သော လက်ရှိအခြေ အနေကို အကျိုးရှိရှိ အသုံးချလိုက်မည်ဟု
စိတ်မှာတွေးလိုက်ပြီး Junction 8 ထဲမှ ပုန်းလျှိုးကွယ်လျှိုးဖြင့်
ထွက်လာလိုက်၍ လမ်းမပေါ်သွားနေသော Taxi တစ်စီးကို လှမ်း
တားလိုက်၏။ ဒီနေ့တော့ သူ့စိတ်ကြိုက် လေနှင်ရာလွင့်လို့ရ
အောင် ကံကြမ္မာက ဖန်တီးပေးလိုက်သလိုပင်။

ရပ်လာပေးသော Taxi တစ်စီးပေါ် လှမ်းတက်လိုက်ပြီး
စိတ်ထဲမှာ လွတ်လပ်ပေ့ါပါးသွား၏။



www.burmeseclassic.com

www.burmeseclassic.com



ဘာမခိုင်ညာမဆိုင် စောစောက လူအုပ်ကြားထဲမှ ဖရိုဖရဲနိုင်လွန်းသော ကောင်မလေးရဲ့ စိုးရိမ်စိတ်တွေ ပြည့်နှက်နေသော မျက်ဝန်းလေးကို အမှတ်ရလိုက်ပြီး စိတ်ပျက်စွာ ပြုံးလိုက်မိပါ၏။

"မင်းသားလေး ... ကျွန်တော် ဘယ်ကိုမောင်းပေးရမလဲ ခင်ဗျာ"

"ဗူဒွေါ"

ယောင်နစွာဖြင့် ဗုဒွေါဟု တလိုက်မိပြန်ပါသည်။ ကိုယ့်အတွက် နယ်မြေက အဲဒီလောက်တောင် ကျဉ်းနေပါလား။

"မောင်းချင်ရာကိုသာ မောင်းဗျာ၊ ဒီနေ့တစ်နေ့စာကို ကျွန်တော်အပြည့်ပေးမယ်၊ ဦးလေးသိထားရမှာတစ်ခုက ကျွန်တော်ဟာ မင်းသားလေးမဟုတ်ဘူးဆိုတာပဲ"

"ဟုတ်ကဲ့ မင်းသားလေး"

"ရော် ... ခက်တော့နေပြီ"

ဟု ညည်းတွားမိလိုက်ရင်း ကျူးရင့် ကိုယ့်နဖူးကိုသာ ကိုယ် နာနာလေးရိုက်မိပါတော့သည်။





အခန်း ( ၉ )

"နင် အဲဒီလောက်တောင် အသုံးမကျရလားဟယ်၊ ဒီပစ္စည်းတွေက ကျောက်ခဲသလဲနဲ့ ဝယ်ထားတာ မဟုတ်ဘူး"

အကြောင်းအရာတစ်ခုကို ပုံကြီးချဲ့ပြီး ဖြစ်နိုင်ခြေ ရှိမရှိ ပြောသင့် မပြောသင့်၊ ဖြစ်သင့် မဖြစ်သင့်ဆိုတာကို ဘယ်တော့မှ မဆန်းစစ်တတ်သော ထိုညီအစ်မနှစ်ယောက်ကို မုန်းတီးနာကြည်းမိတာတော့ အမှန်ပါ။ ကိုယ့်အပြစ်မဟုတ်ဘဲ ကိုယ့်ကိုချည်း အပြစ်ပုံချနေတာတော့ တစ်ဆိတ်လွန်နေပြီဟု ထင်ပါ၏။

"ငါလည်း အတတ်နိုင်ဆုံး ထိန်းတာပဲဟယ်၊ လူအုပ်ကြီးက ဘယ်လိုမှထိန်းလို့မရတာတော့ နင်တို့လည်း အသိပဲဟာ"

"အဲဒီမှာ လူအုံလာပြီဆိုကတည်းက နင်က ဝေးဝေးမှာသွားနေပါလား။ နင်ကိုယ်တိုင်ကိုက ငမ်းငမ်းတက်ဖြစ်ပြီး ကျူးရင့်ကိုပဲပေးပြီး သနားလာအောင် မနိုင်မနင်းပုံစံနဲ့ ဟန်ရေးပြနေတာဟိုက နင့်ကြောင့် ငါတို့ကို နှိပ်ကွပ်သွားတာ"



www.burmeseclassic.com

www.burmeseclassic.com



"အေးလေ ... ကျူးရင့်ကို ဘယ်လိုအထာတွေ ပေ
လိုက်လို့လဲမှ မသိဘဲ"

ဟေသာရဲ့ ရန်လိုစကားတွေကို ပွဲပိုဆူသွားအောင်
ဆွေဖင် ဘေးတီးပေးနေပုံက ဘယ်လောက်အသည်းယား စိ
တိုချင်စရာ ကောင်းလိုက်သလဲ။

'ဟင်း ... နင့်အဆင့်နဲ့ ကျူးရင့်ကို မမှန်းနဲ့၊ ဟို
နင့်ကို အိမ်ဖော်အဖြစ်နဲ့ သနားပြီး ပြောသွားတာပဲရှိမယ်"

မခံချင်စိတ်ကြောင့် ဖြစ်ပေါ်လာသော ဒေါသတရားဖေ
က ရင်မှာ အလုံအရင်းနှင့် မျက်နှာပြင်ပေါ်ကို ဆန်တက်နေပြ
၏။ စိတ်တွေက ဘယ်လိုမှ ထိန်းမရတော့။

"နင်တို့ စကားကို ဆင်ခြင်ပြီးပြောလိုက်စမ်း။ နင်တို့
နည်းနည်းလေးမှ ကိုယ်ချင်းစာစိတ် မရှိတော့ဘူးလား။ နင်
လူတွေမှ ဟုတ်ရဲ့လား"

"နင်တို့ဝယ်သမျှ ပစ္စည်းတိုင်း ငါ့ကိုပဲ အကုန်ကိုင်ခိုင်
တယ်၊ ငါ့မှာ မွေးကတည်းက လက်နှစ်ဖက်ပဲပါတယ်၊ နင်တို့
ပိုင်းကူကိုင်ပေးဖော်မရလောက်အောင် လက်တွေကျိုးနေကြ
လား။ အေး ... နောက်ထပ်ပြောလိုက်ဦးမယ် ... နင်
အရှက်မရှိ ညှုနေတဲ့ မင်းသားလေးဆိုတဲ့ကောင်ကို ငါ လုံး
စိတ်မဝင်စားဘူး"

ရင်ထဲက ခံစားချက် အစစ်အမှန်ကို ဒေါသနှင့်အနိုင်ယူ
လိုမှုက သူတို့ရဲ့ သဘောဆန္ဒအရ ရင်ဘတ်ရဲ့တစ်ထောင့် တ
နေရာမှာ ပုန်းခိုရှိုင်းထားကြ၏။ ဆောရီးပဲ မင်းသားရယ်။ ကျွန်





ရဲ့ စိတ်ရင်းနဲ့ မရည်ရွယ်ပါဘူး။ သဘာဝအလျောက် မေးကျင်း
နေသော သူမတို့ရဲ့မျက်ဝန်းအစုံဟာ နှင်းစက်ရဲ့တိုက်ကွက်
ကြောင့် သာမန်ထက် ပို၍ ပြူးကျယ်ကုန်ကာ နှစ်ယောက်စလုံး
ဆွေ့ဆွေ့ခုန်နေကြပြီ။

"အောင်မယ် ... ကောင်မကဒ လူပါးဝလို့"

သိက္ခာတရားနဲ့ လူ့အဆင့်အတန်းသည် ငွေကြေးတွေနဲ့
ဘယ်လောက်ပဲ ဟန်ဆောင်ဖုံးကွယ်ထားပါစေ ရှုန့်ရင်းကြမ်းတမ်း
တဲ့ ဗီဇစိတ်က ဒေါသနဲ့တွေ့တဲ့အခါမှာ သူ့အလိုလို ရုန်းကြွလာ
တာပါပဲ။ ဟေသာက ထိုင်နေရာမှ ကျားသစ်မတစ်ကောင်လို
ခုန်းခနဲ ထခုန်ကာ နှင်းစက်ပါးကို ရိုက်ရန် ရွယ်လိုက်၏။

နှင်းစက်ကလည်း လျင်ပြီးသား။ ကိုယ့်ဘက်ကို ကိုင်းကျ
လာတဲ့ သူ့ရဲ့ ပါးလှပ်လှပ်ခန္ဓာကိုယ်ကို အချိန်မီ ဆောင့်တွန်း
လိုက်၏။ ရုတ်တရက် တုံ့ပြန်မှုကြောင့် အရှိန်မထိန်းနိုင်ဘဲ ဒေါ်
ထူးထူးမြိုင်ထိုင်နေသော ဆိုဖာခုံပေါ်သို့ လဲကျသွားသူက ဟေ
သာပင် ဖြစ်သည်။

ဒီတစ်ချီမှာတော့ ဒေါ်ထူးထူးမြိုင် ငြိမ်မနေတော့၊ ခံရသူ
က သူ့သမီးတွေ ဖြစ်နေတာကိုး။ ဒေါ်ထူးထူးမြိုင်ရဲ့ ဖီးဝင်းဝင်း
တောက်သော မျက်ဝန်းအစုံကို နှင်းစက်ကလည်း မမှုပါဘူး။

"မိနှင်းစက် ... ညည်း တယ်ပြီး ရမ်းကားနေပါလား။
တင် ... ဘယ်သူ့အားကိုးနဲ့ ဒီလောက်မိုက်ရိုင်းနေတာလဲ"

နှင်းစက်က ခပ်တေ့တေ့အပြုံးဖြင့် တုံ့ပြန်ရင်း ...

"ဘယ်သူက မိုက်ရိုင်းတာလဲမသိဘူး။ ပြဿနာအားလုံး



www.burmeseclassic.com

www.burmeseclassic.com



က မာမီထူးရှေ့တင် ဖြစ်နေတာပဲ … မာမီထူး မမြင်ဘူးလား

တကယ်ပါ။ ရင်ထဲက မခံချင်စိတ်တွေက အခန်းတံ ထုသလို သူမရဲ့ရင်ဘတ်နံရံတွေကို တဒုံးဒုံး ထုနေကြပြီ။

"အေး … ဘယ်သူက စရိုင်းရိုင်း ညည်း သည်းခံရမ လေ၊ ညည်းအဖေ မသေခင်က ညည်းကို ဘာမှာသွားသ အခုလက်ရှိအခြေအနေမှာ ညည်းကို ဘယ်သူက ကျွေးမွေ စောင့်ရှောက်နေသလဲ"

ဒေါ်ထူးထူးမြိုင်ရဲ့ အော်ကြီးဟစ်ကျယ်စကားများကြော နှင်းစက် မဲ့ပြုံးတစ်ချက် ပြုံးလိုက်၏။

သူမကို ဘာမှမသိနားမလည်တဲ့ ငတုံးအမျှား ထင် ကြသလားမသိ။ ဟင်း … သူတို့ကပဲ မဟာတျေးဇူးရှင်ကြ နေရာကို ကုတ်ဖဲ့ပြီး တက်နေရတယ်လို့။ သူတို့ ဒီလို နေထိုင်နို စားနိုင်သောက်နိုင်တာ ဒယ်ဒီကျေးဇူးကြောင့်ဆိုတာကို လုံးဝမေ ထားလိုက်ကြပါလား။ အံ့ဩစရာကောင်းလိုက်တာ။

"အဟမ်း … ဘာရယ်၊ နှင်းစက်ကို မာမီထူးတို့ ဖြ စောင့်ရှောက်နေရတယ် … ဟုတ်လား၊ အတော် ရယ်စရ ကောင်းတာပဲ၊ ဘာဘဦးကျော်မင်းခေါင် လစဉ် နှင်းစက်သုံးဖို့ လာလာပေးနေတဲ့ ငွေတွေကျတော့ရော၊ အဲဒါလည်း မာမီထူးတ အတွက်ပဲလား။ ဒီအိမ်ကရော မာမီထူးရဲ့အိမ်ပဲလား။ ကုမ္ပဏီက ရော ဘယ်သူ့ကုမ္ပဏီလဲ၊ မာမီထူးရဲ့ အရင်ယောကျ်ားပိုင်တဲ့ ကုမ္ပဏီလား၊ နှင်းစက်ဒယ်ဒီ တည်ထောင်ခဲ့တဲ့ ကုမ္ပဏီလား စကားကို ဘောင်လွတ်မပြောပါနဲ့၊ နဖူးပေါ် လက်နှစ်ဖက်လုံးတင်





အသေအချာ ပြန်စဉ်းစားလိုက်ကြစမ်းပါ"

နှင်းစက်တို့ကတော့ ချဲ့ပြီ၊ တစ်သက်လုံး မျိုသိပ်ခဲ့ရတဲ့ ကြည်းခြင်း ဒေါသတွေ။ ခုတော့ တာကျိုးသလို ကျိုးပြီ။

"ဒယ်ဒီထားခဲ့တဲ့ ငွေပုံပေါ်မှာထိုင်ပြီး ဒယ်ဒီမွေးခဲ့တဲ့ မီးကို ကျွန်တစ်ယောက်လို သဘောထားပြီး နှိမ်ချခဲ့တာ ယ်သူလဲ၊ ကိုယ့်သားသမီးတွေကိုကျတော့ ထိပ်ရောက်အောင် တောင်မြှောက်ပေးတတ်ပြီး လင်ပါသမီးကိုကျတော့ စာပေး ယူနဲ့ ကျောင်းပြီးခိုင်း၊ ပြီးတော့ မီးဖိုချောင်ထဲ သွင်း၊ အဲဒါ တွေကို တရားနည်းလမ်းကျတယ်လို့ မာမီထူး ထင်သလား။ ဘာသာ မော်ဒယ်တစ်ယောက်ဖြစ်ဖို့ မာမီထူး ဘယ်လောက်ငွေ ကြေးတွေ အကုန်အကျခံခဲ့ရသလဲ၊ အဲဒီကုန်ခဲ့တဲ့ ငွေတွေကရော ဘယ်သူရှာဖွေခဲ့တဲ့ ငွေတွေလဲ၊ ပြောစမ်းပါဦး ပြောကြစမ်းပါဦး"

ဒေါသကြောင့် အသံလှိုင်းတွေက အရှိန်မြင့်သထက် င့်လာပြီး ညေ့ခန်းတစ်ခုလုံး ဟိန်းသွား၏။ အိမ်အပြင်မှ ဝင်လာ သော ကိုကိုပင် နှင်းစက်ရဲ့ ဒေါသတွေကြောင့် အံ့ဩလွန်းမက အံ့ဩနေပါလိမ့်မည်။

သူတို့အတွက် ချောင်ပိတ်မိစေသော နှင်းစက်ရဲ့ ချေပ စကားလုံးတွေကြောင့် သားအမိသုံးယောက်လုံး ပါးစပ်အဟောင်း သား ဖြစ်နေကြသည်။ ညေ့ခန်းထဲသို့ ကိုကိုဝင်လာတာမြင်မှ ဒေါ်ထူးထူးမြိုင်သည် ရင်ဘတ်စည်တီးဖြင့် ငိုချင်းချတော့၏။

"ဟင် အောင်မယ်လေး ကိုကိုရေ၊ ကိုကို့သမီးက မြို့ကို အက်ကက်လန်အောင် ရန်တွေ့နေတာ ကိုကို တမာလွန်ကရော့



www.burmeseclassic.com

www.burmeseclassic.com



ကြည့်ပါဦး။ ဟီး ဟီး ဟီး''

မျက်ရည်တစ်စက်မှ မကျသော ဟန်လုပ်ငိုကြွေးခြင်း အမှန်ကကယ် နားကြားပြင်ကတ်လှစွာဖြင့် သူတို့သားအမိ ရှေ့မှ ချာခနဲ လှည့်ထွက်ခဲ့တယ်။ ဘယ်သူ့ရဲ့ တောက်ခေါက် မှန်းမသိသော တောက်ခေါက်သံကိုလည်း ထပ်မံကြားလိုက်ရ သေးတယ်။

''တောက်''

''တွေ့ကြသေးတာပေါ့ မိနှင်းစက်ရယ်''

''ညီမလေးတော့ သူ့ကို ဒီအိမ်မှာတောင် မထား တော့ဘူး မမရယ်''

''အေး ... ငါလည်း ဥပဒေရှိနေလို့ပေါ့၊ နို့မို့ဆို အဆိပ်ကျွေးပြီး သတ်ပစ်လိုက်တာ ကြာပြီ''

ညီအစ်မနှစ်ယောက် ကြိတ်မနိုင်ခဲမရဖြစ်နေသော သင့္ခေတွေက သူတို့ရဲ့ မျက်နှာပြင်ပေါ်မှာ လျှံတက်လာ အရုပ်ဆိုး အကျည်းတန်လွန်းလှပေစွ။

ညှို့ခန်းအကွယ်တွင် ရပ်နားထောင်နေသော ဘွားငြိမ်း ခမျာ ရင်ဘတ်ကလေးကို လက်နှင့်အသာဖိရင်း ဘုရားတ နှင်းစက်ရှိရာ အခန်းဆီသို့ စိုးရိမ်တကြီးဖြင့် ဝင်လာတော့ အခ ထဲမှာ နှင်းစက်က ရှိမနေ။ ဘွားငြိမ်း သိလိုက်ပါပြီ။

အိမ်အနောက်က စမ်းချောင်းကလေးနားမှာ နှင်းစ ကလေး ရောက်နေလောက်ပါပြီ။ သူမလေး စိတ်ညစ်စရာတစ်ခု နဲ့ ကြုံပြီဆိုရင် အဲဒီနေရာဟာ သူမလေးအတွက် စိတ်ပြေရာ





ရပ်ဝန်းတစ်ခု။

နှင်းစက်ရင်ထဲမှာ ဒေါသအရှိန်ကြောင့် လှုက နှံ့ခွေ လွန်းစွာဖြင့် နားနေဆောင်လေးထဲမှာ ဝင်ထိုင်နေလိုက်သည်။

ကိုယ့်ဘဝကို အစကနေ ပြန်ဆန်းစစ်ကြည့်မိရင် ကြေကွဲ စရာ၊ ဝမ်းနည်းစရာ၊ ရင်နင့်စရာတွေနဲ့ အထီးကျန်ဆန်လွန်းခဲ့ ပါလား။ အိမ်ကြီးရှင် လုပ်ရမယ့် ကိုယ့်ဘဝက ခုတော့ အစေခံ ဖြစ်မှန်းမသိ ဖြစ်နေရပြီ။ သူတို့နဲ့ ရန်ငြိုးထားရာ အမှန်းဖွဲ့စရာ တွေနဲ့ ရင့်သီးလွန်းတဲ့ ဆက်ဆံရေးခါးခါးတွေကို ရင်စည်းခံနေရ သော ကိုယ့်ဘဝရဲ့ စိတ်ကျဉ်းကျပ်မှုများကို ထွက်ပေါက်ပေးဖို့ ကြိုးစားမိသည်။ သို့သော် အရာမထင်လှချေ။

''ဖြူလေး''

အနောက်မှ ခပ်တိုးတိုးခေါ်သံကြောင့် ညှိုးနေသောမျက် နှာ၊ ရီဝေသောမျက်ဝန်းတို့ဖြင့် အနောက်ကို ငဲ့ကြည့်လိုက်၏။

''ကိုကို''

ကိုကို့ကိုမြင်တော့ သူမစိတ်ထဲ အလိုလို ဝမ်းနည်းလာ သည်။ လည်ချောင်းထဲက ဆို့တက်လာသော နာကျင်မှုနှင့်အတူ အသံထွက်အောင် ရှိုက်ငိုလိုက်မိသည်။ ရှုံ့မဲ့မဲ့သော ကလေးတစ် ယောက်ရဲ့ ငိုကြွေးခြင်းနှင့် ခပ်ဆင်ဆင် တူပါလိမ့်မည်။

ကိုကို့မျက်မှာ နှင်းစက်အတွက် စိတ်မကောင်းခြင်း အရိပ်အယောင်တွေ ထင်ဟပ်နေတာကို မျက်ရည်ပြည့် မျက်ဝန်း ကြားမှ ခပ်ဝါးဝါး ရိပ်မိလိုက်ပါသည်။ သက်ပြင်းခပ်လေးလေး ချသံနှင့်အတူ ဘေးနားမှ လွတ်နေသော ကျောက်ခုံလေးပေါ်တွင်



www.burmeseclassic.com

www.burmeseclassic.com



ဝင်ထိုင်လိုက်ပြီး အဝေးကို ခပ်ငေးငေးကြည့်ကာ . . .

"ဖြူလေး ရင်ထဲက ဝမ်းနည်းစရာကောင်းတဲ့ feeli
တွေအပေါ်မှာ ကိုယ်အများကြီး နှစ်သိမ့်ပေးချင်တယ်"

ဒီဝကားလေးတွေနဲ့ ချွေးသိပ်ပေးတဲ့သူဟာ ကို
မဟုတ်ဘဲ ကိုယ့်စိတ်ကူးယဉ်ကမ္ဘာလေးထဲက ချစ်သူရဲ့ ပြော
စကားလေးများ ဖြစ်လိုက်ရင် ဘယ်လောက် ရင်ခုန်စရာ ကော
လိုက်မလဲကွယ်။ ပါးပြင်ပေါ်မှ ဖရိုဖရဲကျဆင်းနေသော မျက်ရ
တွေကို လက်ဖမိုးနှင့် သုတ်လိုက်ပြီး ငိုသံအက်အက်ဖြင့် . . .

"နှင်းစက်အပေါ်မှာ နားလည်ပေးနိုင်တဲ့သူတွေကို
လောကကြီးထဲမှာ ရှာတွေ့လို့ ရပါတယ်ကိုကို။ အဲဒီထဲမှာ ကို
လည်းပါတယ်"

ခပ်နွေးနွေးလေး စိုက်ကြည့်လာသော ကိုကို့ရဲ့ မျက်
စိုစိုတွေကို ရင်မဆိုင်ရဲစွာဖြင့် ခေါင်းကို ငုံ့လိုက်မိပါသည်။

"ဖြူလေးရဲ့ ဘဝကို နွေးထွေးလုံခြုံစေချင်တယ်
အဲဒါ ကိုယ့်ရဲ့ဆန္ဒအမှန်ပါ"

"ယုံပါတယ် ကိုကိုရယ်"

"ဒါဆို ဖြူလေး . . . ကိုယ့်ဘဝထဲကို ဝင်ခဲ့ပါလ
မင်း အမြဲတမ်းမက်နေနေတဲ့ အိပ်မက်ဆိုးတွေ သူ့အလိုလို
တန့်သွားလိမ့်မယ်"

နှင်းစက် ခပ်မဲ့မဲ့လေး ပြုံးလိုက်၏။ ကိုကို့ရဲ့ရင်ခုန်သံ
နဲ့ ပြောလာတဲ့စကားလုံးတွေကို ကျွန်မ ခုထိ ရင်မခုန်သေး
ကိုကိုရယ်။ ဒါဟာ ကျွန်မ ရင်ထဲကို ကိုကိုဝင်ရောက်စိုးမိုး





သေးဘူးဆိုတဲ့ သက်သေ သာဓကတစ်ခုပဲ မဟုတ်လား။

ကိုကိုနှင့် နှင်းစက်ကြားမှာ ခဏတော့ တိတ်ဆိတ်သွား
စမ်းချောင်းကလေးထဲက ရေအလျဉ်က ဟသွင်သွင် စီး
နေသလို ရှင်းသန့်ကြည်လင်နေသော ကိုကို့ရဲ့မျက်နှာတွင်
ကြည်နူးရင်ခုန်ရိပ်တွေက တဖြည်းဖြည်း ထင်ဟပ်လို့
ပါသည်။ လက်အစုံကို အုပ်မိုးဆုပ်ကိုင်လိုက်သော အထိ
တွေ့က ရင်ခုန်ခြင်းအလျဉ်းမရှိစွာဖြင့် ကြည်လင်ရှိန်းမြလို့
၏။

"ကိုယ့်ရဲ့အချစ်တွေနဲ့ မင်းရဲ့ ဖိစီးကျဆင်းနေတဲ့ စိတ်
မှုတွေကို မြှင့်တင်ပေးပါရစေ ဖြူလေးရယ်"

"ဖြူလေး"

"ရှင်"

တိုးသံသဲ့သဲ့ ပြန်ထူးလိုက်သော နှင်းစက်ကိုကြည့်ပြီး
ကိုလည်း အားမလိုအားမရ ဖြစ်လွန်းစွာဖြင့် . . .

"ပြောလေ"

"နှင်းစက်နဲ့ကိုကိုရဲ့ကြားက ပတ်သက်မှုကို အဲဒီလောက်
စဉ်းစားရသေးဘူး ကိုကို"

"စဉ်းစားစရာ လိုသေးလို့လား ဖြူလေးရယ်"

"နှင်းစက်ကို ဖိအားတွေ အရမ်းမပေးပါနဲ့ ကိုကို၊ ဒီကိစ္စ
နှင်းစက်ရဲ့ တစ်ဘဝလုံးနဲ့သက်ဆိုင်တဲ့ ကိစ္စမို့ပါ၊ နှင်းစက်
အချိန်တော့ နည်းနည်းပေးပါ"

"အင်းလေ . . . ဖြူလေးပြောတာလည်း သဘာဝကျပါ



www.burmeseclassic.com

www.burmeseclassic.com

တယ်၊ ခေတ်ရိုးပဲ... ဖြူလေးကို သိပ်ချစ်လွန်းလို့ ကိုကို ဒေ
ဘကြီးသွားမိတယ်"

❦ ❦ ❦





အခန်း ( ၁၀ )

"မာဓိ"

သတိုးဆွေဇင်ရဲ့ ချွဲချွဲပျစ်ပျစ်ခေါ်သံကြောင့် ခေါ်ထူးထူးမြိုင် အကြွေးစာရင်းတွေတွက်ရင်း စိတ်ရှုပ်ထွေးစွာဖြင့် သမီးဖြစ်သူကို လှမ်းကြည့်လိုက်ရင်းမှ ...

"ဘာလဲ ဆွေဇင်ရယ်"

"ခုလာမယ့် ဆန်းဒေးမှာ သူငယ်ချင်းတွေကို ပါတီပေးချင်တယ်"

"ဘာအတွက်လဲ သမီး ... မွေးနေ့လည်း မဟုတ်၊ နေထူးနေ့မြတ်လည်း မဟုတ်ဘဲနဲ့ ဘယ်လိုဇာတ်လမ်းတွေ ထွင်ဦးမလို့လဲ"

"ပါတီပွဲလေးလုပ်ရင်း မမဟောသာနဲ့ မင်းသားလေးကို မိတ်ဆိုင်းချင်လို့"

ဒေါ်ထူးထူးမြိုင် သမီးငယ်ကို အံ့ဩစွာကြည့်ရင်း ...

"သမီးလည်း ဟောသာ့လိုင်း ဝင်သွားပြီလား"



www.burmeseclassic.com

www.burmeseclassic.com



"လိုင်းချင်းတူပေမယ့် ခံစားချက်ချင်း မတူဘူး။ ကျူးနဲ့တွေ့မှ သမီးရဲ့ heart ကို အမှန်အကန် ထိသွားတာ၊ သိပ်များများ မလိုပါဘူး မာမီရယ် ငါးသိန်းထဲပါ။ ဘယ်ဟိုတယ်မှာမှလည်း မလုပ်ဘူး။ ခြံထဲမှာပဲ လုပ်မယ်"

"ကျူပ်မှာ ဘိုင်ပြတ်နေတယ်၊ ကုမ္ပဏီကိုတောင် ဦးသော်ဇင်ရဲ့လက်ထဲ ဝကွက်ထိုးအပ်ရတော့မလို ဖြစ်နေပြီ၊ ဒါတွေ ညည်းတို့သိရဲ့လား"

သတိုးဆွေဇင်တို့ ဒါတွေ နားမလည်။

"မာမီကလည်းကွာ ... သမီးတောင်းတဲ့ငွေလေးက မာမီ ဖဲဝိုင်းမှာရှုံးသလောက်တောင် မရှိပါဘူး"

"ဟဲ့ ... ဖဲဝိုင်းမှာ ရှုံးပေမယ့် ဂျင်ဝိုင်းကျရင် ရှုံးတဲ့ငွေက ပြန်ပေါ်တတ်တယ်လေ၊ ဟိုနေ့က ကက်သရင်းတို့နဲ့ချည်တဲ့ပွဲမှာ မာမီ ဆယ်ပုံးလောက်နိုင်သွားတယ်လေ"

ဟု သမီးလုပ်သူကို မျက်နှာလေး ခပ်မော့မော့လေးဖြင့် အနိုင်မခံ အရှုံးမပေးပြောဏ်။

"အဟတ် ... ဟား ဟား ဟား"

ဆွေဇင်က ခပ်လျောင်လျောင်လေး ရယ်လိုက်ပြီး ...

"သားအမိအချင်းချင်း ကပ်တင်မနေပါနဲ့ မာမီရာ၊ မနေ့က အန်တီဘေဘီတို့ဝိုင်းမှာ မာမီ သိန်းနှစ်ဆယ်လောက် လျှော့သွားတာကျတော့ရော၊ အိမ်ပြန်လာတော့ နားက စိန်နားကပ်တောင် ပြန်ပါမလာတော့ဘဲနဲ့များ"

"ဟဲ့ ... အဲဒါက ညည်းအပူလား။ မာမီ ဖဲဝိုင်းထိုင်,





ဂျင်ဆော့တယ်ဆိုတာ နိုင်လည်း ဒီသမီးလေးနှစ်ယောက်အတွက်ပဲ၊ ရှုံးတော့လည်း ကံပေါ့၊ ဟင်း ... မပြောလိုက်ချင်ပါဘူး။ ဒီလောက် ရှည်းစားတွေ မှိုလိုပွထအောင်ထားနေရင်းနဲ့တောင် မိုးသားကျူးရင့်ဆိုတဲ့ကောင်လေးကို လှမ်းပြီး ချိတ်ချင်သေးတယ်"

"အဟင်း ... အဲဒါလေးက လန်းလို့ပါ မာမီရယ်၊ သမီးသာ မင်းသားလေးရဲ့အချစ်ကို ရကြည့် ... ခု တွဲနေတဲ့ လူတွေကို မြောင်းထဲအကုန်ပို့ပစ်မှာ၊ အဟီး ... မင်းသားလေးနဲ့ပဲ သက်ဆုံးတိုင် ချစ်ပွဲဝင်စေသတည်းပေါ့"

သူ့အထာနဲ့ သူနဲ့ကတော့ ဟုတ်နေပြီဖြစ်သော သမီးငယ်ကိုကြည့်ပြီး စိတ်ပျက်လွန်းစွာ ခေါင်းကို တွင်တွင်ခါလိုက်မိသည်။ တကာယ့်ကို မလွယ်တဲ့ သမီးဆိုး။

"မာမီ ပြောလေ ... ပေးမှာလားလို့"

ချွဲပျစ်ချိုအီလွန်းသော စကားသံ ခပ်လွင်လွင်လေးဖြင့် မိခင်ရဲ့ခါးကို နောက်မှ အသာသိမ်းပြီး ဖက်လိုက်ကာ လိုချင်တာကို မရမချင်း ပူဆာတော့မည့်ဟန်က သူမဆီမှာ အပြည့်။

ဒီကလေးမလေးတော့ ခက်ရချည်ရဲ့။ ကိုယ်ရင်ဆိုင်နေရတဲ့ အခက်အခဲကို သူမလေး နားဝင်အောင် ဘယ်လိုပြောရမှါမလဲ။

"အငယ်မရယ် ... ပြောရကျပ်လိုက်တာ၊ အခု မာမီ့မှာ အကျပ်အတည်း တွေ့နေတယ်ကွယ်၊ ငွေအကျပ်အတည်း ဖြစ်လွန်းလို့ ဦးသော်ဇင်ဆီက ယူသုံးယူသုံးနဲ့ မာမီ့ရှယ်ယာတွေ ခပ်ပါးပါးပဲ ကျန်တော့တယ်ကွယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟင့်အင်းကွာ ... အဲဒါတွေ အိုင် လုံးဝမသိ
သိလည်း မသိချင်ဘူး။ စိတ်ရှုပ်တယ်၊ သမီးပျော်ချင်လို့ပါ
ရယ်"

ကလေးတစ်ယောက်လို မပေးမချင်း အနားက
တတွတ်တွတ်ပူဆာနေသော သမီးငယ်ကိုကြည့်ပြီး ရင်မောသ
ရ၏။ သူ ဘာယ်လိုကြိုပေးရမလဲ။ သမီးလေးက အပျော် အ
မက်တဲ့ကလေး။ ငယ်ငယ်ကတည်းက အလိုလိုက်ထားခ
ဆိုးချင်တိုင်း ဆိုးနေတာ။

"နေဦး သမီးရယ် ... မာမီ ကြံပါဦးမယ်ကွယ်"

"ဘာကြံစရာရှိလဲ မာမီရာ၊ မနက်ဖြန်ဆိုရင်ပဲ ရှေ
ကြီး ဝိုက်ခံသာပေးတော့မှာပဲဟာ"

သားအမိတွေ အကြံတူနေ၍ ဒေါ်ထူးထူးမြိုင် မြိုးလို
၏။ သူလည်း ဦးကျော်မင်းခေါင်လာပေးမယ့် နှင်းစက်ရဲ့ တော
ပွဲကြေးငွေကိုစောင့်နေတာ ဘောဘိတို့ကို ဖဲကြွေး ၅ သိန်းကျန်
ဒီတစ်ပတ်အတွင်း ဆပ်ရမှာ။ မဆပ်ရင် ကိုယ်က သိက္ခာကျမ
လေး။ ကိုယ့်အိမ်မှာ အကျပ်အတည်းဖြစ်နေတာကို ကိုယ့်
အသိုင်းအဝိုင်း သိလို့မဖြစ်။ အတွင်းပစ္စည်းတွေလည်း တဖြု
ဖြုတ်နဲ့ ကုန်နေပြီ။

တချို့ လက်ဝတ်ရတနာတွေဆိုရင် အတုတွေ။ ဒါ
မိမိကလွဲ၍ သမီးနှစ်ယောက်ပင်မသိ။ ဟောသည်ဘက်က ဝင်ငွေ
တာလည်း သူ့ဟာသူပင် သုံးလို့မလောက်၊ ဝယ်လို့မလောက်
ခါတရံ မအေလုပ်သူကတောင် သူ့ကိုပြန်ပြီး ပံ့ပိုးနေရသေးတာ





"မာမီ"

အနားသို့ နှင်းစက်လျှောက်လာပြီး ခေါ်လိုက်ခြင်း ဖြစ်
သည်။ ခေါ်သံကြောင့် မျက်လုံးမော့ကြည့်ကာ "ဘာလဲ" ဆိုသော
အမူအရာနှင့် မေးဆတ်ပြလိုက်သည်။

"နှင်းစက်ကို ငွေတစ်သိန်းလောက်ပေးပါ မာမီ"

နှင်းစက်ဆီမှ ငွေတစ်သိန်းပေးပါဆိုသော စကားကြောင့်
ဒေါ်ထူးထူးမြိုင် ထပ်မံ၍ စိတ်ရှုပ်ရပြန်ပါသည်။

"အောင်မယ်လေး ... ငွေတစ်သိန်း ... ဟုတ်လား။
များလိုက်တာ ... ဘာလုပ်မလို့လဲ"

"ဘွားငြိမ်း နေမကောင်းဖြစ်နေလို့ ဆေးခန်းပြချင်လို့ပါ၊
ပြီးတော့ နှင်းစက် တခြားလုပ်စရာကိစ္စလေးတွေ ရှိလို့ပါ"

"ခက်တယ် နှင်းစက်ရယ်၊ မရှိတာထက် မသိတာက
ခက်တယ်ကွယ်၊ ခုချိန်မှာ ငါဘယ်လိုပေးနိုင်မလဲ"

"ဒေါ်ငြိမ်းကို အိမ်မှာရှိတဲ့ ဆေးလေးကိုပဲ ရှာကြံတိုက်
လိုက်ပါလား။ ခုတလော အိမ်မှာ ငွေယိုပေါက်တွေ အရမ်းများ
နေတယ်ကွယ်"

နှင်းစက်အတွက် ဘယ်နှခါများ ငွေယိုပေါက်တွေ ရှိဖူး
လို့လဲ။ နှင်းစက်ကလည်း မာနရှိပါတယ်။ တော်ရုံတန်ရုံအကြောင်း
ကိစ္စလောက်နဲ့တော့ သူတို့ဆီမှာ ဘယ်တော့မှ လက်မဖြန့်ဘူး။
ခုဟာက ဘွားငြိမ်းအတွက် ဆေးခန်းပြမှာမို့လို့ပါ။ ပြီးတော့
ဒယ်ဒီ့အတွက်လည်း ရည်စူးအလှူလေးတစ်ခုလောက် လုပ်ချင်
လို့။



www.burmeseclassic.com

www.burmeseclassic.com



"နှင်းစက်မှာ တခြား ဘာလိုအပ်တာ ရှိသေးလို
အဝတ်အစားလား၊ မိတ်ကပ်လား၊ နှုတ်ခမ်းနီလား။ အဲဒါဆို
တော့ ဘာမှမပူနဲ့၊ ပေးသာတို့၊ ဆွေဇင်တို့ဆီက တောင်း
မယ်" ဆွေဇင့်ဘက်လှည့်ပြီး ...

"ကဲ ဆွေဇင်... ကြားတယ်နော်၊ သမီးမသုံးတဲ့ အ
ပြင်ပစ္စည်းတွေ နှင်းစက်ကို ပေးလိုက်ပါကွယ်"

"ပေးပါတယ် မာမီရဲ့... အမြတ်မ်းလည်း ပေး
ဟာကို"

သူတို့သားအမိ ပြောနေသော အကြောင်းအရာ
ကြောင့် စိတ်ပျက်လွန်းစွာဖြင့် ကြည့်ရင်း ...

"မဟုတ်ဘူး မာမီထူး... နှင်းစက် အဲဒါတွေမလို
အဲဒီပစ္စည်းတွေ ဝယ်ဖို့အတွက် မာမီထူးဆီက ငွေတောင်းနေ
မဟုတ်ဘူး"

"ဒါဆို ညည်းကဘာလုပ်မလို့လဲ၊ ဒေါ်ငြိမ်းကို ဆေး
ပြတာ ငွေတစ်သိန်း မကုန်ပါဘူးအေ"

"မနက်ဖြန်ကျရင် ဘုရားမှာ ဒယ်ဒီ့အတွက် ရေ
အလှူလေးတစ်ခုလောက် လုပ်ချင်လို့ပါ"

ဒေါ်ထူးထူးမြိုင် မျက်နှာလေး မသိမသာ မဲ့သွား
ဒါကိုများ ရေးကြီးခွင်ကျယ် လုပ်ပြီး တစ်သိန်းတောင် တော
စရာလားပေါ့။ ပြီးမှ ...

"ဒါများ နှင်းစက်ရယ်... ရည်စူးအလှူလေးလုပ်
ဘုရားမှာ ငွေသွားလှူမှ မဟုတ်ပါဘူး ... ကိုယ့်အိမ်မှာလ



လေးဘာလေးချက်ပြီး ရည်စူးအလှူလေးလုပ်လိုက်ရတာပဲ"

နှင်းစက် ဆက်ပြီး မပြောချင်တော့ပါ။ စောစောက
သားအမိတွေပြောနေတာကို နှင်းစက် ကြားပြီးသားပါ။

နှင်းစက်တောင်းသောငွေက သူတို့သားအမိ ဖြုန်းနေ
သိန်းပေါင်းများစွာထဲက အစွန်းအထွက်တောင် မရှိပါဘူး။

ဘဘဦးကျော်မင်းခေါင်က မနက်ဖြန်ဆို သူ့မအတွက်
ရိုတ် လာပေးမယ်ဆိုတာသိလို့ သူတို့ လက်ဝါးကြီးမအုပ်
င်းစက်က ကြိုပြီး သတိပေးတောင်းခံထားတဲ့ သဘောပါ။

နာကြည်းလွန်းသဖြင့် မဲ့ပြုံးတစ်ချက် ပြုံးလိုက်ပါသည်။
ပြုံးနဲ့အတူ ခါးသီးတဲ့ မျက်ရည်တစ်စက်က ကိုယ့်ပါးပေါ်
ကျမလာခင် သူတို့သားအမိအရှေ့မှ လှည့်ထွက်ခဲ့မိပါသည်။

နှင်းစက်ရင်ထဲ သွေးလှည့်ပတ် စီးဆင်းမှုတွေ မြန်ဆန်
လာသည်နှင့်အတူ တော်တော် တစ်ကိုယ်ကောင်းဆန်
သော မိန်းမတွေဟု လောကကြီးကြားအောင် အော်ဟစ်
ကွဲလိုက်ချင်ပါသည်။ ဘယ်လောက်ရက်စက်ရိုင်းစိုင်းလိုက်
ဖြစ်အပျက်လဲ။ ကိုယ်ချင်းစာတရား၊ ညာတာထောက်ထား
ဘူးဖူးတရား သိတတ်မှု တရားမျှတမှု ဒါတွေအားလုံးဟာ
သီမှာ လုံးဝရှိမနေ။

သူတို့ဘဝကို စိတ်ဆိုးစိတ်ညစ်တွေနဲ့ ရှင်သန်နေကြ
ဆိုတာ သူတို့ကိုယ်သူတို့တောင် သိပါရဲ့လားမသိ။



www.burmeseclassic.com

www.burmeseclassic.com



အခန်း ( ၁၁ )

"သခင်လေး... ဒါ မေမေကြီးကြည့်ခိုင်းထားတဲ့ ပုံတွေပါ"

ကျူးရင့်က ဂစ်တာကြိုးညှိနေရာမှ ကိုဇေ့ကို ဘာလဲဆိုသောအကြည့်ဖြင့် မေးဆတ်ပြကာ...

"ဘာပုံတွေလဲ"

"သခင်လေး အကာပညာရှင်များ တွေ့ဆုံပွဲကို သွားတုန်းက မေမေကြီး စိတ်ကြိုက် ရွေးထားတဲ့ သူ့ရဲ့ချွေးမလောင်းပုံတွေပါ"

ဂစ်တာကို ဘေးကို အသာချလိုက်ပြီး စိတ်ပျက်စွာဖြင့် ခေါင်းကို ခါယမ်းကာ...

"ကျွတ်... မေမေတို့ကတော့ ကိုယ့်သားကို အပူတွေပေးနေပြန်ပါပြီကွာ၊ ငါ စိတ်မဝင်စားဘူးလို့ ပြောလိုက်"

"ကြည့်လိုက်ပါ သခင်လေးရယ်"

"မကြည့်ဘူးဆို မကြည့်ဘူး၊ သွား... မင်းရဲ့ပုံတွေ





ပြန်ယူသွား"

မင်းပုံတွေဆိုရှဲ ကိုဇေ့မျက်နှာ ပြုံးဖြီးဖြီးလေးဖြစ်သွားတာ....

"အဟဲ... သခင်လေးပြောသလို ကျွန်တော့်ပုံလေးတွေဆိုရင်တော့ ရင်ခုန်စရာပေါ့ သခင်လေးရာ၊ ဒါပေမဲ့ အဲဒီရင်ခုန်စရာလေးတွေက ကျွန်တော်နဲ့ မသိုက်တန်ပါဘူး၊ သခင်လေးနဲ့ပဲ သိုက်တန်တာပါ... ကြည့်လိုက်ပါနော်"

"မကြည့်ဘူးလို့ ပြောပြီးပြီနော်၊ ထပ်ကြည့်ခိုင်းရင် ငါက သူ့ပြီး ဆွဲဖြဲပစ်လိုက်မှာ"

"အဲ အဲ ဒီလိုတော့ မလုပ်လိုက်ပါနဲ့ သခင်လေးရယ်၊ ဓာတ်ပုံတွေကိုသာ သခင်လေးမကြည့်ဘူးဆိုရင်လေ၊ ကျွန်တော့်ကို မေမေကြီးက နင် ဒီလောက်တောင် အသုံးမကျရကောင်းလားဆိုပြီးတော့လေ ဖြင်းဖြင်းထန်ထန်ကို အပြစ်ပေးမှာ မို့လို့ပါ သခင်လေးရယ်"

တောင်းတောင်းပန်ပန်ဖြင့် အသနားခံနေရှာသော ကိုဇေ့ကို ကြည့်ပြီး ကျူးရင့် သဘောကျစွာဖြင့်...

"ဟား ဟား ဟား ဟား... အေး... ကောင်းပြီနော်၊ မေမေရဲ့ သူ့စိတ်ကြိုက် ရွေးထားတဲ့ပုံတွေကို ကြည့်ပေးမယ်၊ ပြီးရင် ငါ သူတို့ကို ပျစ်ပျစ် နှစ်နှစ် ဝေဖန်မယ်၊ ရစရာမရှိအောင် ဝေဖန်မယ်၊ ပိုးစိုးပက်စက် ဝေဖန်မယ်၊ အေး... ငါ့ရဲ့ဝေဖန်ချက်တွေကို မေမေ့ဆီကို တစ်လုံးမကျန် ပြန်ပြီးသတင်းပို့ပေးရမယ်... ဘယ်လိုလဲ"



www.burmeseclassic.com

www.burmeseclassic.com

"အဲဒါကောင်းတယ်၊ သခင်လေးရဲ့သဘောအတိုင်း ဖြစ်စေရပါမယ်"

"ကဲ ပေး … ဒါဆို ငါကြည့်မယ်"

ကိုဇေ့ဆီက ပုံအစိတ်ခန့်ရှိသော ဓာတ်ပုံအယ်လဘမ်ကို ယူလိုက်ပြီး တစ်ပုံချင်း သေသေချာချာကြည့်ကာ …

"ဟင်း … သွားကလည်း ခေါလိုက်တာကွာ၊ အုန်းသီးခြစ်သည် ညှစ်သည်ဆိုတဲ့ဆိုင်းဘုတ် လည်ပင်းမှာ ဆွဲထားလို့တောင် ရတယ်"

"သူက ဟိုတယ်ပိုင်ရှင်ရဲ့သမီးတဲ့၊ နိုင်ငံခြားမှာ ကျောင်းသွားတက်ပြီး ပြန်လာတာတဲ့"

"သူ့ဟာသူ နိုင်ငံခြားမှာကျောင်းတက်ရုံမကလို့ တာဝတိံသာမှာပဲ ကျောင်းသွားတက်တက် … ဒီလို ခေါပုံမျိုးကြီးနဲ့တော့ ဖူးစာမဆုံချင်ပါဘူးကွာ"

"သခင်လေးကလည်း မိုးရွာရင် ထီးမလိုဘူးပေါ့၊ သူ ခေါနေတဲ့ သွားလေးက သခင်လေးကို မိုးခိုခွင့်ပေးမှာပါ"

"ထို့ … အာပုပ်စော်နံမှာပေါ့ကွာ"

နောက်တစ်ပုံ ဆက်ကြည့်တော့ မျက်နှာက ပို၍ ရှုံ့မဲ့သွား၏။

"ဟင်း … ဒီပုံကရော ဘာထူးလို့လဲ၊ မျက်လုံးက တစ်ဖက်ကျဉ်း တစ်ဖက်ကျယ်နဲ့ ပါးစပ်ကလည်း ပြဲလိုက်တာ၊ စကားပြောရင် ခုနစ်အိမ်ကြား ရှစ်အိမ်ကြား အော်ကြီးဟစ်ကျယ်ပြောမယ့် ပုံမျိုး"





"ဒီပုံလေးရော သခင်လေး၊ သူလေးကတော့ မဆိုးပါဘူး … မော်ဒယ်လုပ်လို့ရတယ်"

ကိုဇေ လက်ညှိုးထောက်ပြတဲ့ ပုံကို လှမ်းကြည့်လိုက်တော့ ပို၍ ရယ်ချင်သွားရ၏။

"ဟင်း … ပိန်လိုက်တာကွာ၊ နာဂစ်တုန်းက လေထဲ လွင့်မသွားဘဲ ကျန်ခဲ့တာ တော်တော်အံ့ဩဖို့ ကောင်းတယ်"

"တိုင်မှာ ကြိုးနဲ့ချည်ထားလို့ မလွင့်တာနေမှာပေါ့"

"အေး … ဖြစ်နိုင်တယ်"

"ဟား သခင်လေး … ဒီပုံကတော့ သခင်လေး ပြင်လို့ ထိုးဝမရတော့ဘူး၊ တကယ့်ဂွတ်ရှယ်ပဲ၊ ကြည့်စမ်း … ဘယ်လောက် ကျက်သရေရှိလိုက်သလဲ"

"အင်း … ဆိုးတော့မဆိုးပါဘူး၊ မျက်နှာလေးရော ခန္ဓာကိုယ်အချိုးအဆစ်လေးရော အပြစ်ပြောစရာတော့ မရှိပါဘူး ဒါပေမဲ့"

အပြစ်ရှာရန်အတွက် ဓာတ်ပုံကို ပြုံးပြုံးကြည့်နေသော ကျွန်းရှင့်ရဲ့ပုံစံကို ကြည့်ပြီး ကိုဇေ ခေါင်းတွေ တဖျင်းဖျင်း ကုတ်နေလေပြီ။

"ဒီမှာကြည့်စမ်း"

ဟုဆိုပြီး ထိုမိန်းကလေးရဲ့ ချိုင်းနေရာကို လက်ညှိုးထိုးပြပြီး …

"ချွေးတော်တော် သန်မယ့်ပုံပဲကွ၊ ငါက ချိုင်းပုပ်စော်နံတဲ့ အနံ့ကြီးကို အရွံဆုံးပဲကွ"



www.burmeseclassic.com

www.burmeseclassic.com



ကိုဇေသည် ထိုအမျိုးသမီးဝတ်ထားသော မြန်မာအင် လက်ရှည်ဖြင့် ချိုင်းနေရာမှာ သိသိသာသာကြီး ဖွေးထွက် ကွက်နေသော ဖွေးကွက်ကြီးကို ကြည့်ပြီး အော်ဂလီဆန်ပုံပြ

"ဝေါ့" ဟု လုပ်ပြ၏။

"သခင်လေးပြောတာနဲ့ ကျွန်တော်တောင် မိန်းမတွေ တော်တော် စိတ်ပျက်ချင်လာပြီ၊ မေမေကြီးကတော့ သခင်လေ ရဲ့ ဝေဖန်ချက်တွေကို ရင်ဘတ် အိုးစည်တီးဖြစ်တော့မှာပဲ"

"မတတ်နိုင်ဘူး ကိုဇေရာ၊ ကိုယ့်တစ်ဘဝလုံးနဲ့ ယ သက်နေတဲ့ ကိစ္စကြီးကို ဒီလို လက်လွှတ်စပယ် ဆုံးဖြတ် မရဘူးလေ၊ ငါက အဲဒီလို ဂုဏ်ပကာသနတွေနဲ့ ဝိုင်းနေ မိန်းကလေးမျိုးကို စိတ်မဝင်စားဘူး"

"မိန်းမတစ်ယောက်ကို ငါရင်ခုန်မိပြီဆိုရင် အဲဒီ မိ ကလေးဟာ ဘယ်လောက် ဆင်းရဲနွမ်းပါးနေပါစေ၊ သူဟာ ငါ့ ဖူးစာရှင်ပဲ"

"ငါ natural lady မျိုးကိုပဲ သဘောကျတယ်၊ အခ် တန်ရင် ငါ့ရဲ့ဖူးစာရှင်က သူ့အလိုလို ငါ့အနားရောက်လာမှာ ကိုဇေရာ"

"မေမေကြီးက ဒီပုံတွေထဲက တစ်ယောက်ယောက် အတင်းစီစဉ်ရင်ကော"

"နိုးပဲပေါ့"

"မေမေက သူ ရွေးမ,လိုချင်တိုင်း ငါ့ကို အတင်းအကျ မိန်းမပေးစားဖို့ပဲ စီစဉ်နေတာ"





"ဒါပေမဲ့ သခင်လေးရာ... မေမေကြီးဘက်က ကြည့် တော့လည်း မှန်တာပဲလေ၊ သခင်လေးအရွယ်က အိမ်ထောင်ပြု အချိန်တန်နေပြီ"

ကိုဇေက တစ်ခုခုကို စဉ်းစားမိပုံဖြင့်...

"သခင်လေး ကျွန်တော် တစ်ခု စဉ်းစားမိတယ်"

"ဘာလဲ"

"သခင်လေးမွေးနေ့မှာ ဖူးစာရှင်အစစ်နဲ့ တွေ့နိုင်တာ လေ၊ အဲဒီမှာ သခင်လေးနဲ့ သင့်တော်မယ့်သူကို ရွေးပါလား"

"သခင်လေးနဲ့ တွဲကနိုင်မယ့် Lady က သခင်လေးရဲ့ စာရှင် မိန်းကလေး ဖြစ်နိုင်တာပဲ၊ ပြီးတော့ မွေးနေ့ပွဲကိုလာတဲ့ ည့်ပရိသတ်တွေကို လွတ်လွတ်လပ်လပ် ပျော်လို့ရအောင် က်နှာဖုံးလေးတွေ တပ်ခိုင်းလိုက်မယ်လေ၊ အဲဒါဆို ဘယ်သူ ယ်ပါမှန်း မသိကြတော့ဘူး"

ကျူးရင့်တစ်ယောက် ကိုဇေ့အစီအစဉ်ကို အနည်းငယ် တော့ စိတ်ဝင်စားစပြုလာပြီ။

"ဒီထက်ထူးခြားတဲ့ အစီအစဉ်တစ်ခုက"

ကိုဇေသည် ပြောလက်စ စကားကိုရပ်ပြီး ကျူးရင့်ဘက် ို မသိမသာ မျက်လုံးဝေ့ကြည့်လိုက်ပြီး ဆရာကြီးတစ်ယောက် နဲ့ တွေးတောကြံဆနေပုံ ဟန်အပြည့်ဖြင့် စတိုင်လုပ်နေ၏။

ဒါကိုကြည့်ပြီး ကျူးရင့် အားမလို အားမရ ဖြစ်မိ၏။

"ဒီထက်ထူးခြားတဲ့ အစီအစဉ်ဆိုတာ ဘာလဲ"

"ပန်းကြပွဲလေး လုပ်လိုက်မယ်ဆိုရင်ရော"



www.burmeseclassic.com

www.burmeseclassic.com



"ပန်းကြဲရမယ် ... ဟုတ်လား၊ ဟာ ... ဒီ အခြေ ဖြစ်သွားမှာပေါ့၊ အဲဒီအစီအစဉ်က နွဲ့ပါတယ်ကွာ၊ အဓိပ္ပာယ် ပန်းကြဲပွဲ လုပ်ရမယ်လို့၊ ဘယ်လောက် အူကြောင်ကြောင် လိုက်မလဲလို့"

"သခင်လေးကလည်း ကျွန်တော့်စကားကို ဆုံးအေ နားထောင်ပါဦးလား"

"အင်း ... ပြောပါဦး၊ ပေါက်ကရအစီအစဉ်တွေဆို တော့ ငါ လုံးဝ လက်မခံဘူးနော်"

"စိတ်ချ ... အဲဒီအစီအစဉ်ကို သခင်လေး လုံးဝ နှ သွားစေရမယ်"

"ဒီလို သခင်လေးရာ ... သခင်လေးရဲ့ပွဲကိုလာ ပရိသတ်တွေထဲက အပျိုစင်တွေဟာ သခင်လေးရဲ့ ပန်းကြဲ အစီအစဉ်မှာ ပါဝင်ဆင်နွှဲခွင့်ရှိရမယ်၊ ပြီးရင် နှင်းဆီအနီ ယောင့်လေးရှော့ကိုးဆယ့်ကိုးပွင့်နဲ့ နှင်းဆီအဖြူတစ်ပွင့်ကို သခ လေး ကိုယ်တိုင် အဲဒီအပျိုစင်လေးတွေအပေါ်ကို ကြဲရမယ် နှင်းဆီအဖြူတစ်ပွင့်ကို လက်ဝယ်ရရှိတဲ့ အမျိုးသမီးဟာ သခ လေးနဲ့ တွဲကနိုင်ရမယ်၊ သခင်လေး ရင်ခုန်ရမယ်၊ ပြီးရင် သူ့ Face ကို ဖြုတ်လိုက်လို့ အဲဒီမိန်းကလေးဟာ အရမ်းကို ရေ မောနေတယ်ဆိုရင်တော့ သေချာပြီသခင်လေး ... အဲဒါဟ သခင်လေးရဲ့ ဖူးစာရှင်ပဲ"

"ဒါပေမဲ့ အဲဒီအစီအစဉ်ဟာ ဖူးစာရှင်ရွေးပွဲဆိုတာ တော့ သခင်လေးရဲ့ Top Secret အနေနဲ့ ထိန်းသိမ်းထားရမယ်"





"အင်း ... မင်းပြောသလို အဲဒီမိန်းကလေးက ငါနဲ့ တွဲကနိုင်ပါပြီတဲ့ ... ငါ ရင်မခုန်ခဲ့ရင်ရော၊ ဒါမှမဟုတ် တွဲလည်း ကနိုင်ဘူး၊ ရုပ်ကလည်း မချောဘူး၊ ငါလည်း ရင်မခုန်ဘူးဆို ရင်ရော"

"ဒါမျိုး သခင်လေးရာ အဲဒီမိန်းကလေးဟာ သခင် လေးရဲ့ ဖူးစာရှင် မဟုတ်လို့ပေါ့၊ အဲခါကျတော့လည်း ဒီအစီ အစဉ်က သူ့အလိုလို ပျက်သွားမှာပဲလေ"

"ဒီအစီအစဉ်ကို မေမေကြီးလည်း သဘောကျမှာပါ"

"အဲဒီ ကံထူးရှင် Lady လေးက ရုပ်ကလည်း နတ်သမီး ဆိုလှ, သခင်လေးကလည်း ရင်ခုန်တယ်၊ ပြီးတော့ သခင်လေးနဲ့ လည်း Dance ကနိုင်တဲ့ အရည်အချင်းနဲ့လည်း ပြည့်စုံတယ်ဆိုရင် အဲဒီမိန်းကလေးကို သခင်လေးရဲ့ ဖူးစာရှင်လေးအဖြစ် မျက်စိမှိတ် ပြီးတော့သာ ရွေးချယ်လိုက်၊ သခင်လေးရဲ့ ငြိမ်သက်နေတဲ့ နှလုံးသားတွေ အရမ်းကို လန်းသွားလိမ့်မယ် ... ၊ တကယ်လို့ အဲဒီ နှင်းဆီအဖြူကိုရတဲ့မိန်းကလေးဟာ ချမှတ်ထားတဲ့ စည်းမျဉ်း စည်းကမ်းနဲ့ မကိုက်ညီဘူးဆိုရင်လည်း ထိုက်တန်တဲ့လက်ဆောင် တစ်ခုခုပေးပြီး ရှော်ပစ်လိုက်လို့ ရတာပဲ ... မဟုတ်ဘူးလား"

ဒီတစ်ခါတော့ ကိုဇေရဲ့ idea ကို သဘောကျသလိုလို ရှိသား။ ဒါဟာ ကံကြမ္မာက သူ့အလိုလို ရွေးချယ်ပေးတဲ့ ဖူးစာရှင်လေးပေါ့။ တွေးရင်းနှင့်ပင် အာရုံအသိမှာ မျက်ဝန်းလေး တစ်စုံ လက်ခနဲဆို ပေါ်လာပြီး ဖျတ်ခနဲ ပြန်ပျောက်သွား မျက်ဝန်းတစ်စုံနဲ့ ဖြားယောင်းခဲ့သူလေး။ အဲဒီမျက်ဝန်း



www.burmeseclassic.com

www.burmeseclassic.com



တစ်စုံကို မကြာမကြာ ပြန်မြင်ယောင်နေမိတာ ထူးတော့ ထူးဆန်းသလိုပင်။ ဒီလို feeling မျိုး တစ်ခါမှ ရင်မှာ မဖြစ်ပေါ်ဖူးပါ။ ထို့နောက်မှာတော့ . . .

ထိုအစီအစဉ်လေးကို မေမေ့ကို တင်ပြသောအခါ မေမေက သိပ်ပြီး ကြိုက်ပုံမပေါ်သော်လည်း သားဖြစ်သူရဲ့ Romatic ဆန်သော အစီအစဉ်လေးကို မကန့်ကွက်ရက်ပါ။ ဒါဟာ သားလေးရဲ့ နှလုံးသားစစ်ခန်းလေးတစ်ခုပေါ့။ သို့သော် ချွင်းချက် အနေနဲ့ . . .

"ဘယ်လောက်ပဲ ချောချော၊ ဘယ်လောက်ပဲ အတတ်ပညာရှင်ဖြစ်ဖြစ် မျိုးရိုးမကောင်း၊ ဂုဏ်သိက္ခာနိမ့်တဲ့ မိန်းကလေးဆိုရင်တော့ မေမေ ဘယ်နည်းနဲ့မှ လက်မခံနိုင်ဘူးနော်သား"

ဒါဟာ ဒေါ်စစ်ငြိမ်းနွယ်ရဲ့ သားတစ်ယောက်အတွက် အနိုင်မာဆုံး ချမှတ်ထားတဲ့ စည်းမျဉ်းတစ်ခု။ မိခင်ရဲ့စကားကြောင့် ကျူးရင့် ပြုံးလိုက်သည်။ မရေရာ မသေချာသော ချွေးမ,လောင်းရွေးပွဲအတွက် ပျာများနေရှာသော မေမေ့အဖြစ်။

"အင်းပါ မေမေရာ၊ သား စိစဉ်သလို သားသဘောကျတဲ့ မိန်းကလေးက ပေါ်လာဦးမှကိုး"

"သား အခုလို ဒီအစီအစဉ်ကို ရွေးလိုက်တာ အနုပညာလောကမှာ ရပ်တည်နေတဲ့ မိုးသားကျူးရင့်ရဲ့ ဂုဏ်သိက္ခာအတွက်ပါ"

"သားစိတ်တိုင်းကျတဲ့ မိန်းကလေး၊ ပြီးတော့ သားရင်ကို လှုပ်ခတ်နိုင်တဲ့မိန်းကလေးဖြစ်မှသာ မီဒီယာတွေကို ဖူးစာရှင်





ရွေးပွဲဖြစ်ကြောင်း အတိအလင်းပြောမှာပါ။ ဒီဖူးစာရှင် ရွေးပွဲဟာ မြန်မာပြည်မှာ သားက ပထမဆုံး ဖန်တီးလိုက်တာပဲ ဖြစ်ချင်တယ် မေမေ"

"အင်းလေ . . . သားတို့ခေတ်ရေစီးကြောင်းနဲ့ သားတို့ဖန်တီးကြတာဆိုတော့လည်း မေမေ မကန့်ကွက်ပါဘူး။ အဓိကတာ သမီးကြီးလို မေမေ့ရင်ခွင်ကနေ ခွဲထွက်မသွားဖို့ဘဲ ဆိုတော့ အသိနှစ်နေလို့ တစ်ခါတောင် တွေ့ဖို့ခက်နေရတာ . . . ၊

နိုင်ငံခြားက မြန်မာစီးပွားရေးလုပ်ငန်းရှင်တစ်ယောက်နဲ့ ချစ်ကြိုက်ပြီး သျှောင်နောက်ဆံထုံးပါဆိုသလို လိုက်သွားလိုက်တာ ခုချိန်ထိ မြန်မာပြည်ကို တစ်နှစ်တစ်ခေါက်တောင် ပုံမှန်ပြန်ဖြစ်တော့ဘူး။ ဟိုမှာ တစ်ခါတည်း နိုင်ငံသားအဖြစ် ခံယူလိုက်တာ၊ အဲဒီကိစ္စကြောင့် မအေလုပ်သူမှာ ဘယ်လောက်ခံစားရသလဲ၊ သူတို့ကတော့ ဘယ်သိမှာလဲ . . . သူတို့မိသားစုနဲ့ သူ့တို့ဆိုတော့ မိခင်ရဲ့ရင်ထဲက ဝေဒနာကို ခံစားနားလည်နိုင်သေးမှာ မဟုတ်ဘူး"

"ဘယ်မှာ ခက်လို့လဲ . . . မေမေ့သမီးကို အင်တာနက်ပေါ်မှာ ခဏခဏ တွေ့နေရတာပဲဟာ"

"ကြော် သားရယ် . . . လူချင်း အပြင်မှာ တွေ့ရတာမှ မဟုတ်တာ၊ အဲဒီတော့ မေမေ ဘယ်လိုလုပ်စိတ်ဖြေနိုင်မှာလဲ"

"အဲဒါဆိုလည်း ဟိုမှာ သွားလိုက်နေပေါ့"

မိခင်ရဲ့ပေါင်ပေါ် ခေါင်းအုံးလှဲချလိုက်ပြီး နှစ်သိမ့်ပိုက်



www.burmeseclassic.com

www.burmeseclassic.com



ဘူး။ တကယ်တမ်းကျတော့ ကျူးရင့်လည်း မေမေ့ကို မခွဲနိုင်ပါ ဘူး။

"သွားနေတော့ ဒီကသားငယ်ကို ဘယ်သူကလာပြီး ပြုစုမှာလဲ၊ ဟိုမှာက သူ့ယောက်ျားနဲ့သူ့ကလေးတွေ ရှိတယ်၊ ပြီးတော့ မင်းတို့အဖေလည်း ရှိတယ်၊ ဒီမှာက သားတစ်ယောက် တည်း"

"မေမေစိတ်ချမ်းသာဖို့ အရေးကြီးတယ်၊ သားကို မငဲ့ နဲ့ ... ရတယ်"

"မငဲ့လို့ ရမလား သားရယ်"

"ဒါကြောင့် သားရဲ့ဖူးစာရှင် ရွေးပွဲကို ကျေကျေနပ်နပ် ကြီး လက်ခံခိုင်းတာပေါ့"

"ကံကြမ္မာက သားနဲ့သင့်တော်တဲ့ သတို့သမီးလေးကို ရွေးပေးမှာပါ"

"သားနဲ့သင့်တော်မယ့်သူလေးဆိုရင်တော့ မေမေလည်း မကန့်ကွက်ပါဘူး သားရယ်၊ ဒီခေတ်မိန်းကလေးတွေက ရဲတင်း လွန်းတော့ သား အရွေးမှားသွားမှာ စိုးလို့ပါကွယ်"

"မေမေကလည်းဗျာ ... သားရဲ့ပါတီပွဲကို လာမယ့် ထောင်ပေါင်းများစွာရှိတဲ့ မိန်းကလေးတွေကို သားက တစ် ယောက်ချင်းရဲ့မျက်နှာတွေကို စေ့စေ့ကြည့်ပြီး ရွေးမှာမှမဟုတ် တာ၊ သားရဲ့ဂိမ်းကွက်ထဲကို ဝင်လာမယ့် မိန်းကလေးက တစ် ယောက်တည်းပဲ ဖြစ်ရမယ်မေမေ၊ သူ ဘယ်လောက်ချောချော၊ ဘယ်လောက် ကတာကောင်းနေပါစေ ... သား လုံးဝရင်မခုန်





ရင် ဒီသတို့သမီးရွေးပွဲဟာ အထမြောက်မှာမှ မဟုတ်တာ၊ အဲဒီမိန်းကလေးကို ထိုက်တန်တဲ့လက်ဆောင်တစ်ခုပေးပြီး ရိုး ဝင်းစွာနဲ့ ပြီးသွားမှာပါ"

"တကယ်ပါပဲကွယ် ... မိန်းမလေး တစ်ခါယူဖို့အတွက် စတန့်ကို ထွင်လွန်းပါတယ်၊ မိဘရွေးပေးတဲ့ မိန်းကလေးတွေ ကျတော့ အရိုးများသလေး၊ ချေးခါးသလေးနဲ့၊ ဟင်း ... ကြည့် သေးတာပေါ့ ... သားရွေးချယ်မှု ဂိမ်းထဲကို ဘယ်လိုမိန်းကလေး ဝင်လာမလဲဆိုတာ"

www.burmeseclassic.com



အခန်း ( ၁၂ )

"နှင်းစက်"

"ရှင် မာမီထူး"

အပေါ်တက်သော လှေကားထစ်များကို တစ်ထစ်ချင်း ရေစိုဝတ် ခပ်ဖန့်ဖန့်ဖြင့် သုတ်နေရင်းမှ မော့ကြည့်ပြီး ပြန်ထူး လိုက်၏။ ဒေါ်ထူးထူးမြိုင်က အပေါ်မှ ခါးထောက်ရပ်ကြည့်ရင်း

"ကြမ်းတွေတိုက်ပြီးရင် အခန်းထဲ ခဏလာခဲ့ဦး"

"ဟုတ်ကဲ့"

ဟုဆိုပြီး အပေါ်ထပ် သုံးလေးဆင့်လောက် ကျန်သေး သော ခြေနင်းပြားတွေကို ခပ်သွက်သွက် လိုက်တိုက်လိုက်သည်။

သူ့မှ မနက်မိုးလင်းကတည်းက ခုချိန်ထိ မနားရသေး၊

ခုလည်း သူ့အခန်းထဲကို ခေါ်ပြန်ပြီ၊ ဘာခိုင်းဦးမည်မသိ။

လုပ်လက်စအလုပ်ကို အမြန်လက်စသပ်လိုက်ပြီး မာမီထူးအခန်း ထဲ ဝင်လာလိုက်၏။

"မာမီထူး နှင်းစက်ကို ဘာခိုင်းစရာရှိလို့လဲ"





"ဘာမှ ခိုင်းစရာမရှိပါဘူး၊ ရော့... ဒါတွေ ဝတ်ထား လိုက်"

ကမ်းပေးလာသော စက္ကူလက်ဆွဲအိတ်တစ်အိတ်နှင့် ထက်ဝတ်ရတနာထည့်သော ဘူးတစ်ဘူး။ ဒါတွေကိုမြင်မှ ဘဘ ဦးကျော်မင်းခေါင် လာတော့မယ်ဆိုတာ သတိရသွား၏။ ဒါကြောင့် ...

"ဘဘဦးကျော်မင်းခေါင်ရှေ့မှာ ဒါတွေကို ဝတ်ပြရဦးမှာ လား မာမီထူး"

ဟု ခပ်မဲ့မဲ့ပြောလိုက်၏။ မာမီထူးကလည်း ခပ်တည် တည်ပင်။

"သိရဲ့သားနဲ့ အပိုတွေ မေးမနေနဲ့ နှင်းစက်ရယ်၊ ဝတ် စရာသာ ဝတ်ထားလိုက်ပါ၊ အဲဒီ အိတ်ထဲက အဝတ်အစားတွေ ကတော့ အပိုင်ယူလိုက်တော့ ပြန်ပေးမနေနဲ့၊ မနေက ပေးသာ ထယ်လာပြီး အိမ်ရောက်မှ ဝတ်ကြည့်တာ သူနဲ့အဆင်မပြေလို့တဲ့"

ပြောသမျှ နားထောင်၊ ပေးသမျှယူပြီး မီတွေးရှေ့မှ ထွက်လာခဲ့လိုက်၏။ ကိုယ့်ဘဝက သူတို့ကြိုးဆွဲရာ ကနေရတဲ့ ဘဝ။ ရင်ထဲမှာ တဆစ်ဆစ်နဲ့ နာကျင်ခံစားရလွန်းနေ၏။

ဒီအစဉ်အလာဟာ ဒယ်ဒီဆုံးကတည်းက လစဉ်လုပ်နေ ကျ လုပ်ရိုးလုပ်စဉ်တစ်ခုပါပဲ။ ကိုယ့်အတွက်တော့ ထူးပြီး မဆန်း ပြားတော့ပါဘူး။

နောက်တစ်နေ့ မနက်ခင်းမှာတော့ သူတို့ပေးတဲ့ အဝတ် တွေကို ဝတ်၊ သူတို့ခဏသာ ဆင်မြန်းနိုင်တဲ့ လက်ဝတ်လက်စား



www.burmeseclassic.com

www.burmeseclassic.com



တွေကို ဝတ်ပြီး စိတ်မသက်မသာဖြင့် ဘွားငြိမ်းရှိရာ မီးဖိုခန်း
ဝင်လာခဲ့၏။ ဒီနေ့အဖို့ ကိုယ် ဘာမှမလုပ်ရမှန်း သိပေမယ့်
နှင်းစက်ကိုယ်၌က လုပ်စရာမရှိရင် မနေတတ်တော့ပေ။

"ဘွားငြိမ်း ... နှင်းစက် ဘာလုပ်ပေးရမလဲ"

ဘွားငြိမ်းက ရေခဲသေတ္တာထဲမှ အသားဘူးကို ထုတ်ရင်း
မှ ...

"ဘာမှမလုပ်နဲ့ သမီး၊ ဒီနေ့ သမီးအပြည့်အဝ အနား
ယူရမယ့်နေ့လေ"

ဟု ပြောရင်း မဲ့ကာရွဲ့ကာဖြင့် ...

"ဟင်း ... တတ်လည်းတတ်နိုင်တဲ့ဟာတွေ၊ သူတို့လု
ရပ်ကို သူတို့ မရှက်ကြဘူးလား မသိဘူး"

ဘွားငြိမ်း ဘာကိုဆိုလိုသလဲဆိုတာ သိသော သူမ
ဘွားငြိမ်းရဲ့ မခံမရပ်နိုင်ဖြစ်နေသောစိတ်တို့ကို ချွေးသိပ်ပေးလို
ပါတယ်။

"နေပါစေ ဘွားငြိမ်းရယ် ... လူရယ်လို့ဖြစ်လာရင်
အတုံ့အလှည့်ဆိုတာ ကြုံကြစမြဲပါပဲ၊ သူတို့တွေ စင်ပေါ်မှာ
အမြဲမရှိနိုင်သလို နှင်းစက်ကလည်း စင်အောက်မှာ ရပ်ပြီး သူ
တို့ကို အမြဲမော်မကြည့်ရပါဘူး။ အချိန်ပဲစောင့် ဘွားငြိမ်း ...
လောကကြီးက သမီးကို အလှည့်ပေးဦးမယ်ဆိုတာ သမီး ယုံ
ကြည်နေတယ် ..."

"သမီးအလှည့် ရောက်လာမယ့်နေ့မျိုးဆိုတာကို ဘွား
ငြိမ်း မျက်ကွယ်မပြုခင် မြင်သွားချင်ပါတယ် သမီးရယ်"





ညှိုးရော်နေသော ဘွားငြိမ်းကို ကြည့်ပြီး ရင်မှာ သနား
သွားမိ၏။ ကိုယ့်ကို မြေးအရင်းလေးလို အနီးကပ်စောင့်ရှောက်
နေတဲ့ အဘွားငြိမ်းရယ်ပါ။ ဘွားငြိမ်းတားနေသည့်ကြားက
အလုပ်တွေကို ဝိုင်းကူ လုပ်ပေးလိုက်သည်။ ပြီးတာနှင့် MP 4
သေးယူကာ စမ်းချောင်းလေးနားကိုလာဖို့ လှေကားပေါ်ကအဆင်း
ဘွားငြိမ်းက ...

"သမီး ... ငှက်စာလေးယူသွားဦးလေ ..."

"အော် ... ဟုတ်သားပဲ ... သမီး မေ့သွားတယ်"

နေ့လယ် ၁၂ နာရီလောက်ကျတော့ ဘဘဦးကျော်မင်း
အိမ် ရောက်လာသည်။

"သမီးနှင်းစက်ရေ ... သမီးဘဘ ရောက်နေပြီ"

"ဟုတ်ကဲ့ ဘွားငြိမ်း၊ သမီးခုပဲ လာခဲ့မယ်"

ဆင်စွယ်ရောင် ဝတ်စုံလေးနှင့် လိုက်ဖက်စွာ ဝင်းစိုနေ
သော နှင်းစက်ရဲ့အလှကို ကြည့်ပြီး ဘွားငြိမ်းက ခပ်ပြုံးပြုံးလေး
ဖြင့် ...

"ငါ့သမီးလေးက သူများ မဝတ်ချင်တာတွေကို ဝတ်နေ
ရပေမယ့်လည်း အရမ်းကိုလှနေတာပဲကွယ်၊ ကြည့်ပါဦး ...
အသားဝင်းဝင်းလေးနဲ့ ဒီဝတ်စုံလေးက သမီးနဲ့ အရမ်းလိုက်
တာပဲ၊ ဟိုဟာမနှစ်ယောက်များကျတော့လည်း ဘာဝတ်ဝတ်
ဘွားငြိမ်း မျက်စိထဲ လှတယ်လို့ကိုမထင်ဘူး။ ဒါနဲ့များ မော်ဒယ်လ်
ဖြစ်သေးရဲ့ ... အံ့ပါရဲ့"

ဘွားငြိမ်းက သူ့ဝသီအတိုင်း မြည်တွန်တောက်တီးပြီး



www.burmeseclassic.com

www.burmeseclassic.com



ပြန်ထွက်သွား၏။ နှင်းစက်လည်း ညှော်ခန်းဘက် ထွက်လာခဲ့လိုက်၏။ ညှော်ခန်းထဲမှာ ဘဘဦးကျော်မင်းခေါင်နဲ့မာမီထွေး စကား လက်ဆုံကျနေ၏။

"အောင်မယ်လေး ဦးကျော်မင်းခေါင်ရယ် … ကျွန်မမှာ ဒီသမီးသုံးယောက်ရှိနေလို့ သက်ဆိုးရှည်နေတာပါ၊ အဲဒီ သုံးယောက်ထဲမှာတော့ သမီးလေးနှင်းစက်က ကျွန်မအပေါ် အလိုက်အသိဆုံး"

"ဝမ်းသာပါတယ်ဗျာ၊ ကျွန်တော့်မှာ မအားလပ်လို့သာ သမီးနှင်းစက်ကို ခဏ,ခဏ လာမတွေ့နိုင်တာ၊ အမြဲတမ်းတော့ စိတ်က ရောက်ပါတယ်"

ဒေါ်ထူးထူးမြိုင်ကိုပြောရင်း နှင်းစက်ဝင်လာတာ မြင်တော့ ဘဘက ပြုံးပြုံးရွှင်ရွှင်ဖြင့် …

"သမီး လာထိုင်ပါဦးကွ၊ ငါ့သမီးက တစ်ခါလာ တစ်ခါ လှကြီးပုံစံလေး ပေါက်ပေါက်လာတယ်၊ ဒီမှာနေရတာ ပျော်ရဲ့လား သမီး၊ မပျော်ဘူးဆိုရင်တော့ သံလွင်လမ်းက အိမ်ကို ပြောင်းနေနော်"

ဒေါ်ထူးထူးမြိုင်ရဲ့စိတ်ကို တမင်တကာ ရည်ရွယ်၍ ကလိလိုက်သော ဦးကျော်မင်းခေါင်ရဲ့စကားကြောင့် မျက်နှာ ကွက်ခနဲ ပျက်သွားသူက ဒေါ်ထူးထူးမြိုင်ပင်။ ပြီးမှ ဟန်မပျက် ပြန်၍ မျက်နှာချိုသွေးကာ …

"အို … ဘာမပျော်စရာရှိလဲ၊ ဟိုမှာပြောင်းနေဖို့ မာမီ သဘောမတူဘူးနော် သမီး၊ တခြားကြောင့်တော့ မဟုတ်ဘူး၊





သမီးလေးကို မာမီထွေး မခွဲနိုင်လို့ပါကွယ်"

တတ်လည်း တတ်နိုင်တဲ့မိထွေးပါလားနော်ဟု စိတ်ထဲမှ အံ့လိုက်ပြီး မချိုပြုံး ပြုံးလိုက်ကာ …

ကျွန်မလျော့သွားမှာစိုးလို့ ကျွန်မကို ဒီအိမ်ကနေ မခွာနိုင်းတာ မဟုတ်လားဟု စိတ်ထဲမှ ပြန်ပြောလိုက်ပါ၏။ နှုတ်မှတော့

"သမီး ဒီမှာပဲနေမှာပါ ဘဘရယ်၊ ဘိုးဘိုး ဘွားဘွားနဲ့ ဒီ မာမီတို့ ခေါင်းချသွားတဲ့ဒီအိမ်မှာပဲ နှင်းစက်နေမှာပါ၊ ဒီအိမ်က နှင်းစက်ပိုင်တာပဲဟာ"

မိထွေးလုပ်သူကို ခတ်ကဲကဲလေးကြည့်ကာ ပြောလိုက်သော နှင်းစက်ရဲ့စကားကြောင့် ဘဘက အာရုံကျေနပ်ကာ

"ကောင်းတယ် သမီး၊ ဒီအိမ်က သမီးအိမ်ပဲ၊ သမီးက ဒီအိမ်ကြီးရဲ့ သခင်မပဲ၊ ဘဘက အစိုးရိမ်လွန်သွားတာပါကွယ်"

ဘဘနဲ့နှင်းစက်က အတိုင်အဖောက်ညီစွာ ပြောနေလေလေ ဒေါ်ထူးထူးမြိုင်ရဲ့မျက်နှာက ပို၍ အိုစာသွားလေပါပဲ။

ဘဘက သူ့ရဲ့အတာချိုကော့စ်ထဲမှ ငါးထောင်တန် ငွေစက္ကူထပ်များကို ထုတ်ပြီး …

"ရော့ သမီး … ဒါ သမီးသုံးဖို့ မုန့်ဖိုးဆယ်သိန်း"

ဘဘတင်ပေးလိုက်သော စားပွဲပေါ်မှ ငွေထပ်ကြီးကို ကြည့်ပြီး ဒေါ်ထူးထူးမြိုင်ရဲ့မျက်လုံးတွေက လောဘအရောင်တွေ တလက်လက် ထကာ ဟန်မဆောင်နိုင်စွာဖြင့် …

"သမီးက ငယ်သေးတော့ သူ့ရဲ့အသုံးစရိတ်တွေကို ကျွန်မပဲ ထိန်းသိမ်းပေးထားရတာ၊ ဟုတ်တယ်နော် သမီး"



www.burmeseclassic.com

www.burmeseclassic.com



နှင်းစက်က ဘာစကားမှ မထောက်ခံဘဲ ခပ်ဆိတ်ဆိတ် နေလိုက်၏။ ဦးကျော်မင်းခေါင်က ရိပ်မိဟန်ဖြင့် ...

"ဒေါ်ထူးထူးမြိုင် ထိန်းသိမ်းပေးတာလည်း ထိန်းသိမ်းပေးတာပေါ့ သမီးရယ်၊ သမီးလည်း ခြေစောင့်လက်စောင့်လေး ယူထားပါဦး"

ဟုဆိုပြီး ငွေထပ်ကြီးကို နှင်းစက်ဘက်ကို တွန်းရွှေ့ပေး၏။ နှင်းစက်ကလည်း ခပ်တည်တည်ဖြင့် ဆွဲယူထားလိုက်တာပေါ့။

ဒေါ်ထူးထူးမြိုင်မှာလည်း ပျက်ယွင်းနေသော မျက်နှာကို အပြုံးချိုချိုဖြင့် မလုံ့တလုံ ဖုံးရင်း ...

"ခြေစောင့်လက်စောင့်ကတော့ သူ့မှာ အမြဲရှိတယ်လေ၊ ညီအစ်မသုံးယောက် ရှော့ပင်ထွက်ပြီဆိုရင် အနည်းလေး သုံးလေးသိန်းလောက် ကုန်တယ်၊ တစ်လကို နှစ်ခါ သုံးခါလောက် ထွက်တယ်ဆိုတော့ စဉ်းစားသာ ကြည့်ပေတော့ ဦးကျော်မင်းခေါင်ရေ"

အရမ်းကိုယုတ်ညံ့တဲ့ မိထွေးမကြီးပါလား။ Shopping ထွက်တာက သူ့သမီးတွေ နှင်းစက်က အထုပ်လိုက်ဆွဲပေးရုံလိုက်ရတာ။ အားနာပါးနာနဲ့ အပေါစားရေမွှေးတစ်ဘူးတောင် ဝယ်မပေးတာကိုများ ကိုယ့်ရှေ့မှာ ပေါ်တင်ကြီးလိမ်ရဲသေးတယ်။

အသွားငြိမ်း ဒေါ်သထွက်လည်း ထွက်ချင်စရာ။ မျက်နှာပြောင်တိုက်လွန်းအားကြီး၏။ လစဉ် ဘာဘထောက်ပံ့တဲ့ ပိုက်ဆံဆိုလည်း နှင်းစက် မသုံးရပါဘူး။ ဘာဘတောင် ခြံဝမရောက်သေး





ဘူး သူတို့က သိမ်းပြီးသွားပြီ။ ဒီတစ်ခါတော့ ကိုယ်အရင်လက်ဦးဖြစ်မယ်ဟုတွေးရင်း ...

"ဘာဘ ခဏနော်... နှင်းစက် ပိုက်ဆံတွေ အခန်းထဲ သွားပို့လိုက်ဦးမယ်"

"အေး အေး သမီး ... သွားသိမ်းလိုက်ဦး"

ငွေတွေကိုယူပြီး ဘာဘနားမှ ခါးကို ငုံ့ကိုင်းပြီး ထွက်လာလိုက်တယ်ဆိုရင်ပဲ ဒေါ်ထူးထူးမြိုင်ခမျာမှာ ...

"သမီးရယ် ဘာဘတောင်မပြန်သေးဘူး ... နောက်မှ သိမ်းလည်း ရတဲ့ဟာကို"

"သိမ်းပါစေ ဒေါ်ထူးထူးမြိုင်... ဘယ်အရာမဆို သူ့စိတ်တိုင်းကျ လုပ်ပါစေ"

ငွေထုပ်ကို နှင်းစက်ရဲ့ဗီရိုထဲကို လည့်ခဲ့ပြီး ညေ့ခန်းထဲ ပြန်ထွက်လာလိုက်၏။

ညေ့ခန်းထဲပြန်ရောက်တော့ ဘာဘက နှင်းစက်ရဲ့ လုပ်ရပ်အတွက် သဘောအကျကြီးကျကာဖြင့် ပြုံးရွှင်နေ၏။

"သမီး ... သင်တန်းတွေတက်ရတာရော အဆင်ပြေလား၊ နောက်ထပ် ဘာသင်တန်းတွေ ထပ်တက်ချင်သေးလဲ၊ အခု ဘာဘမိတ်ဆွေတစ်ယောက် ပြင်သစ်ဘာသာစကားပြောသင်တန်းတစ်ခု ဖွင့်ဖို့ စီစဉ်နေတယ်၊ သမီးမှာ ဆန္ဒရှိရင် သွားတက်ပါလား ... ဘာဘစီစဉ်ပေးမယ်"

"ဘာသာစကားတွေက တတ်ထားသင့်တာပဲ၊ သမီး စိတ်ဝင်စားတယ် ဘာဘ"



www.burmeseclassic.com

www.burmeseclassic.com



"ဒီလောက်သင်တန်းတွေ အများကြီးတက်နေတာပဲ သမီးရယ်၊ ဒီသင်တန်းတွေ ဖြစ်မပြီးသေးဘူး။ နောက်သင်တန်းတွေကို တတ်တော့ သမီးရဲ့ဦးနှောက်တွေ ခံနိုင်ရည် ရှိပါ့မလား"

ဒါဟာ ဒေါ်ထူးထူးမြိုင် ဝင်ပြီး စောဒကတက်ခြင်းပါ။ အမှန်တကယ်တော့ နှင်းစက်ကို အရင်ကတည်းက ဘာသင်တန်းမှ မတက်စေချင်ပါ။ ဦးကျော်မင်းခေါင်က သင်တန်းကိစ္စ အားလုံးကို ငွေကြေးကအစ တာဝန်ယူထား၍သာ သူမ မပြောသာတာပါ။

"ဒီခေတ်ကလေးတွေရဲ့ အိုင်ကျူက အရမ်းကို မြင့်နေပြီ ဒေါ်ထူးထူးမြိုင်ရယ်... သိပ်လည်းမစိုးရိမ်ပါနဲ့ သမီး စိတ်ချမ်းသာတာကို သူသဘောအတိုင်း လုပ်ပါစေ၊ သူ့မိဘတိုးဘွားများ ကျန်ခဲ့တဲ့စည်းစိမ်ဥစ္စာကို သူမှမသုံးရင် ဘယ်လိုကုန်တော့မှာလဲ"

ဒေါ်ထူးထူးမြိုင်ခမျာ သူ၏ ပုပ်သိုးဆွေးမြည့်နေသော စိတ်အရင်းခံကို ဘာဘာသိမှာမြင်မှာစိုး၍ မနည်းအောင့်အီး မျိုသိပ်ထားရပုံမှာ ပျားတွေ ဝိုင်းတုတ်ခံထားရတဲ့မျက်နှာမျိုး ဖရိုဖရဲနိုင်လွန်းပေစွ။ နှင်းစက်ကလည်း ရသမျှ အခွင့်အရေးကို နည်းနည်းမှ လက်လွှတ်မခံ။

"ဘာဘ... ဘွားငြိမ်း ခုတလော သိပ်နေမကောင်းဘူး... သိလား။ နေမကောင်းလည်း ဘွားငြိမ်းခမျာ မနားရပါဘူး... ဘာဘရယ်၊ အဲဒါ ဘာဘကို တစ်လက်စတည်း အကူအညီတစ်ခု တောင်းချင်လို့ပါ"

"အေးလေ... သမီး ပြော... ဘာဘ ဘာစီစဉ်ပေးရမလဲ"





"ဘွားငြိမ်းကိုကူဖို့ အိမ်ဖော် နောက်ထပ်တစ်ယောက်လောက် ခေါ်ပေးပါလား။ ဒါမှ ဘွားငြိမ်းလည်း နားရမှာလေ"

"ဪ... ဒါများ သမီးရယ်၊ စိတ်ချ... ငါ့သမီး စိတ်တိုင်းကျတဲ့ အိမ်ဖော်မျိုး ဘာဘရှာပြီး ပို့ပေးမယ်၊ ဟုတ်ပြီလား"

"ဟုတ်... ကျေးဇူးအရမ်းတင်ပါတယ် ဘာဘရယ်"

ထိုနေ့သည် နှင်းစက်ရဲ့ဆန္ဒတွေ အတော်အသင့် ပြည့်ဝခဲ့သော နေ့လေးတစ်နေ့ ဖြစ်ပါသည်။ နှင်းစက်ကို ဆုံးမစရာရှိတာ ဆုံးမ၊ မှာစရာရှိတာကို မှာသွားပြီး ဘာဘပြန်သွားတော့ ဒေါ်ထူးထူးမြိုင်ရဲ့ မင်းသမီးခေါင်းစွပ် ကွာကျသွားကာ သီလရှင်ခေါင်းတုံးပါလေတော့၏။ စူးရဲတဲ့အကြည့်ရှိန်းရှိန်းတွေဟာ သားကောင်ကိုခုန်အုပ်တော့မယ့် ကျားရိုင်းမကြီးတစ်ကောင်နှယ်။

"အဲဒီငွေတွေကို မာမီထူးကိုပေးစမ်း နှင်းစက်"

သူ့စကားကို အလေးမထားဘဲ မျက်နှာလေးကို ခပ်မော့မော့လေး လုပ်ထားလိုက်သည်။ ဒီတစ်ခါတော့ လုံးဝအလျှော့မပေးနိုင်ပါဘူး။

"ဒီတစ်ခါတော့ ဆောရီးပဲ မာမီထူး။ နှင်းစက် မပေးနိုင်ဘူး။ ဒါ နှင်းစက်ရဲ့ကိုယ်ပိုင်ငွေပါ။ နှင်းစက်လည်း ကိုယ့်ငွေကိုယ်ကိုင်သုံးခွင့်ရှိပါတယ်။ ဒါကြောင့် ဒီငွေတွေကို မာမီထူး လုံးဝ မမျှော်လင့်ပါနဲ့တော့"

"အောင်မယ်... ညည်းကို ဒီလောက်ကျွေးမွေးနေတာ



www.burmeseclassic.com

www.burmeseclassic.com



ကို ညည်းက ဘာများသုံးစရာ ရှိသေးလို့လဲ''

"မာမီထူးတို့က နှင်းစက်ကို ကျွေးမွေးနေရတယ် ဟုတ်လား။ ဒါဆို ကုမ္ပဏီမှာ နှင်းစက်အတွက် ဘာဘထည့်ပေးထားတဲ့ ရှယ်ယာတွေရဲ့ အမြတ်ငွေတွေကရော၊ အဲဒီအမြတ်ငွေက နှင်းစက်ရဲ့ စားစရိတ်အတွက် မာမီထူး ယူတယ်မဟုတ်လား။ အဲဒီအတွက် နှင်းစက်ကို မာမီထူး ကျွေးမွေးထားတယ်ဆိုတာ ဘယ်လိုလုပ် ဖြစ်နိုင်မှာလဲ''

အံ့ဩပြီးရင် အံ့ဩနေသူက ဒေါ်ထူးထူးမြိုင်။ ကြည့်စမ်း အရင်နှင်းစက် မဟုတ်တော့ပါလား။ အရွယ်လေးရောက်လာတော့ အာခံနေပြီပေါ့လေ၊ ဟင်း ... ဥပဒေလည်း မရှိဘူး။ သူ့ရဲ့ ပိုင်ဆိုင်တဲ့စည်းစိမ်ဥစ္စာတွေဟာလည်း ဘာမှမပြောလောက်ဘူးဆိုရင် ဒီလိုမိန်းကလေးမျိုးကို စိတ်ရှိလက်ရှိ အသေသတ်ပစ်တယ်။

ညည်း သိပ်လည်း မာန်တက်မနေပါနဲ့ နှင်းစက်ရယ်။ ညည်းဟာ ငါ့လက်ခုပ်ထဲက ရေပါ။ ညည်းဘဝကို ငါသာလျှင် စိတ်ကြိုက်ပုံဖော်ခွင့်ရှိတယ်။ ဒါဟာ အတွေးထဲမှာသာ ကြိမ်းဝါးနေခြင်းပါ။ တကယ်တမ်း နှင်းစက်အကြောင်းပြချက်တွေ နိုင်လုံနေ၍ ဘာမှပြန်ပြောလို့မရအောင် နှုတ်က ဆွံ့အနေ၏။

နှင်းစက်ရဲ့ ကျောခိုင်းထွက်သွားသော ကျောပြင်ကို ကြည့်ပြီး ဒေါ်သဆိုတဲ့အရာက ဒေါ်ထူးထူးမြိုင်ရဲ့တစ်ကိုယ်လုံးကို ဝါးမျိုထားသည့်ပုံဖြင့် အသားများ တဆတ်ဆတ်တုန်နေသည်။

ထိုအဖြစ်အပျက်ကို အခန်းအကွယ်မှ ရပ်ကြည့်နေသော





ဘွားငြိမ်းကတော့ သဘောအကျကြီး ကျလို့နေ၏။

နောက်ရက်များတွင် ရွှေကျေးနှင့်ဘွားငြိမ်းကိုခေါ်ပြီး ဒယ်ဒီအတွက်ရည်စူးပြီး ဘိုးဘွားရိပ်သာနှင့်သံဃာ့ဆေးရုံမှာ ငွေသွားလှူသည်။ အပြန်တွင် ဘွားငြိမ်းကို အထူးကုဆရာဝန်ကြီးဖြင့် ရောဂါရှာဖွေရေးလုပ်လိုက်သည်။ နောက်တစ်နေ့ အဖြေတွေ ထွက်လာတော့ အဘွားငြိမ်းသည် ကျန်းမာကောင်းစွာဖြင့် ဘာရောဂါမှ ထွေထွေထူးထူး ရှိမနေပါ။

လူကြီးရောဂါ အနည်းအကျဉ်းလောက်သာရှိပြီး ဆရာဝန်ညွှန်ကြားသည့်အားဆေးနှင့် တခြားလိုအပ်သောဆေးတွေကိုသာ အလုံအလောက် ဝယ်ထားပေးလိုက်၏။

ပိုတဲ့ငွေကတော့ နှင်းစက်အတွက် လိုအပ်တာ ဝယ်ရသည်လေ။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း ( ၁၃ )

"ရှော့ နှင်းစက်"

ခုတင်ပေါ်ပစ်တင်ပေးလိုက်သော မျက်နှာဖုံးလေးကြောင့် မျက်လုံးအဝိုင်းသားလေးဖြင့် ရွှေကျေးကိုကြည့်ပြီး ...

"အဲဒါက ဘာလုပ်ဖို့လဲ"

"နှင့်အတွက်လေ၊ စင်ဒရဲလား မျက်နှာဖုံးလေးရဖို့ ငါ ဘယ်လောက် ခက်ခက်ခဲခဲ ရှာလာရလဲ ... သိလား"

"ဟင်း ... နင်ကလည်း ကြောင်လိုက်တာ"

မျက်နှာဖုံးလေးကို ယူကာ သူမရဲ့ မျက်နှာမှာတပ်ကြည့်ရင်း ရွှေကျေးကို အပြစ်တင်မိသေးသည်။

"ကြောင်တယ်လို့ပြောတာ နင်တစ်ယောက်တည်း ရှိသေးတယ် သိလား။ မင်းသားလေးရဲ့ မွေးနေ့ပွဲကို သူ့ရဲ့ပရိသတ်တွေအားလုံး ကိုယ်နှစ်သက်တဲ့ မျက်နှာဖုံးလေးတွေတပ်ပြီး တက်ရောက်ဖို့ အင်တာနက်တွေမှာရော ဂျာနယ်တွေမှာပါ ပါလာတာ နင်မသိဘူး မဟုတ်လား"





"အဲဒီအစီအစဉ်လေးက နင့်အတွက် ဘယ်လောက် အဆင်ပြေလိုအစ်သလဲ၊ ငါကတော့ မင်းသားလေးရဲ့ အိုင်ဒီယာကို အရမ်းသဘောကျတာပဲ"

ဟု ဆိုပြီး နှင်းစက်သေးနားမှာ ချထားသော MP 4 လေးကို လှမ်းယူပြီး ခုတင်ပေါ်ပစ်လှဲချလိုက်၏။

ပြီးတော့ နားကျပ်ကလေးတပ်ပြီး သီချင်းနားထောင်နေလိုက်သည်။ ပြီးတော့ မျက်နှာကို ရှုံ့မဲ့ကာဖြင့် ...

"ဟင်း ... နင့်သီချင်းတွေကလည်း တစ်ခါလာလည်း ဟင်းစုခိုင်သိန်းရဲ့ အပြစ်မမြင်သီချင်းနဲ့ Carrie Underwood သီချင်းတစ်ပုဒ်ကိုပဲ ပြန်ပြီး ကျော့နေတော့တာပဲ၊ နင် ဒီသီချင်းနှစ်ပုဒ်ပဲ ပြန်ပြီးကျော့နေတော့တာပဲ၊ နင် ဒီသီချင်းနှစ်ပုဒ်ပဲ နားထောင်တတ်တာလား"

"ငါကြိုက်တာကိုဟဲ့၊ သီချင်းတွေ အများကြီး နားထောင်ပြီး အများကြီး မခံစားချင်ဘူး။ အဲဒီသီချင်းနှစ်ပုဒ်က ငါ့အတွက် ဘယ်တော့မှ မရိုးနိုင်တဲ့ သီချင်းပဲ"

ရွှေကျေး MP 4 power ခလုတ်ကို ပိတ်လိုက်ပြီး နားမှ နားကျပ်ကိုဖြုတ်ကာ လှဲနေရာမှ ထထိုင်လိုက်ရင်း ...

"ကဲ ရွှေနှင်းစက် အချိန်သိပ်မဆွဲနဲ့နော်၊ ပြင်တော့"

"ငါ သွားလို့ ဖြစ်ပါ့မလား ဟယ်၊ တော်ကြာ ဟို ညီအစ်မတွေလာရင် ဘယ်လိုလုပ်မလဲ၊ နင့်ဘာသာပဲ သွားလိုက်ပါတော့ဟာ၊ ငါ မလိုက်တော့ပါဘူး"

"နင်နော် သစ္စာမဖောက်နဲ့ ... ဒီပွဲကို ငါတစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



တည်း သွားလို့ဖြစ်မလား၊ ရှိတာဖြင့် ဒီသူငယ်ချင်းလေး နှ
ယောက်တည်းကို''

ထိုစဉ် ဒေါ်ထူးထူးမြိုင် အခန်းဝမှာလာရပ်ပြီး အသံ
စူးစူးဖြင့် . . .

''နှင်းစက်''

ခေါ်သံကြောင့် သူငယ်ချင်းနှစ်ယောက် စကားပြော
ရာမှ ကိုယ်လေးတွေ တွန့်ခနဲ ဖြစ်သွားကြသည်။

''ရှင် မာမီထူး''

''နှစ်ယောက်သား ကျိတ်ကျိတ် ကျိတ်ကျိတ်နဲ့ ဘာတွေ
တွက်ထိုးနေကြတာလဲ''

လိုအပ်သောအချိန်မှာ မုသားသုံးခြင်းသည် တစ်ပါး
ရော ကိုယ့်အတွက်ပါ ထိခိုက်နစ်နာမှုမရှိဘူးဆိုရင် အပြစ်မဖြစ်
''ဘာမှ တွက်မထိုးပါဘူး၊ ရွှေကျေးက သင်တန်းသွား
ဖို့ လာခေါ်တာပါ''

''ညည်း ဒီနေ့ သင်တန်းသွားလို့ မဖြစ်ဘူး''

ဒေါ်ထူးထူးမြိုင်ရဲ့ တစ်ချက်လွှတ်အမိန့်ကြောင့် နှင်းစက်
ရော ရွှေကျေးပါ မျက်လုံးကလေးတွေ ကလယ်ကလယ် ဖြစ်သွား
ကြ၏။ ဘာကြောင့်လဲဆိုတာ မသိပါ။ ဒီအတွက် နှင်းစက်
စောဒကတက်လိုက်၏။

''ဘာဖြစ်လို့လဲ မာမီထူး''

''ဒီနေ့ နေ့လယ်မှာ အိမ်ကို အရေးကြီးတဲ့ဧည့်သည်တွေ
လာလိမ့်မယ်၊ အိမ်မှာ ညည်းမရှိလို့ မဖြစ်ဘူး။ ဒေါ်ငြိမ်း တစ်





ယောက်တည်းလည်း နိုင်မှာမဟုတ်ဘူး''

သွားပါပြီ။ မင်းသားလေးရဲ့မွေးနေ့ပွဲကို မသွားဖြစ်တော့
ဘူး ထင်ပါရဲ့။ ရွှေကျေးကို လှမ်းကြည့်လိုက်တော့ သူမမှာလည်း
ငိုက်နာငယ်လေးနဲ့။

''ဧည့်ခန်းအတွင်းအပြင်မှာ ဖုန်တစ်စက်မှ မရှိအောင်
တိုက်ထား၊ ဧည့်ခန်းထဲက လိုက်ကာတွေကိုလည်း လဲတပ်ထား
ပြီး ပြီးရင် အလှပန်းအိုးတွေကို အသစ်ပြန်လဲ၊ ပန်းတွေလှပါစေ
နော်၊ ဖြစ်သလို မထိုးထားနဲ့ အားလုံးပြီးရင် အခန်းသန့်ဆေး
air freshener ဖျန်းထားဖို့လည်း မမေ့နဲ့ဦး''

နှင်းစက် စိတ်ညစ်သွားရ၏။ စောစောတုန်းက ရွှေကျေး
ကို မလိုက်ပါဘူးလို့ ပြောခဲ့တာဟာ တကယ်မှမဟုတ်တာ။ သူ့ကို
သင်တာကာ ညစ်ပြီးစနေခြင်း ဖြစ်၏။ ခုမှ တကယ့်ကို ခက်ရချေ
ပြီ၊ ဒေါ်ထူးထူးမြိုင် ထွက်သွားတော့ သူငယ်ချင်းနှစ်ယောက်
ခေါင်းချင်းဆိုင်ရတော့၏။

''ဘယ်လိုလုပ်ရမလဲ ရွှေကျေးရာ . . . ငါတော့ စိတ်
ညစ်တယ်''

''နင်ပဲ မလိုက်ချင်ဘူးဆို၊ ခုတော့ နင့်အတွက် အတော်
ဖြစ်သွားပြီပေါ့''

ဟု ရွှေကျေးက ခနဲ့၏။

''ဟဲ့ အဲဒါ . . . ငါက နင့်ကို နောက်တာ''

''ငါလည်း ဒီပွဲကို ဘယ်အလွတ်ခံမှာလဲ''

''ဒါဆိုလည်း အိမ်က ခိုးထွက်ပေါ့ဟာ . . . လွယ်လွယ်



www.burmeseclassic.com

www.burmeseclassic.com



လေး၊ ပြီးရင် ၁၂ နာရီထိုးတာနဲ့ ပြန်လာလိုက်၊ အဓိကက ဧည့်သည့်တွေမလာခင်မှာ နင် အဆင်သင့်ပြီးနေဖို့ပဲ မဟုတ် လား"

ရွှေကျေး အကြံပေးတာ ဆိုးတော့မဆိုးပါ။ နောက်ဆုံး ဒီနည်းလမ်းကိုပဲ သုံးရတော့မှာပေါ့။

"ဒါပေမဲ့ အိမ်ကနေ ပြင်ဆင်ပြီးထွက်လို့တော့ မရ နော်၊ နင့် အဝတ်အစားတွေကို ကျောပိုးအိတ်ထဲထည့်ခဲ့၊ ပွဲ ရောက်မှ ပြင်ဆင်ပြီးထွက်ပေါ့"

"ဒီလိုပဲ လုပ်ရတော့မှာပေါ့ဟယ်"

ပြီးတော့ မင်းသားလေးကို မကျေမနပ်ဖြင့် ပြောလို ပါသေး၏။

"ဟင်း မင်းသားလေးကလည်း မွေးနေ့ပွဲကို ညနေ စီစဉ်တာ မဟုတ်ဘူး"

"မင်းသားလေးမွေးနေ့ပွဲက တစ်နေကုန်နီးနီးပဲဟ"

"ပထမဆုံး အစီအစဉ်က တခြားအဆိုတော်တွေ ဖျော်ဖြေရေးအစီအစဉ်၊ ပြီးရင် မင်းသားလေးရဲ့ အထူးအစီအ အဖြစ် ပန်းကြပွဲလေး လုပ်မယ်တဲ့"

"ပန်းကြပွဲ ဟုတ်လား"

"အဲဒီပန်းကြပွဲရဲ့ Game ကစားနည်းလေးထဲကို ပ နင်တို့လို အမျိုးစင်တွေ ဝင်ပြီးကစားခွင့်ရှိတယ်"

"အဲဒီအထဲက ကံထူးရှင်တစ်ယောက်ကို အထိုက် ဆုံး ဆုချီးမြှင့်မယ်တဲ့"





"အဲဒီ အစီအစဉ်ပြီးရင် မင်းသားလေးရဲ့တစ်ကိုယ်တော် ဖျော်ဖြေပွဲ အစီအစဉ်ရှိတယ်"

"ပြီးရင် lucky draw အစီအစဉ်လေးတစ်ခုလည်း လုပ် မယ်၊ ပြီးရင် ပရိသတ်တွေကို မင်းသားလေးကိုယ်တိုင် ဓာတ်ပုံနဲ့ လက်မှတ်ပါတဲ့ တီရှပ်၊ ဦးထုပ်လှလှလေးတွေကို လက်ဆောင် ပြန်ပေးမယ်တဲ့"

ရှည်လျားစွာ ပြောနေသော အစီအစဉ်တွေက ကုန်ကိုပဲ ကုန်နိုင်။

"နင့်ဟာကလည်း အစီအစဉ်တွေက များလိုက်တာ၊ ချုပ်တာတောင် ပြီးပါ့မလား။ မင်းသားလေးတော့ ပင်ပန်းတော့ မှာပဲ"

"အင်းလေ ... အဲဒီလို အစီအစဉ်တွေ အများကြီး ထည့်ထားလို့ စောစောပွဲလုပ်တာပေါ့ဟ၊ နင်ဟာလေ တကယ့်ကို ပြီးတယ်သိလား"

ဒါဆို ပွဲပြီးတဲ့အထိ သူမပါ ပါဝင်ဆင်နွှဲခွင့် မရဘူးပေါ့။ ကံမကောင်းဖြစ်မိခြင်းနှင့်အတူ လူက အနည်းငယ် နွမ်းသွား ၏ ဒါပေမဲ့ ဘာတတ်နိုင်မှာလဲလေ။ နောက်အစီအစဉ်တွေ နွှဲရပေမယ့် ပန်းကြပွဲလေးမှာတော့ သူမ ပါဝင်ခွင့်ရဦးမှာပေါ့။

"နောက်ဆက်တွဲ သတင်းတစ်ခုလည်း ရထားသေး တယ် ... သိလား"

ရွှေကျေးက မျက်စလေးချီကာ ဆရာကြီးအထာဖြင့် ပြောလာသော သူ့ရဲ့စတိုင်ကိုကြည့်ပြီး နှင်းစက်ရယ်ချင်သွားသည်



www.burmeseclassic.com

သူမလေး တော်တော်နဲ့စပ်တာပဲ။ မင်းသားလေးအကြောင်း
အကုန်အစင်သိအောင် လေ့လာထားသည့်ပုံ။ ဒါကိုပင် သူ
ဂုဏ်ယူနေပုံရ၏။ ပြောလို့မရဘူး။ မင်းသားလေး ဘယ်အ
နာချေသလဲ၊ ဘယ်အချိန် လေလည်သလဲဆိုတာတောင် အင်တာ
နက်ဝက်ဘ်ဆိုက်တွေမှာ ရှာလို့ရရင် ရှာမယ့်ပုံ။

"ပြောစမ်းပါဦး ... ဘာသတင်းလဲ၊ မိန်းမယူမ
သတင်းလား"

"ဟယ် ... ဖွဟဲ့၊ ပေါက်တတ်ကရ ... နိမိတ်
နမာမရှိ၊ နင်ထင်တာ တစ်ခုမှ မဟုတ်ဘူး ... မွေးနေ့ပွဲပြီး
နောက်တစ်နေ့ကျရင် အပန်းဖြေခရီးထွက်မယ်တဲ့"

မင်းသားလေးက အပန်းဖြေခရီးထွက်မယ်တဲ့လား
အပန်းဖြေခရီးထွက်မှာဆိုတော့ သူနားမှာ ကောင်မလေး
ဖယောက်ယောက်တော့ အပျင်းပြေပါသွားမှာပေါ့။ အရင်တ
Junction 8 မှာဆုံတုန်းက အဖြစ်ကလေးတွေ မျက်ဝန်းမှာ ပြ
မြင်ယောင်လာတယ်။

ကိုယ့်လက်ကို ဆုပ်ကိုင်ပြီး လူအုပ်ကြားထဲမှ ပြေးထွ
ခဲ့တုန်းက နွေးထွေးလှိုက်ဖိုစေတဲ့ အထိအတွေ့ နွေးနွေးထွေ
သူ့ရဲ့ နှစ်လိုဖွယ်ကောင်းတဲ့ တဒင်္ဂအကြည့်လေးတွေကို ခုချိန်
အာရုံမှာရော မျက်ဝန်းအတွေ့မှာပါ မပျက်ပျယ်သေးပါဘူး
ရင်ခုန်လှိုက်မောမှုတွေဟာ ဝင်သက်ထွက်သက်တိုင်းမှာ သက်
လှုပ်ရှားနေဆဲပါပဲ။

ပန်းသားလေးကို ခပ်ဆတ်ဆတ် ရိုက်ခံလိုက်ရသေ





ချင်မှု စပ်ဖျင်းဖျင်းကြောင့် အတွေးအာရုံနယ်ပယ်ထဲကနေ
ဆိစိတ်တွေ လွင့်လူးလာပြန်၏။

"နင် ဘာတွေ တွေးနေတာလဲ"

"ဖြည်းဖြည်းလုပ်ပါ၊ နာတယ်ဟဲ့ မိန်းမစုတ်ရဲ့"

"ဟင်း ငါကတော့ ပြောလို့၊ သူကတော့ စိတ်တွေက
နေရာကို ရောက်နေတယ်၊ လုံးဝမရှိးသားဘူး"

အဖြစ်အပျက်အားလုံးကို မသိသေးသော ရွှေကျေးလေး
တော့ သူ့ကို ဒီလိုပဲ မရိုးသားဘူးလို့ စွပ်စွဲမှာပေါ့နော်။

တကယ်တော့ ကျွန်မရဲ့အတွေးတွေနဲ့ ရှင်သန်နေတဲ့
သားတစ်စုံကတော့ ရိုးသားပါတယ် မင်းသားရယ်။

"ကဲ လုပ်တော့လေ ... ငါတို့ လစ်ရအောင်၊ တော်ကြာ
မိတွေးကြီး တစ်ခေါက်ထပ်လာနေဦးမယ်"

"အေးပါဟဲ့ ... ငါ ဘွားငြိမ်းကို သွားပြီး မှာစရာရှိတာ
ဦးမယ်"

ဘွားငြိမ်းအား ဒေါ်ထူးထူးမြိုင်က နှင်းစက်ကို မေးလျှင်
မသိဘူးဟုသာပြောဟု မှာခဲ့ပြီး ရွှေကျေးနှင့်အတူ ခြံထဲမှ
ထွက်လာခဲ့၏။ ခြံဂိတ်မှာတော့ အဘလူအေး ရှိမနေ၊ ခုချိန်
ာက်ဆို သူလည်း သစ်ခွရုံဘက်မှာ အလုပ်တွေ ရှုပ်နေရော
။ နှင်းစက်ဘဝမှာ ခိုးကြောင်ခိုးဝှက် သွားရတဲ့အရသာမျိုး
ခါမှ မရှိခဲ့ဖူးပါ။ မခံစားခဲ့ဖူးပါ။

ရွှေကျေးတို့အိမ်ရောက်တော့ ကမန်းကတန်း ပြင်ဆင်ပြီး
ွက်လာကြ၏။ ရွှေကျေးက နှင်းစက်ကိုကြည့်ပြီး ...

www.burmeseclassic.com



"နင် ဒီနေ့ အရမ်းလှတယ်ဟယ်၊ အရင်ရက်တွေ
နှင်းစက်ဖြူဖြူထက် ဒီနေ့ နှင်းစက်ဖြူဖြူက ပိုလှတယ် သိလာ

ပေါင်လယ်လောက်အထိ ဝဲကျနေတဲ့ မိုးသားပြာဖြ
အရောင်ဟု ထင်ရသော မိုးသားအင်္ကျီလေးကို လည်ပင်း၌ လ
အနား၌ ရင်ဆက်တွေမှာ ပွင့်ဖတ်သဖွယ် ပုံဖော်ထားတဲ့ ဇာအနာ
ကွပ်ကလေးနှင့် အင်္ကျီပုံစံလေးက ပွင့်ဖတ်တွေကြားထဲမှာ ဝဲ
တဲ့ လိပ်ပြာမလေးတစ်ယောက်ရဲ့ဟန်မျိုး။

အောက်ခံစတော်လ်ကင် ဆွဲသားဘောင်းဘီနှင့် ဖြူဝ
သော ခြေအစုံနှင့် လိုက်ဖက်သော ပင်စဲလ်ဟီး မိုးပြာရော
ဒေါက်အမြင့်က သူမရဲ့ လမ်းလျှောက်ပုံကို ပိုပြီး စတိုင်လ်ကျ
လှပစေပါ၏။ MP 4 ထည့်ထားသော ဖန်စီအိတ်အရှည်လေး
စလွယ်သိုင်းထားသော သူမရဲ့ စတိုင်လေးနဲ့ လှသွေးကြွယ်မှု
မြင်ရသူတွေအဖို့ ထင်းခနဲ လင်းလက်စေတဲ့ ကြယ်လေးတစ်ပွင့်
လိုပါပဲ။

ပုံမှန်ထက် ပိုပြီး ခြယ်သထားခြင်းမရှိတဲ့ မျက်နှာလေ
က ဖြူဝင်းပြီး ပုလဲရောင်တောက်နေသော သူမရဲ့အသားအရေ
လေးနဲ့ လိုက်ဖက်လွန်းနေတော့ ရွှေကျေးတောင် ငေးယူရတယ်
ဆိုတာ မယုံနိုင်စရာမရှိ။

မင်းသားလေးရယ် ကျွန်မရင်တွေ ခုန်လိုက်တာရှင်





အခန်း ( ၁၄ )

BURMESE CLASSIC

မင်းသားလေးရဲ့မွေးနေ့ပါတီပွဲရောက်တော့ ပရိသတ်
သောင်ပေါင်းများစွာက ဝီရိယကြီးစွာ ရောက်နှင့်နေကြပြီ။

ခန်းမတစ်ခုလုံး တိုးမပေါက်အောင် စည်ကားလွန်းနေ
၏။ ဖျော်ဖြေရေးအစီအစဉ် စနေပြီ။

ပရိသတ်အားလုံးလိုလိုက ဒီဇိုင်းမျိုးစုံနှင့် ဖန်တီးထား
သော မျက်နှာဖုံးကိုယ်စီနှင့်။

နှင်းစက်နှင့် ရွှေကျေးလည်း ဟိုတယ်ထဲ ခြေလှမ်းစဝင်
တာနှင့် အသင့်ယူလာသော မျက်နှာဖုံးလေးတွေကို တပ်လိုက်ကြ
ပြီး တစ်ယောက်မျက်နှာတစ်ယောက် ပြန်ကြည့်ကာ မျက်နှာဖုံး
အောက်မှ ရယ်လိုက်ကြ၏။

နှင်းစက်က စင်ဒရဲလားမျက်နှာဖုံးလေး။ ရွှေကျေးက
ယယ်ရီယိုတာ မျက်နှာဖုံးလေး။

ဟိုတယ်ခန်းမထဲရောက်တော့ နှင်းစက်ရော ရွှေကျေးပါ
ဖျော်ဖြေရေးအစီအစဉ်ရှိရာသို့ လျှောက်လာကြ၏။



www.burmeseclassic.com

www.burmeseclassic.com



'တီ တီ တီ'

ရွှေကျေးရဲ့ အိတ်ကလေးထဲမှ ဟမ်းဖုန်းက ထမြည်လာ၏။ ဖုန်းမြည်သံကြောင့် ရွှေကျေးသည် စိတ်ပျက်စွာ ညည်းတွားရင်း

"ဟင်း... အရေးထဲကွာ... ဘယ်ကဖုန်းက လာပြန်ပြီလဲ မသိဘူး"

"ဟယ်လို"

"------"

"အေး... ဟုတ်တယ်၊ ငါ မင်းသားလေးရဲ့မွေးနေ့ပွဲ ရောက်နေတယ်"

"-----"

"ဘာ... မေမေ မူးလဲလို့... ဟုတ်လား"

"အေး အေး... ငါ ခုချက်ချင်း ပြန်ခဲ့မယ်... ဒါပဲ ဒါပဲ"

ထိတ်ထိတ်ပျာပျာဖြစ်သွားသော ရွှေကျေးပုံစံကြောင့် နှင်းစက် စိတ်ပူသွား၏။

"နှင်းစက်ရေ.. ငါတော့ ပါးစပ်ထဲရောက်ခါနီးမှ ပုတ်ချခံလိုက်ရပြီ၊ ငါ အိမ်ပြန်မှဖြစ်တော့မယ်၊ မေမေ မူးလဲလို့တဲ့"

"ငါလည်း လိုက်ပြန်မယ်လေ"

ရွှေကျေးက နှင်းစက်ကို မပြန်စေချင်သော အမူအရာဖြင့် လက်ကာပြရင်း...

"မလိုက်နဲ့ ဒီအခွင့်အရေးကို နင် လက်လွှတ်ခံလို့ မဖြစ်





ဘူး။ ငါတောင် မူးလဲတဲ့လူက ငါ့ကိုမွေးထားတဲ့ အမေဖြစ်နေလို့၊ အခြားလူဆို လုံးဝကိုမပြန်ဘူး။ တကယ်ပြောတာ"

"နင် ငါ့အတွက် ဘာမှနောက်ဆံမတင်းနဲ့၊ နင့်စိတ်ကို လွှတ်ပြီးသာပျော်လိုက်၊ ကဲ ငါလစ်ပြီ"

နှင်းစက်အနားမှ ရွှေကျေး ခပ်သုတ်သုတ် ထွက်သွား၏။ နှင်းစက်မှာသာ လူအုပ်ကြားထဲ ခပ်ကြောင်ကြောင်နိုင်စွာဖြင့် ရပ်ရင်း ကျန်ခဲ့၏။ တစ်ယောက်တည်းဆိုတော့ ဘယ်သွားလို့ ဘယ်လာရမှန်းမသိ။ အူကြောင်ကြောင်နိုင်လွန်းစွာဖြင့် ဟိုတယ် အပြင်ဘက်သို့ ထွက်လာခဲ့လိုက်၏။ မျက်နှာဖုံးစွပ်ထားတော့ အနည်းငယ်တောင် ရှိုးတိုးရှန့်တန့် မဖြစ်မိတော့ပါ။ အပြင်ဘက်မှာလည်း လူတွေက ရှုပ်ရှက်ခတ်နေပြန်၏။ လူရှင်းတဲ့နေရာကို ရှာရင်း ရှာရင်းနဲ့ ရေတံခွန်အတုလေးနားသို့ ရောက်လာ၏။

ဒီနေရာလေးကတော့ အနည်းငယ်လူရှင်းနေ၏။ လူရှင်းသောနေရာလွတ်လေးမှာ ဝင်ထိုင်လိုက်၏။ ပြီးမှ ကိုယ့်အဖြစ်ကို ရယ်မိသည်။ ပါတီပွဲလာပါတယ် ဆိုမှ လူရှုပ်တာကို ကြောက်ပြီး ဒီလိုနေရာမှာ လာထိုင်နေရတယ် လို့။

ဟိုင်း ဒီဝေးနဲ့ အူကြောင်ကြောင် ထိုင်နေမယ့်အစား လမ်းသွားတိုင်း ဆောင်နေလေ့ရှိသော MP 4 လေးကို ထုတ်ပြီး သီချင်းနားထောင်နေလိုက်၏။

"စင်ဒရဲလားလေး"



www.burmeseclassic.com

www.burmeseclassic.com



အနားနားကပ်ပြီး ခေါ်လိုက်သံကြောင့် လန့်သွားကာ မော့ကြည့်လိုက်၏။

အဲလ်မစ္စပရက်စလေရဲ့ မျက်နှာဖုံးကို တပ်ထားသူ လူရွယ်တစ်ယောက်မျက်နှာကို မမြင်ရပေမယ့် သူ့ရဲ့ ခန္ဓာကိုယ် အချိုးအစား တောင့်တင်းပြေပြစ်မှု၊ ဖြူဝင်းသော အသားအရေ နှင့် အရပ်မြင့်မြင့်ကြောင့် လူချောတစ်ယောက်ဆိုတာ ရုပ်လုံးဖော် ခန့်မှန်းလို့ရ၏။

ဝတ်ထားသော ဝတ်စားဆင်ယင်မှု၊ စတိုင်ကျ သပ်ရပ်မှုကြောင့် မော်ဒယ်တစ်ယောက်တောင် ဖြစ်ကောင်းဖြစ်နိုင်မယ်လို့ သူမတွေးလိုက်၏။

"အဖော်မပါဘူးလား"

သူ၏အမေးကို ခေါင်းလေးခါပြီး ဖြေလိုက်၏။

"ကိုယ့်ကိုရော ပေးနားထောင်မလား"

ဟု ဆိုပြီး နှင်းစက်နားဝင်ထိုင်ကာ နားတစ်ဖက်မှာ တပ်ထားသော နားကြပ်ကလေးကို ဖြုတ်ပြီး သူ့နားမှာ ပြောင်းတပ်လိုက်၏။

"အင်း . . . မင်းက ပေါ့ပ်သီချင်းတွေကို ကြိုက်ပုံရတယ်နော်"

သူမ ထပ်ပြီး ခေါင်းညိတ်ပြလိုက်ပြန်၏။

"သနားစရာပဲ . . . စကားမပြောတတ်ရှာဘူးပဲ"

ကိုယ့်ကို သနားစရာ အ, အမလေးတစ်ယောက်ဟု ထင်နေသော ထိုသူကိုကြည့်ပြီး နှင်းစက် ရယ်ချင်သွား၏။





"ရှင်ကတော့ သာလိကာအတိုင်းပဲ၊ လူတစ်ဖက်သားကို နားငြီးအောင် ပြောတတ်တယ်နော်"

နှင်းစက်ထံမှ စကားသံ ထွက်လာသဖြင့် . . .

"ဩော် ဆောရီး . . . ပြောတတ်သားပဲ"

"ဘာလို့ အဖော်တွေ ခေါ်မလာလဲ၊ တစ်ယောက်တည်းဆိုတော့ ဘယ်ပျော်စရာကောင်းမလဲ"

"လာတုန်းကတော့ နှစ်ယောက်ပါ၊ ဒီရောက်မှ ရွှေကျားက သူ့အမေ မူးလဲလို့ ဖုန်းဆက်ခေါ်တာနဲ့ ပြန်သွားရတာ"

"သူများကျတော့ ပြောတယ်၊ ရှင်ကျတော့ရော အဖော်ပါလို့လား"

"အစတုန်းကတော့ မပါဘူး . . . ခုတော့ အဖော်ရသွားပြီ"

ဟု ဆိုပြီး နှင်းစက်ကို ကြည့်လိုက်သည်။ ထိုအကြည့်များထဲတွင် သိမ်မွေ့နက်နဲသော လျှို့ဝှက်ရိပ်များနှင့်အတူ ချက်လုံးအင်အား ကောင်းကောင်းကို ပိုင်ဆိုင်ထားနိုင်သော ဆွဲဆောင်မှုတစ်ခုကိုလည်း တွေ့ရသည်။

အကြည့်ချင်းဆုံမိသည့် တခဏ်အတွင်းမှာ အရာအားလုံးကို ခေတ္တခဏ မေ့သွားလျက် သူ့ရဲ့အကြည့်စူးစူးတွေ အောက်မှာ နှလုံးခုန်သံတွေဟာ ပုံမှန်မဟုတ်တော့ဘဲ ခြေဖျားလက်ဖျားများ အေးစက်ထုံကျင်သွားသလား အောက်မေ့ရသည်။ ထိုတခဏ်ခင်တက်မိနေစဉ်မှာပင်။

"မင်းသားလေးရဲ့ မွေးနေ့ပွဲကို လာတယ်ဆိုတော့ . . .



www.burmeseclassic.com

www.burmeseclassic.com



မင်းသားလေးကို ခရေစီဖြစ်လို့လား''

''သူ့အနုပညာကိုပါ''

''လူကိုရော''

ရဲတင်းလွန်းသော အမေးတစ်ခုကို ဟန်မပျက်ဘ အလိုက်သင့်ဖြေလိုက်၏။

''ဟင့်အင်း''

ကိုယ့်ရင်ထဲက ယောကျ်ားတစ်ယောက်ကြောင့် ဖြစ်ေ လာသော ခံစားချက်အစစ်အမှန်ကို တခြားယောကျ်ားတ ယောက်ကို ဖွင့်ဟဝန်ခံဖို့ လိုမှ မလိုအပ်တာ။

''အထူးအစီအစဉ်ရှိတယ်လို့ ကြားတယ်... မင်းသိပြီ ပြီလား''

ဘာကိုရည်ရွယ်ပြီး မေးမှန်းမသိတဲ့ မေးခွန်းတစ်ခု ကြောင့် ခေါင်းခါပြလိုက်သည်။

''ဟင့်အင်း''

ကိုယ့်အဖြေကြောင့် သူသည် မျက်နှာဖုံးအောက်မှ ဖွ လိုက်သလား၊ ပြုံးလိုက်သလား ရေရေရာရာ မသိပါ။

''မင်း Dancer ကတတ်လား''

သူနှင့် နှင်းစက်အကြားမှ ခပ်အုပ်အုပ်ကလေး ထွက်လာ သော ထိုမေးခွန်းကိုတော့ ဖြေချင်စိတ်ရှိလောက်အောင် သဘော ကျပါသည်။

''ကတတ်တာပေါ့''

''ပရော်ဖက်ရှင်နယ်လား''





''မဟုတ်ဘူး ... ဝါသနာရှင်ပါ''

''အဟင်း''

ဒီတစ်ခါတော့ ထိုလူရယ်လိုက်သည်ဆိုတာကို နှင်းစက် ခန့်မှန်းလို့ ရသွား၏။ ဘာဖြစ်လို့လဲဆိုတော့ ရယ်သံခပ်တိုးတိုး ထွက်လာတာကိုး။

''ကဲ ... ထ''

''ဘာလုပ်မလို့လဲ''

''ခန်းမထဲ ဝင်ကြမယ်လေ၊ ပွဲက စတော့မယ်''

နှင်းစက် ထိုင်ရာမှ ထလိုက်၏။

တော်ပါသေးရဲ့ ရွှေကျေးမရှိလို့ လူက တစ်ယောက် ည်း ခပ်ကြောင်ကြောင် ဖြစ်နေတာ။

ခုလောလောဆယ်တော့ သူ့ကို အဖော်ပြုရမှာပဲလေ။ ပြီးရင် သူလည်း ကိုယ့်မသိ၊ ကိုယ့်လည်း သူမသိ။ ဘာများ က်နှာပူ ရှက်ရွံ့နေစရာလိုမှာလည်း။ ခန်းမထဲရောက်တော့ သူ နှင်းစက် အနားကနေ ငါးမိနစ်ခန့် ပျောက်သွားပြီ။ သူပြန် ရောက်လာတော့ သရဖူလေးရယ်၊ ငွေမင်ရောင်စလွယ်လေးတစ် ခုရယ် သူ့လက်ထဲမှာ ကိုင်လာတာ တွေ့လိုက်ပြီး။

''ရော့ ... ဒီသရဖူလေး ဆောင်းထား''

ဆိုပြီး နှင်းစက်ခေါင်းမှာ သူကိုယ်တိုင် ဆောင်းပေး၏။ လွယ်လေးကိုလည်း သူကိုယ်တိုင်ပင် ပခုံးမှ သိုင်း၍ ခါးမှာ တ်ချည်ပေးနေသော သူ့ရဲ့ ရဲတင်းသွက်လက်မှုတွေကြောင့် င်ထဲမှာ ပျော်သလိုလို စိတ်ကျဉ်းကျပ်သလိုလိုနှင့် မရေရာသော

သမီးပျိုစာစဉ်

www.burmeseclassic.com

www.burmeseclassic.com



ခံစားမှုတွေက တစ်သီတတန်းကြီး ဝင်ရောက်လျက်။

"ဒါတွေကို ဘာဖြစ်လို့ ကျွန်မကို လာလုပ်ပေးနေတာလဲ"

"ဒီပွဲကို တက်တဲ့ အပျိုစင်တိုင်း ဒီသရဖူနဲ့ စလွယ်လေးကို လွယ်ခွင့်ရှိတယ်လေ၊ ကိုယ့်အထင်တော့ မင်းက အပျိုစင်လေးပဲ မဟုတ်လား"

ထိုစဉ် ဖျော်ဖြေရေးစင်ဘက်မှ presenter ရဲ့ အသံကို ကြားလိုက်၍ နှစ်ယောက်သား စင်ဘက်ကို ပြိုင်တူ လှည့်ကြည့်မိကြ၏။

"မင်းသားလေးရဲ့ မွေးနေ့ပွဲကို တက်ရောက်လာတဲ့ ညီသည်တော်များရှင်... မကြာခင်မှာ မင်းသားလေးရဲ့ အထူး အစီအစဉ်တစ်ခုကို စတင်ပါတော့မယ်"

"အဲဒီ အထူးအစီအစဉ်လေး မစတင်ခင်မှာ သရဖူဆောင်းပြီး စလွယ်လေးတွေ လွယ်ထားတဲ့ Lady လေးများ စင်မြင့်ရဲ့ ညာဘက်ခြမ်းမှာ နေရာယူပေးကြပါရှင်"

နှင်းစက်နားကိုကပ်ပြီး တိုးတိုးလေး သတိပေးပြီး သွားနိုင်းနေ၏။

"ဟော ... ပြောနေပြီ ... သွားတော့"

"ဟင့်အင်း ... မသွားချင်ပါဘူး"

"မသွားချင်လို့ မရဘူးလေ၊ ဒါဟာ ဒီပွဲရဲ့ စည်းကမ်းပဲ မင်း သူ့ပွဲကို တက်ရင် သူ့စည်းကမ်းအတိုင်း လိုက်နာနိုင်ရမှာပေါ့၊ သွားလိုက်ပါ၊ မင်းက လိမ္မာပါတယ်၊ ဒီအစီအစဉ်ပြီးရင်





ဟိုဘက်စားသောက်ခန်းမမှာ ဘူဖေးသွားစားကြတာပေါ့၊ မင်းကို ကိုယ်စောင့်နေမယ်"

ကိုယ့်ကို အစစအရာရာ အလိုက်သိလွန်းစွာဖြင့် အဖော်လုပ်ပေးသော မည်သူမည်ဝါမှန်း မသိသော သူစိမ်းယောက်ျားတစ်ယောက်ရဲ့ အမိန့်ဆန်ဆန် စကားလုံးများကို ဘာကြောင့်များ တစ်သွေမတိမ်း လုပ်ဆောင်နေမိပါသလဲဆိုတာ မဝေခွဲချင်တော့ပါ။

ကိုယ့်ထက် အရပ်ပိုမြင့်သော သူ့ကို နှင်းစက် မော့ကြည့်လိုက်၏။ မျက်နှာဖုံးအောက်မှ လှျို့ဝှက်မျက်လုံးချင်း ဆုံမိသည့်အခိုက် ရင်ထဲဗွေးရှရှလေး ဖြစ်သွားရပြန်တယ်၊ ဘာဆိုင်လဲကွယ်၊ ဘယ်သူဘယ်ဝါမှန်းတောင် သေချာမမြင်ရတဲ့ မသိဆိုင် ဒီခံစားမှုကြီးက ရင်ထဲကို ဘာဖြစ်လို့ အမိပွာယ်မဲ့ ဝင်လာရတာလဲ။ မှန်းဖို့ကောင်းလိုက်တာ။

သူ့ရှေ့မှာ ဆက်ရပ်နေရင် ကိုယ့်ရဲ့ မျက်ဝန်းမှတစ်ဆင့် ကိုယ့်ရဲ့အားနည်းချက်ကို သူ ရိပ်မိသွားနိုင်တယ်။ ခြေလှမ်းတွေက အပျိုစင်လေးများ စုဝေးရာနေရာလေးဆီသို့ ခြေလှမ်းပြင်လိုက်တယ်။

"ဒီမှာ"

သူ့ကို ကျောခိုင်းပြီး သုံးလေးလှမ်းမျှသာ လှမ်းရသေးတယ်။ သူက ဒီမှာဆို၍ လှည့်ကြည့်လိုက်တော့...

"မင်းရဲ့မျက်ဝန်းလေးတွေက သိပ်လှတယ်၊ ကိုယ် တစ်ချိန်ချိန်မှာ မင်းကို ပြန်တွေ့ခွင့်ရမယ်ဆိုရင် မှတ်မိလွယ်အောင်



www.burmeseclassic.com

www.burmeseclassic.com



တဲ့ မျက်ဝန်းမျိုးပဲ၊ မင်း ကံကောင်းပါစေ"

ဟင် ... ဘာလဲဟ၊ လူကိုများ ကံကောင်းပါစေတဲ့ သူ့စကားတွေထဲမှာ လျှို့ဝှက်ချက်တွေ စီးဝင်မျောပါနေသလိုပါလား စိတ်ထဲမှာ ခပ်ယောင်ယောင်လေးတွေးပြီး သူ့ကို ဘာစကားမှ မဆိုတော့ဘဲ ဆက်လျှောက်လာလိုက်၏။

နှင်းစက်လို သရုပ်ဆောင်းပြီး စလွယ်လွယ်ထားသော အမျိုးသမီးဝေက နည်းတာမဟုတ်။

စောစောက သူ့ကို ကိုယ်ရပ်နေရာမှ လှမ်းကြည့်လိုက်တော့ ထိုနေရာတွင် သူရှိမနေတော့။ ဟင် သူ ဘယ်များသွားနေသလဲ၊ စောစောကတော့ ကိုယ့်ဘေးမှာ တစ်လျှောက်လုံးရှိနေ၏။

မိတ်ဆွေတစ်ယောက်လို၊ သူငယ်ချင်းတစ်ယောက်လို ရင်းနှီးနှစ်လိုဖွယ်ကောင်းသော သူ့ကို ကိုယ့်မြင်ကွင်းရှေ့မှာ မတွေ့ရတော့ ရင်ထဲမှာ အားငယ်သလိုလိုနှင့် ဟာဆင်းသွား၏။

အမှန်တကယ်ဆိုရင် သူ နှင်းစက်ကို မိတ်ဆက်ရမှာလေ။ သူ့နာမည်ကိုပြောပြီး နှင်းစက်ရဲ့နာမည်နဲ့လိပ်စာကိုလည်း ထုံးတမ်းစဉ်လာအရ မေးရမှာ။ သူ့ရဲ့စတိုင်လ်နဲ့ သူ့အကြည့် အပြောတွေဟာ အနည်းငယ်တော့ ထူးဆန်းနေသလိုပါပဲ။

ဖျော်ဖြေရေးစင်ဘက်မှ နှင်းစက်ရပ်နေရာဘက်သို့ လျှောက်လာသော ဟေသာနဲ့ဆွေဇင်ကိုတွေ့လိုက်၍ ခေါင်းနားပန်းကြီးသွားရ၏။

သူတို့ မျက်နှာဖုံးတွေ ဘယ်လောက် တပ်ထားထား





သူတို့ အဝတ်အစားတွေကိုကြည့်ပြီး သူတို့ဆိုတာ နှင်းစက် အတိအလင်း ပြောနိုင်၏။

ကိုယ်ရပ်နေရာနှင့် နီးသထက်နီးလာပြီ။

"မမဟေသာ ... ကျူးက ဘာတွေ စဝန့်ထွင်ဦးမလဲ သိဘူးနော်"

"အဲဒါ သူ့ရဲ့စတိုင်ပဲလေ၊ သူက ဘာလေးပဲလုပ်လုပ် သူများထက်တော့ နည်းနည်းထူးလိုက်ရမှ"

တော်ပါသေးရဲ့။ နှင်းစက်ဘေးကနေ ကပ်ပြီး သွားပေမယ့် သူတို့ နှင်းစက်ရဲ့ လန်းနေသော အပြင်အဆင်တွေကြောင့် မှတ်မိပါ။

"ညီသည်တော်များရှင် ... မင်းသားလေးရဲ့ အထူး အစီအစဉ်လေးတစ်ခုကို ကျွန်မ ကြော်ငြာပေးပါ့မယ်"

ခန်းမတစ်ခုလုံး ဒစ္စကိုရောင်စုံစလိုက်မီးများဖြင့် လင်းသိန်သွား၏။

"ဟုတ်ကဲ့ ... မကြာခင်မှာ မင်းသားလေး ထွက်လာပါတော့မယ်၊ မင်းသားလေးရဲ့အစီအစဉ်က အရမ်းကို ရိုမန်တစ်ဆန်လွန်းတဲ့အတွက် ပရိသတ်များကို ကြည်နူးရင်ခုန်ခြင်းတွေ ခံဆင်းပေးပါလိမ့်မယ်။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်မတောင် ရင်ထဲမှာ တသိမ့်သိမ့်နဲ့ ခုန်နေမိလို့ပါ"

Presenter မှာ မင်းသားလေး dancer club ရဲ့ မန်နေဂျာသည်းဖြစ် နည်းပြလည်း ဖြစ်သော မော်ဒယ်မဒွန်းနိုင်သင်းရဲ့ အရွှန်းအဖောက်စကားကြောင့် ခန်းမတစ်ခုလုံးမှာရှိသော ဧည့်



www.burmeseclassic.com

www.burmeseclassic.com



ပရိသတ်များထဲမှ ပျော်စရာကောင်းသော အသံမျိုးစုံနှင့် လက်ခုပ်
ဩဘာသံများက ခန်းမတစ်ခုလုံးကို ပို၍ ပို၍ စည်ကားညံ
သွားရပါ၏။

"ဝိုး"

"ဝေး ဟေး"

'ရှီး'

'ဖြောင်း ဖြောင်း ဖြောင်း'

"ဟုတ်ကဲ့... ဧည့်သည်တော်များလည်း ကျွန်မနဲ့အတူ
ရင်ခုန်နေပါသလား"

"ခုန်ပါတယ်ဗျို့"

"အစီအစဉ်ကို အမြန်ကြေညာပါ... သိချင်လွန်းလို့ပါ"

"Ok... ကောင်းပါပြီ၊ ကျွန်မ ကြေညာပါ့မယ်။ အဲ
အထူးအစီအစဉ်ကတော့ အင်မတန်မှ ရင်ခုန်စရာကောင်းတဲ့
ပန်းကြဲပွဲလေးပါပဲ"

"နှင်းဆီအနီရဲရဲ အပွင့်တစ်ထောင့်လေးရာကိုးဆယ့်ကိုး
ပွင့်နဲ့ နှင်းဆီဖြူတစ်ပွင့်ရယ် အားလုံး နှင်းဆီပွင့် တစ်ထောင့်
ငါးရာတိတိကို Stage ရဲ့ ညာဘက်အပိုင်းမှာ ရှိနေကြတဲ့ မဒီလေး
တွေဘက်ကို ပန်းမိုးရွာပေးမှာပါ။ အဲဒီထဲကမှ အဖြူတစ်ပွင့်ကို
ပိုင်ဆိုင်ရရှိထားတဲ့ ကံထူးရှင်မလေးတစ်ယောက်ကို မင်းသား
လေးက ဖင်မြင့်ပေါ်ကို သူနဲ့အတူ ရင်ခုန်ကြည်နူးစရာကောင်း
တဲ့ တေးသံစဉ်တွေအောက်မှာ တွဲကဖို့ အထူးဖိတ်ခေါ်မှာပြီး
ဖြစ်ပါတယ်။ ပြီးရင် အဲဒီကံထူးရှင်လေးကို မင်းသားလေး အနမ်း





သက်ဆုံး ဆုတစ်ခုကို အထိုက်တန်ဆုံး ချီးမြှင့်မှာဖြစ်ပါတယ်"

"အဲဒါဟာ ဘာဆုဖြစ်မလဲဆိုတာကို ပရိသတ်ကြီးတို့
ခန့်မှန်းမိပါသလား"

"နိုး"

"မသိပါဘူး ပြောပါ"

ပရိသတ်များထဲမှ တစ်ယောက်တစ်ပေါက် အသံတွေ
ထပ်ထွက်လာ၍...

"ဟုတ်ကဲ့... ဘာဆုလဲဆိုတော့ ကျွန်မလည်း လုံးဝ
မသိသေးပါဘူးရှင်"

"ဝေး ဟေး"

"မင်းသားလေးရဲ့ ရှိမန်းတစ်ဆန်းတဲ့ စိတ်ကူးလေးကို
သဘောတူတယ်ဆိုရင် ဧည့်သည်တော်များ လက်ခုပ်တီးပေးကြ
ဦးရှင်"

'ဖြောင်း ဖြောင်း ဖြောင်း'

လက်ခုပ်ဩဘာသံများ ခန်းမတစ်ခုလုံး ဟိန်းဟိန်းညံ
သွား၏။

"ဟုတ်ကဲ့ ... သဲခ့်ယူပါ"

ထိုစဉ် ခန်းမတစ်ခုလုံး မြူးဖစ်နှင့်အတူ ဒစ္စကိုလိုက်
မီးများ လင်းထိန်နေရာမှ မှောင်ကျသွား၏။

ခန်းမတစ်ခုလုံး ပြာလွင်လွင်မီးရောင်မှိန်မှိန်လေးများ
သာ ထွန်းညှိထား၏။

ထိုစဉ် လူအုပ်ကြား အလယ်စင်္ကြံလမ်းမှ မင်းသားလေး



www.burmeseclassic.com

www.burmeseclassic.com



လျှောက်လာပုံကို မီးမောင်းထိုးပြပြီး ထိုမီးမောင်းရောင်အောက်မှာပင် မင်းသားလေးသည် Stage ပေါ်ကို တက်သွား၏။

မင်းသားလေး Stage ပေါ်ရောက်တာနှင့် Stage ရဲ့ အနောက်ဘက်မှ နှင်းဆီပန်းတစ်ခုကို မော်ဒယ်နှစ်ယောက်က တစ်ဖက်တစ်ချက်စီ သယ်ဆောင်လာကာ မင်းသားလေးနားသို့ ယူလာပေး၏။

"ညီ့သည်တော်များကို ကျွန်တော့်ရဲ့မွေးနေ့ပွဲမှာ စည်ကားပျော်ရွှင်စွာ တွေ့ခွင့်ရတဲ့အတွက် အထူးဝမ်းမြောက်ပါတယ်"

ခန်းမတစ်ခုလုံး မီးရောင်မှိန်မှိန်အောက်မှာ မင်းသားလေးရဲ့ နှုတ်ခွန်းဆက်စကားကို ညီ့ပရိသတ်များ ငြိမ်သက်စွာ နားထောင်နေကြ၏။ မင်းသားလေးကတော့ Stage ရဲ့ မီးမောင်းထိုးထားသော အလင်းရောင်ဖြူဖြူအောက်မှာ ကြည်လင်ရှင်းသန့်စွာ ခန့်ညားချောမောလွန်းနေ၏။

"အခု ကျွန်တော် ဒီနှင်းဆီပွင့် တစ်ထောင့်ငါးရာတိတိကို သရဖူကိုပိုင်ဆိုင်ထားတဲ့ အပျိုစင်လေးတွေ ---"

"ပရိသတ်ကြီး သဘောတူပါသလား"

"တူပါတယ်"

တူသောအသံပေါင်းများစွာက တစ်ပြိုင်နက်တည်း ထွက်ပေါ်လာပြီး ခန်းမတစ်ခုလုံး ဟိန်းသွား၏။

"Ok ... very very thank you"

"ကဲ ... စပြီ"





ပန်းများက အပျိုစင်လေးများရှိရာဘက်သို့ ပန်းမိုးရွာသလို ဖြာကျသွား၏။ ပြာလဲ့လဲ့ မီးရောင်အောက်မှာ ...

"ဟေး"

ခနဲဟူသော အော်သံလေးနှင့်အတူ အားလုံး လှုပ်လှုပ်ရွရွ ဖြစ်ကုန်၏။ မသဲကွဲသော အလင်းရောင်အောက်မှာ ကျလိုက်တဲ့အတွက် မည်သူမည်ဝါက နှင်းဆီအဖြူတစ်ပွင့်ကို ပိုင်ဆိုင်သွား မယ်ဆိုတာ အားလုံးက မခန့်မှန်းနိုင်ပါ။

"ကဲ ... ဒစ္စကိုလိုက်တွေ ဖွင့်လို့ရပါပြီ"

မင်းသားလေးရဲ့ အမိန့်သံအဆုံး ခန်းမတစ်ခုလုံး ဖြန့်ပြီး လင်းထိန်သွားသည်။

"ကဲ နှင်းဆီဖြူလေး တစ်ပွင့်ကို ပိုင်ဆိုင်ထားပါသော ကံထူးရှင်လေးရေ Stage ပေါ်တက်ခဲ့ပါလို့ ကျွန်တော် အထူး ဖိတ်ခေါ်ပါတယ်"

မီးရဲ့အလင်းရောင်နဲ့အတူ ကိုယ်ဆုပ်ကိုင်ထားမိသော ပန်းလေးတစ်ပွင့်က သူ့ရဲ့ရင်ခုန်နှုန်းတွေကို အတိုင်းအဆမဲ့စွာ မြင့်တက်သွားစေနိုင်ပါသလား။ ကိုယ်တွေမြင်လိုက်ရတဲ့ ပန်းဖြူလေးတစ်ပွင့်ကြောင့် ဒူးများပင် ညွတ်ခွေကျချင်လာ၏။ ရင်ထဲမှာ ကြောက်ရွံ့ခြင်းလား။ ရင်ခုန်ခြင်းလား။ ပျော်ရွှင်ကျေနပ်ခြင်းလား ဆိုတာ ခွဲလို့ မတတ်သော ခံစားမှုကြီးက လူကို သွေးပျက်ဒူယ်ကောင်းသော ရင်ခုန်ခြင်းတွေ ပေးစွမ်းနေပါလား။

"ကံထူးရှင်မလေးရေ... တက်ခဲ့ပါလို့ ဖိတ်ပါတယ်"

မင်းသားလေးရဲ့ ဒုတိယအကြိမ် ဖိတ်ခေါ်သံ ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



သူမလေးကတော့ နှင်းဆီဖြူကလေးကို ငုံ့ကြည့်ပြီး နေရာမှာပင် တွေဝေမိန်းမောလို့ကောင်းတုန်း။

"အင်း… ကျွန်တော်သိပြီ၊ တစ်ခန်းလုံး မီးရောင်တွေ နဲ့ လင်းထိန်နေတော့ Stage ပေါ်ကိုတက်ရမှာ မဝံ့မရဲဖြစ်နေ တယ်လို့ပဲ ကျွန်တော် မှတ်ယူလိုက်မယ်နော်"

"ကဲ… Lighting tone ကို လျှော့ချလိုက်ပါ၊ ဒါမှ ကံထူးရှင်မလေး Stage ပေါ်ကို တက်လာမှာပါ"

"ဗိုး… ဘယ်လိုလဲ ဧည့်သည်တော်တို့… ကျွန်တော် နဲ့အတူ တွဲကမယ့် မဒီလေးကို Stage ပေါ်ကိုတက်ဖို့ ကူဖိတ်ပေး ပါဦး"

မင်းသားလေး ပရိသတ်ဘက်ကို လှည့်ပြီး အကူအညီ တောင်းနေပြီ။ တစ်ဖက်ခြမ်းမှ ဧည့်ပရိသတ်တွေဘက်မှ…

"Stage ပေါ်ကို တက်ပါတော့"

"နှင်းဆီဖြူပိုင်ရှင် ဘယ်သူပါလဲ"

"ရုပ်ဆိုးလွန်းလို့ ထွက်မလာတာလား"

ဟူသော အသံမျိုးစုံက နှင်းစက် Stage ပေါ်ကို တက် ဖို့ တွန်းအားတစ်ရပ်အဖြစ် လှုံ့ဆော်နေကြပြီ။

မထူးတော့ပါဘူး။ ကိုယ့်စိတ်ကို ကိုယ့်ဘာသာ ရဲအော တင်ပြီး Stage ပေါ်သို့ လူတွေကြားထဲမှ တိုးထွက်ပြီး တက်လာ လိုက်သည်။ နှင်းစက် စတိတ်စင်ပေါ်တက်လာပုံကို မီးစလိုက် လိုက်ပြီး ထိုးပြနေရင် ဧည့်သည်တော်များ ဘက်မှ အားပေး များ ထွက်ပေါ်လာ၏။ Stage ပေါ်ရောက်တော့ မင်းသားလေး





သူ့ရဲ့လက်အစုံနဲ့ နွေးထွေးစွာ လက်ကမ်းကြိုဆိုပါတယ်။

"သင့်ခ်ယူ"

"ကိုယ်နဲ့ Dancer တစ်ပုဒ်လောက် တွဲကနိုင်မလား"

မော်ဒယ်လေးတစ်ယောက် ကမ်းပေးလာသော မိုက် ကရိုဖုန်းကို လှမ်းယူကာ အသံကိုမတုန်အောင် သတိထားထိန်း ရင်း…

"ကြိုးစားပြီး ကကြည့်တာပေါ့"

"Ok"

လှမ်းပေးလာသော မင်းသားလေးရဲ့ လက်ကို အဆိုက် သင့် လှမ်းတွဲလိုက်ပြီးသည်နှင့် ခန်းမတစ်ခုလုံး ဒစ္စကိုလိုက်များ ဖြိုက်လည်လင်းထိန်သွားသည်။

ရင်ခုန်လှိုက်မောဖွယ်ကောင်းသော သံစဉ်တေးသွားနုနု လေးနဲ့အတူ မင်းသားလေးကကွက်အတိုင်း သူမရဲ့ သွယ်ပျောင်း လှပသော ခန္ဓာကိုယ်က လှုပ်ရှားယိမ်းနွဲ့လိုက်၏။

ပွေ့ယုက်ချည်နှောင်လာသော မင်းသားလေးရဲ့ နူးညံ့ နွေး ကျစ်လျစ်သော လက်အစုံရဲ့ ထိတွေ့နွေးထွေးမှုကြောင့် သား မြူးဇစ်ရဲ့ လှိုက်မောဖွယ်ကောင်းသော တေးသွားရဲ့ ဆန်း ကြယ်မှုတွေကြောင့်ပဲလား မသိ။ သူမပါ မင်းသားလေးနဲ့အတူ ၀င်သွား၏။

အို… တစ်ကိုယ်လုံး လေဟာနယ်ထဲမှာ လွင့်မျောနေ သလိုပါပဲ။ ကိုယ့်အတွေးအာရုံတွေဟာ တိမ်တိုက်တွေပေါ်မှာ ပြေးလွှားကနေရသလိုမျိုး။ ကိုယ့်အနားမှာ တီးဝိုင်းအဖွဲ့သားများ



www.burmeseclassic.com

www.burmeseclassic.com



မရှိ။ Stage အောက်က ကြည့်နေကြသော ပြည့်ပရိသတ်များ မရှိ။

မှော်ဝင်နေသော ဂီတသံစဉ်တစ်ပုဒ်က သူမရဲ့ခံစားချက်များကို လှိုင်းထန်လာအောင် စိတ်ကြိုက်ညှို့ဝင်နေကြပါလား။

အို ဘုရားရေ… ဆယ်ကျော်သက်မိန်းကလေးတွေရဲ့ နှုတ်ဖျားမှာ ရေပန်းစားနေတဲ့ နိုင်ငံကျော်စုပါစတားတစ်ယောက်ကြီးတော့ သူမ သိပ်ကိုရင်ခုန်ခဲ့ရပြီး ကိုယ့်ရဲ့ စိတ်ကူးယဉ်ကမ္ဘာလေးထဲက တမ်းတနေရတဲ့သူတစ်ယောက်နဲ့ ခုလို ရင်ချင်းအပ်လက်ချင်းယှက်၊ ပါးချင်းပူးကာမိထိတွေ့ပြီး မှော်ဝင်ဂီတ သံစဉ်အောက်မှာ စီးမျောခွင့်၊ ကပြခွင့်ရလိမ့်မယ်လို့ ဘယ်တုန်း ကမှ ထင်မထားခဲ့မိ။ ဒါဟာ အိပ်မက်များလားကွယ်။

သူ့အကြည့်တွေဟာ သူမရဲ့ ရင်ထဲမှာ နိုလှုံနေတဲ့ အသည်းဆိုင်တစ်ခုလုံးကို သိမ်းကျုံးပိုက်တွေးယူငယ်သွားသလိုပါပဲ။ သံစဉ်တွေနဲ့အတူ ကနေရင်းမှ မင်းသားလေးရဲ့ ကရုဏာသံများ သက်ဝင်စီးမျောနေသော လေသံတိုးတိုးဖြင့်…

“စင်ဒရဲလားလေး… မင်းမျက်ဝန်းတွေက ကိုယ့်ရင်ကို လှုပ်ခတ်စေတယ်၊ ကိုယ် မင်းရဲ့မျက်နှာလေးကို ကြည့်ခွင့်ရချင်တယ်ကွာ”

သံစဉ်တွေကြားမှ သူမ,ကြားသာအောင် ခပ်တိုးတိုး ဆိုလိုက်သော မျှော်လင့်မထားသော တောင်းဆိုမှုတွေကြောင့်…

“အို … ဘုရားရေ”

ဟု ခိုပြီး လက်မှာပတ်ထားသော ရွှေရောင်နာရီလေး





ကို ကြည့်လိုက်တော့ ဆယ်နှစ်နာရီတိတိ။ ကိုယ်ချင်းပူးကပ်နေသော မင်းသားလေးရဲ့ရင်ခွင့်တစ်နေရာမှ ရုန်းထွက်လိုက်ပြီး

“ဆောရီးပဲ မင်းသားလေးရယ်… မင်းသားလေးရဲ့မွေးနေ့ပွဲမှာ ကျွန်မတို့ မဆုံဖြစ်ကြဘူးလို့ပဲ မှတ်လိုက်ပါနော်”

ဟုဆိုပြီး သူတို့နှစ်ယောက်ရဲ့ ဖျော်ဖြေမှုမှာ မိန်းမောနေသော ပြည့်ပရိသတ်ကြားထဲကို ဆင်းပြေးလာပြီး ခန်းမအပြင်ဘက်သို့ မွန်းကျပ်သောခံစားမှု၊ လှုပ်ခတ်သော ရင်ခုန်နှုန်းများနှင့် ပြေးထွက်ခဲ့၏။ ပြည့်ပရိသတ်များထံမှ…

“ဟာ’

“ဟင်”

ဆိုသော အာမေဋိတ်သံများကို ရောင်ကွင်း ဉပေက္ခာပြုရင်း ဟိုတယ်အပြင်သို့ ရောက်လာ၏။

ရင်တစ်ခုလုံး မောဟိုက်နာကျင်လွန်းနေ၏။

ခွင့်လွှတ်ပါ မင်းသားရယ်။ ရှင့်ကိုကျွန်မ မျက်နှာကို မြင်ခွင့်ပေးလို့ မဖြစ်လို့ပါ။

ဒီပွဲမှာ ပေသာတို့ ခွေဖင်တို့ပါ ပါဝင်ဆင်နွှဲနေကြတဲ့အတွက် ကျွန်မဘယ်သူလဲဆိုတာ ရှင့်ကိုသိစေဖို့ အခွင့်အရေး ဆုံးရှုံးခဲ့ရတာပါ။ ဘယ်လောက် ရင်နာစရာကောင်းလိုက်သလဲကွယ်။

ကျွန်မရဲ့ အချိန်အချို့ကို ကျွန်မ မပိုင်ပါဘူး။ သူများရဲ့ ကြိုးခွဲရာမှာ လှုပ်ရှားသက်ဝင်နေရတဲ့ ကျွန်မရဲ့ အဖြစ်ဆိုးတွေက ကျွန်မရဲ့ လွတ်လပ်ခွင့်တွေအားလုံးကို ဝါးမျိုထားကြလို့ပါ။



www.burmeseclassic.com

www.burmeseclassic.com



ဒီနေ့လို ရင်ခုန်စရာကောင်းတဲ့ အဖြစ်အပျက်မျိုးဟာ ကျွန်မဘဝမှာ ဘယ်လိုမှ မေ့ပျောက်ဖျက်လို့မရတဲ့ အိပ်မက်တစ်ခု လို ကျွန်မရဲ့အတွေးထဲမှာ ထာဝစဉ် ရှင်သန်နေမှာပါ ရှင်ရယ်။





## အခန်း ( ၁၅ )

အိမ်ထဲလှမ်းဝင်လိုက်သည်နှင့် ဧည့်ခန်းတွင် ပန်းအိုးလဲနေသော ဘွားငြိမ်းကိုတွေ့ရင် အိမ်ရဲ့အခြေအနေကို အငမ်းမရမေးဖြစ်လိုက်၏။

"ဘွားငြိမ်း အခြေအနေ ဘာထူးလဲ"

နှင်းစက်ကိုမြင်တော့ ဘွားငြိမ်းက . . .

"ဟယ် သမီးရယ် . . . ဘာလို့ နောက်ကျနေရတာလဲ၊ တိုမှာ ဒေါသပုန်ထနေလို့"

နှင်းစက်မျက်နှာလေးကို မသိမသာ ရှုံ့မဲ့ပြရင်း . . .

"ရွှေကျေးတို့အိမ်မှာ အဝတ်အစား သွားလဲနေလို့ ကြာသွားတာ၊ ဟိုကထွက်လာတာလည်း နောက်ကျတယ်လေ"

"ခုရော သူဘယ်မှာလဲ"

မေးသာမေးလိုက်ရသည်။ လက်မှနာရီကို ငုံ့ကြည့်လိုက်တော့ တစ်နာရီထိုးဖို့ ငါးမိနစ်။

"ကုမ္ပဏီကို သွားပြီလေ၊ ဘွားငြိမ်းကိုလည်း မပြောဆို



www.burmeseclassic.com

www.burmeseclassic.com



...သိုက်တာ ရစရာမရှိဘူး။ မောင်ကိုကိုလွှင်လာလို့ တော်သေး ...ာပေါ့"

ဒီရှိုထဲမှ လိုက်ကာစများကို ထုတ်ယူပြီး ညှော်ခန်းထဲ ...ိုက်ကာစများနှင့် လဲရန်အတွက် တပ်ထားသော လိုက်ကာ များကို ဖြုတ်နေစဉ်မှာပင် ညှော်ခန်းထဲမှ ဖုန်းမြည်လာသည်

မိထွေးတော်ကြီးများ ဆက်တာလား၊ ကမန်းကတန်း ဖုန်းကောက်ကိုင်လိုက်ပြီး ...

"ဟဲလို"

"ဖြူလေးလား"

တစ်ဖက်ဖုန်းခွက်မှ မိထွေးရဲ့အပြစ်တင်သံမဟုတ် ဖြူလေးလားဆိုသော ကိုကို့ရဲ့အသံကြောင့် စိုးရိမ်စိတ် နည်းနည်း တော့ လျော့သွား၏။

"ပြော် ... ကိုကို"

"ဖြူလေး ... ကိုကို ခုပဲ လာခဲ့မယ်၊ မာမီထူး အခုပဲ ကုမ္ပဏီကိုပို့ပြီး ပြန်လာပြီ၊ အခု လမ်းက ဆက်နေတာ"

"နှင်းစက်ကို မာမီထူး ဆူသေးလား ကိုကို"

တစ်ဖက်မှ ကိုကိုက နားမလည်ဟန်ဖြင့် ...

"မဆူပါဘူး။ ဆူရအောင် ဖြူလေး ဘာအပြစ်လုပ် လို့လဲ"

"ညှော်သည်တွေလာမှာမို့ နှင်းစက်ကို အိမ်သန့်ရှင်းရေး လုပ်နိုင်းထားတာ အဲဒါ နှင်းစက်က မလုပ်ဘဲ သင်တန်း သွားမိလို့"





"ဘယ်ညှော်သည်မှ မလာပါဘူး ဖြူလေးရဲ့၊ ညှော်သည် ...တော့ ကုမ္ပဏီကို သွားတော့မလား။ အိမ်မှာပဲ နေမှာပေါ့"

နှင်းစက် ရိပ်မိလိုက်ပါပြီ။ ဒါဆို သူမ မင်းသားလေး ...ပွဲကိုသွားမယ်ဆိုတာရိပ်မိလို့ မသွားဖြစ်အောင် အကြောင်း ...လုညှာကွက်တစ်ခု ဖန်တီးလိုက်တာပင်။ ယုတ်မာသိုက်တာ။

"ဖြူလေး"

"ရှင်"

"ကိုယ်ပြောတာ ကြားလား ... နာရီဝက်အတွင်း ...ာ်အောင်လာမယ်လို့"

"ပြော် ... အင်း ... ဟုတ်ကဲ့ပါ ကိုကို"

ဖုန်းခွက်ကို အသာချပြီး မဲ့ပြုံးလေးတစ်ချက် ပြုံးလိုက် ...

နှင်းစက်တစ်ယောက် မင်းသားလေးနဲ့တွဲကခွင့်တောင် ...ဘယ်ဆိုတာ မာမီထူးနဲ့ သူ့ရဲ့သမီးတွေသာသိရင် ဘယ် ...ာက်တောင် မနာလို ဝန်တိုခြင်းတွေ ကြီးထွားကြဦးမလဲ ...တူးနော်။ အတွေးများနှင့်အတူ သက်ပြင်းမောလေးကို ချရင်း ...န်းထဲဝင်လာပြီး အိပ်ရာပေါ်မှာ ခွေနေလိုက်၏။ ပြီးတော့ ...ပ်လာသော အိတ်ကလေးထဲက MP 4 လေးကို ထုတ်လိုက် ... အိတ်ကလေးထဲမှာ MP 4 လေးက ရှိမနေတော့။

သူသိပ်မြတ်နိုးသော ပစ္စည်းလေး။ ခုတော့ ဘယ်မှာ ...ကျန်ခဲ့ပြီးလဲ မသိ။ ရင်မှာ နှမြောလွန်းသောခံစားမှုလေးတစ်ခု ... ရှတ်ခြည်းဝင်လာပြီး စိတ်မကောင်းဖြစ်သွားရပြန်၏။



www.burmeseclassic.com

www.burmeseclassic.com



“သမီးရေ ... ကိုကိုလွင် ရောက်ပြီကွယ်”

ဘွားငြိမ်း လာခေါ်၍ လှဲနေရာမှ အသာထလိုက်ပြီး အိမ်ရှေ့ကို ထွက်လာခဲ့လိုက်သည်။ ဧည့်ခန်းထဲမှာ ကိုကိုက သူမအား အပြုံးနှင့် ဆီးကြိုနေ၏။

“ဖြူလေး ကိုယ်တို့ အပြင်ထွက်ကြရအောင် စကားလည်း အေးအေးဆေးဆေးပြောရင်းပေါ့”

နှင်းစက် အပြင်ကိုထွက်ချင်စိတ် တကယ်မရှိပါ။

“ဒီမှာလည်း ပြောလို့ရတာပဲ ကိုကိုရယ်”

“လာပါကွာ... ကိုကိုက ဖြူလေးနဲ့ အပြင်ထွက်ချင်တာ”

“မာမီထူး ပြန်လာလို့ နှင်းစက်ကိုထပ်မတွေ့ရင် ပြဿနာတက်လိမ့်မယ် ကိုကို”

“အဲ့ဒီအတွက် ဘာမှမပူနဲ့ ကိုယ် မာမီထူးဆီက ခွင့်တောင်းပြီးသွားပြီ၊ ဖြူလေး ဘာပြဿနာမှ မဖြစ်စေရဘူး”

ငြင်းမရတဲ့အဆုံး ကိုကို့ဆန္ဒကို အားနာစွာဖြင့် လိုက်လျောမိလိုက်ပြန်၏။

“ကိုယ် ခုထိ နေ့လယ်စာ မစားရသေးဘူး ဖြူလေးရဲ့”

ကိုကိုပြောမှပင် နှင်းစက်လည်း ဘာမှမစားရသေးမှန်း သတိရသွားသည်။ ဒါ့အပြင် စောစောက ဟိုတယ်မှာ နှင်းစက်ကို





အစစအရာရာ လိုက်ကူညီပေးသော သူ့ကိုလည်း မျက်စိထဲ မြင်ယောင်မိသည်။

“မင်းက လိမ္မာပါတယ်၊ ဒီအစီအစဉ်ပြီးရင် ဟိုဘက်အဆောက်ခန်းမမှာ ဘူဖေးလ်သွားစားကြတာပေါ့”

ဟု ပြောခဲ့သော သူ့ရဲ့စကားသံတွေကို နားထဲမှာ ပြန်ကြားယောင်နေမိ၏။

“နှင်းစက်လည်း မစားရသေးဘူး ကိုကို”

“ဟုတ်လား ဒါဆို ကိုယ်တို့ ဂျပန်ဆိုင်လေးတစ်ဆိုင် သွားရအောင်”

“နှင်းစက် ဂျပန်စာ တစ်ခါမှမစားဖူးဘူး”

“ဟုတ်လား... ဒါဆို ပိုပြီးအဆင်ပြေတာပေါ့၊ ဖြူလေး ကြိုက်မှာပါ”

ဂျပန်စားသောက်ဆိုင်လေးရှိရာသို့ ကားကို ဦးတည် မောင်းနေသော ကိုကို့ဘေးမှ ဘာစကားမှမဆိုဘဲ ခပ်ငြိမ်ငြိမ် လေးထိုင်ပြီး လိုက်ပါလာလိုက်၏၊ အတွေးတွေက ကိုကို့အနားမှာ ရှိနေ မကြာလှသော နာရီပိုင်းအတွင်းမှာ တွဲကခဲ့သော မင်းသားလေးရဲ့ ကပွဲဆီမှာ။

ကိုယ့်အတွက်ကြောင့် မင်းသားလေးရဲ့အစီအစဉ်တွေ ပျက်ခဲ့ရပြီး အဲဒီအတွက် ဖော်မပြနိုင်သော ခံစားမှုတစ်ခုက ရင်မှာ နင့်သီးလွန်းပါ၏။

ခေတ်မီလှပပြီး သပ်ရပ်အေးချမ်းသော ဂျပန်ဆိုင်လေး ရှေ့မှာ ကားကိုရပ်လိုက်သည်နှင့် အာရုံတွေကို ပြန်ပြီးစုစည်း



www.burmeseclassic.com

www.burmeseclassic.com



လိုက်ပါသည်။ ကားပါကင်မှာ ကားထားပြီး ဆိုင်လေးထဲဝင်တော့ ဂျပန်ဝတ်စုံနှင့်အမျိုးသမီးငယ်နှစ်ဦးက ဂျပန်လို နှုတ်ဆက်ခရီးဦး ကြိုပြု၏။

သီးသန့်စားသောက်ခန်းတစ်ခုသို့ ထိုအမျိုးသမီးငယ်နှစ်ယောက်အနက်မှတစ်ယောက်က ဦးဆောင်၍ခေါ်သွားပြီး အခန်းတံခါးချပ်ကလေးကို ဆွဲတွန်းလိုက်ပြီး ...

"ကြွပါရှင် ... လူကြီးမင်းတို့ ကြိုက်နှစ်သက်ရာကို မှာယူသုံးဆောင်နိုင်ပါတယ်"

မွေးပွကော်ဇောအနီရဲရဲကို အခန်းတစ်ခုလုံးအပြည့် ခင်းထားပြီး အခန်းရဲ့အလယ်တွင် ကျွန်းရောင်ဖိတ်ဖိတ်တောက်နေသော လေးထောင့်စားပွဲပုလေး ချထား၏။ ထိုစားပွဲရဲ့တစ်ဖက်တစ်ချက် ကြမ်းပြင်တွင် ရေမြှုပ်နေကထိုင် အပါးစားလေးတွေ ချပေးထားသေး၏။

အခန်းရဲ့ထောင့်တွေမှာတော့ စဥ္စရည်သုတ်ထားသော အလှပန်းအိုးကြီးတွေထဲမှာ ဝါးပင်ငယ်လေးများကို အလှစိုက်ပျိုးထား၏။ လှပသော၊ ဒီဇိုင်းဆန်းသော ဝေါလ်ပေပါများအား အခန်းအပြည့် ကပ်ထားပြီး ဂျပန်ရိုးရာပန်းချီကားချပ်များလည်း ချိတ်ဆွဲထားသေးသည်။

"လာ ဖြူလေး"

သူမလက်ကို ညင်သာစွာ ဆုပ်ကိုင်ပြီး အခန်းထဲသို့ ကိုကိုက ဦးဆောင်၍ဝင်လာပြီး ...

"လာ ... ထိုင် ဖြူလေး"





"ကိုယ်တို့ ဘာမှာကြရင် ကောင်းမလဲ"

ဟုဆိုကာ စားပွဲပေါ်တင်ထားသော မီနူးအယ်လ်ဘမ်ကလေးကို ဖွင့်ကြည့်လိုက်ပြီး နှုတ်မှလည်း ...

"ဆူရှီရယ်, ဆုခိယာခိရယ် ... ပြီးတော့ ဆရှိမိရယ် မှာလိုက်မယ်ကွာ"

ဟုဆိုပြီး နှင်းစက်ကိုကြည့်ကာ အဖော်လုပ်မေးညို၏။ သူမကတော့ ဘာမှနားမလည်။

"ကိုကိုကြိုက်တာမှာလေ၊ နှင်းစက်က ဒါမျိုးတွေမှ မစားဘူးတာ ... ဘယ်လိုသိမှာလဲ"

ကိုကိုက သူမရဲ့ရိုးသားပွင့်လင်းပြီး ကလေးဆန်သော အမူအရာလေးကို ခပ်ပြုံးပြုံးလေးစိုက်ကြည့်ကာ waiter အမျိုးသမီးငယ်ဘက်ကိုလှည့်ပြီး ...

"ကဲ ညီမရေ ... စောစောက ကိုယ်ရွတ်ပြတဲ့ အမယ်တွေပဲ စီစဥ်ပေးပါ"

"ဟုတ်ကဲ့ ကောင်းပါပြီရှင်၊ မကြာခင် လာပို့ပေးပါ့မယ်"

"OK"

နာရီဝက်လောက်ကြာတော့ စားစရာအစုံအလင်ကို waiter အမျိုးသမီးငယ်နှစ်ယောက် လာပြီး ခင်းကျင်းပြင်ဆင်ပေးပါ၏။

စားချင်စဖွယ်ပြင်ဆင်ထားသော စားသောက်စရာတွေကိုကြည့်ပြီး ဘယ်လိုစားလို့စားရမှန်းပင် မသိသော နှင်းစက်အဖို့ အခက်တွေ့ချေပြီ။



www.burmeseclassic.com

www.burmeseclassic.com



"စား ဖြူလေး ... ဒီဆိုင်က လက်ရာကောင်းတယ်

စားနေမကျလို့လားဟေသိ ပါးစပ်ထဲမှာ ညှီသလိုလိုနဲ့ ... တွေကလည်း အစိမ်းတွေ။

ပြီးတော့ ထမင်းကလည်း ချဉ်။ နှင်းစက် မစားတော့ ကိုကိုကတော့ အားရပါးရ စားနေ၏။

စားနေရင်းမှလည်း ...

"စားလေ ဖြူလေး"

ဟု ပြောပြီး ငါးစိမ်းဖတ်လေးတွေကို ခပ်ထည့်ပေး... ၏။

"ဟင့်အင်း ... နှင်းစက် ဗိုက်ပြည့်သွားပြီ"

"အစားနည်းလိုက်တာ ဖြူလေးရယ်၊ ကိုယ်က ဖြူ... စားကောင်းအောင် ဒီဆိုင်လေးကို တမင်ရွေးလိုက်တာ"

"ဟောဒီ ဆာရှိမိကလေ ကမ္ဘာကျော် ဂျပန်ဟင်း... ခစ်မျိုးပဲ ဖြူလေးရဲ့၊ ကိုယ်က သိပ်ကြိုက်တာ"

ကိုကိုက ကြိုက်တယ်ပြောလေ နှင်းစက်ရင်ထဲမှာ ... ပျို့အန်ချင်လေပါပဲ။

စားသောက်ပြီးတော့ waiter အမျိုးသမီးငယ်က ... ချော်ဘယ်ရီ milk shake လာချပေး၏။ ရင်ထဲမှာ အော်ဂလီ... တာတွေ ပျောက်သွားအောင် milk shake ဆိုတော့ အကုန်အ... သောက်ပစ်လိုက်၏။

လူက နည်းနည်းလန်းသွား၏။ နောက်တစ်ခါ ဒီလို... ရာ၊ ဒီလိုအစားအသောက်မျိုးကို ဘယ်တော့မှမလာဘူးဆို...





ဆုံးဖြတ်ချက်ချပြီးသား။

"ဖြူလေး ကိုကိုတို့ အင်းယားဘက်ကိုသွားကြရအောင် နော်၊ အေးအေးဆေးဆေး စကားပြောလို့ရတဲ့နေရာလေးပေါ့"

နှင်းစက် မငြင်းနေတော့ပါ။ ငြင်းလည်း ရမှာမဟုတ် တာ သိနေတာပဲလေ။ ခံစားချက်ကြောင့် ရှုပ်ထွေးနှံ့ခွေနေတဲ့ နှင်းစက်ရဲ့စိတ်တွေ ပြန်လည်လန်းဆန်းလာနိုင်ကောင်းပါရဲ့။

အင်းယားကန်ပေါင်ပေါ်ရောက်တော့ စောစောက ငါးညှီ နံ့တွေကြောင့် ညှိစီစီဖြစ်နေသောစိတ်တွေ ပျောက်သွား၏။

အင်းယားရဲ့ သန့်ရှင်းလတ်ဆတ်သော လေနုအေးလေး ကို တဝကြီးရှူလိုက်၏။ ကျောင်းဖိတ်ရက်မို့ ထင်သည် ... လူ က ရှင်းနေ၏။ နှစ်ယောက်သား မတိုင်ပင်မိဘဲ ထိုင်ခုံတစ်ခုမှာ ဝင်ထိုင်ဖို့ ခြေလှမ်းစလိုက်သည်။

မိုးသားကောင်းကင်က ပြာလွင်နေကာ တိမ်ဖြူဖြူတချို့ ကိုသာ တွေ့ရပြီး ကန်ရေပြင်ပေါ်မှာ ဝဲဂယက်များက မိုးသား ပြာပြာလေးကို မော့ကြည့်အားကျနေလေရဲ့။ နေက ခြစ်ခြစ် တောက်မပူ။ မိုးလည်း မအုံ့။ နွေးထွေးရုံနေခြည်ကလေး လင်း နေကာ လေပြည်အေးတိုက်နေသော နေ့လယ်ခင်းလေးကို မြတ် နိုးမိသည်နှင့်အတူ မင်းသားလေးရဲ့အကြည့်မျက်ဝန်းတစ်စုံနှင့် အတူ မနက်က ကိုယ့်ကို အဖော်လုပ်ပေးခဲ့တဲ့ ဘရက်ဇ္ဇလေ မျက်နှာဖုံးကိုစွပ်ထားတဲ့ သူ့ရဲ့မျက်ဝန်းအကြည့်တွေဟာ အာရုံရဲ့ မြင်သိစိတ်ကလေးမှာ တရိပ်ရိပ်ထင်ဟပ်လို့နေ၏။

ထိုယောကျ်ားနှစ်ယောက်ရဲ့အကြည့်မျက်ဝန်းတွေဟာ



www.burmeseclassic.com

www.burmeseclassic.com



ဘာလို့များ တစ်ထပ်တည်း ကျနေရတာလဲ။

"ဖြူလေး"

ကိုယ့်ရဲ့ပခုံးသားကိုဆုပ်ကိုင်ပြီးခေါ်လိုက်သော ကိုကို့ရဲ့ သက်ပြင်းငွေ့ငွေ့ပါသော ခေါ်သံကြောင့် ရုပ်နှင့်နာမ်တစ်ထပ် တည်းစုစည်းလိုက်ရင်း ကိုကို့ကိုငဲ့ကြည့်ကာ . . .

"ရှင်"

"လူတွေက ဖြူလေးနဲ့ကိုကို့ကို ချစ်သူတွေလို့ ထင်နေ ကြမှာပဲနော်"

ကိုကိုသည် သူ့ရင်ထဲက သူမနှင့်ပတ်သက်သော ခံစား ချက်တွေကို ရင်ဖွင့်ဖို့အတွက် နိဒါန်းတွေချီနေပြီဆိုတာ သိပေမယ့် မသိကျိုးကျွန်ပြုပြီး ခပ်တိုးတိုးလေးရယ်လိုက်သည်။

ကိုယ့်ရဲ့ရယ်လိုက်သောဟန်လေးက ကိုကို့အတွက် စာ စရာဖြစ်သွားရပြန်ပါသည်။

"ဖြူလေးက ရယ်လိုက်ရင်လည်း အရမ်းလှတယ်နော်"

ထပ်မံချီးကျူးရယ်လေး ရယ်လိုက်ပြန်၏။

"ဖြူလေးရဲ့ဘဝနဲ့အလှတရားတွေကိုသာ ပိုင်ဆိုင်ခွင့် မယ်ဆိုရင် ကိုယ့်ဘဝမှာ အရာအားလုံးပြီးပြည့်စုံပါပြီ၊ ကိုယ်သိ ချစ်တဲ့ဖြူလေးကို ခါးသီးလှတဲ့ ပတ်ဝန်းကျင်အသိုင်းအဝန်းထဲ နေ ထာဝရယူငင်သိမ်းပိုက်လိုက်ချင်ပါပြီ၊ အဲဒီအတွက် ဖြူလေး တစ်သက်လုံး စိတ်ချမ်းသာစေရပါမယ်"

"ကိုယ့်ကို ချစ်ခွင့်ပေးပါတော့၊ ဖြူလေးကို ချစ်တဲ့စိတ်နဲ့ မျှော်လင့်ရလွန်းလို့ ကိုယ့်ရင်တွေ ပေါက်ကွဲထွက်တော့မယ် ထင်





တယ်၊ ကိုယ်တော့ မစောင့်နိုင်တော့ဘူး ဖြူလေးရယ်"

ဟူသော အညင်သာဆုံးစကားလုံးလှလှတွေသုံးပြီး ကိုကို သည် သူ၏ရင်ခွင်ကျယ်ထဲကို သူမအား ဆွဲသွင်းရန် ကြိုးစား လေတော့သည်။

ကိုကို့ရဲ့အကြံအစည်ထဲမှ နှင်းစက် မနည်းရုန်းထွက် လိုက်ပြီး . . .

"နှင်းစက် စဉ်းစားပါရစေဦး ကိုကို၊ နိုင်မာတဲ့ အချစ် တစ်ခုဖြစ်လာဖို့အတွက် အချိန်အတိုင်းအတာတစ်ခုတော့ လိုမယ် ထင်တယ်၊ အဲဒီအတွက် နှင်းစက်ကို နားလည်ပေးပါ"

"ဖြူလေးကလည်းကွာ၊ ဖြူလေး စဉ်းစားရလောက် အောင် ကိုကို့မှာ ဘာချို့ယွင်းချက်တွေ ရှိနေလို့လဲ"

နှင်းစက်ကို အားမလိုအားမရဖြစ်နေသော ကိုကို့ပုံစံက အချစ်တစ်ခုအတွက် ဆာလောင်မွတ်သိပ်နေတဲ့ ကျားတစ်ကောင် လို မျက်ဝန်းတွေက စူးရှလွန်းနေ၏။

"ကိုကို့မှာ နှင်းစက် ငြင်းစရာအကြောင်းပြချက်မရှိ လောက်အောင် ပြည့်စုံပါတယ်၊ ဒါပေမဲ့ . . . ခုချိန်ထိ နှင်းစက် ရင်ထဲမှာ အစ်ကိုတစ်ယောက်လိုသဘောထားနေတဲ့စိတ်ကြီးက ဖျောက်လို့မရသေးလို့ပါ"

"ဘာပဲဖြစ်ဖြစ် . . . ဖြူလေးရဲ့ဘဝကို ကိုယ်ပိုင်ဆိုင်မှဖြစ် မယ်ကွာ၊ အဲဒါဟာ ကိုကို့ဘဝရဲ့ အကြီးမားဆုံး မျှော်လင့်ချက် ပဲ"

အာရုံတွေက မလန်းဆန်းပဲ ပို၍တောင် နောက်ကျိရှုပ်



www.burmeseclassic.com

www.burmeseclassic.com



ထွေးသွားပြန်ပါလား။

"ပြန်ကြရအောင် ကိုကို၊ တော်ကြာ မာမီထူးပြန်ရောက်နေလိမ့်မယ်၊ သူပြန်မလာခင် နှင်းစက် ပြန်ချင်လို့ပါ"

ကိုကိုဟာ စစ်ရှုံးသွားတဲ့ စစ်သည်တော်တစ်ယောက်လို အင်အားမဲ့သောလေသံဖြင့် ...

"အင်းလေ ... ပြန်ကြတာပေါ့"

ဟုဆိုပြီး ထိုင်ရာမှ လေးပင်စွာ ထလိုက်၏။

ဖြူလေး သူ့ကို ပြန်ချစ်လာအောင် ဘယ်လိုနည်းလမ်းမျိုးကို သုံးသင့်ပါသလဲ။

အင်းယားကန်ပေါင်ပေါ်မှ ကားရှိရာသို့ နှစ်ယောက်သား တိတ်ဆိတ်စွာပင် လျှောက်လာကြသည်။

တိတ်ဆိတ်ငြိမ်သက်နေသော အင်းယားရေပြင်မှဖြတ်သန်းတိုက်ခိုက်လာသော လေပြည်သည် လူတစ်ယောက်ကို အိပ်ချင်သွားလောက်အောင် ကောင်းကောင်းလုပ်နိုင်ပါသည်။

အဘယ်ကြောင့်ဆိုသော် နှင်းစက်ခမျာ ကိုကို့ရဲ့ရင်ဖွင့်စကားတွေကို သိပ်ပြီး အာရုံမထားနိုင်လောက်အောင် အိပ်ချင်နေလို့ပဲ ဖြစ်ပါသည်။ အိမ်အပြန်လမ်းတစ်လျှောက်မှာတော့ နှင်းစက်က ဟန်မဆောင်နိုင်လောက်အောင် ကားပေါ်မှာ မှေးခနဲအိပ်ပျော်သွားရှာပါသည်။





အခန်း ( ၁၆ )

မင်းသားလေးမွေးနေ့ပွဲမှတ်တမ်းတင်ခွေကို ထိုင်ကြည့်နေ[illegible]သာ ညီအစ်မနှစ်ယောက်ရဲ့ရင်ထဲမှာ မနာလိုခြင်းတွေက [illegible]ည့်အနှက်နေရာယူလျက်။

"ဘယ်လိုမိန်းကလေးလည်းမသိဘူးနော် မမဟောသာ၊ [illegible]ကတော့ လန်းနေတာပဲ၊ ရုပ်မမြင်ရတာက ခက်တယ်"

ခွေဖင့်စကားကြောင့် ဟောသာက ပြုံးယောင်လေးဖြင့်[illegible]က်ပြီး ...

"ဒါ ကျူးရင့်ကို သက်သက်အရှက်ခွဲဖို့လားမှမသိတာ၊ [illegible]မဟုတ် သူ့မျက်နှာက အရမ်းကို အကျည်းတန်နေတော့[illegible]က်နှာမပြရဲဘဲ ထွက်ပြေးသွားတာလားမှမသိတာ"

TV ဖန်သားပြင်ပေါ်မှ မင်းသားလေးနှင့်ကွဲကနေသော [illegible]းစက်ကိုကြည့်ပြီး ဒါဟာ နှင်းစက်ဖြူဖြူဆိုတာ သူတို့ လုံးဝ[illegible]ိမ်မိကြ။

"ညီမလေးတော့လေ အဲဒီနေ့တုန်းက အဲဒီဘယ်[illegible]မှုန်း



www.burmeseclassic.com

www.burmeseclassic.com



မသိတဲ့ မိန်းမကိုလေ စင်ပေါ်တက်ပြီး တွန်းချပစ်ချင်တဲ့
တောင် ပေါက်တယ်၊ တကယ်ပြောတာ''

''မင်းသားလေးကလည်း အဲဒီမိန်းမကို တော်တော်မို
သွားပုံရတယ်။ ဟင်း... ပြောပုံကိုက ကြည့်ပါလား သူ့ရဲ့
ဒရဲလားလေးတဲ့''

''တော်ပါပြီဟယ်... ပိတ်လိုက်ပါတော့၊ ဒီခွေကိုကြ
ရင် ငါ ရင်နာလွန်းလို့ပါ''

ဟုပြောပြီး TV Remote ကို လှမ်းယူကာ ပိတ်
လိုက်ပြီး ထိုးနေရာမှ ထ,လိုက်သောဟေသာသည် ဧည့်ခန်းထ
ဝင်လာသော ရွှေကျေးကို ဘုကြည့်ကြည့်လိုက်ပြီး...

''နှင်းစက် မအားဘူး၊ တွေ့ချင်ရင် နောက်မှလာ၊ ငါ
အလုပ်တွေ နိုင်းထားတယ်''

ကိုယ်က ဘာမှမမေးရသေးဘဲနဲ့ လူကို အထက်စီးနှင်
ပြောလိုက်သော ဟေသာရဲ့စကားကြောင့် ရွှေကျေး နည်းနည်
တော့ တင်းသွားပြီး...

''အိမ်မှာတော့ ရှိတယ်မဟုတ်လား''

ဟု ခပ်တည်တည်ဖြင့် ပြန်မေးလိုက်သည်။

''ရှိတယ်၊ နင် တွေ့ချင်တယ်ဆိုရင် ငါတို့စကတ်ဖေ
လျှော်နေတဲ့ ရေချိုးခန်းထဲမှာ သွားတွေ့လိုက်''

ရင့်သီးမောက်မာလွန်းသော စကားလုံးရိုင်းရိုင်းဖေ
ကြောင့် အချစ်ဆုံးသူငယ်ချင်း နှင်းစက်အတွက် ခံစားလိုက်ရ
ရင်ထဲမှာ နင့်ခနဲပဲ။ ဒါကြောင့် ကိုယ့်မျက်စိရှေ့တွင်ရှိနေသော





ညီအစ်မနှစ်ယောက်ကို လူလိုမမြင်မိတော့။ အစွယ်တွေပြူးပြီး
ထွက်နေသော တစ္ဆေသရဲမများအဖြစ်သာ မြင်မြင်လိုက်၏။ ဒါ
ဆင်မက အတွေးထဲမှာလည်း တစ္ဆေပင်တွေ, သရဲမတွေဆိုပြီး
သူတို့နှစ်ယောက်ရဲ့ နီရဲတွန့်ကောက်နေသော ဆံပင်မွေးတွေ
ကို လက်နှစ်ဖက်ဖြင့် စုံဆွဲလိုက်ပြီး လင်ဗွင်းတီးသလို နဖူးချင်း
ဆော့ဆိုင်ပြီး တီးပေးလိုကတာ တခွပ်ခွပ်နဲ့ပါပဲ။ သူတို့ရဲ့နဖူးတွေ
မှာ သွေးတွေစီးကျနေတာ မြင်မကောင်းပါပဲ။ မှတ်ထား... အဲဒါ
Lesson (1) ပဲရှိသေးတာ။ နောက်တစ်ခါဆို နင်တို့သွားတွေကို
ဘုနဲ့ရိုက်ချိုးပစ်မယ်။

''ဟော့... ငါတို့ကို ဘာကြောင့်ပြီး ကြည့်နေတာလဲ''

ဟေသာ့အသံကြားမှ အတွေးနဲ့နှိပ်စက်နေသော စိတ်ကူး
အတုလေး အာရုံထဲက လွင့်စဉ်သွားကုန်၏။ ပြီးတော့ သူတို့ကို
မျက်စောင်းတစ်ချက် မရဲတရဲပစ်ခဲ့ပြီး နှင်းစက်ရှိရာ ရေချိုးခန်းထဲ
သို့ ဝင်လာလိုက်သည်။

အဝတ်တွေတစ်ပုံကြီးအလယ်မှာ တစ်ကိုယ်လုံး ရေတွေ
ရွှဲပြီး စကတ်တွေကို တဘုန်းဘုန်းရိုက်လျှော်နေသော သူငယ်
ချင်းအဖြစ်ကိုကြည့်ပြီး ရင်မှာ သနားလိုက်သည်ဖြစ်ခြင်း ပြော
မပြတတ်အောင်ပါပဲ။ ဒီလိုဆိုးရွားလွန်းသော ဘဝဆိုးထဲမှ သူ
ငယ်ချင်းကို ရုန်းထွက် လွတ်မြောက်စေချင်လှပါပြီ။ ဒါဟာ
ရွှေကျေးရဲ့ဆန္ဒ အမှန်ပါ။ ရေချိုးခန်းအဝမှာ တွေ့ပြီး ရပ်နေသော
ရွှေကျေးကို နှင်းစက် တွေ့သွားပြီး...

''ဟယ် မိရွှေကျေး... အသံမပေး ဘာမပေးနဲ့ ဘာရင်



www.burmeseclassic.com

www.burmeseclassic.com



လှုပ်နေတာလဲ၊ သွား ... ငါ့အခန်းထဲကနေ သွားစော
ငါ ဒါတွေလျှော်ပြီးရင် လာခဲ့မယ်''

''ဘာဘိုပေးထားတဲ့ မနီကို နင်တို့ မုန်ဗီရှိထဲထည့်
အလှကြည့်ထားကြသလား''

ဟု သူငယ်ချင်းဖြစ်သူကို ကရုဏာဒေါသနှင့် ပြော

''မနီလျှော်ရင် မပြောင်ဘူးတဲ့၊ အဲဒီတော့ ငါပဲ လျှော်
ပေးလိုက်တော့ နားအေးတယ်''

မနီအနားရောက်လာပြီး ...

''ကျွန်မ ပြောင်အောင်လျှော်ပေးပါ့မယ်လို့ ပြောပါတာ
မရွှေကျေးရယ်၊ မမနှင်းစက်က မနီ အဆူခံရမှာစိုးလို့ဆို
ဝင်လျှော်နေတာ''

ဟု မျက်နှာငယ်လေးနဲ့ ရှင်းပြပါသည်။

ရွှေကျေး မနီပြောတာကို နားထောင်ပြီး နှင်းစက်ဘ
ကိုလှည့်ကာ ...

''နင် ဒီလိုပဲ တစ်သက်လုံးခေါင်းငုံ့ခံသွားတော့မှာလား
နင့်ဘဝကို ဒါတွေနဲ့ပဲ ရှင်သန်သွားတော့မှာလား နှင်းစက်
ရွှေကျေးစကားကြောင့် သူမ ပြုံးလိုက်ပြီး 'အချိန်အတိုင်းအတာ
တစ်ခုအထိတော့ အောင့်အီးပြီး နေရဦးမှာပေါ့ဟယ်၊ ငါ့ရဲ့ရင်
မှာလည်း ဒေါသစေတသိက်တွေ အလျှံအပယ်ရှိနေတာပေ
ဒါပေမဲ့ ငါ အတတ်နိုင်ဆုံး ငါ့ဒေါသတွေ အပြင်ကိုခုန်မထွက်
လာအောင် ကိုယ့်ကိုယ်ကိုယ် ကြိုးစားပြီး နှလုံးသွင်းဆင်ခြင်
ရတာပါ၊ အဲဒီအတွက် လောကကြီးက ငါ့ကို ဒီအတိုင်း ကြည်





နေပါဘူး''

နှင်းစက်၏ ရင့်ကျက်သော စကားလုံးဆန်းဆန်းတွေ
ကြောင့် ရွှေကျေး တခိခိနှင့်ရယ်လိုက်ပြီး ...

''အေးပါ ... မိန်းမ ဒီကတော့ သူ့အတွက် ဒေါသတွေ
ဖြစ်နေရတာ၊ အလကားနေရင် အကုသိုလ်ကောင်ကြီးဖြစ်သွား
ပြီ၊ သူကတော့ တောထွက်မယ့်ပုဂ္ဂိုလ်ကြီးစတိုင်လ်နဲ့၊ ဟင်း
... သူ့ကြောင့် ဒေါသထွက်ရတာနဲ့ လာရင်းကိစ္စတောင် မေ့သွား
ပြီ''

''ဘာကိစ္စလဲ ... နင့်ရည်းစား တခြားကောင်မလေးကို
နိုးပြေးသွားလို့လား''

နှင်းစက်ရဲ့ ရွတ်နောက်နောက်စကားကြောင့် ရွှေကျေး
ဘတ်ခနဲတစ်ချက် ရယ်လိုက်ပြီး ...

''ဘုရားရေ ... နင်ပြောသလို ဖြစ်မယ်ဆိုရင်တောင်
ငါ ခုလောက် စိတ်လှုပ်ရှားမှာမဟုတ်ဘူးဟဲ့ သိလား''

''ခုဟာက နင်နဲ့မင်းသားလေးကြောင့် ငါ့မှာ စိတ်လှုပ်
ရှားရတာ၊ ပျော်လွန်းလို့ ထတောင်ကချင်သေးတယ်''

''ဟယ် အဟုတ် ... ဒါဆိုပြော ... ငါလည်း နား
ထောင်ချင်ပြီ''

''နင်နဲ့မင်းသားလေး တွဲကနေတဲ့ပုံကိုလေ မြို့ထဲမှာ
bill board အကြီးကြီးနဲ့ ထောင်ထားတာတွေ့ခဲ့တာ''

ရွှေကျေးထံမှ မထင်မှတ်သောစကားကို ကြားလိုက်ရ
တော့ ရင်တွေခုန်လိုက်တာ မပြောပါနဲ့တော့ ... ကျွန်မဘဝမှာ



www.burmeseclassic.com

www.burmeseclassic.com



ခုလောက် တစ်ခါမှ စိတ်မလှုပ်ရှားခဲ့ဖူးပါ။ ဒါဟာ သိပ်ကိုသေချာ တဲ့ အမှန်တရားတစ်ခုပါ။

"မနီရေ"

နှင်းစက်ခေါ်သံကြောင့် မနီ ပြေးဝင်လာပြီး . . .

"ရှင် . . . မမနှင်းစက်"

"ဒီအဝတ်တွေကို ရေစင်အောင် ဆေးလိုက်၊ ဆပ်ပြာ ရေစင်အောင်လုပ်နော်"

"ဟုတ်ကဲ့ မမနှင်းစက်"

ရွှေကျေးက ကျွန်မကို ပြုံးစိစိနဲ့ကြည့်ပြီး . . .

"အံမယ် . . . အံမယ် . . ခုတော့ Heart ထိသွားပြီပေါ့"

ရေချိုးခန်းနဲ့ ကျွန်မရဲ့အိပ်ခန်းဆိုတာ ဘယ်လောက်မှ မဝေးပါဘူး။ အဲဒီကိုသွားနေတဲ့အချိန်လေးမှာ ကြမ်းပြင်နဲ့ကျွန်မ ရဲ့ခြေအစုံဟာ ထိတယ်လို့တောင် မထင်ရအောင်ကို ကျွန်မရဲ့ အသိတွေဟာ လေဟာနယ်တစ်ခုထဲမှာ လွင့်မျောနေသလိုပါပဲ။

အခန်းထဲရောက်တော့ ရေစိုနေတဲ့ အဝတ်အစားကို အမြန်လဲလိုက်ပြီး ကျွန်မရဲ့စာရေးစားပွဲမှာ ထိုင်နေတဲ့ ရွှေကျေး နားကို အမြန်သွားလိုက်ပြီး . . .

"နှင်ပြောတာတွေက တကယ်ပါနော်"

လို့ မဝံ့မရဲ ထင်ဆင့်မေးမိပါ၏။

"ဟယ် . . . တကယ်ပါဟယ်၊ ငါက နှင့်ကို လိမ်မလား ဟဲ့၊ မနေ့က မေမေနဲ့ ပိုလ်ချုပ်ဈေးလိုက်သွားရင်းနဲ့ ပိုလ်ချုပ်ဈေး ရှေ့မှာ တွေ့ခဲ့တာ၊ ငါလည်း တွေ့တွေ့ချင်း အရမ်းကို အံ့ဩသွား





ား နှင့်ဆီ ချက်ချင်းဖုန်းဆက်မလို့ပဲ၊ ဒါပေမဲ့ ဒီကိစ္စက နှင့်ရဲ့ cret ဖြစ်နေလို့ ဖုန်းမဆက်ဖြစ်တော့တာ"

"ခု မင်းသားလေးထွက်မယ့်စီးရီးက မင်းသားလေးရဲ့ င်ဒရဲလားရှာပုံတော်တဲ့၊ CD အတွက် ကြိုပြီး ကြော်ငြာထားတာ က်တော့မထွက်သေးဘူး။ အဲဒီပုံထဲမှာ နှင်အရမ်းလှတယ်ဟယ် င်ဒရဲလား မျက်နှာဖုံးလေးသာ မတပ်ထားရင် ဒီထက်တောင် ည်းမှာဟဲ့"

ဒီနေ့အဖို့ ရွှေကျေးဆီက ကြားရတဲ့သတင်းစကားတွေ ာ ကျွန်မအဖို့ အရမ်းကို ချိုမြိန်လို့နေပါတယ်။ ကျွန်မကိုယ် ကျွန်မတောင် ငါဟာ ကမ္ဘာမှာ ကံအကောင်းဆုံး မိန်းမဆိုပြီး ံကြည်သက်ဝင်ရတော့မလိုပါပဲ။ ဒီအဖြစ်အပျက်ကလေးဟာ ကျွန်မ စနစ်တကျ စိတ်ကူးယဉ်ထားခြင်းမရှိတဲ့ အင်မတန်မှ Romantic ဆန်တဲ့ အဖြစ်ဆန်း လေးတစ်ခုပါ။

"နှင်နဲ့မင်းသားလေးရဲ့ Bill board ကြီးကိုလေ လူတွေ ဆက်တော်များများ စိတ်ဝင်စားကြတယ်ဟယ်၊ ဝိုင်းကြည့်နေကြ ာ အရမ်းကို အံ့ဩဖို့ကောင်းတာပဲ၊ ငါ အတတ်ပြောရဲတယ် င်းသားလေး အဲဒီစီးရီးမှာ ဒီထက်ကို ပိုပြီးပေါက်ဦးမှာသိလား။ ဒီပုံကိုမြင်ရုံနဲ့တင် ပရိသတ်ကို တော်တော်ဖမ်းစားနိုင်ပြီ"

"ဩော် . . . အရေးကြီးတာတစ်ခုပြောရဦးမယ်"

အရေးကြီးတာဆို၍ ရွှေကျေး ပြောလာမယ့်စကားကို အငမ်းမရဖြစ်ကာ မျက်လုံးလေးအဝိုင်းသားဖြင့် ငုံ့လင့်လိုက်၏။

"နှင် ကျပျောက်သွားတဲ့ MP4 လေးကလေ . . . အဲဒါ



www.burmeseclassic.com

www.burmeseclassic.com



ဘယ်သူကောက်ရသွားတယ်လို့ထင်လဲ''

ရင်ခုန်လှိုက်မောစွာဖြင့် ,...

''ဘယ်သူကောက်ရသွားတာလဲဟင်''

''နင် Stage ပေါ်က ဆင်းပြေးသွားတော့ နင့် MP4 လေးက stage ပေါ်မှာပဲ ကျခဲ့တာတဲ့၊ ဒါကို မင်းသားလေးတွေပြီး ကောက်ယူထားလိုက်တာတဲ့''

''ဟယ် တကယ်၊ အမယ်လေး ဝမ်းသာလိုက်တာဟယ် ငါ့မှာ တခြားသူတွေ ကောက်ရသွားတယ်ထင်ပြီး အရမ်းနှမြောနေတာ''

ရွှေကျေးက မမော်တမ်း ဆက်ပြောပြန်၏။

''မင်းသားလေးမွေးနေ့ပွဲခွေ ထွက်တာလေ၊ ခုဆို VCD အချပ်ရေ သိန်းနဲ့ချီပြီးတောင် ရောင်းရတယ်တဲ့၊ ဘယ်လောက်တောင် ရောင်းရသလဲဆို တခြားနိုင်ငံတွေက မင်းသားလေးရဲ့ ပရိသတ်တွေကပါ ဝယ်ယူအားပေးကြလို့တဲ့၊ အဟိ... မင်းသားလေးတော့ တော်တော်ခိုင်သွားမှာပဲနော်ဟဲ့၊ အားလုံးက မင်းသားလေးနဲ့ တွဲကတဲ့ မိန်းကလေးက စင်ပေါ်ကနေ ထွက်ပြေးသွားတယ်၊ ဘာကြောင့်လဲဆိုပြီး စိတ်ဝင်တစားနဲ့ ဝယ်ကြည့်ကြတာ ပေါ့၊ အဲဒီခွေရောင်းရတဲ့ ငွေတွေအားလုံးကို မင်းသားလေးက လူအိုရုံတို့၊ သိပ်ယာ့ဆေးရုံတို့ကို အကုန်လှူပစ်မှာတဲ့... ၊ အဲဒီ အလှူထဲမှာ နင့်ကုသိုလ်လည်းပါတယ်နော်၊ နင့် လုပ်ရပ်ကြောင့် လူထုက ခုလောက်စိတ်ဝင်စားသွားကြတာ''

''မဆိုင်ပါဘူးဟယ်၊ ငါက ငါ့အကြောင်းနဲ့ငါ stage





ပေါ်က ဆင်းပြေးတာပဲ''

''ခု အဲဒီ MP4 လေးထဲက သီချင်းလေးတွေနဲ့ မင်းသားလေးက အဲဒီစင်ဒရဲလားမင်းသမီးလေးကို ရှာပုံတော်ဖွင့်နေပါတယ်တဲ့''

အို... ဘုရားရေ ကျွန်မရဲ့ရင်ခုန်သံတွေဟာ ထပ်ဆင့်ထပ်ဆင့်လျှော့ပြီး ကျွန်မရဲ့နှလုံးသားတွေကို ကျွမ်းထိုးမှောက်ခုံ ဖြစ်စေတော့မယ်ထင်ပါရဲ့။

''မလွယ်လောက်ဘူးထင်ပါတယ်ဟယ်... ငါက အဲဒီ အထဲမှာ ဘာအချက်အလက်မှ ထည့်ထားတာမှ မဟုတ်တာ''

''ဟဲ့ ဘယ်လောက်ပဲ မလွယ်နေပါစေ နင်တို့သာ ဖူးစာရှင်အစစ်အမှန်ဆိုရင် ဖူးစာရေးနတ်က နင်တို့ကို မလွဲမသွေဆုံပေးမှာ''

အို... ကြည်နူးစရာကောင်းလိုက်တဲ့ မနက်ခင်းလေးရေ ရင်ခုန်စရာကောင်းတဲ့သတင်းလေးတွေကို သယ်ဆောင်လာပေးတဲ့ မနက်ခင်းလေးနဲ့ သူငယ်ချင်းလေးကို ကျွန်မ ဘယ်တော့မှ မေ့နိုင်မှာမဟုတ်ပါဘူးကွယ်... ကျွန်မရဲ့မျှော်လင့်ချက်နဲ့ တည်ဆောက်ထားတဲ့ ရယ်မောပျော်ရွှင်ဖွယ်ကောင်းတဲ့ စိတ်ကူးယဉ်အိပ်မက်လေးတစ်ပုဒ်ဟာ ကျွန်မနဲ့သိပ်မဝေးလှတဲ့ အနာဂတ်တစ်ခုဆီမှာ အိပ်မက်အဖြစ်က,နိုးထပြီး ကျွန်မကို နွေးထွေးနှစ်လိုသော ရင်ခုန်ကြည် မွေ့ခြင်းတွေနဲ့ လက်ကမ်းကြိုဆိုနေပြီကွယ်။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း ( ၁၅ )

"သားငယ် . . . မင်း ဒီ MP4 လေးနဲ့ပဲ အချိန်ကုန်နေတော့မှာလား"

အပြစ်တင်သံနှင့်အတူ ဝင်လာသော မေမေရဲ့အရိပ်ကြောင့် . . .

စင်ဒရဲလားလေးရဲ့ MP4 လေးထဲမှ ဝိုင်းစုခိုင်သိန်းရဲ့ သီချင်းလေးကို နားထောင်ရင် အိပ်ရာထက်မှာငြိမ်နေသော ကျူးရှင့် ထထိုင်လိုက်၏။ မေမေ ဘေးနားဝင်ထိုင်လိုက်သဖြင့် ကျူးရှင့်တစ်ယောက်တော့ နားပူဦးတော့မှာပဲဟုတွေးပြီး နားထင်စပ်လေးကို လက်ညှိုးလေးနဲ့ ကုတ်ခြစ်ကာ မျက်နှာကို မသိမသာ ရှုံ့ပစ်လိုက်၏။

"မရေရာတဲ့အကြောင်းအရာတစ်ခုကို ဘာဖြစ်လို့များ အချိန်ကုန်ခံနေရတာလဲ သားငယ်ရယ်၊ သူကိုယ်တိုင်တောင်မှ မျက်နှာမပြခဲ့လို့ ကိုယ့်ရှေ့က ထွက်ပြေးသွားတဲ့မိန်းကလေးတစ်





ယောက်ကို ဘာကြောင့်တမ်းတနေရတာလဲ"

ကိုယ့်ရဲ့ခံစားချက်အစစ်အမှန်ကို မိခင်လုပ်သူကို ထိန်ချန်မထားချင်တာ ကိုယ့်ရဲ့ရိုးသားမှုတစ်ခုလို့ပဲ ဆိုရမလားပင်။

"အဲဒါကိုက သားအတွက် ထူးဆန်းနေတာပေါ့ မေမေ ရဲ့"

"ဘာကိုထူးဆန်းတာလဲ သားရဲ့"

"သူ့မျက်နှာလေးကိုတောင် မမြင်ဘူးလိုက်ရဘဲနဲ့ ဘာကြောင့် သားအာရုံမှာ သူက လာပြီး ကြီးစိုးနေရတာလဲ၊ သားထင်တယ် မေမေ . . . အဲဒါ အချစ်ဖြစ်လိမ့်မယ်လို့"

မေမေက ကျူးရှင့်ရဲ့စကားကို သဘောတကျဖြင့် ဟန်ပါပါလေး ရယ်ရင်း . . .

"သူ့ရဲ့ရုပ်က လူမြင်မခံနိုင်လောက်အောင် အကျည်းတန်အရုပ်ဆိုးလွန်းလို့လားမှမသိတာ သားရယ်၊ မယ်ကုဝဏ်လို ရုပ်မျိုးဆိုရင်ရော သားရဲ့ဘဝကြင်ဖော်အဖြစ် သားရွေးချယ်နိုင်မှာတဲ့လား"

"သားနဲ့အဲဒီကောင်မလေးအကြောင်းက ခုဆို တိုင်းသိပြည်သိဖြစ်နေပြီတော့၊ ပြီးတော့ သူနဲ့သားရဲ့ပုံတွေကိုလည်း ရန်ကုန်မြို့လယ်ခေါင်မှာ Bill Board ကြီးတွေနဲ့ ကြေညာထားတာပဲ၊ အမှန်တကယ်ဆို သူထွက်လာသင့်ပြီလေ၊ ဒါတွေကိုကြည့်ခြင်းအားဖြင့် သူ့မှာ ချို့ယွင်းချက်တစ်ခုခုရှိနေလို့နေမှာပေါ့ သားရယ်"

ကျူးရှင့် ခေါင်းကို ခပ်လေးလေးခါ၊ သက်ပြင်းမောကို



www.burmeseclassic.com

www.burmeseclassic.com



ခပ်ဖြည်းဖြည်းချရင်း ...

"အဲဒါတွေကို သား ရေရေရာရာမသိချင်ဘူး မေ ဒီအချိန်မှာ အဲဒီလောက်ထိ အရှည်ကြီးလည်း မတွေးချင် ဘူး။ အခုက,က သူမလေးကို ရှာတွေ့ဖို့ပဲ"

ဒေါ်စစ်ငြိမ်းနွယ် သားဖြစ်သူရဲ့တစ်ဖွတ်ထိုး ကလေး မှုတွေကြောင့် စိတ်မောသွားရ၏။ ပြီးမှ ကျူးရင့်ရဲ့ပခုံးကို ခပ် လေး ဆုပ်ကိုင်လိုက်ပြီး ...

"ဒီအချိန်မှာ သားအလုပ်သင့်ဆုံး အလုပ်တစ်ခု မေမေ အကြံပေးမယ်"

"ဘာလုပ်သင့်တာလဲ မေမေ"

"အပန်းဖြေစခန်းတစ်ခုခုမှာသွားပြီး အနားယူလိုက် သားငယ်"

"အရင်ကတည်းကလည်း သားမှာ ဒီအစီအစဉ်ရှိ သားခဲ့လေ၊ အဲဒီစင်ဒရဲလားလေးကြောင့် သားရဲ့ထွက်ဖို့စီစဉ် တဲ့ခရီးမှာ စင်ဒရဲလားလေးနဲ့သားကြောင့် သီချင်းတစ်ပုဒ် အာ ချင်းစီစဉ်လိုက်ရလို့ အစီအစဉ်ပျက်သွားတာပဲ"

"ခု ထွက်ပြီပဲ ... ဘာကိုနောက်ဆံတင်းစရာလိုလို့ ကွယ်"

ခုတင်ပေါ်မှထကာ ကွန်ပျူတာရှေ့သို့ ပြောင်းထိုင်လိုက် ပြီး အင်တာနက်ချိတ်ဖို့လုပ်ရင် ...

"သား အဝေးကြီးမထွက်ချင်ဘူး မေမေ၊ သား ငယ် ငယ်က နေခဲ့တဲ့ မေတ္တာစံအိမ်မှာပဲသွားပြီး အနားယူဖို့ စိတ်ကူး





သားတယ်"

ကျူးရင့်ရဲ့အပန်းဖြေခရီးစဉ်အကြောင်းကို အခန်းထဲ ဝင်လာသော ကိုဖေမှာ နားစွန်နားဖျားကြားပြီး မျက်နှာမဲ့သွားရ ၏။ မေတ္တာစံအိမ်ဟာ ဘယ်လိုမှ ပျော်စရာမကောင်းသော နေရာ တစ်ခုပဲ။ မသကာဆို Beach တစ်ခုခုကိုရွေးလိုက်ပေါ့။ ခုတော့ အိုမင်းဟောင်းနွမ်းနေသော အိမ်အိုကြီးကိုမှ ရွေးရတယ် လို့"

တစ်ခါတလေ သခင်လေးရဲ့ အတွေးတွေက အဲဒီလိုပဲ အကြောင်းကြောင်းနိုင်လွန်းပါသည်။ ဒါဟာ ကိုဖေ့ရဲ့ရင်တွင်းမှ အပြစ်တင်စကားပါ။ တကယ်တမ်း သခင်လေး ဘယ်သွားသွား ညည်းမညူလိုက်ရမှာက သူ့တာဝန်။

"အဲဒီမှာ ပျင်းစရာကြီး သားရယ် ... သားရဲ့စိတ်တွေ ပိုပြီး အထီးကျန်သွားမှာပေါ့၊ ဒီအချိန်မှာ သားရဲ့စိတ်တွေ Relax ဖြစ်စေမယ့်နေရာကိုပဲ သွားသင့်တာ"

"ဟုတ်ပါတယ် သခင်လေးရာ"

ကြမ်းပြင်တွင် ပွစာကြဲနေသော သီချင်းခွေများ၊ နုတ်စာ ရွက်များကို ကောက်သိမ်းရင်း ကိုဖေပါ ဒေါ်စစ်ငြိမ်းနွယ်ဘက်မှ အခွင့်အရေးရတုန်း သူ့ရင်ထဲကဆန္ဒအမှန်အတိုင်း ဝင်ပြီးထောက် ခံ၏။

"ကိုဖေက ဘာသိလို့လဲ ... အဲဒီပျင်းစရာကြီးဆိုတဲ့ နေရာက တွေးကောင်း, အကြံကောင်းတွေကို ဖန်တီးပေးတတ် တယ် ... ပြီးတော့ ... ကျွန်တော် သူ့ကို ရှာပုံတော်ဖွင့်ရဦး မယ်၊ နက်ခ်ထဲက သူငယ်ချင်းမိတ်ဆွေတွေကိုလည်း ရှာခိုင်းထား



www.burmeseclassic.com

www.burmeseclassic.com



တယ်၊ ကျွန်တော် သူ့ကို တွေ့ကိုတွေ့ရမယ်လို့ ယုံကြည်ထားတယ်''

ကျူးရင့်သဘောထားက သူ မှန်တယ်ထင်လျှင် တစ်ဖွတ်ထိုးလုပ်မယ့် အနေအထားမျိုး။ သားဖြစ်သူရဲ့ မဖြစ်မနေလုပ်ဆောင်တတ်တဲ့ အကျင့်စရိုက်တွေကြောင့် ဒေါ်စစ်ငြိမ်းနွယ် ဘာမှ အကြံမပေးလိုတော့ပါ။

မေတ္တာစံအိမ်မှာ သွားပြီး အနားယူမယ်ဆိုတော့လည်း ကောင်းပါတယ်လေ။ ကိုယ့်သားလေးအတွက် စိတ်အေးရတာပေါ့။ အငေးတစ်နေရာကို အပန်းဖြေခရီးထွက်မယ်ဆိုရင်တော့ အိမ်ကနေတွေးပြီး သားငယ်အတွက် စိတ်ပူပေးနေရဦးမယ်။ ပြောမယ့်သာပြောတာပါ မေတ္တာစံအိမ်က ခြံဝန်းကျယ်ပြီး လေကောင်းလေသန့်ရတဲ့နေရာမျိုး။

သမီးကြီးတို့ မြန်မာပြည်ကို ပြန်လာလို ပြန်လာငြားဆိုသော မျှော်လင့်ချက်ဖြင့် ထိုစံအိမ်ကြီး အမြဲတစေ ဂရုစိုက်ပြင်ဆင်နိုင်းနေရတာ။ သမီးကြီးရဲ့ စိတ်ကြိုက်ဖြစ်အောင် မေတ္တာစံအိမ်ကို ဥယျာဉ်ကြီးတစ်ခုသဖွယ် မွမ်းမံပြင်ဆင်နိုင်းထားတာပါ။

အိမ်ကြီးက ရှေးကျတယ်ဆိုပေမယ့် ဘာတစ်ခုမှ ပျက်စီးယိုယွင်းခြင်းမရှိအောင် အမြဲတမ်း ပြင်ဆင်မွမ်းမံနိုင်းထားတာပါ။

မြေးလေးတွေပါ လွတ်လွတ်လပ်လပ်ကစားလို့ရအောင် မြက်ခင်းပြင်စိမ်းစိမ်းလေးတွေနဲ့ ကစားကွင်းတစ်ခုလည်း ပြုလုပ်ပေးထားလေ၏။

ကျူးရင့်မှာလည်း အမေ့ဘက်က မေတ္တာစံအိမ်မှာသွား





ငြီးအပန်းဖြေဖို့အတွက် ဘာမှထပ်ပြီးကန့်ကွက်ခြင်းမရှိတော့သဖြင့် ထိုအိမ်ကြီးကိုသာ သူ့ရဲ့အပန်းဖြေခရီးစဉ်အဖြစ် ရွေးချယ်လိုက်ပါသည်။

မေတ္တာစံအိမ်ခြံကြီးထဲကို ဝင်လိုက်သည်နှင့် ပန်းရနံ့သယ်ဆောင်လာတဲ့ လေပြည်လေညင်း၏အထိအတွေ့သည် ကျူးရင့်နှင့်ရင်းနှီးဖော်ရွေလွန်းလှတော့၏။

အိမ်ကြီးရဲ့ပေါ်တီကိုအောက်ရောက်တော့ ကိုမောင်စိုးကားကိုရပ်လိုက်သည်။ ကိုဇေ ကားပေါ်မှဆင်းလာကာ ကျူးရင့်ရှိရာဘက်ကို အပြေးလျှောက်လာပြီး ကားတံခါးလာဖွင့်ပေး၏။

ခြံရဲ့တာဝန်မှူး ဦးဘမောင်က ပန်းခင်းကြီးထဲမှ ပြေးထွက်လာပြီး . . .

"သခင်လေး အပေါ်မှာ သခင်လေးစိတ်ကြိုက် အားလုံးပြင်ဆင်ပြီးပါပြီ၊ လိုအပ်တာရှိရင်လည်း ညွှန်ကြားပေးပါ''

တရိုတသေပြောလာသော အဘမောင်ရဲ့ရိုကျိုးမှုက နားထဲမှာ ကန့်လန့်ဝင်လာ၏။ ပြဿနာပဲ . . . လူကို ဘုရင့်သားတော်များ မှတ်နေကြသလားမသိဘူး။ ဘိုးစဉ်ဘောင်ဆက်က နန်းတွင်းမိသားစုတွေဖြစ်ခဲ့လို့ တော်ဝန်နန်းသွေးလေးတစ်စက်နှစ်စက်လောက်ရောထားတာကို ဘာလို့ အဲဒီလောက်ထည့်ထည့်ပါပါ ဆက်ဆံနေရတာလဲ။ ကျူးရင့် စိတ်ပျက်တာ အဲဒါပဲ . . .



www.burmeseclassic.com

www.burmeseclassic.com



"မလိုပါဘူး အဘမောင်ရာ၊ ကျွန်တော့်ကို အဲဒီ မဆက်ဆံချင်ပါနဲ့၊ ကျွန်တော် ဒီကိုလာတာ အဲဒီစိတ်ကျဉ်းကျ တွေက ရုန်းထွက်ချင်လို့ပါ၊ ကျေးဇူးပြုပြီး ကျွန်တော့်ကို နာမည် ခေါ်ပါ"

"ဟုတ်ကဲ့... ကောင်းပါပြီ သခင်... အဲ မောင်က ရင့်"

အဘမောင် အလှည့်ပြီးတော့ ကိုမောင်စိုးအလှည့်။ ကျ ရင့် ကိုမောင်စိုးကိုလှမ်းကြည့်တော့ ကိုယ့်ရဲ့ခပ်လှမ်းလှမ်း ခပ်ရှိရှိလေးရပ်လို့ ဒီလူနှယ် မေတ္တာစံအိမ်အထိ ဒီအငွေ့အသ တွေကို သယ်လာတုန်း။

"ကိုမောင်စိုး... ခင်မျှားမိဘတွေဆီ ခဏတစ်ဖြု မပြန်ချင်ဘူးလား"

ကျူးရင့်အမေးကြောင့် ကိုမောင်စိုး အံ့ဩသွားပြီး နာ မလည်သောအကြည့်ဖြင့် လှမ်းကြည့်ကာ...

"ခင်မျှားမိဘတွေဆီ မပြန်တာ နှစ်နဲ့ချီနေပြီထင်တယ် နော်"

"တစ်နှစ်နဲ့ခုနှစ်လရှိပါပြီ ကိုကျူး"

"ကိုဇေ... ကိုမောင်စိုးကို ငွေငါးသိန်းလောက် ပေး လိုက်ပါ"

"ဟုတ်ကဲ့ ကိုကျူး"

အလဲ့ တယ်ဟုတ်နေကြပါလား။ ပြောတာလေးကိုတော တစ်သဝေမတိမ်း လိုက်နာကြသံပဲ... သူ့ကို သခင်လေး





မခေါ်ကြတော့။ ဂွဒ်... ဒါမျိုးပဲ ဖြစ်ရမှာပေါ့။

"ကဲ... ကိုမောင်စိုး ကြားတယ်နော်၊ အဲဒီငါးသိန်းကို ကိုဇေဆီက ယူသွားပြီး ခင်မျှားရွာကို ခဏသွားလည်၊ မိဘတွေ ကို လိုအပ်တာကို လုပ်ကိုင်ပေးပါ၊ ငွေလိုသေးတယ်ဆိုရင်လဲ ပြော"

ကိုမောင်စိုးသည် ဝမ်းသာလုံးစို့နေသော မျက်နှာကြီး ဖြင့်...

"ဟာ... မလို... မလိုတော့ပါဘူး ကိုကျူး။ များ တောင် များနေပါသေးတယ်၊ ဟို... ကျွန်တော်မရှိရင် ကိုကျူး ကို ကားမောင်းပို့ဖို့... ဘယ်"

ကိုမောင်စိုးစကားမဆုံးခင် ကျူးရင့် လက်ကာပြလိုက် ပြီး...

"ရတယ် မလိုဘူး။ ကိုဇေလည်း ရှိတယ်၊ ဒါပေမဲ့ သူ လည်း မလိုပါဘူး။ ကျွန်တော့်ဘာသာ မောင်းမှာပေါ့"

ဒီတစ်ခါ ကိုဇေအလှည့်။ သူ့ကို တောပြန်ဖို့စရာ နေရာ မှို။ မေမေက ငယ်ငယ်ကတည်းက မိဘမဲ့မို့ မွေးစားထားတာ။

"ကိုဇေ... ငါ ခြံထဲလှည့်ပတ်ပြီး ကြည့်လိုက်ဦးမယ်"

ဟုဆိုပြီး လှည့်ထွက်မည်အပြု တစ်စုံတစ်ခုကိုယူရန် သတိရလိုက်ပြီး ကိုဇေ့ဘက် ပြန်လှည့်ကာ...

"ကိုဇေ... ငါ့အိတ်ထဲက စင်ဒရဲလားလေးရဲ့ MP4 လေး ထုတ်ပေးစမ်းပါ"

"ဟုတ်ကဲ့ ကိုကျူး"



www.burmeseclassic.com

www.burmeseclassic.com



ကိုဇေသည် ကားတံခါးကို အမြန်ဖွင့်၊ အဝတ်သေတ္တာ အိတ်ရဲ့ဇစ်ကိုဆွဲဖွင့်ကာ အပေါ်ဆုံးတွင် ရေမွှေးဘူး၊ ခေါင်းလိမ်း ဆီဘူးနှင့် အခြားအသုံးအဆောင်ပစ္စည်းတွေနဲ့အတူ ထည့်လာ သော MP4 လေးကို ထုတ်ယူလိုက်ကာ သေတ္တာဇစ်ကို ပြန်ပိတ် ပြီး ကျူးရင့်ဆီသို့ ပြန်ပြေးလာကာ . . .

"ရော့ ကိုကျူး"

ကိုဇေ လှမ်းပေးသော MP4 လေးကို လှမ်းယူလိုက်ပြီး ပူပန်စိတ်တပ်ခဲ့ကြောင့် . . .

"ညက Charging ရော သွင်းထားရဲ့လား"

ဟု မေးလိုက်ပြီး Power ခလုတ်လေးကိုနှိပ်ပြီး နားကြပ် ကို နားမှာ တပ်လိုက်သည်။

"ဟုတ်ကဲ့ သွင်းထားပါတယ် ကိုကျူး"

"ကဲ ကိုဇေ . . . အထုပ်တွေနေရာချပြီးတာနဲ့ မင်းလည်း လွတ်လွတ်လပ်လပ်နေပါ။ ငါလည်း လွတ်လွတ်လပ်လပ်နေမယ် ဘယ်သူ့ကိုမှ မနှောင့်ယှက်ကြေး . . . Ok"

ဟုဆိုပြီး အိမ်ကြီးရဲ့ဘေးဘက် အုပ်ဆိုင်းနေသော ကံ့ကော်ပင်တန်းတွေရှိရာဘက်သို့ လျှောက်လာလိုက်၏။

ညနေခင်းက လှပတဲ့ ဆည်းဆာရောင်နဲ့အတူ ကျွန် တော်ရဲ့ရင်ခုန်သံတွေနဲ့ ဖွဲ့တည်ထားတဲ့ဆန္ဒလေးတစ်ခု သက်ဝင် လာစေဖို့ အားပေးပြုံးပြနေကြသည်။

ရီဝေလဲ့ဖြာနေသော မျက်ဝန်းတစ်စုံက အာရုံမှာ ရုတ်ဒ ရက် ထင်ဟပ်လာပြန်တော့လည်း ကျွန်တော့်ရဲ့ရင်ဘတ်ထဲက





အစိတ်အပိုင်းလေးတစ်ခုက သူ့အလိုလို သိမ့်ခနဲ နွေးခနဲဖြစ်သွား ပြန်ပါတယ်။ စင်ဒရဲလားလေးက ကျွန်တော့်ရဲ့နှလုံးသားကို ရေရေ လည်လည် ဖမ်းစားထားတယ်ဗျာ။ တကယ်ရင်ဖမော ရတယ်။



www.burmeseclassic.com

www.burmeseclassic.com



အခန်း ( ၁၈ )

ဒီနေ့တစ်နေ့လုံး အခန်းထဲက မထွက်ဘဲ ငြိမ်နေလိုက်တယ်။ မာဒီထူးကိုတော့ နေမကောင်းဘူးဆိုသည့်အကြောင်း ပြချက်ပေးထားလိုက်တယ်။ ဒါမှ ဟိုဟာ လာခိုင်း ဒီဟာ လာခိုင်း မလုပ်တော့မှာ။

နှင်းစက်ရွေ့မှာရှိနေသော The First ဂျာနယ်ရဲ့မျက်နှာဖုံးမှာ ကိုယ်နဲ့မင်းသားလေး တွဲကနေတဲ့ပုံကိုကြည့်လိုက်၊ အဲဒီက အကြောင်းအရာကို ဖတ်လိုက်နဲ့ လုပ်နေတာ အကြိမ်ပေါင်း မနည်းတော့။ မင်းသားလေးရဲ့မွေးနေ့ပွဲမှတ်တမ်းတစ်ခွေကထော ကြည့်ရလွန်းလို့ ခွေက ထစ်တောင်ထစ်ချင်နေပြီ။ အဲဒီထဲမှာ ကိုယ်နဲ့မင်းသားလေး ကနေတဲ့ အခန်းလေးက တကယ့်ကို စိတ်လှုပ်ရှားရင်ခုန်စရာမြင်ကွင်းလေးပါ။ ဒီအခန်းလေးကို အကြိမ်ကြိမ်ပြန်ပြီး ပြန်လုပ်ကြည့်မိတိုင်း အဲဒီတုန်းက ခံစားခဲ့ရတဲ့ ခံစားမှုနဲ့ ထပ်တူညီတဲ့ တိမ်ညွတ်လိုက်မောမှုတွေဟာ လှိုင်း ထပ်မံပြီး မူးမိုက်မေ့လဲသွားချင်လောက်အောင် ဆွဲဆောင်လှုပ်ခါ





နေပါတယ်။

ဒီဂျာနယ်လေးထဲက ပုံတွေကို အထပ်ထပ်ကြည့်မိတိုင်းလည်း ထပ်ဆင့်ထပ်ဆင့်ခံစားမိရာက ဖြစ်ပေါ်လာတဲ့ ရင်ဘတ်ထဲက လှိုက်ဖိုမှုတွေဟာ ဝမ်းသာလွန်းလို့ ရစ်ဝဲလာတဲ့ မျက်ရည်တွေကိုပါ ပြင်ဘက်သို့ လိမ့်ဆင်းလာအောင် တွန်းအားပေးနေသလိုပါပဲကွယ်။

ကိုယ့်ရဲ့သတ္တိမဲ့မှု၊ လူရာဝင်ဆန့်နိုင်သော စိတ်အင်အားမရှိမှုတို့အား ကိုယ့်ရဲ့နှလုံးသားသည်းစိုင်တွေကို ဓားထက်ထက်နဲ့ ပြန်ပြီး မွှမ်းနေသလို နာကျင်ရတယ်။ မင်းသားလေးရယ် . . . ရှင်က ကျွန်မရဲ့မျက်ဝန်းတွေကြောင့် ရင်ခုန်နေရပါသတဲ့လားကွယ်။

မွေးနေ့ပွဲမှာ ရွှေကျေး အိမ်ကိုပြန်သွားတဲ့နောက်ပိုင်း ကိုယ့်ကို လာမိတ်ဖွဲ့ပြီး အဖော်လုပ်ပေးခဲ့တဲ့ ဘဲရက်စွလေး မျက်လုံးလေးနဲ့သူဟာ မင်းသားလေးတဲ့လားကွယ်။

သူဟာ ပရိသတ်တွေကြားထဲမှာ ဒီစင်ဒရဲလားမျက်နှာဖုံးတပ်ထားတဲ့ ကောင်မလေးကို စတွေ့ကတည်းက သူ့ရဲ့ဖူးစာရှင်ရွေးချယ်တဲ့ထဲမှာ စင်ဒရဲလားလေး ပါဝင်စေချင်ခဲ့ပါတယ်ဆိုတဲ့အကြောင်း ဝန်ခံထားပြီး နှင်းဆီဖြူလေးကိုလည်း သူလေးသာ ပိုင်ဆိုင်ရပါစေဆိုပြီး ကျိတ်ပြီးဆုတောင်းခဲ့မိတာတဲ့။

မင်းသားရယ် . . . ကျွန်မရင်ထဲမှာ အရင်ကလို ဘာမှမရှိတဲ့ ဗလာနယ်တစ်ခုမဟုတ်တော့ဘဲ မင်းသားနဲ့ပတ်သက်တဲ့ ခံစားချက်အနုအရင့်တွေဟာ အချိန်ကာလတွေ ကုန်လွန်လာသော



www.burmeseclassic.com

www.burmeseclassic.com



နဲ့အမျှ အချစ်တစ်ခုကို အခိုင်အမာမွေးထုတ်ပေးလိုက်ကြပါပြီ။ အချစ်ဆိုတာ ကျွန်မဘဝရဲ့အားမာန်တစ်ခုများ ဖြစ်နေမလား ကွယ်။

အဲဒီနောက်မှာတော့ မင်းသားလေးနဲ့ပတ်သက်ပြီး ရှင်ခုန်စရာအကြောင်းအရာတွေဟာ ကျွန်မရင်ထဲကို အရှိန်ပြင်းလွန်းစွာနဲ့ တစ်ခုပြီးတစ်ခု ဝင်ရောက်လာပါတော့တယ်။

ထိုနေ့ညမှာပဲ ...

MRTV4 ကလာတဲ့ သူတို့ပြောတဲ့သူတို့အကြောင်း ကဏ္ဍမှာ မင်းသားလေးဟာ ကျွန်မနဲ့ပတ်သက်ပြီး သူ့ရဲ့ခံစားချက်တွေကို ဖွင့်ဟသွားပါတယ်။ တကယ်ပါ ကျွန်မဟာ ကိုယ့်ကိုယ့်ကိုယ် ဘာလဲဆိုတာမသိနိုင်အောင် ကျွန်မရဲ့စိတ်တွေဟာ တုံထိုင်းယစ်မူးသွားခဲ့ရပါတယ်။

ဘေးမှာထိုင်ကြည့်နေကြတဲ့ ဆွေဇင်တို့, ဟေသာတို့ ညီအစ်မနှစ်ယောက်ရဲ့ သဲသဲလှုပ်နေကြသော အတဲ့ပိုစကားတွေကိုလည်း မကြားနိုင်တော့ပါ။ အကြားအာရုံထဲမှာ မေးသမျှကို စိတ်ရှည်လက်ရှည်ဖြေပေးနေတဲ့ မင်းသားလေးရဲ့ ကြည်နူးအသံချိုတွေကိုသာ နဝင်ပီယံရှိလှစွာ ချိုမြိန်လတ်ဆတ်လွန်းနေ၏။ အကြည့်တွေကို TV ဖန်သားပြင်ပေါ်က မခွာတော့။

"ပရိသတ်ကြီးက ခေါ်သလို ကျွန်မကလည်း မင်းသားလေးလို့ပဲခေါ်တော့မယ်နော်"

"ဟုတ်ကဲ့ ... ခေါ်နိုင်ပါတယ်"

"မင်းသားလေးရဲ့ မွေးနေ့ပါတီပွဲမှာ မင်းသားလေးနဲ့





အတူ တွဲကခဲ့တဲ့ စင်ဒရဲလားမျက်နှာဖုံးရှင်လေးကို ရှာလို့တွေ့ပြီလားဆိုတာ သိချင်ပါတယ်"

"ဟုတ်ကဲ့ ... အဲဒီရှာပုံတော်ဟာ ကျွန်တော့်ဘဝရဲ့ အရေးကြီးဆုံးကဏ္ဍတစ်ခုလို့တောင် ပြောလို့ရပါတယ်၊ ရှာတွေ့နိုင်ဖို့ ကြိုးစားနေပါတယ်"

"အဲဒီစင်ဒရဲလားနဲ့ပတ်သက်ပြီး မင်းသားလေးရဲ့ခံစားချက်ကို ပြောပြပေးပါဦးရှင်"

"ဟုတ်ကဲ့ ... သူဟာ ကျွန်တော့်ရဲ့ဘဝလက်တွဲဖော် ဖြစ်လိမ့်မယ်လို့ ကျွန်တော့်နှလုံးသားနဲ့ခံစားပြီး အတိအလင်း ပြောလို့ရပါတယ်"

"ပန်းကြွပွဲမစခင်တုန်းကတည်းက ဒီပွဲဟာ မင်းသားလေးရဲ့ဖူးစာရှင်ရွေးပွဲလို့ မကြေညာခဲ့ဘူးနော်၊ အဲဒါ ဘာဖြစ်လို့ပါလဲ"

"ဒါက ကျွန်တော့်တဝနဲ့ဆိုင်တဲ့ Top Secret တစ်ခုမို့လို့ပါ၊ ဘာဖြစ်လို့လဲဆိုတော့ ကံထူးရှင်မိန်းကလေးဟာ ကျွန်တော် ရင်မခုန်တဲ့မိန်းကလေးဆိုရင် ဖူးစာရှင်ရွေးပွဲဟာ ဘယ်လိုမှ အထမမြောက်နိုင်လို့ပါ၊ ဒါကြောင့် ကျွန်တော် ရင်ခုန်တဲ့မိန်းကလေး ဖြစ်မှသာ ပရိသတ်ကြီးကို ပြောပြမယ်လို့ အရင်ကတည်းက စီစဉ်ခဲ့တာပါ"

"တကယ်လို့ အဲဒီစင်ဒရဲလားလေးကို ရှာတွေ့ခဲ့လို့ သူ့ဆီမှာ အကြောင်းအမျိုးမျိုးကြောင့် ချို့ယွင်းချက်တစ်စုံတစ်ရာ ရှိခဲ့မယ်ဆိုရင်ရော"



www.burmeseclassic.com

www.burmeseclassic.com



"ဂဲဇတ်ဆရာက ချပေးလာတဲ့ ကျွန်တော့်ရဲ့ဖွဲ့စာရှင်လေးမှာ ဘာချို့ယွင်းချက်မှ မရှိဘူးလို့ ကျွန်တော်ရဲ့အတွေးတွေက အလိုလိုသိနေပါတယ်"

"အဲဒါဆို ဘာကြောင့် မင်းသားလေးရဲ့ရှေ့ကို ရဲရဲဝံ့ဝံ့ ထွက်မလာရဲတာပါလဲ၊ ဒါကို မင်းသားလေး ဘယ်လိုယူဆထားပါသလဲ"

ထိုမေးခွန်းကို မင်းသားလေးက ချက်ချင်းမဖြေဘဲ ရယ်လိုက်၏။ ပြီးမှ . . .

"အဟင်း ဟင်း . . . သူမက သိပ်ပြီး ကြာမြွေသိက္ခာရှိလွန်းတဲ့ အမျိုးသမီးလေးတစ်ယောက်ဖြစ်လို့နေမှာပါ၊ စကားပုံတောင် ရှိပါသေးတယ် . . . မိန်းမ,ကြိုက်တော့ မျှော်လိုက်တာ၊ ယောကျ်ားကြိုက်တော့ စိုက်စိုက်လာဆိုတဲ့စကားပုံလေး၊ ကျွန်တော်ကစပြီး သူ့ဆီကို သွားရမှာပါ။ ဒါဟာ ဖြစ်သင့်ဖြစ်ထိုက်တဲ့ သဘာဝကပေးထားတဲ့ အမှန်တရားတစ်ခုပါ"

"မင်းသားလေး သူမကို ရှာတွေ့ခဲ့ရင် ဘယ်လိုစကားမျိုး ပြောမယ်စိတ်ကူးထားလဲ"

"ကျွန်တော် သူ့ကို ရှာတွေ့ခဲ့ရင် ကျွန်တော့်အာရုံထဲမှာ သိပ်ကို စွဲလမ်းတဲ့မျက်ဝန်းတစ်ခု သိမ်းထားတယ်၊ အဲဒါကြောင့် အဲဒီမျက်ဝန်းလေးနဲ့ ထပ်တူကျ,မကျ အရင်ဆုံး တိုက်ကြည့်ရမှာပေါ့"

"သူက မင်းသားလေးကို ငြင်းမယ်ဆိုရင်ရော"

မင်းသားက ခေါင်းကို ဖြည်းညင်းစွာဖြင့် ဘယ်ညာခါ





ယမ်းလိုက်ပြီး . . .

"မေတ္တာဆိုတာ ယောင်ပြန်ဟပ်တတ်ပါတယ်၊ ကျွန်တော်ဟာ သူ့ကို ဘယ်သူဘယ်ဝါဆိုတာ မသိခင်ကတည်းက အမှန်တဲ့မေတ္တာတွေ ပေးထားတဲ့အတွက် သူ့ဆီက မေတ္တာဟာလည်း ကျွန်တော့်ဘဝနဲ့ ကျွန်တော့်မျှော်လင့်ချက်တွေနဲ့ ထပ်တူကျမှာပါ"

"မင်းသားလေးရဲ့ မေတ္တာတရားနဲ့ နိုင်မာတဲ့ချစ်ခြင်းမေတ္တာတွေကို ကျွန်မတို့ MRTV4 အဖွဲ့က အသိအမှတ်ပြုပေးပါတယ်ရှင်၊ ခုလို စိတ်ရှည်လက်ရှည် ဖြေကြားပေးတဲ့ မင်းသားလေးကို ကျွန်မနဲ့အတူ ပရိသတ်တွေကလည်း ကျေးဇူးတင်နေမှာပဲ သိမ့်ပါလိမ့်မယ်"

Remote ဖြင့် လှမ်းပိတ်လိုက်သဖြင့် ဖျတ်ခနဲပိတ်သွားသော TV ဖန်သားပြင်ကိုကြည့်ပြီး နှင်းစက်ရင်ထဲ ဟာဆင်းသွားခြင်းနှင့်အတူ ကြည်နူးခြင်းအဟုန်က တားမရဆီးမရဖြင့် မျက်ရည်အဖြစ်သို့ အသွင်ပြောင်းလုနေ၏။

"ဟင်း . . . တကယ့်ကိုပဲ တယ်ကွာ၊ ဘယ်က ကာလသား မိန်းကလေးမှန်းမသိဘဲနဲ့ အဲဒီလောက် သဲသဲလှုပ်နေတဲ့ မင်းသားရှင်ကို တော်တော်လေး အမြင်ကတ်လာပြီ"

ဟေသာက TV ကို ပိတ်လိုက်ပြီး မကျေမနပ်ဖြင့် ပြောသောစကားဖြစ်သည်။

"မင်းလေးဟာ ဂျာနယ်တွေမှာကြည့်လည်း ဒီအကြောင်းအရာ . . . Billl Board တွေပေါ်မှာလည်း အဲဒီပုံတွေ



www.burmeseclassic.com

www.burmeseclassic.com



Media တွေကလည်း အားအားရှိ ဒီအကြောင်းတွေပဲ လိုက်
နေတယ်၊ နားကြားပြင်းကိုကဘ်တယ်"

"အဟင်း … မြင်ယောင်မိပါသေးတယ်၊ သူစွဲလမ်းနေ
တဲ့မိန်းမဟာ ဆင်ခြေဖုံးရပ်ကွက်က အနုပ်စုတ်ကုပ်စုတ်ပဲ ဖြစ်
မလား။ ဒါမှမဟုတ် ကိုယ်ကျင့်တရားမကောင်းတဲ့ မိန်းကလေးပဲ
ဖြစ်နေမလား။ အဟား … ကျော်ကြားနေတဲ့ ရုပ်ပါစတား ကျ
ရင့်တစ်ယောက်တော့ ပိုက်ဘောမိဦးတော့မှာပေါ့"

သူတို့ရဲ့မလိုတမာစကားတွေကို ဆက်ပြီး နားမထောင်
ချင်တော့ပါ။ သူတို့ရဲ့မျက်နှာပြင်မှာ မနာလိုခြင်းတွေနဲ့ အကျည်း
တန်နေကြ၏။ သူတို့နားက ထ,အထွက် …

"နှင်းစက် ငါတို့ကို ကော်ဖီဖျော်ပေးစမ်းပါ"

သူတို့ရှေ့မှ ကျောခိုင်းထွက်လာသော နှင်းစက်ကို
အလစ်မပေးကြ။ ဘယ်လိုနိုင်းရပ်မလဲဆိုပြီး မျက်ခြည်မပြတ်
စောင့်ကြည့်နေကြသူတွေ။ ထိုစဉ် အိမ်ရှေ့မှ ကားသံကြားပြီး
သိပ်မကြာလိုက် ဧည့်ခန်းထဲသို့ ကိုကိုလွင် ဝင်လာသည်။ ဆွေဇင်
ဝမ်းသာအားရ ဖြင့် ကိုကိုလွင့်ဆီ ပြေးသွားပြီး ပခုံးကိုမှီနဲ့ က
"ဟယ် … ကိုကိုလာတယ်၊ ဒီအချိန်ကြီးမှလာတာဆို
တော့ ဒီမှာ ညအိပ်မှာလား ကိုကို"

"အင်းလေ … အိပ်မှာပေါ့"

"မာမီထူးရော"

"ဘုံးစံအတိုင်း ကုမ္ပဏီကအပြန် ဝိုင်းကိုတန်းသွားတာ
ပေါ့၊ ခုထိတော့ မရောက်သေးဘူး"





"ကိုကိုလာတာနဲ့ အတော်ပဲ၊ Club သွားချင်နေတာ၊
အဖော်မရှိဘူးဖြစ်နေလို့၊ သွားရအောင်နော် ကိုကို"

ကိုကိုသည် ဆွေဇင်ရဲ့စကားကို ချက်ချင်းမတုံ့ပြန်ဘဲ
နှင်းစက် ဝင်သွားရာကို မျက်လုံးအကြည့်လိုက်ပြီး လေသံပျော့
ပျော့ဖြင့် …

"အင်း … သွားတာပေါ့"

"ဟေး … ဒါမှ တို့ကိုကိုကွ၊ ဒါကြောင့် ဆွေဇင်က
ချစ်ရတာ"

ဟေသာက နှင်းစက်ဝင်သွားရာသို့ လှမ်းကြည့်ပြီး …

"နှင်းစက် … နင် ကိုကို့ဖို့ပါ တစ်ခွက်ပိုဖျော်ခဲ့ဦးနော်၊
ချိုချိုလေးနော်"

နှင်းစက် ကြားပေမယ့် ခွန်းတုံ့မပြန်တော့၊ ကော်ဖီသုံး
ခွက်ဖျော်ရန် မီးဖိုခန်းထဲ ဝင်လာလိုက်သည်။

ဘွားငြိမ်းနဲ့မနီက မီးဖိုခန်းထဲမှာ သိမ်းဆည်းနေကြရဲ့။

"မနီရေ … ကော်ဖီသုံးခွက် ဖျော်လိုက်ပါဦး"

"ဟုတ်ကဲ့ … မမနှင်းစက်"

ဘွားငြိမ်းက နှင်းစက်ကို လှမ်းကြည့်ပြီး …

"သမီး … ဟိုအယုတ်တမာတွေ သောက်မလို့လား"

"ဟုတ်တယ် ဘွားငြိမ်း"

ဟု ဆိုလိုက်တော့ သူ့ရဲ့ထုံးစံအတိုင်း မဲ့ကာ ပွစိပွစိဖြင့်
ပြောပြန်၏။

"တင်း … စည်းစိမ်တွေယစ်လို့ကို မကုန်နိုင်သေးဘူး



www.burmeseclassic.com

www.burmeseclassic.com



ဘယ်နေ့ ဒုက္ခတွေနဲ့ ရင်ဆိုင်ကြရမလဲမသိဘူး”

မနီ ဖျော်ပေးသော ကော်ဖီပန်းကန်ကို နှင်းစက်ယူ ပြီး အိမ်ရှေ့ဧည့်ခန်းထဲသို့ ထွက်လာခဲ့၏။ ဧည့်ခန်းထဲရောက်တော့ ပေဟာသာကာ မရှိတော့။ သူ့အခန်းထဲ ဝင်သွားတာဖြစ်မည်။ ခွေ ဇင်က ကိုကို့ရဲ့ပခုံးကိုမှီပြီး ကိုကိုပါးကို မထိတထိလှမ်း နမ်းလိုက်သောမြင်ကွင်းကြောင့် ဝင်လာမိရဲ့သားဖြစ်နေသော နှင်းစက်ရဲ့ခြေလှမ်းတွေ ရှိုးတိုးရှန့်တန့်ဖြစ်သွားရပြီး ...

ဒါဟာ ဘာအဓိပ္ပါယ်လဲ။ သူတို့နှစ်ယောက်ရဲ့အနေအထား ကြီးက တစ်မျိုးပါလားဟုတွေးပြီး ကော်ဖီပန်းကန်လေးကို မချကိုင်ရင်း သူတို့စားပွဲရှေ့သွားချလိုက်၏။ အနားရောက်လာ သော နှင်းစက်ကြောင့် ကိုကိုသည် အမူအရာပျက်ယွင်းသွား

“ခွေဇင် ညီမလေး ... ကလေးမဆန်ပါနဲ့၊ တို ဘယ်နှခါပြောရမလဲ ... ကိုကို့ကို အဲဒီလို နားပူနားဆာလုပ် ကိုကို မကြိုက်ဘူး”

“ဘာဖြစ်လဲ ... ကိုယ့်အစ်ကိုမို့လို့ ကိုယ်လုပ်တာ

ဟု ခွေဇင်က ဂျစ်တစ်တစ်လေး ပြန်ပြောလိုက်သော

“ခြော် ဖြူလေး ... ကိုကိုတို့ အပြင်သွားကြ လိုက်ဦးမလား”

“ဟင့်အင်း .. မလိုက်တော့ဘူး ကိုကို”

ဟုဆိုပြီး အခန်းထဲ ပြန်ဝင်လာလိုက်သည်။

❦ ❦ ❦





အခန်း ( ၁၉ )

ကျူးရင့်သည် ဒီမြင်ကွင်းကို မနက်ခင်းတိုင်း မပျက်ပေမယ့် မကြာခဏဆိုသလို မြင်နေရ၍ ထိုမိန်းကလေးကို စိတ်ဝင်စားနေမိ၏။ စိတ်ဝင်စားတယ်ဆိုတာ သူ့ရဲ့ကကွက်တွေနဲ့ သူရဲ့ရစ်သန်မှန်သော လှုပ်ရှားမှုတွေကိုဖြစ်သည်။

မေတ္တာစံအိမ်ရဲ့ချောင်းတစ်ဖက်မှာရှိနေသော အိမ်ကြီးရဲ့ အနောက်ဘက် ပန်းခင်းနားမှာ မိန်းကလေးတစ်ယောက် မနက် ခင်းတိုင်း မပျက်သော တစ်ခါတစ်ရံအချိန်များမှာ သူ့နားမှာ ရှိသော ကက်ဆက်မှထွက်ပေါ်လာသော မြူးဇစ်အတိုင်း ဟန် ချက်ညီညီကနေပုံက မနက်ခင်းနေခြည်နှင့် အလွန်လိုက်ဖက် လွန်းလှသည်ဟု ထင်လို့ပါ။

ကျူးရင့်လို Professional အကပညာရှင်တစ်ဦးက ဒီလို မြင်ကွင်းမျိုးကို စိတ်ဝင်စားတာ သိပ်တော့မဆန်းပါဘူး။

ပေါင်လယ်လောက်ထိ တွဲကျနေသော ကိုယ်ကျပ်အကျႌ လက်တိုလည်ပိုက် အနက်ရောင်လေးနှင့် အောက်က ပန်းရောင်



www.burmeseclassic.com

www.burmeseclassic.com



ဆွဲသားဘောင်းဘီကပ်ကပ်ကလေးကို အချိုးကျသော ခန္ဓာကို
နှင့်လိုက်ဖက်စွာ ဝတ်ဆင်ထားပြီး ကျောလယ်ထိ ဖြောင့်စင်းစ
နေသော ဆံပင်လေးက နေရောင်အောက်မှာ မဟူရာရေ
တောက်ပြောင်လွန်းစွာဖြင့် သူမရဲ့ပြစ်မျိုးမဲ့မထင်သောအလှ
ကူညီအားဖြည့်ပေးထားလေ၏။

သူမရဲ့အလှတရားများက သူ့ရဲ့ကကွက်များကို ပို
အသက်ဝင်စေ၏။ အဝေးကကြည့်ရတာတောင် ဖြူဝင်းဖွေ
နေရင် အနီးကပ်မြင်ရရင် ဘယ်လောက်လှလိုက်မလဲ။ နေ
အောက်မှ ဖြူဝင်းသော သူမ၏အသားအရေက တော်ရုံတ
အလှထဲက မဟုတ်တာတော့ သေချာ၏။

ပြတင်းပေါက်မှရပ်ပြီး မြင်ကွင်းတစ်ခုကို သဲသဲမဲမဲ
စိုက်ကြည့်နေသော ကျူးရင့်အဖြစ်ကို ကိုဇေ ရိပ်မိသွားပုံ
သည်။

"ကိုကျူး"

"ဟင်"

ကိုဇေ့ကိုလှည့်မကြည့်ဘဲ ပြန်ထူးလိုက်ခြင်းဖြစ်သည
အကြည့်တွေက ဒီနေရာလေးကကို မခွာသေး။

ကိုဇေပါ သူကြည့်နေသောနေရာသို့ လိုက်ကြည့်လို
ပြီး သဘောပေါက်တာ ပြုံးလိုက်ရင် ကျူးရင့်နားမှထွက်သွာ
တအောင့်နေတော့ လက်ထဲမှာ မှန်ပြောင်းတစ်ခုကိုင်လာ
ကျူးရင့်နားသို့ ပြန်လျှောက်လာပြီး ...

"ကိုကျူး ... ရော့"





ကိုဇေကမ်းပေးသော မှန်ပြောင်းကို မြင်ပြီး ကျူးရင့်
သဘောကျသွားသည်။ ဒီလူ တော်တော်အလိုက်သိလွန်းတဲ့လူ။

ပြီးနောက် ထိုမြင်ကွင်းကို အနီးကြည့်မှန်ပြောင်းဖြင့်
ချဲ့ကြည့်လိုက်၏။ မျက်နှာလေးကို အနီးကပ်မြင်ရပြီ။ ကျူးရင့်
မျက်နှာမှာလည်း အံ့ဩမှုတွေနဲ့အတူ လင်းသွား၏။ ဒါဟာ ဟို
တစ်ခါ Junction-8 မှာတုန်းက သတိုးဟေသာနဲ့ အတူပါလာတဲ့
အိမ်အကူကောင်မလေး။ သူ့မျက်ဝန်းတွေနဲ့ဆုံပြီး ကိုယ့်ရင်တောင်
အခုန် လှုပ်ရှားသွားမိသေးတယ်။

ဒါဆို ဒီအိမ်က သတိုးဟေသာတို့အိမ်ပေါ့။ သတိုးဟေ
သာတို့ ဒီမှာနေတယ်ဆိုတာ သိပေမယ့် ခုလို မေတ္တာစံအိမ်နဲ့
င်ချင်ပေါက် အိမ်ချင်းနီးလိမ့်မယ်လို့ မထင်ထားခဲ့။

ကျူးရင့် အိမ်ပေါ်ကနေ ကြည့်ရတာ အားမရတော့။
သူ့ရင်မှာ တစ်စုံတစ်ခုကို အဖြေရှာချင်တဲ့စိတ်က ပိုပြီးကြီးထွား
လာသည်။ ဒါကြောင့် ကင်မရာကိုယူပြီးတော့ ခြံထဲဆင်းလာ
လိုက်၏။ စံပယ်ချုံကြီးက ကွယ်နေသဖြင့် ကျူးရင့်ကို ထိုကောင်
မလေး အလွယ်တကူ မမြင်နိုင်ပါ။ သူမလေးကို ပီပီပြင်ပြင်မြင်နိုင်
သည့်နေရာတစ်ခုကို စိတ်ကြိုက်ရွေးလိုက်သည်။ အိုကေ ...
ဒီနေရာလေးဆို အဆင်ပြေသွားပြီ။

သူမလေးနှင့် ကျူးရင့်ရှိသောနေရာက ငါးပေသာသာ
ရှိသော ချောင်းကလေးပဲ ခြားတော့မည်။

အဲ့ဒီအတွက် သူမရဲ့မျက်နှာကို ကင်မရာဖြင့် ချိန်ပြီး
အနီးကပ်ဆွဲရိုက်လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



သူမ ကနေဟန်နှင့် မျက်နှာအနေအထားအရ လိုချင်သော Subject ကို တော်တော်နှင့်မရနိုင်သေး။ ကျူးရင့်က သူမ မျက်နှာတစ်ကွက်တည်းကို ထိထိမိမိ ရိုက်ချင်တာ။

တီးလုံးသံဆုံးသွားပြီ။ ကနေရာမှ မောသွား၍ထင်သည်။ ခန္ဓာကိုယ်ကို မတ်မတ်ရပ်ပြီး လက်နှစ်ဖက်ဖြင့် ခါးထောက်ကာ ရပ်နေပြီး ကျူးရင့်တို့အိမ်ကြီးရှိရာဘက်သို့လှည့်ပြီး အသက်ကို ခပ်ပြင်းပြင်းရှူနေသည်။

ထိုအခွင့်အရေးကို လက်လွှတ်မခံသော ကျူးရင့်မှာ သူမ၏မျက်နှာကို အနီးကပ်ဆွဲပြီး ရိုက်လိုက်၏။ ရင်ထဲမှာလည်း အတော်လေးစိတ်တိုင်းကျသွားသည်။

အိမ်ပေါ်ပြန်ရောက်တော့ ကွန်ပျူတာရှေ့တွင် ကျူးရင့် တစ်ယောက် အလုပ်ရှုပ်တော့၏။

မျက်နှာနားတစ်ထားသော စင်ဒရဲလားလေးရဲ့မျက်ဝန်း နှင့် ယခုသူမရဲ့မျက်ဝန်းတို့ကို ကွန်ပျူတာပရိုဂရမ်ထဲတွင် Zoom ချဲ့ပြီး ကြည့်ရင်း သူလိုချင်သောအဖြေတစ်ခုကို အငမ်းမရ ရှာဖွေနေမိ၏။

အနီးကပ်ကြည့်တော့ သူမအလှက ပိုပြီးပီပြင်လေပါပဲလား။ ပါးပြင်မှသွေးကြောစိမ်းလေးတွေက သူမရဲ့အလှအဝတရားနဲ့ သိမ်မွေ့နူးညံ့မှုတွေကို အထင်းသားပေါ်လွင်နေ၏။ သတို့ဟောသာရဲ့အိမ်အကူလို့ပြောရင်တောင် ယုံဖွယ်ရာမတူ။ သတို့ဟောသာကိုသာ သူမလေးရဲ့အိမ်အကူလို့ပြောရင် ယုံချင်ယုံမိလိမ့်ဦးမယ်။ ဘေးမှာထိုင်ကြည့်နေသော ကိုဇေပင် ပါးစပ်အပြိမ်





နနိုင်တော့။

"တော်တော်လေး လှတာနော် ကိုကျူး"

ဟု ချီးမွမ်းပြီး ရယ်ကျဲကျဲလေးဖြင့် . . .

"ကိုကျူး စိတ်ဝင်စားနေပြီလား"

"စိတ်ဝင်စားတယ် မဝင်စားဘူးဆိုတာတောင် သူဟာ ...ဒ်ဒရဲလားလေးဆိုတာ အဖြေရှာဖို့ ပိုပြီးအရေးကြီးတယ်၊ ...တ်က တစ်ခုခုကို သေချာနေသလိုပဲ၊ ဘာဖြစ်လို့လဲဆိုတော့ ...တွေ့လား စင်ဒရဲလားလေးမျက်ခွံမှာလည်း မှဲ့နီသေးသေး ...ခုရှိတယ်"

ဟုဆိုပြီး Zoom ချဲ့ထားသောမျက်နှာဖုံးစွပ်ထားသော ...ဝန်းစပ်ကလေးရှိ မှဲ့နီကလေးကို Pointer လေးဖြင့် ထောက် ...ိုက်၏။ ကိုဇေက ကင်မရာထဲမှ အနီးကပ်ဆွဲရိုက်ခဲ့သော ...စောက ကောင်မလေးရဲ့မျက်ဝန်းနှင့် တိုက်ကြည့်တော့ ထို ...ာင်မလေးမျက်ခွံစပ်မှာလည်း မှဲ့နီလေးပါ၏။ ဟာ . . . ဒါဆို ...အရဲ လားလေးဟာ ဒီကောင်မလေးပေါ့။

"ကဲ . . . မင်း ဘယ်လိုမြင်လဲ ကိုဇေ"

"ဒါ ကိုကျူးရဲ့မေတ္တာမှန်လို့ နတ်ကောင်းနတ်မြတ်တွေ ... ဖန်ဆင်းပေးတာနေမှာနော်"

ကိုဇေဆီမှ သူလိုချင်သောအဖြေတစ်ခုကို ကြားလိုက်ရ ...ည့်အတွက် ကျူးရင့်မျက်နှာ အရင်ခါတိုင်းတွေထက်ပိုပြီး တက် ...ွလန်းဆန်းသွား၏။

"ကိုကျူး ဘယ်လိုလုပ်မလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဒီထက်ပိုပြီး သေချာနိုင်မှာအောင် သူနဲ့အရင်ဆုံး ရှင်ခန်စရာ scene လေးတွေ ဖန်တီးရဦးမှာပေါ့ကွာ"

ကကွက်ဆုံးသည်နှင့် ကိုယ်ခန္ဓာလှုပ်ရှားမှုကို ရပ်တန့်လိုက်ပြီး လေပြည်ကသယ်ဆောင်လာပေတဲ့ ပန်းရနံ့တွေကို အမောပြေရှူရှိုက်လိုက်သည်။

မနက်ခင်းနေခြည်အောက်မှာ ဝင်းပနေသော သူမရဲ့ မျက်နှာနုနုပေါ်မှ ပုလဲပွင့်လေးတွေလို တလက်လက်တောက်နေသည့် ချွေးစက်အချို့ကို လက်ဆွဲကက်ဆက်ကလေးပေါ်တင်ထားသော မွေးပွသဘက်ကလေးနှင့် အသာသုတ်လိုက်ပြီး အိမ်ပေါ်ပြန်တက်ခဲ့၏။

ဘွားငြိမ်းနဲ့မနီကတော့ မီးဖိုခန်းထဲမှာ အလုပ်ရှုပ်နေကြသည်။

"ဘွားငြိမ်းရေ ... ခေါက်ဆွဲပဲ၊ သမီး ဒီနေ့ ကရတာ အရမ်းကို မှုဒ်ဝင်သွားလို့ နည်းနည်းကြာသွားတယ်"

ဘွားငြိမ်း အမောပြေစေရန် တောင်းပန်လိုက်၏။

ဘွားငြိမ်းက ရေခဲသေတ္တာထဲ အသားဘူးတွေထည့်ရင်းမှ နှင်းစက်ကို ပြုံးရွှင်စွာလှမ်းကြည့်ပြီး ...

"အမယ်လေး သမီးလေးရယ် ... သမီးလေး ခုလိုလန်းလန်း,ဆန်းဆန်းပုံစံလေးနဲ့ မြင်ရတာနဲ့တင် ဘွားငြိမ်းက





ကျေနပ်နေပါပြီကွယ်"

"ဖြစ်နိုင်ရင် သမီးကို ဒီအိမ်ကအလုပ်မှန်သမျှကို လက်ရှားမပြောနဲ့ ခြေဖျားနဲ့တောင် မတို့နိုင်းရက်ပါဘူး"

"သိပါတယ် ဘွားငြိမ်းရယ်၊ ဒါကြောင့်လည်း သမီးက ဘွားငြိမ်းကိုချစ်တာ"

ဟုဆိုပြီး အိတွဲကျနေသော ဘွားငြိမ်းရဲ့ပါးစုံကြီးကို နာအောင် ခပ်ဖွဖွဆွဲလိုက်ပြီး ...

"ကဲ ... သမီး ရေချိုးခန်း ဝင်လိုက်ဦးမယ်"

"အေး ... သမီး ချွေးတိတ်မှလည်း ရေချိုးဦးနော် ... တော်ကြာ အအေးပတ်ဦးမယ်"

"ဟုတ်ကဲ့ ဘွားငြိမ်း"

ရေကို တစ်ဝကြီး ချိုးလိုက်မှ စိတ်က ပို၍ကြည်လင်သန်းဆန်းသွား၏။ ခုတလော သူမသည် ကိုယ့်ကိုယ်ကိုယ် စိတ်နှလုံးကြည်မွေ့နေသည်ဟု ထင်မိ၏။

မြင်သမျှ,ကြားသမျှ အရာတိုင်းဟာ ရင်ခုန်စရာ စိတ်ကျေနပ်စရာတွေနဲ့ချည်းပါပဲ။ ချွင်းချက်အနေနဲ့ မာမီထွေးနဲ့ သူ့သမီးနှစ်ယောက်နဲ့ပတ်သက်တဲ့ အကြောင်းအရာတွေကလွဲလို့ပေါ့၊ ဒါပေမဲ့ နှင်းစက်ရဲ့အပျော်တွေ သိပ်ပြီးမကြာလိုက်ပါဘူး။ ထိုနေ့က အကသင်တန်းက အပြန်မှာ မာမီထွေးထံမှ ဘယ်လိုမှ ထင်မထားသောအကြောင်းအရာတစ်ခုကို သွေးပျက်စွာ ကြားလိုက်ရသည်။

"ဟင့်အင်း ... နှင်းစက် အိမ်ထောင်မပြုချင်သေးဘူး



www.burmeseclassic.com

www.burmeseclassic.com



မာမီထူး"

မာမီထူးက လေပြေလေးနှင့် နှင်းစက်ကို သိမ်းသွင်းဖို့ ကြိုးစားနေ၏။

"မာမီစီစဉ်တာကို မငြင်းပါနဲ့ နှင်းစက်ရယ်၊ သွားလေ သူ ညည်းရဲ့ဒယ်ဒီပဲ စိတ်အေးရအောင် မာမီထူးက စီစဉ်တာ ကိုကိုလွင်ခိုတာလည်း တခြားလူမှ မဟုတ်တာ၊ ညည်းကိုချ နေတဲ့ သူတစ်ယောက်ပဲ"

"ဒါပေမဲ့ ... နှင်းစက် ကိုကို့ကိုမချစ်ဘူး"

"ဘဝမှာ အချစ်မပါဘဲ တည်ဆောက်ထားတဲ့အိမ် ထောင်ရေးတွေ အများကြီးပါအေ၊ တကယ်တမ်းကျတော့ အချ နဲ့ဘဝ တခြားစီပါ၊ အဲဒီအချစ်တွေက အိမ်ထောင်သက်ရင့်လာ တာနဲ့အမျှ တဖြည်းဖြည်းပျောက်ကွယ်ကုန်ကြတာပါပဲ"

"မာမီကတော့ ညည်းကို ကိုကိုလွင်နဲ့ပဲ သဘောတူ တယ်၊ အဲဒီအတွက် ရှေ့လမှာ ညည်းနဲ့ကိုကိုလွင်ကို စေ့စပ်ပေး မယ်၊ ညည်းမှာ တခြားကောင်နဲ့ ချစ်သူဖြစ်နေတယ်ဆိုလည်း စောစောစီးစီး အဆက်ဖြတ်ထားလိုက်"

လူတစ်ဖက်သားရဲ့ခံစားချက်နှင့် လွတ်လပ်ခွင့်တွေ ဥပေက္ခာပြုပိတ်ပင်တားဆီးတတ်သော သူ့ရဲ့အမူအကျင့်အတိုင်း ကိုယ်က လိုက်နာရမယ်တဲ့လား။ ဟင်း ... ဝေးပါသေးတယ် ကိုကို့ကို နှင်းစက်က အစ်ကိုတစ်ယောက်လို ချစ်တာ။

ထိုညက... ထိုအကြောင်းအရာနှင့်ပတ်သက်ပြီး ဖေ တော်နှင့် ဖိုးမပျော်ပါ ... အတွေးတွေက ယောက်ယက်ခတ်





ရှုပ်ထွေးနေ၏။ စားပွဲပေါ်မှ Table Clock လေးကို လှမ်းကြည့် တော့ ညဆယ်နာရီပင် ထိုးပြီးနေပြီ။

လရောင်က ပြတင်းပေါက်မှတစ်ဆင့် သူမရဲ့ခန္ဓာကိုယ် ပေါ်သို့ ဖြာဆင်းကာ အေးမြမှုဖြင့် ချေးသိပ်ပေးနေ၏။ သို့သော် သူမရင်မှာ ဘယ်လိုမှ မအေးမြနိုင်။ တလိပ်ပြီးတလိပ်တက်လာ သော ဝမ်းနည်းမှု၊ နာကျင်ကြေကွဲမှု၊ ခံရခက်မှု၊ မယုံကြည်နိုင်မှု တွေဟာ ရင်ထဲမှာ တဝုန်းဝုန်းနှင့် ဆူညံနေသော လှိုင်းလုံးများလို ပဲ ဖြစ်နေသည်။ မွန်းကျပ်လွန်းနေသည်မှာ အသက်ပင်ရှူ၍ မရလောက်အောင်ပါ။

မျက်ဝန်းက ခုတင်ခြေရင်းထွင် ထောင်ထားသော ဟော် လိုဂစ်ဂျာလေးဆီသို့ အကြည့်ရောက်သွားသည်။ ရင်ထဲမှာ ငိုချင် သလိုလို၊ လွမ်းချင်သလိုလို၊ ဆွေးချင်သလိုလို ခံစားမှုတွေက ဒွေးရောယှက်တင် ဖြန့်ကျက်နေကြ၏။

ဂစ်တာလေးဆီ အသာလျှောက်သွားပြီး ယူငင်ကာ ခြေ လှမ်းတွေက အိမ်အနောက်ဘက် နားနေဆောင်လေးဆီသို့။ လရောင်က သူ့ကို လွမ်းဆွေးခြင်းတွေကို ဖွင့်ဟဖော်ကျူးဖို့ အဖော်လုပ်ပေးပါလိမ့်မည်။ ညဥ့်လေသည် သူမရဲ့ပါးပြင်နှင့်ဆံစ တချို့ကို လာရောက်တို့ထိ မိတ်ဖွဲ့နေကြ၏။

ကျောက်ခုံးတန်းလေးမှာထိုင်လိုက်ပြီး ဂစ်တာကြိုးညှိ လိုက်၏။ သီချင်းတစ်ပုဒ်ကို စိတ်နှစ်ပြီး ဆိုဖို့ကိုတော့ သူမရဲ့အာရုံ တွေက ကြည်ဖြူစွာ လက်ခံရှာပါသည်။

တီးကွက်အင်ထရိုဝင်လိုက်ပြီး ဆို့နင့်သောခံစားမှုတစ်ခု



www.burmeseclassic.com

www.burmeseclassic.com



က ရင်ကိုလွှမ်းမောသွားစေသည်ကွယ်။

♬ ချစ်သူ့ဘေးနားမှာ နေတဲ့ခဏ × × × နူးညံ့မွေး
သလို အကြည့်လေးများထဲ × × × တင်းထားမ
တို့စိတ်ကူးတွေ × × × အခိုးအငွေ့ဖြစ်ကာရ
× × × နှလုံးသားဟာ ပန်းလို ကြွေကျတယ် × × ×

မနေ့က × × × မင်းသတင်းတွေ တို့ကြားလ
× × × မမေးဘူး တိုးတိတ်စွာ × × × မျှိုသိပ်ပါ့မယ် × ×
အားလုံးက စိုးရိမ် စိတ်နဲ့ သတိပေးကြပေမယ့် × ×
ကြားစကားလို့ ရင်မှာယုံထားတယ် × × × အပြစ်မမြင်ပါ
ချစ်ချင်တာပဲ သိတဲ့ နောက် × × × ဖြစ်သမျှ
အကောင်းပဲပေါ့ × × × မင်းရင်ခွင်နဲ့ ခွဲခွာနေရ မရဲပါ
× × × အနားနားမှာ အမြဲရှိပါရစေ × × ×

အချစ်က အသိခက်တဲ့ × × × ကဗျာလေးပဲ × ×
ခွင့်လွှတ်ချစ်တတ်အောင် × × × တို့ကြိုးစားကြည့်တ
လျှို့ဝှက် ချက်များစွာထဲမှာ × × × အမြဲတမ်း တဝဲလည်လ
× × × မှား လည်းလေ မှားပါစေတော့ကွယ် × ×
အပြစ်မမြင်ပါဘူး ချစ်ချင် တာပဲသိတဲ့နောက် × ×
ဖြစ်သမျှဟာ အကောင်းပဲပေါ့ × × ×

မင်းရင်ခွင်နဲ့ × × × ခွဲခွာနေဖို့မရဲပါဘူး × ×
မင်းအနား မှာ အမြဲချစ်ပါရစေ × × × ♬

ဖျတ်ခနဲပွင့်လာသော မျက်လုံးအစုံနှင့်အတူ နှလုံးသ
ဟာလည်း နိုးကြားစွာဖြင့် တလုပ်လုပ်ခုန်လာသည်။





အိပ်ရာထက်မှထပြီး မြတင်းပေါက်ရှိရာသို့ ဒရောသော
ထလာခဲ့တာ လိုက်ကာတွေကိုလှပ်ပြီး သီချင်းသံသဲ့သဲ့ ကြား
သို့ အာရုံနှင့် မျက်ဝန်းတို့က စူးစိုက်နေကြ၏။

ဒီသီချင်းလေးဟာ သူ့ရဲ့နှလုံးသားတစ်ထောင့်တစ်နေရာ
သို့ မကြာသော ကာလတစ်ခုကမှ လာရောက်နိုလှုံသော သီ
ကိုယ့်ရဲ့စင်ဒရဲလား အနှစ်သက်ဆုံးသီချင်း။ သူမလေးဟာ
ဒရဲလားလေးဆိုတာ သေချာသထက် သေချာသွားအောင်
ကြမှာက တိကျခိုင်လုံတဲ့သက်သေတွေ ထူနေပြီပဲ။

ကျူးရင့်သည် စိတ်ကူးလေးဖြင့် သူမလေးနားသို့ ပျံခဲ
၏။ လရောင်သည် ညအမှောင်ကို အေးချမ်းတိတ်ဆိတ်
ချော့သိပ်နေ၏။

အိပ်မပျော်သေးသူက သူရယ် . . . သူ့ရဲ့ စင်ဒရဲလား
ရယ်ပေါ့။



www.burmeseclassic.com

www.burmeseclassic.com



အခန်း ( ၂၈ )

"ဟိတ် ... ရှတ် .. ရှတ်"

ကြက်တူရွေးလေးတွေကို အစာကျွေးနေရင်း ချောင်းကလေးရဲ့တစ်ဖက်ခြမ်းမှ ခေါ်သံကြောင့် နှင်းစက် လှမ်းကြည့်မိ၏။

ဘယ်သူမှ ရှိမနေ။ စိတ်ထင်လို့ပဲဖြစ်မှာပါလေလို့ တွေးပြီး ပဲစေ့လေးတွေကို လှောင်အိမ်ကလေးထဲ ချပေးနေလိုက်၏။

"ဟိတ် ... ခေါ်နေတယ်လေ"

"ဟော ... ခေါ်ပြန်ပြီ"

ဟု ခပ်တိုးတိုးလေး ရေရွတ်လိုက်ပြီး ချောင်းစပ်နား လျှောက်သွားလိုက်၏။

"ဟင်"

မြင်ရသောမြင်ကွင်းလေးကြောင့် ကဗျာဆန်သော ရင်ခုန်မှုလေးဖြစ်သွားပါ၏။





"ဟယ် ... နှင်းဆီနီနီလေးတွေပါလား။ ဘယ်က မျောလာပါလိမ့်"

ချောင်းရေအလျဉ်ဖြင့် မျောလာသော နှင်းဆီပန်းနီနီလေးတွေကြောင့် နှင်းစက် အံ့ဩသွားရ၏။ ဟိုဘက်ခြံကများလား။ ဒါပေမဲ့ အဲဒီအိမ်ကြီးက လူမှ မနေတာ။ နှင်းစက်သိတာတစ်ခုတည်းက ခုချိန်ထိ ခြံစောင့်ကြီးဦးဘမောင်ဆိုတဲ့ အဘတစ်ယောက်ကလွဲပြီး ဘယ်သူမှမရှိ။ နှင်းစက် မတွေးချင်တော့ဘူး။ ဘယ်သူ မျောချင်တဲ့ဆီကသာ မျောတော့ဆိုပြီး ...

ရေစပ်နားအထိ ဆင်းလာလိုက်၏။ စကတ်အနားတွေ စွန်းမှာစိုး၍ စကတ်ကလေးကို ဒူးခေါင်းနားအထိ ခေါက်သိမ်းလိုက်ပြီး ရေထဲမှာမျောလာသော နှင်းဆီပွင့်လေးတွေကို ဆယ်လိုက်၏။

ဒီနှင်းဆီပွင့်လေးတွေက သူမရဲ့ရင်ခုန်သံတွေကို ဖိုပြီး သက်ဝင်စေခဲ့တာလေ။ မင်းသားလေးရယ် ... ကျွန်မက စိတ်ခေါ်ဘဲနဲ့ သူတို့လေးတွေ ကျွန်မဆီကို ရောက်လာကြပြန်ပြီ။ ကျွန်မရဲ့စိတ်တွေကို သိမ်မွေ့မှုတွေနဲ့ အမြဲရှာရခက်တဲ့ ပျော်တစ်ပုဒ် ပေးစွမ်းနေကြပြန်ပြီ။

"နှင်းဆီပွင့်လေးတွေရေ မင်းတို့ ဘယ်ကမျောလာတာလဲ မင်းတို့ရဲ့သခင်က မင်းတို့ကို အလိုမရှိတော့လို့ အခုလို စွန့်ပစ်ခံရတာလားကွယ် ... ငါကတော့ မင်းတို့ကို မြတ်နိုးတယ်။ နှင်းဆီပွင့်လေးတွေက ငါ့ရင်ခုန်သံတွေရဲ့ အစိတ်အပိုင်းတစ်ခုပဲ"



www.burmeseclassic.com

www.burmeseclassic.com



နှင်းဆီပွင့်လေးတွေကို လိုက်လံသယ်ယူရင်း တစ်ယောက်တည်း စကားတွေပြောနေသော သူမလေးကို စံပယ်ချုံနားက ကင်မရာနှင့်ခိုးရိုက်နေသော ကျူးရင့်ခမျာ ဒီကောင်မလေး ရူးများရူးနေတာလားဟု ချစ်စနိုးလေးတွေးပြီး သဘောကျနေမိ၏။

ချောင်းထဲမျောနေသော နှင်းဆီပွင့်တွေက တဖြည်းဖြည်း များလာသဖြင့် စကတ်ကို စုသိမ်းထားသော လက်တစ်ဖက်ကိုပင် လွှတ်လိုက်ရပြီး မျောလာသော နှင်းဆီပွင့်များကို လက်နှစ်ဖက်စလုံးဖြင့် လိုက်ပြီးဆယ်ယူနေသော သူမရဲ့ပုံစံလေးက ပျော်ရွှင်နေပုံရ၏။ အပြစ်ကင်းစင်လိုက်တာ မိန်းကလေးရယ်။

နှင်းဆီကိုချစ်သော နှင်းစက် ရေထဲဆင်းပြီး နှင်းဆီတွေ ဆယ်ယူနေတာများ လက်မလည်အောင်။ အလှဆုံးဟုထင်ရသော နှင်းဆီပွင့်လေးတွေကို နားရွက် နှစ်ဖက်စလုံးကြားထဲမှာလည်း ညှပ်ထားသေးတယ်။ ဒီချောင်းက ရေစီးနည်းနည်းသန်နေသဖြင့် ပန်းတွေ တစ်ပွေ့တစ်ပိုက်ဖြင့် ရေထဲလည်းမကျအောင် မနည်းထိန်းနေရ၏။

"အို နှင်းဆီလေးတွေရယ်... ဘာဖြစ်လို့ အဲဒီလောက် အများကြီး မျောနေရတာလဲ၊ ငါ ဆယ်လို့မရနိုင်တော့ဘူး... ဟယ်... ဟိုအပွင့်လေးက ပိုလှတယ်"

လူက တဖြည်းဖြည်းနဲ့ တစ်ဖက်ခြံရဲ့ချောင်းစပ်အနားကို ရောက်နေပြီ။ ရုတ်တရက် ခြေထောက်မှ စူးခနဲနာကျင်သွားသဖြင့် လန့်ပြီးအော်လိုက်၏။





"အား... အမယ်လေး"

ကိုယ်ရပ်နေသောနေရာမှ ရေပြင်သည် သွေးရောင်ဖြင့် မြင်းခြင်းနီသွားသဖြင့် နှင်းစက် ရုတ်တရက်လန့်ပြီး သတိလစ်မေ့လိုဖြစ်သွားကာ လူက ချောင်းရေတွေထဲမှာပင် ဖင်ထိုင်လျက် လဲကျသွား၏။

'ဗွမ်း'

လက်ထဲမှာ ပြုတ်ကျသွားသော နှင်းဆီနီများနှင့် သူမ၏ သွေးတွေက ရေပြင်မှာ ရဲရင့်ခြင်း ပြိုင်နေကြ၏။

"ဟာ... လဲကျသွားပြီ"

ချုံကွယ်မှ ဗွီဒီယိုကင်မရာဖြင့် ချောင်းရိုက်နေသော ကျူးရင့်စိုးရိမ်စိတ်ဖြင့် ရေထဲကို ကမန်းကတန်း ပြေးဆင်းသွား၏။

ချောင်းရေစီးက နည်းနည်းသန်သဖြင့် သူပင် ရေထဲမှာ ဒယီးဒယိုင်။

"ဟော့... မင်း ဘာဖြစ်သွားတာလဲ"

နှင်းစက် မဖြေနိုင်ရှာပါ။ နာကျင်မှု၊ ထိတ်လန့်မှုတွေကြောင့် လူက သတိလစ်သွား၏။ သူမလေးရဲ့ကိုယ်ကို ရေထဲမှ ပွေ့ချီဆယ်ယူပြီး ကုန်းပေါ်ကို ပြန်တက်လာခဲ့လိုက်၏။

ခပ်လှမ်းလှမ်းချောင်းစပ်တစ်နေရာမှ နှင်းဆီတွေမျှောပေးနေသော ကိုဇော်အနားကို အပြေးရောက်လာပြီး...

"ကိုကျူး ဘာဖြစ်တာလဲ"

"ခြေထောက်ကို တစ်ခုခုထိုးမိတာ ထင်တယ်၊ သွေးတွေ အရမ်းထွက်လာလို့"



www.burmeseclassic.com

www.burmeseclassic.com



ကိုဇေသည် နှင်းစက်ရဲ့သွေးခြင်းခြင်းရဲနေသော မျက်စိနားကိုကြည့်ပြီး . . .

"ဟာ . . . ဒဏ်ရာက တော်တော်နက်တာပဲ"

"ဒါတို့ သူ့ကို အိမ်ထဲ အရင်ခေါ်သွားမှဖြစ်မယ်၊ အ ကိုဆေးထည့်ပေးရအောင်"

ဒီအဖြစ်အပျက်တွေကို နှင်းစက်ကတော့ ဘာမှမ တော့။ အိမ်ထဲရောက်တော့ ဆိုဖာပေါ်ကို အသာတင်လိုက်ြ ကိုဇေသည် ဆေးသေတ္တာကို အမြန်ပြေးယူသည်။

နှစ်ယောက်သား သူမလေးကိုကြည့်ပြီး အလုပ်တွေ နေကြ၏။

"ကိုကျူး သူ့ကိုယ်က ရေစိုအဝတ်တွေကို အရင် ဖြစ်မယ်ထင်တယ်"

ဟုတ်သားပဲ . . . ကိုဇေပြောမှ သတိရတယ်။ တစ် လုံး စိုရွှဲနေတာ။ တော်ကြာ အအေးပတ်သွားလိမ့်မယ်။

"အင်း . . . ဟုတ်တော့ ဟုတ်တယ်၊ ဒါပေမဲ့ ဝ လဲပေးလို့ မသင့်တော်ဘူးထင်တယ်"

"စောစောက ဦးဘမောင်ရဲ့ချွေးမ ခြံထဲရောက်နေ တွေ့တယ်၊ သူ့ကိုခေါ်ပြီး လဲခိုင်းလိုက်မယ်လေ"

"အေး . . . အဲဒါဆို ပိုပြီးအဆင်ပြေတာပေါ့၊ မိန်း က ပြဿနာမရှိဘူး။ ဒါဆို ငါ့အဝတ်သေတ္တာထဲက ဘော တစ်ထည်နဲ့ ရှပ်တစ်ထည်သွားယူလာခဲ့၊ ပြီးရင် ဦးဘမောင် ကိုပါ တစ်ခါတည်းခေါ်လာလိုက်"





ကိုဇေအနားမှ ထွက်သွား၏။ ကျူးရင့် သူမနဖူးပြင်မှ ဆံစလေးတွေကို သပ်တင်ပေးရင်း မျက်ခွံမှ မှဲ့နီနီလေးကို လက် ာလေးနဲ့အသာတို့ထိလိုက်ပြီး ခပ်တိုးတိုးလေး ဆိုလိုက်ပါသည်။

"စင်ဒရဲလားလေးရယ် . . . မင်းဟာ ခုတော့ ငါ့နှလုံး သားနဲ့ အနီးဆုံးနေရာကိုရောက်နေပါပြီ။ မင်း ငါ့ကို မငြင်းပါနဲ့၊ ငါ မင်းကိုချစ်လွန်းလို့ပါ"

တအောင့်နေတော့ ကိုဇေနဲ့ဦးဘမောင်ချွေးမ ရောက် လာ၏။ သူတို့ ခဏတော့ရှောင်ပေးလိုက်ကြ၏။

ခြံထဲရောက်တော့ ကိုဇေက . . .

"ကိုကျူး သူ့အိမ်ကလူတွေကို သွားအကြောင်းကြားရင် ကောင်းမလား"

"အဲဒီအိမ်မှာ သတိုးဟေသာရှိရင်ရှိနေမှာပေါ့၊ ငါ သူတို့ နဲ့ မတွေ့ချင်ဘူး။ ငါ ဒီမှာရှိတာသိရင် ဇယားတွေက လာရှုပ် ဦးမယ်၊ ထားလိုက်တော့ သွားပြောလည်း သူက အိမ်အကူတစ် ယောက်ပဲ၊ ဘယ်သူက အရေးလုပ်ပြီး လာခေါ်မှာမို့လဲ၊ ငါ့ရှေ့ မှာ စင်ဒရဲလားလေးကို ဆူတာ ငေါက်တာမျိုး ငါ မမြင်ချင်၊ ကြားချင်ဘူး"

"သူလေးက စင်ဒရဲလားလေးလို့ ကိုကျူး တစ်ထစ်ချ ယုံကြည်လိုက်ပြီလား"

"ဟိုနေ့ညက သူ့ရဲ့သီချင်းဆိုသံကို ကြားလိုက်မိတာ ဟာ ငါ့ရဲ့ယုံကြည်ချက်ကို ပိုပြီးခိုင်မာသွားစေတာပေါ့၊ ပြီးတော့ မှဲ့နီလေး။ ဒါဟာ တိုက်ဆိုင်မှုတော့ မဟုတ်တာသေချာတယ်"



www.burmeseclassic.com

www.burmeseclassic.com



"သူ အဲဒီလိုဖြစ်တာ ငါတို့ပယောဂမကောင်းဘူး။ သူ
နှင်းဆီတွေမြင်ရင် သူ့မျက်နှာအမူအရာ ဘယ်လိုပြောင်းလဲသွား
မလဲလို့ သိချင်လို့ အကွက်ဆင်လိုက်တာ ခုတော့ သူ့ကို ဒုက္ခ
ပေးသလို ဖြစ်သွားတယ်၊ သူ နာကျင်သွားတယ်"

သူ တကယ်စိတ်မကောင်းဖြစ်မိတာပါ။

"ကိုကျူးက တမင်ရည်ရွယ်ပြီး သူ့ကို နာကျင်စေတာ
မဟုတ်တာ၊ မတော်တဆဖြစ်တာ"

"သခင်လေး လဲပြီးသွားပါပြီ"

သူတို့နှစ်ယောက် ရပ်စကားပြောနေတာ သစ်ခွပင်တွေ
နားသို့ ဦးဘမောင်ချွေးမရောက်လာပြီး သူမလေးကို အဝတ်
အစားလဲပေးပြီးကြောင်း လာပြောသဖြင့် နှစ်ယောက်စလုံး သူမ
လေးအနားကို ပြေးဝင်လာကြ၏။

သူမကတော့ မျက်ဝန်းတွေ မှိတ်ထားဆဲ။

ဦးဘမောင် ယူလာပေးသော ရေနွေးပူပူဖြင့် ဒေါက်တာ
အရင်ဆုံး ဆေးလိုက်သည်။

ဒေါက်တာက တော်တော်နက်တာပဲ။ ချုပ်မယ်ဆိုရင်
တောင် ချုပ်လို့ရတယ်။

ဒါပေမဲ့ ကိစ္စမရှိပါဘူး။ ဒယ်ဒီနိုင်ငံခြားက ပို့ထားတဲ့
ဆေးတောင့်က ကောင်းပါတယ်။ အဲဒီဆေးက ဘယ်လောက်
ကြီးကြီး ချုပ်စရာမလိုဘူး။ ဆေးကော်ထည့်လိုက်တာနဲ့ တစ်ရက်
နှစ်ရက်အတွင်း အနာက သိသိသာသာကို ကောင်းသွားတာ
မြန်မြန်သတိရပါတော့ စင်ဒရဲလားရယ်။

ပြီး



ကျူးရင့်ကိုယ်တိုင်ပင် ဒေါက်တာကို ဆေးထည့်ပေးနေမိ
သည်။ ရင်မှာ သနားစိတ်က ရင်ဘတ်နဲ့တောင် မဆံ့ချင်။
ကြောင့် ဒီလိုဖြစ်ရတာ။

"အင်း ... အား ... ကျွတ် ကျွတ်"

မျက်ခွံလေး လှုပ်လှုပ်လှုပ်လှုပ်လာပြီး နာကျင်ညည်းတွားနေသော
မလေး သတိရလာပြီး ...

"မင်း သတိရလာပြီလား"

ကိုယ့်နားစည်သံကို ပထမဆုံး တိုးဝင်လာတာက
သာကြားဝီသသောအသံတစ်ခု။ သူ ဘယ်ရောက်နေပါလိမ့်။
ဆေးခန်းလား။ ဒါမှမဟုတ် ဆေးရုံတစ်ခုခုလား။ ကိုယ့်အတွေး
မှာ ကိုယ့်စိတ်ကြိုက် အဖြေကိုရှာရင်း မျက်လုံးများ ပွင့်လာ
သည်။ ကိုယ့်ရဲ့မျက်ဝန်းအကြည့်တွေမှတစ်ဆင့် အာရုံသိတစ်ခုမှာ
ပေါ်လာတဲ့အံ့သြခြင်းတွေက သူ့ရဲ့စိတ်ကို ကစဉ့်ကလျား
စေပါတယ်။

"အို ... ဘုရားရေ ဒါဟာ မင်းသားလေးပဲ၊ ငါ့ဘေး
ထိုင်ပြီး ငါ့ကို စူးစိုက်ကြည့်နေတဲ့သူဟာ မင်းသားလေးပဲ၊
ဒို ငါ ဘယ်ကိုရောက်နေတာလဲ၊ နတ်သိကြားတွေ ဒါမှမဟုတ်
အတတ်ပညာရှင်တွေကများ မင်းသားလေးနဲ့ဆုံတွေ့အောင်
ဆင်ပေးလိုက်တာလား။ ဒါမှမဟုတ် ငါဟာ မင်းသားလေးကို
လွမ်းတဲ့စိတ်နဲ့ ဒေါက်ရာအနာတရဖြစ်ပြီး ရုတ်တရက်သေဆုံး
သွားခဲ့လို့များ ငါ့ဝိညာဉ်တွေဟာ မင်းသားလေးဆီများ ရောက်
သွားတာလား ... ဘုရား ... ဘုရား။

ပြီး

www.burmeseclassic.com

www.burmeseclassic.com



ထိတ်လန့်ကြောက်ရွံ့ခြင်းတွေနဲ့အတူ လှဲအိပ်နေရာ
ဆတ်ခနဲ ထ,ထိုင်လိုက်မိသည်။

"အရမ်းမထနဲ့လေ၊ မင်းဒဏ်ရာကို ဆေးထည့်ပြီး ...
တီးစည်းထားတယ်"

"ဒါ ... ဒါ ဘယ်နေရာလဲဟင်"

မဝံ့မရဲမေးလိုက်သည့် တိုးသဲ့သဲ့အသံလေးဟာ သူ့...
ထဲသို့ ဂီတသံစဉ်လေးတစ်ခုလို စီးဝင်သွားသည်။

"ဒါ ... ကိုယ့်အိမ်လေ"

"ရှင်"

ဟူသော အာမေဍိတ်သံတစ်ခုနှင့်အတူ အောက်ကို...
လိုက်မိတော့ ရင်တစ်ခုလုံး ပြောင်းဆန်သွားအောင် အပူလုံး...
ကြွတက်လာသည်။

"နှင်းစက် ... နှင်းစက်ရဲ့အဝတ်အစားတွေ ...
... ဘယ်လိုဖြစ်တာလဲ"

ထိတ်လန့်ရှက်ရွံ့ခြင်းတွေ ကြီးစိုးနေသော မျက်ဝန်း...
ဝိုင်းလေးကို ကရုဏာသက်စွာ ကြည့်လိုက်သည်။

"မင်းတစ်ကိုယ်လုံး ရေတွေရွှဲနေလို့ အဘမောင်ရဲ့...
ကိုခေါ်ပြီး ကိုယ့်အဝတ်အစားတစ်စုံနဲ့ လဲဝတ်ပေးထားတာ ...
စိတ်မပူပါနဲ့ ... မင်းဒဏ်ရာက နည်းနည်းတော့များတယ်၊ ...
စရာ မရှိပါဘူး"

"ကျေးဇူးတင်ပါတယ် မင်းသားလေး"

"မင်း ကိုယ့်ကိုမှတ်မိသားပဲ"





"ဒီလောက် နိုင်ငံကျော်စူပါစတားတစ်ယောက်ကို မ
မှတ်တဲ့သူ ဘယ်သူရှိနိုင်မှာလဲ"

"မင်းနဲ့သတို့းပေဟဲသာ ဘယ်လိုပတ်သက်တာလဲ"

အိမ်အကူလို့ထင်ထားတဲ့ ထင်ကြေးကြီးကို မနှစ်မြို့နိုင်
ပါ။ ဘာဖြစ်လို့လဲဆိုတော့ ကိုယ့်ချစ်ရတဲ့သူအတွက် ရင်နာလွန်း
လို့ပါ။ ဒါကြောင့် ဒီထက်သေချာတဲ့အဖြေတစ်ခု ရလိုရငြား
မေးလိုက်ခြင်းဖြစ်သည်။

"ကျွန်မ,မိထွေးရဲ့သမီးပါ"

"ဪ ... မင်းက မိထွေးနဲ့နေရတာကိုး။ မင်းအဖေက
ရော"

"ဖေဖေဆုံးသွားပါပြီ"

ဪ ... ခေတ်သစ်စင်ဒရဲလားလေးရယ် ... ကိုယ့်
ဖော်ကျူးထားတဲ့အမည်လေးဟာ မင်းဘဝနဲ့ တစ်ထပ်တည်း
ကျနေပါလား။

"ဆောရီးပဲကွာ ... ကိုယ် မသိလို့မေးမိတာပါ"

"ရပါတယ်"

"ကိုကျူး ... ထမင်းစားဖို့ အချိန်ရောက်ပါပြီ"

"အင်း ဟုတ်သားပဲ၊ ထမင်းစားဖို့တောင် မေ့နေတယ်၊
တဲ ... ဒီနေ့တော့ မင်းက ကိုယ်တို့အိမ်ရဲ့ အထူးဧည့်သည်
တော်လေးပေါ့၊ ကိုယ်တို့ ထမင်းစားကြရအောင်"

ဟင့်အင်း ... မင်းသားလေးနဲ့အတူ ထမင်းစားရ
လောက်အောင် သူမှာ အင်အားမရှိပါဘူး။ ဒဲ ... သတ္တိမရှိ



www.burmeseclassic.com

www.burmeseclassic.com



ဘူးလို့ပြောရင် ပိုမှန်မယ်ထင်တယ်။

"နှင်းစက် မစားတော့ပါဘူး အိမ်ပဲပြန်တော့မယ်"

"နာမည်က နှင်းစက်တဲ့လား"

"နှင်းစက်ဖြူဖြူပါ"

"မင်း ဒီဒဏ်ရာနဲ့ ဘယ်လိုပြန်မလဲ၊ ကိုယ့်ကားနဲ့ မင်းကို အိမ်ရှေ့ဘက်ကပတ်ပြီး ပြန်ပို့ပေးမယ်"

"အို ... ဟင့်အင်း ရတယ်"

"ကဲ ... ဒါဆိုလည်း နောက်မှဆက်ပြီးပြောကြတာပေါ့၊ လာ ... ထမင်းစားကြရအောင်"

ပြောပြောဆိုဆိုဖြင့် နှင်းစက်ကိုယ်လေးကို ဇွတ်ခနဲပွေ့ချီလိုက်သဖြင့် မျက်နှာတစ်ပြင်လုံး ရဲတက်သွားပြီး ခန္ဓာကိုယ်တစ်ခုလုံး ထူပူရှိန်းမြ၍သွားရ၏။ ရှက်လိုက်တာ။ ကိုယ့်မျက်နှာကိုယ် ဘယ်မှာဝှက်ထားရမှန်းမသိတော့ပါ။

"အို မင်းသားလေး ... ကျွန်မ တကယ်မစားချင်လို့ပါ"

ပွေ့ချီခြင်းခံထားရတဲ့ကြားထဲကပင် ထပ်ပြီး စောဒကတက်မိပြန်ပါလေတယ်။

"ကိုယ့်အိမ်ကိုရောက်တဲ့ဧည့်သည်တိုင်း ထမင်းစားပြီးမှပြန်မှ ကြိုက်တာကွ"

"ဟို ... ဒါဆိုလည်း ကျွန်မဘာသာ ဆင်းလျှောက်ပါမယ်"

"ဘာမှအားမနာနဲ့၊ စောစောကတောင် ချောင်းထဲကနေ





အိမ်ထဲအထိအောင် ပွေ့ချီခဲ့ပြီးပြီ၊ ဘာဆန်းလို့လဲ"

ထမင်းစားခန်းထဲရောက်တော့ ထိုင်ခုံပေါ်သို့ ဖြည်းဖြည်းချပေးပြီး သူကတော့ နှင်းစက်နဲ့ မျက်နှာချင်းဆိုင်ထိုင်ခုံမှာ ဝင်ထိုင်လိုက်ပြီး ကိုဇေကို လှမ်းကြည့်ကာ ...

"ကိုဇေ ... ထမင်းစားရင်းနဲ့ သီချင်းနားထောင်ချင်တယ်"

ဟု ပြောလိုက်၏။ ကိုဇေကလည်း ကျူးရင့်ရဲ့အထာကို နပ်ပြီးသား။

"အိုကေ ... ခဏစောင့် ကိုကျူး"

ဟုပြောပြီး ထမင်းစားခန်းထဲမှ ထွက်သွားသည်။ သိပ်မကြာလိုက်။

"ရော့ ... ကိုကျူး"

လှမ်းပေးလာသော MP4 ကလေးကို မင်းသားလေး လှမ်းယူလိုက်တာကို နှင်းစက်မြင်လိုက်ပြီး အနည်းငယ်စိတ်လှုပ်ရှားသွား၏။ ဒါဟာ သူမရဲ့ MP4 လေးပဲ။

"ဒါ ... ကိုယ့်ရဲ့မွေးနေ့ပွဲတုန်းက စင်ဒရဲလားလေး ကျကျန်ခဲ့တဲ့ MP4 လေးပေါ့၊ အင်း ... ဒီကိစ္စကို သိပြီးလောက်ပြီ ထင်တယ်နော်၊ အဟင်း ... သူက သီချင်းတွေ အများကြီး ခံစားတတ်ပုံမပေါ်ဘူး၊ ဘာဖြစ်လို့လဲဆိုတော့ သူ့ရဲ့ MP4 လေးထဲမှာ အမျိုးသမီးအဆိုတော် Carrie Underwood နဲ့ Beface He Chests နဲ့ အပြစ်မမြင်ဘူးဆိုတဲ့ ဝိုင်းစုခိုင်သိန်းသီချင်းလေးနှစ်ပုဒ်ကိုပဲ အပြန်ပြန်အလှန်လှန် သွင်းထားတာ အဲဒီပေါင်း



www.burmeseclassic.com

www.burmeseclassic.com



မနည်းဘူး''

''မင်းရော သီချင်းကြိုက်လား''

''အင်း ... ကြိုက်ပါတယ်''

ကိုယ့်ရှေ့ ထမင်းပန်းကန်ထဲမှ မင်းသားလေး ခပ်ထည့်ပေးထားသော ထမင်းတွေ ဟင်းတွေကို ဖွန်းခက်ရင်းဖြင့် ဟန်မပျက် စားနေရင်းမှ လက်တွေက သိသိသာသာ တုန်နေ၏။

မင်းသားလေး ဘာကြောင့် MP4 လေးကို ငါ့ရှေ့မှာ ထုတ်ပြီးကိုင်နေရတာလဲ။ ငါ့ကိုများ သူ့ရဲ့စင်ဒရဲလားလေးဆိုတာ သိနေလို့လား။ အို ... မဖြစ်နိုင်လောက်ပါဘူး။ ငါနဲ့ပတ်သက်တဲ့ သဲလွန်စက ဒီသီချင်းလေးနှစ်ပုဒ် ဖွင့်ထားတာကလွဲပြီး ဘာမှထည့်မထားဘူး။ ကိုယ်က ဓာတ်ပုံရိုက်တာတွေ ဘာတွေလည်း သိပ်ပြီး ဝါသနာမပါတော့ MP4 လေးနဲ့ ဓာတ်ပုံရိုက်တာတို့ မှတ်တမ်းတင် ဗွီဒီယိုပုံရိုက်ထားတာတို့ကို ဘာမှလုပ်မထားမိ။ ဒါကြောင့် မင်းသားလေး သူ့ဟာသူ သမားရိုးကျပြောတာပဲ ဖြစ်ချင်ဖြစ်မှာပါလေဟုပင် ဖြေသိမ့်လိုက်၏။

ထမင်းစားနေချိန်တစ်လျှောက်လုံး ကျူးရင့် သူမလေးကို အကဲခတ်ကြည့်နေ၏။ ကိုယ် အကဲခတ်နေတယ်ဆိုတာကိုတော့ သူမလေး လုံးဝရိပ်မိပုံမပေါ်ပါ။ သူမလေးပန်းကန်ထဲကို အသည်းဖတ်လေးခင်ပြီး လှမ်းထည့်ပေး၏။

''စားနော် နှင်းစက်ဖြူဖြူ .. ဒီအိမ်က မင်းနဲ့သိပ်မစိမ်းတဲ့အိမ်လို့ သဘောထားပြီး အားရပါးရစားပါ''

''နှင်းစက် စားပါတယ် မင်းသားလေး''





''ကိုယ့်ကို မင်းသားလေးလို့ မခေါ်ရင် ဘယ်လိုကျေးဇူးသပ်ရမလဲ''

အံ့ဩဖို့ကောင်းလိုက်တာ ဒီက သူ့ကို အများခေါ်သလို မင်းသားလေးလို့ မခေါ်လို့ ဘယ်လိုခေါ်ရမလဲ။

ကိုယ့်စိတ်ထဲက အမေးစကားကို သိသွားသည့်အလား တောက်ကာင်ကာ ဖြေလိုက်သော မင်းသားလေးရဲ့စကားမှာ

''ဘယ်လိုခေါ်ရမလဲဆိုတော့ ကိုယ့်ကို ကျူးလို့ ခေါ်ပေါ့၊ ဒီနေ့ကစပြီး 'မင်းနဲ့ကိုယ်နဲ့ သူငယ်ချင်းတွေဖြစ်သွားပြီ၊ ဒါကို မင်းလက်ခံလား''

နှင်းစက် မရဲတရဲလေး ခေါင်းညိတ်လိုက်၏။

ထမင်းစားပြီးတော့ ကိုဇော ဧည့်ခန်းထဲတွင် အသီးအနှံမျိုးစုံကို အဆင်သင့်ပြင်ထားပေးသေး၏။ ဒီတစ်ခါ ထမင်းစားခန်းထဲကနေ ဧည့်ခန်းထဲကိုအထွက်မှာတော့ သူ ကိုယ့်ကို ဦးမချီခင် ကိုယ်ကဦးအောင် ပြင်လိုက်ပါတယ်။ အဲဒီခံစားမှုမျိုးကို နောက်တစ်ကြိမ် ထပ်ပြီး မခံစားရဲလို့ပါ။

''ကျူး... ကျွန်မဘာသာပဲ ဧည့်ခန်းထဲကို လျှောက်ပါ့မယ်နော်၊ ကျွန်မ လျှောက်နိုင်ပါတယ်''

ကိုဇော နှင်းစက်ဘက်မှဝင်၍ ပြောပေးရှာ၏။

''ကိုကျူးရယ် သူ့ကိုပေးလျှောက်လိုက်ပါ၊ ကိုကျူးက သူ့လေးတင် ထမင်းစားပြီးတာဆိုတော့ နှင်းစက်ဖြူဖြူကို ပွေ့ချီလို့ မဖြစ်နိုင်ပါဘူး''

''အင်းလေ ... ဒါဆိုလည်း ပြီးရော ကိုယ့်ကိုတွဲ



www.burmeseclassic.com

www.burmeseclassic.com



လား''

''ရပါတယ် ကျူးရယ်''

ရပါတယ်သာဆိုနေတာ လူက ခြေတစ်ဖက်ထော့နင်း ထော့နင်းနဲ့ သရုပ်ပျက်လွန်းနေ၏။ မတတ်နိုင်ပါ။ နာကျင်မှုဝေ ကို ကြိတ်မှိတ်မျိုသိပ်ပြီး လျှောက်ရမှာပဲ။

သူက ဘေးနားကနေ ပခုံးသားလေးကို ခပ်ဖွဖွလေး ကိုင်ပြီး ထိန်းမတ်ပေးနေ၏။

''ကိုယ် တစ်ခါတလေ အဲဒီချောင်းစပ်နားမှ ဂစ်တာထိုင် ပြီး တီးတတ်တယ်၊ များသောအားဖြင့် ညဘက်တွေမှာ အထီး များတာပါ၊ ချောင်းရေစီးသံလေးတွေက ကိုယ့်အတွက် သံစုံ တစ်ပုဒ်လိုပဲ အရမ်းကို နားထောင်လို့ကောင်းတယ်၊ မင်းသာ ထောက်က ဒဏ်ရာသက်သာခဲ့ရင် ကိုယ့်ရဲ့တစ်ကိုယ်တော် ဂီတ ပွဲလေးကိုလာဖို့ ဖိတ်တယ်နော်''

''ရှင်''

''ဘာဖြစ်လို့လဲ''

ကိုယ့်ရဲ့အံ့ဩမှုကို သူက မေးခွန်းပြန်ထုတ်သေး၏

''တစ်ခါတလေ ကျွန်မလည်း ဂစ်တာတီးပြီး သီချင်း ညည်းဖြစ်ပါတယ်၊ လသာတဲ့ညမျိုးတွေမှာဆိုရင်ပေါ့''

''ဒါဆို Ok တာပေါ့၊ ကိုယ့်အတွက် သီချင်းညည်းဖော် ရသွားတာပေါ့''

''ကျူးကို အမြဲတမ်း အဖော်လုပ်နိုင်မယ်မထင်ဘူး''

''သူမမျက်နှာလေး ညှိုးနွမ်းသွားရင်း ...





''ညဆို မာမီထူးကို နှိပ်ပေးရတယ်''

''မာမီထူးဆိုတာ မင်းရဲ့မိထွေးကို ပြောတာလား''

''အင်း ... ဟုတ်တယ်''

''ဪ ... မင်းရဲ့ဘဝက စင်ဒရဲလားပုံပြင်ထဲကလိုပဲ မိထွေးနဲ့သမီးနှစ်ယောက်ရဲ့အနိုင်ယူဗိုလ်ကျတာ ခံနေရတယ်ပေါ့''

နှင်းစက် ဘာမှပြန်မပြောဘဲ ခပ်မဆိတ်နေလိုက်၏။ ကိုယ့်အိမ်တွင်းရေးအကြောင်းကို ခုမှ သူငယ်ချင်းဖြစ်တဲ့ကျူးကို မပြောပြချင်ပါဘူး။ ဒါဟာ နှင်းစက်ရဲ့ကံတရားပဲ။

ကိုယ့်ရဲ့ဆိုးဝါးလွန်းတဲ့ကံကြမ္မာကို ဘယ်သူ့ကြောင့်ဆို ပြီး အပြစ်မတင်ချင်တော့ပါဘူး။

ကျူးနဲ့ တအောင့်ထိုင်ပြီး စကားပြောအပြီးမှာ နှင်းစက် အိမ်ပြန်ရန် ပြင်လိုက်၏။

''နှင်းစက်ပြန်တော့မယ် ကျူး''

''ကိုယ် ချောင်းတစ်ဖက်ကမ်းကို လိုက်ကူးပေးမယ်''

''ခေးထည့်ပြီး ပတ်တီးစည်းထားတာဆိုတော့ ရေထိဖို့ မလွယ်ဘူး''

ချောင်းစပ်နားသို့ ခပ်ဖြည်းဖြည်းလေး လျှောက်လာလိုက် ရင်း ချောင်းစပ်ရောက်တော့ သူ့ရဲ့ဘောင်းဘီအနားတွေကို ဒူး ခေါင်းအထိ ခေါက်တင်လိုက်ပြီး ...

''ဟိုဘက်ကိုရောက်အောင် မင်းကို ကိုယ် ကုန်းပိုးမှဖြစ် မယ်''

''အို ... မဟုတ်တာ''



www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com



ကိုင်လိုက်ပြီး သူမရဲ့လက်ချောင်းသွယ်သွယ်လေးထဲကို ထိုပတ်မ်း ဆက်လေးအား ထည့်ပေးလိုက်သည်။

"ရော့ ... ဒါကိုယူထားလိုက်၊ ညဘက် မင်းထွ[က်] မလာရင် ဖုန်းဆက်မယ်၊ မလာမချင်းကို ဆက်နေမှာနော်"

"ဟင့်အင်း ... အိမ်က မိထွေးသိရင် အဆူခံရလိ[မ့်] မယ်"

"သူ့မသိအောင် ဆက်မှာပေါ့ ... ကဲ သွားပြီ"

အနားမှထွက်သွားပြီး ချောင်းထဲကို ပြန်ဆင်းလျှော[က်] နေတဲ့အချိန်အထိ ရင်ခုန်လှိုက်မောစွာရပ်ကြည့်နေဆဲ။ ပြီး[…] တစ်စုံတစ်ခုကို သတိရသွားသဖြင့် နှင်းစက် လှမ်းခေါ်လိုက်[…]

"ကျူး"

သူ လှည့်ကြည့်သည်။

"အကျီတွေ, ဘောင်းဘီတွေကို လျှော်ပြီးမှပဲ ပြန်ပေ[း] တော့မယ်နော်"

"အမှတ်တရသိမ်းထားလိုက်တော့၊ မင်းအဝတ်အစား တွေကို ဦးဘအောင်ချွေးမကို လျှော်ခိုင်းထားတယ်၊ ပြီးမှပဲ ပြ[န်] ယူတော့နော်"

ဟိုဘက်ကမ်းပေါ်ရောက်တော့မှ လက်ပြပြီး ...

"နောက်ဆို ဒီချောင်းလေးကိုကူးလို့ရအောင် တံတား အရှင်လေးတစ်ခု လုပ်ခိုင်းလိုက်မယ် ... သိလား ... OK"

ဆိုပြီး၊ လက်မလေးထောင်ပြကာဖြင့် သူ့အိမ်ဘက်ကို ပြေးထွက်သွားလေ၏။





ထိုမြင်ကွင်းလေးကို မျက်စိတစ်စုံ ငေးကြည့်မိရင်း ဒါ ဟာ အိပ်မက်များလားဟုပင် ကိုယ့်ရဲ့ပစ္စုပ္ပန်ကို သံသယဝင်မိ သေး၏။ တကယ်တော့ ဒါတွေဟာ အိပ်မက်မှမဟုတ်တာပဲကွယ်။ ချစ်သူဟာ ကျွန်မနဲ့လက်တစ်ကမ်းအရပ်မှာ ရောက်နှင့်နေပါပြီ။ ကျွန်မကသာ သူ့ကို ကမ်းလင့်ကြိုဆိုဖို့ အင်အားမရှိသေးတာပါ။



www.burmeseclassic.com

www.burmeseclassic.com



အခန်း ( ၂၁ )

"ဘာရယ်... နင်တို့ အနောက်ဘက်က ချောင်းစပ်မှာ နေတိုင်း တွေ့ဖြစ်တယ် ဟုတ်လား"

အံ့သြမှုတွေကြောင့် မျက်ကလူးဆန်ပျာလေးဖြစ်နေရှာသော ရွှေကျေးပါ။

"မင်းသားလေးက ဒီကို ဘယ်လိုရောက်နေတာလဲ"

"အဲဒီအိမ်ကြီးက သူငယ်ငယ်က နေခဲ့တဲ့အိမ်တဲ့၊ ခု ဒီအိမ်မှာလာပြီး အနားယူတာလို့တော့ ပြောတာပဲ၊ ငါလည်း ဒီအိမ်ကြီးက သူတို့အိမ်မှန်း ခုမှသိတာ၊ သိခါစက ငါ့မှာ အံ့သြ လိုက်တာ မပြောပါနဲ့တော့"

"အဟင်း... ခုချိန်ထိတော့ သူက ငါ့ကို သူရှာနေတဲ့ စင်ဒရဲလားလေးမှန်း မသိသေးဘူးဟ"

"ငါ့ကို မေးသေးတယ်သိလား၊ သူရဲ့မွေးနေ့ပွဲကို လာ သေးလားတဲ့၊ ဘာဖြစ်လို့လဲဆိုတော့ သူ့စင်ဒရဲလားလေးရဲ့မျက်





ုံးလေးတွေနဲ့ ငါ့ရဲ့မျက်လုံးအကြည့်လေးတွေက အရမ်းတူလို့တဲ့"

"ဟယ်... တကယ်၊ သူ့ရဲ့ခံစားချက်တွေနဲ့ သူ့နှလုံး ားက အလိုလိုသိနေတာပဲ၊ ငါ အံ့သြလိုက်တာဟယ်"

"နင် ငါ့ကို ပုံပြင်တွေ ပြောနေတာတော့ မဟုတ်ပါဘူး နော်"

ရင်ဘတ်ကလေးကို လက်နှင့်ဖိပြီး မယုံ့ရဲ ယုံရဲဟန်လေး ှင့် မျက်လုံးလေးပင့်ပြီး ပြောနေသော ရွှေကျေးကိုကြည့်ပြီး ပြင်ကတ်စွာဖြင့်...

"ငါက နင့်ကို ဘယ်တုန်းက ညာဖူးလို့လဲ၊ မယုံရင် ည်း ပုံပြင်လို့သာမှတ်လိုက်ပေါ့"

'တီ.. တီ.. တီ'

ခေါင်းအုံးလေးနားတွင်ရှိနေသော ဖုန်းလေက မြည်လာ ၏ နှင်းစက်မျက်နှာလေး ပို၍လန်းသွား၏။ မယုံ့တဲ့ရွှေကျေး ာ့တော့ နင် ယုံကိုယုံရမယ်မှတ်။ ဖုန်းရှိရာသို့ ကမန်းကတန်း သွားလိုက်ပြီး ဖုန်းခလုတ်ကလေးကို နှိပ်လိုက်ပြီး...

"ဟဲလို"

ဟု ပြန်ထူးလိုက်၏။

"ခု ဘာလုပ်နေလဲ"

နှင်းစက်က ချက်ချင်းမဖြေသေးဘဲ အံ့သြမှင်တက်နေ သာ ရွှေကျေးအား ကဲ... ယုံပြီမဟုတ်လားဆိုသော မျက်နှာ လေးဖြင့် လက်မလေးထောင်ပြ၏။

"သူငယ်ချင်းရောက်နေလို့ စကားပြောနေတာ"



www.burmeseclassic.com

www.burmeseclassic.com



"သူငယ်ချင်း ဟုတ်လား"

"အင်း"

"ယောကျ်ားလေးသူငယ်ချင်းလား၊ မိန်းကလေးသူငယ်ချင်းလား"

ရွှေကျေးက နှင်းစက်နားကပ်၍ ဖုန်းရဲ့စပီကာခလုတ်ကလေးကို နှိပ်လိုက်ဟု ခပ်တိုးတိုးပြောသဖြင့် နှင်းစက်စပီကာခလုတ်ကလေးကို နှိပ်လိုက်၏။ ဒါမှ မင်းသားလေး ပြောတာကို ရွှေကျေးလည်း အတိုင်းသား ကြားရမှာလေ။

"မိန်းကလေးသူငယ်ချင်းပါ ကျူးရဲ့"

"သူငယ်ချင်းနာမည် ဘယ်လိုခေါ်လဲ၊ ကိုယ့်ကိုလည်း မိတ်ဆက်ပေးလေ၊ မင်းသူငယ်ချင်းက ကိုယ့်သူငယ်ချင်းပေါ့"

အမယ်လေး... ရွှေကျေးတို့တော့ ဒီတစ်သက်သေမယ်ဆိုရင်တောင် သေပျော်ပါပြီ။ မင်းသားလေးကို ကိုယ်ကစပြီး မိတ်မဆက်ရဘဲ မင်းသားလေးက ကိုယ့်ကိုစပြီးမိတ်ဆက်ပေးခိုင်းနေပါလား။ ရွှေကျေးရဲ့ခံစားမှုအရှိန်က မြင့်သထက်မြင့်လာပြီး အမယ်လေး တန်ဖိုးကြီးလိုက်တဲ့ သူငယ်ချင်းလေးရယ်။ ရွှေကျေးမှာ နှင်းစက်ကို ကျေးဇူးတွေတင်လွန်းလို့ ဖုန်းပြောနေသော နှင်းစက်ရဲ့ပါးတစ်ဖက်ကို တရှုတ်ရှုတ်ဖြင့် နမ်းနေလေတော့၏။

"ကျေးဇူး ... သူငယ်ချင်း ကျေးဇူး"

နှင်းစက်မှာ ဖုန်းပြောရင်းနဲ့ ရွှေကျေးကို ဘယ်လိုဖြစ်နေတာလဲဟု စိတ်ပျက်စွာဖြင့် မေးငေါ့ပြီး တွန်းလွှတ်နေရ၏။

"ခုအိမ်မှာ ဘယ်သူရှိလဲ"





"ဘာလုပ်မလို့လဲ"

"ဘယ်သူမှမရှိရင် လာလည်မလို့ပေါ့"

"အို ... လာလည်လို့ မရဘူး"

"ဘာလဲ ... သတိုးဟောသာထိုးသားအမိတွေ ရှိနေလို့လား"

"ဟင့်အင်း မရှိပါဘူး"

"ကိုယ့်ကို မလာစေချင်ရင် မင်းတို့ချောင်းစပ်နားက ငှက်လှောင်အိမ်လေးတွေဆီကိုလာခဲ့လေ"

"မအားဘူး"

ရွှေကျေးက နှင်းစက်ကို အားမလိုအားမရဖြစ်မိကာ ဖုန်းနားကိုကပ်ပြီး ...

"အားတယ် အားတယ်... သူမလာချင်လို့ အဲဒီကလိလုပ်နေတာ"

"တွေ့လား နှင်းစက်ဖြူဖြူ မင်း ကိုယ့်ကို လိမ်လို့ရမယ်ထင်နေလား"

"ကိုယ် ငါးမိနစ်စောင့်မယ်၊ ငါးမိနစ်အတွင်း ဆင်းမလာရင် မင်းအိမ်ပေါ်ကို ကိုယ်တက်ခဲ့မယ် ဒါပဲ"

ဟုဆိုပြီး ဖုန်းချသွား၏။ နှင်းစက်ခမျာ ဖုန်းကလေးကို ကိုင်ပြီး ...

"ဟယ်တော် ... ဖုန်းချသွားပြီ"

ရွှေကျေးက မျက်စောင်းထိုးပြီး ...

"ကောင်းတယ်... နင်က ပဲများနေတာကိုး၊ ငါးမိနစ်ပဲ



www.burmeseclassic.com

www.burmeseclassic.com



အချိန်ပေးထားတယ်နော် ... မှုမနေနဲ့မိန်းမ''

နှင်းစက် ဆက်ပြီး မှု၍မရတော့ ရွှေကျေးလက်ကိုဆွဲပြီး

''ကဲ... လာ လာ အကဲမ... နင်ကိုက ရှုစိတက်နေ ထာ''

ဟုပြောရင်း ခြံထဲဆင်းလာလိုက်၏။ ခြံထဲရောက်တော့ ကျူးရင့်က MP4 လေးဖြင့် နားနေဆောင်လေးအတွင်းရှိ ကျောက်ခုံတန်းရှည်ပေါ်တွင် ပက်လက်ကလေးလှန်၍ ဒူးချိတ်ပြီး သီချင်းသံ နားထောင်နေ၏။ နှင်းစက်နှင့်ရွှေကျေးတွဲလျှောက်လာတာမြင်တော့ အိပ်နေရာမှ ထထိုင်လိုက်၏။

''ကျူး ... ဘာဖြစ်လို့ ဒီဘက်ကမ်းကို ကူးလာတာ လဲ''

''ကိုယ် ဒီဘက်ခြံကို ကူးမလာရင် တံတားထိုးထားတာ အလကား ဖြစ်သွားမှာပေါ့''

ဟုဆိုပြီး ရွှေကျေးကိုလှမ်းကြည့်ပြီး ...

''သူက မင်းရဲ့သူငယ်ချင်းလား''

''အင်း ... ဟုတ်တယ်၊ ရွှေကျေးတဲ့''

ရွှေကျေးဆိုတဲ့ နာမည်လေးကို ကြားလိုက်တော့ ကျူးရင့်မျက်နှာသည် လိုချင်သောအရာတစ်ခုကို ရလိုက်သောကလေးတစ်ယောက်လို အပြစ်ကင်းစွာ ရယ်လိုက်ပြီး ...

''အင်း ... ဒီနာမည်ကို ကြားဖူးတယ်''

မင်းသားလေးစကားကြောင့် ရွှေကျေး အမိပွာယ်ကောက် လွဲစွာဖြင့် ...





''မင်းသားလေး ရွှေကျေးနာမည်ကြားဖူးတယ် ဟုတ်ား ဖြစ်နိုင်ပါ့မလား၊ မင်းသားလေးရဲ့အကသင်တန်းမှာ ရွှေ ည့်ကျေးဆိုတဲ့ နာမည်နဲ့တက်တာပါ''

သူမလေးရဲ့အမိပ္ပာယ်ကောက်လွဲမှားမှုဟာ သူ့အတွက် တော့ နောက်ထပ်ခိုင်လုံသော သက်သေတစ်ခုရရှိလိုက်သလို ဲ၏။

''ဟင် ... ဒါဆို နှင်းစက်နဲ့ရွှေကျေးက ကိုယ့်ရဲ့မင်း ားလေး Dancer Club သင်တန်းသူတွေပေါ့''

''အင်းလေ''

ကိုယ့်နဖူးပြင်ကိုကိုယ် လက်နှင့်ရိုက်ရင်း ...

''ဟာကွာ ... နီးလျက်နဲ့ ဝေးနေရတယ်လို့ကွာ၊ ကဲပါ ဒါတွေထားလိုက်ပါတော့၊ ကိုယ့်ကို နှင်းစက်ခင်သလို ခင်လို့ တယ်၊ ကိုယ့်အတွက်တော့ သူငယ်ချင်းလေးတစ်ယောက် ထပ် ိုးတာပေါ့''

''ရွှေကျေးကလည်း မင်းသားလေးကို ခင်ပါတယ်၊ ယ်ပြီး ... ပြီးတော့ မင်းသားလေးရဲ့ပထမတန်းစား ပရိသတ် ်ဦးပေါ့''

ရွှေကျေးရဲ့စကားကြောင့် ကျူးရင့် ပြုံးလိုက်၏။ ပရိ သတ်တောင် ပထမတန်းစား၊ ဒုတိယတန်းစား ခွဲနေရတယ်လို့ ယ်လိုကောင်မလေးလဲမသိဘူးဟု တွေးရင်း ...

''ကျွန်တော့်မွေးနေ့ပွဲတုန်းက လာသေးလား''

ကျူးရင့်တို့ကတော့ စစ်ဆေးရေး စတင်ပြီ။ ဒါကို ရွှေ



www.burmeseclassic.com

www.burmeseclassic.com



ရွှေကျေးတို့က နည်းနည်းမှမရိပ်မိ။ တကယ့်အရိုးခံပါပဲ။

"ဟာ... လာတာပေါ့၊ နှင်းစက်နဲ့နှစ်ယောက်လာတာလေ၊ ဒါပေမဲ့... မင်းသားလေးရဲ့ပန်းကြံပွဲအစီအစဉ်မစခင်မှာ မေမေ မူးလဲလို့ ဖုန်းဆက်ခေါ်တာနဲ့ ရွှေကျေး ပြန်သွားရတာ"

ရွှေကျေးတို့ကတော့ ဖော်ကောင်ဘည္တွန့်လုပ်ပြီ။ သူလုပ်တာနဲ့ နှင်းစက်ရဲ့အလိမ်တွေပေါ်ပြီ။

"အင်း... ကျွန်တော့်ကို စင်ဒရဲလားလေးက ပြောတော့ ပြောသား။ ရွှေကျေးဆိုတဲ့သူငယ်ချင်းပါတယ်တဲ့၊ ဒီရောက်မှ သူ့အမေ မူးလဲလို့ ပြန်သွားရတာတဲ့၊ အဲဒီလိုတော့ ပြောတယ် ဒါကြောင့်လည်း ရွှေကျေးဆိုတဲ့နာမည်ကို ကြားဖူးတာပေါ့"

ကိုယ့်ကိုပေါ်တင်ကြီး မပြောပေမယ့် ကိုယ်လိမ်ထားတာတွေကို ကျူးရင့်သိတယ်ဆိုတဲ့ပုံစံမျိုးနဲ့ တစ်စချင်းဆွဲထုတ်နေလေပြီ။ ကိုယ့်မှာ ပြေးပေါက်မိနေတဲ့ယုန်သူငယ်တစ်ကောင်လို ထွက်ပေါက်မရှိစွာနဲ့ ငြိမ်ကုပ်နေရ၏။ ဒီပုံအတိုင်းဆို ကျူးက သူ့ကို စင်ဒရဲလားလေးဆိုတာ ရိပ်မိနေတဲ့ပုံပေါ့။ အို... ရင်တွေခုန်လိုက်တာ ပြောမပြတတ်အောင်ပါပဲ။

"ရွှေကျေး... ဒီ MP4 လေးကို မြင်ဖူးလား"

ကျူးရင့် အငိုက်ဖမ်းပြီး မေးလိုက်ခြင်းဖြစ်သည်။ ရွှေကျေးလည်း အရိုးစင်းဆုံးပင် ဖြေလိုက်ပါသည်။

"ဟယ်... ဒါ နှင်းစက် MP4 လေးပဲ"

နှင်းစက်က ဒါတောင်ဝင်ပြီး ငြင်းသေး၏။

"အို မဟုတ်ပါဘူး"





"ဟာ... နင်ကလည်း ဘာလို့မဟုတ်ရမှာလဲ၊ နင်နဲ့ငါ Capital Hyper Mark သွားတုန်းက အတူတူဝယ်ခဲ့တာလေ"

နှင်းစက်က ရွှေကျေးရဲ့ပေါင်ကို ကျူးရင့်မမြင်အောင် ဆွဲဆိတ်လိုက်၏။

"အား... အမလေး... နာတယ်ဟဲ့၊ ငါ့ကို ဘာလို့ဆွဲဆိတ်တာလဲ"

ကဲ... ကြည့် ရွှေကျေးတို့ကတော့ တကယ့်ကို လွန်နေပြီ။ ဒီလောက်မျက်နှာရိပ်မျက်နှာကဲလှမ်းပြနေတာတောင် အထူးအပါး နားမလည်။ ကျူးရင့်သည် အမှန်တရားတစ်ခုအတွက် နိုင်လုံတဲ့ အဖြေရသွားသဖြင့် နှင်းစက်ကိုကြည့်ပြီး ပြုံးလိုက်၏။ ရှာလိုက်ရတာ အချစ်ရယ်။ ခုတော့ မင်းအနားကို ကိုယ် အရောက်လာနိုင်ခဲ့ပြီပေါ့။

"အမှန်တရားကို ဘာလို့ဖုံးကွယ်ထားနေရတာလဲ၊ စိတ်ဝင်ပန်းလာတယ် စင်ဒရဲလားရယ်၊ မင်းက ကိုယ်ရှာနေတဲ့ စင်ဒရဲလားလေးဆိုတာ ကိုယ်အစောကြီးကတည်းက သိနေပြီးသားပဲ၊ အဲဒီလိုသိအောင် မင်းရဲ့ညှို့မျက်ဝန်းပေါ်က မှဲ့နီလေးက သက်သေအဖြစ် တစ်တပ်တစ်အား ပါဝင်ကူညီပေးခဲ့တာပေါ့"

"ရှင်"

နှင်းစက် အံ့သြသွားရ၏။ ရွှေကျေးလည်း ခုမှပင် သူ့ကြောင့်ပင် အလိမ်တွေပေါ်ကုန်ပြီဆိုတာ စဉ်းစားမိပြီး အပြစ်ရှိသူတစ်ယောက်လို မျက်လုံးလေး ကလယ်ကလယ်နဲ့ တကယ့်ကြောင်သေပါးရိုက်ရုပ်ကလေးပေါက်သွား၏။



www.burmeseclassic.com

www.burmeseclassic.com



ဇာတ်လမ်းသဘောအရ မင်းသားနဲ့မင်းသမီးဇာတ်ပေါင်းခန်းရောက်တော့မယ်။ ဒီအခန်းမှာ lead actor တွေပဲ လိုတော့တာ။ သူတို့လို supporting တွေ မလိုအပ်တော့။ ဒါကိုတော့ ရွှေကျေး နားလည်ပါ၏။

သူသိပ်ချစ်တဲ့သူငယ်ချင်းနဲ့ သိပ်လေးစားရတဲ့ မင်းသားလေးအတွက် သူတတ်နိုင်တာ ကူညီဖို့အတွက် ဒီနားကနေ ရှောင်ပေးရမှာပေါ့။

"အတင်း မင်းသားလေး... ရွှေကျေးတို့ နောက်မှတွေ့ကြတာပေါ့။ ဓာတ်ရှိန်က မြင့်နေပြီဆိုတော့ ရွှေကျေး သွားမှဖြစ်မယ်"

"ဟယ်... မပြန်ပါနဲ့ဦး ရွှေကျေးရယ်၊ ငါပြန်လိုက်ပို့ပေးမှာပေါ့"

အလိုက်သိလွန်းသော သူငယ်ချင်းလေးကို ရှက်အမ်းအမ်းမျက်နှာဖြင့် လှမ်းတားလိုက်၏။ မရပါ။ ဟိုတစ်ယောက်ကဖြင့် မြန်လိုက်တာ အနားကနေ လှစ်ခနဲပဲ။ ရွှေကျေး ထွက်သွားရာဘက်ကို လှမ်းကြည့်နေသော နှင်းစက်ကို ကျူးရင့်က ဖုံလေးနှစ်ဖက်ကနေ ဆုပ်ကိုင်ပြီး သူ့ဘက် ဆွဲလှည့်လိုက်၏။

ပြီးတော့ ချစ်သူစင်ဒရဲလားလေးကို သူ့ရဲ့ရင်ငွေ့လေးပေးလိုက်ပါသည်။ ချစ်သူရဲ့ဘဝလေး လုံခြုံနွေးထွေးလိုတဲ့ဆန္ဒအမှန်ပါ။ နှင်းစက်ကလည်း ချစ်သူရင်ခွင်ထဲက ရုန်းထွက်ဖို့ မကြိုးစားချင်တော့ပါဘူး။

အဲဒီအချိန်ကာလလေးကစလို့ ကျူးနှင့်ကျွန်မဟာ တရား





ဝင်ချစ်သူတွေ ဖြစ်သွားကြပါတယ်။

ကျွန်မတို့နှစ်ယောက်ရဲ့အနာဂတ်ကို ချစ်ခြင်းရနံ့တွေနဲ့ ကြိုင်လှိုင်မွှေးပျံ့စေခဲ့ပါတယ်။ ညကောင်းကင်မှာ ကြယ်တွေ တဖျပ်ဖျပ်ဝေနေခဲ့သော အချိန်ကာလလေးတွေမှာ ပါးလှပ်နွဲ့ပျောင်းသော ညည့်လေက ချစ်သူနှစ်ဦးရဲ့ပွေးကပ်ထိတွေ့နေသော ရင်ခွင်နှစ်ခုကြားသို့ အတင်းတိုး ဝင်ဆဲပါပဲ။

လသာတဲ့ညမျိုးမှာဆို နှစ်ယောက်သားချောင်းစပ်နားကနားနေဆောင်ကလေးမှာ တစ်ယောက်ရင်ငွေ့ တစ်ယောက်ခိုလှုံချင်း အပြန်အလှန်ပေးကြရင်း သူ့ရင်ထဲက ကျွန်မကို ဘယ်လောက်ချစ်ကြောင်း ကျွန်မ လိုက်မမီလောက်သောစကားလုံးလှလှတွေနဲ့ သီကုံးဖွဲ့နွဲ့ပြတဲ့အခါဆိုရင် သူ့မျက်လုံးတွေက အရောင်တလက်လက်နဲ့ ရွှန်းမြနေတော့တာပါပဲ။

"သိပ်ချစ်ဖို့ကောင်းတာပဲကွာ၊ ကိုယ့်ဘဝမှာ အချစ်ဟာ အဲဒီလောက်ခံစားမှု ပြင်းထန်လိမ့်မယ်လို့ ဘယ်တုန်းကမှ တွေးထားမိဘူး။ မင်းလေးကို ချစ်ရလွန်းလို့ တစ်ခါတလေ ကိုယ့်ကိုယ်ကိုယ် ဆိုက်ကိုဝင်နေပြီလားလို့တောင် သံသယဝင်မိတယ်၊ အတယ်ပြောတာချစ်ရဲ့"

ကျူးက ရှုးရှူးသွပ်သွပ်ဆာလောင်ပြင်းပြသံဖြင့် ရှိက်မက်စွာ ပြောလေသည်။ အဲဒီလိုအခါမျိုးတိုင်း ရင်ထဲမှာ တသိမ့်သိမ့်လှိုက်ဖိုလာသူက သူမ,ရယ်ပါ။

"မင်းရဲ့နှုတ်ခမ်းလေးကို ကိုယ်နမ်းရမလားဟင်... ချစ်"



www.burmeseclassic.com

www.burmeseclassic.com



"ထင်အင်း ... အညာမလွယ်ရဘူးတဲ့"

ဒီတော့ သူ့ရဲ့သိမ်မွေ့သေသပ်သော အပြစ်စကားကြာ[illegible] ဖြစ်ပါသည်။

"ဟင် ... ကပ်စေးနဲလိုက်တာကွာ၊ ဘယ်သူက သ[illegible] ပေးထားလဲ အညာမလွယ်ရဘူးလို့"

"အဟင်း ... ကျွန်မရဲ့စိတ်ဝိညာဉ်တွေကပေါ့"

ဟု ပြောသောအခါ သူဟာ မချိမဆံ့သော သက်ပြ[illegible] ရှည်ကြီး လေးတွဲ့စွာချရင်း သီချင်းကို အသံကျယ်အောင် ဆို[illegible] တော့လေသည်။

♫ အချစ်ရယ် × × × ဘာကိုတွေဝေနေတာလဲ × × အရာရာဟာ မင်းရဲ့လက်တစ်ကမ်းမှာ × × × ရှိနှင့်နေပြီပဲကွ[illegible] × × × အသာအယာသာ လှမ်းယူဆုပ်ကိုင်လိုက်ပါတော့ × × × ♫

"အို ... ကျူးရယ် ဖြည်းဖြည်းအော်ပါ၊ တော်[illegible] အိမ်ကြီးပေါ်က မာမီထူးတို့ နိုးသွားမှဖြင့်"

ကျူးက သီချင်းအော်ဆိုနေရင်းမှ ရပ်လိုက်ပြီး ...

"ဘာကိုစိုးရိမ်နေတာလဲ၊ သိသွားတော့ရော ဘာဖြစ်[illegible] မှာလဲ၊ ကိုယ့်အတွက်တော့ ပိုတောင်ကောင်းသေးတယ်"

"ချစ် ... ကိုယ်တို့ မြို့ထဲကို ကားလျှောက်မောင်[illegible] အောင်၊ ချစ်နဲ့ကိုယ်နဲ့ တွဲကနေတဲ့ Bill Board ကြီးတွေ[illegible] သွားကြည့်ကြရအောင်"

"ဟင် ... ကျူးကလည်း ခုပဲ ၁၁ နာရီထိုးနေပြီ"





"ထိုးတော့ ဘာဖြစ်လဲ၊ ပိုပြီးတော့ကောင်းသေးတယ်၊ အဲဒါမှ ကိုယ်နဲ့ချစ်ကို ဘယ်သူမှ မမြင်တော့မှာပေါ့"

ကျူးဟာ တစ်ခါတစ်ရံ စိတ်ကူးပေါက်လာတဲ့အတွေး တွေကို ချက်ချင်းအကောင်အထည်ဖော်ရမှ ကျေနပ်တဲ့သူဖြစ် သည်။ အမြဲတမ်းလည်း သူ့ဆန္ဒတွေကို နှင်းစက်ကသာ လိုက် လျောပေးရစမြဲ။ ခုလည်း ကိုယ့်အိမ်ကလူတွေရော သူ့အိမ်က ကိုဖေတို့ ၊ အဘမောင်တို့ပါမသိအောင် ကားကို မောင်းထွက်လာ ကြ၏။ မြို့ထဲမှာ လူတွေက ရှင်းနေပြီး ဆိုင်တွေ အကုန်လုံးက လည်း ပိတ်ကုန်ကြပြီ။

ဘဝမှာ ဒီလိုညချမ်းမျိုး၊ ဒီလိုရှင်းသန့်လင်းထိန်နေသော မြို့လယ်ကောင်ရဲ့မြင်ကွင်းမျိုး၊ ချစ်သူရဲ့ယုယကြင်နာတဲ့နွေးထွေး တဲ့အနမ်းတွေ။ ကဲ ... ပြန်တွေးကြည့်ရင်တောင် ကိုယ့်ကိုယ် ကိုယ် အိပ်မက်များလားဟု သံသယဝင်မိတာ ကျွန်မ မမှားပါ ဘူးနော်။

"ချစ် ... ဟိုမှာတွေ့လား ချစ်နဲ့ကိုယ်နဲ့ပုံ"

"အို ... လှလိုက်တာနော်"

"ကျွန်မက ဒီပုံကို အဲဒီလောက်ကြီးကျယ်ခမ်းနားလိမ့် မယ်လို့ ထင်မထားဘူး"

"ခုမြင်တော့ ဘယ်လိုခံစားရလဲဟင်"

"ကျူးကို အရင်ကထက် အဆပေါင်းများစွာ ပိုပြီးချစ် လာတယ်၊ ပြီးတော့ ကိုယ့်ကိုယ်ကိုယ် ကမ္ဘာပေါ်မှာ ကံအ ကောင်းဆုံး မိန်းမတစ်ယောက်လို့ ဂုဏ်ယူမိတယ်"



www.burmeseclassic.com

www.burmeseclassic.com



အဲဒီလိုပြောတော့ သူဟာ စိတ်တွေကို ချိုမြိန်စွာ သုံးရင်း ကျွန်မကို ငေးမိုင်ကြည့်နေတော့တယ်။

Bill Board ကြီးရှေ့ရောက်တော့ ဘယ်အချိန်က လှ မှန်းမသိတဲ့ ဘာင်မရာလေးနဲ့ Bill Board ကိုမော့ကြည့်ရ ကျွန်မရဲ့လှုပ်ရှားပုံတွေကို မိတ်ကူးရှိသလို ဖန်တီးနေတော့တ ပဲ။

"ချစ် Bill Board ထဲမှာ ချစ်ကခုန်နေတဲ့ဟန်လေး အရုပ်ကို မိုက်တယ် ... သိလား"

"ကိုယ် အဲဒီ Series မှာ တော်တော်ပေါက်သွားတ အဲဒီကရတဲ့ငွေတွေကို ကိုယ့်မှာစုပြီး စင်ဒရဲလားလေး နာမည်လေးပါတဲ့ပြီး တမူထူးထိုးပြီး လှူသွားတယ်၊ အဲဒီအ က ချစ်ရဲ့ပံ့ပိုးမှုတွေလည်း ပါတယ်လေ"

လို့လည်း ထိုက်ထိုက်လှလှပြောသေးတယ်။

Bill Board ကြီးရှေ့မှာနေလို့ ဓာတ်ပုံရိုက်တော့ C တစ်ခုက ဆောက်အီးဆိုင်တစ်ဆိုင်ဆိုင်ကိုသွားပြီး ကော်ဖီမှာ ဝင်သောက်ကြတယ်။ ပြီးရင် အိမ်ကိုပြန်လာကြပြီး ကျွ နှင်းခက်ကိုးအိမ်ရဲ့ နေရုံမှာလေးသော မီးဖိုခန်းထဲဝါးထမ်း လိုက်ပို့လေတယ်။

ချစ်သူရဲ့အကြင်နာတွေနဲ့ နှစ်ထောက်သား မခွဲနိုင် ရက်မြှင့် ရင်ဆက်ချစ်မှုကောင်တော့ပြီကြပြီး မွေးတွေးသော ရင် သံညှိမှုကို အရသာခံနေကြလေတယ်။

"ချစ် ... ကိုယ့်ကိုချစ်လားဟင်"

အဆုံးသတ်



"အင်း"

"ပါးစပ်ကပြောကွာ"

"ချစ်ပါတယ် ကျူးရယ်"

"ကိုယ်လည်း အရမ်းချစ်တယ်၊ မခွဲနိုင်တော့ဘူးကွာ၊ ကိုယ်တို့ လက်ထပ်ကြရအောင်နော်"

"ခုလောလောဆယ်တော့ မဖြစ်သေးဘူးထင်တယ် ကျူးရယ်"

လရောင်အောက်မှာ ချစ်သူရဲ့မျက်နှာ ညှိုးလျော်သွား တာ သူမ သတိထားမိလိုက်မိပါသည်။

"ဘာဖြစ်လို့လဲကွာ"

"ဘာဖြစ်လို့လဲဆိုတော့ မဟီတွေက ချစ်ကို ကိုကိုလွှင်နဲ့ ပေးစားဖို့ အစောင်းအကျစီစဉ်နေတာ"

"ချစ်က လက်ခံလား"

"ဟင့်အင်း ... ဘယ်လက်ခံမလဲ ငြင်းတာပေါ့"

"ခုချိန်မှာ ကျွန်မက ကျူးနဲ့ လက်ထပ်ဖို့ကိစ္စပြောရင် သူတို့သားအမိတွေ Jealous ဖြစ်ပြီး ကျူးနဲ့ကျွန်မကြားကို ဝင်ပြီး ခလောက်ဆန်ကြမှာ"

ပြီးတော့ အခွင့်အရေးရတာနဲ့ ဘာဘိုးကျော်မင်းခေါင် ကို ကျူးနဲ့ကျွန်မအကြောင်းကို ဖွင့်ပြီး တိုင်ပင်မှာပါ။ ဦးကျော်မင်း ခေါင်ဆိုတဲ့ ကျူးရှင်း ဒီနာမည်ကို ကြားဖူးပါတယ်ဟု စိတ်ကတွေး လိုက်မိ၏။

"ဦးကျော်မင်းခေါင် ... ဦးကျော်မင်းခေါင်ဆိုတာ ..."

အဆုံးသတ်

www.burmeseclassic.com

www.burmeseclassic.com



ဘယ်သူပါလိမ့် . . . အင်း . . . ဟုတ်ပြီ မှတ်မိပြီ၊ ကိုယ်သိတယ် ချစ်၊ ကိုယ့်ဒယ်ဒီရဲ့မိတ်ဆွေပဲ''

''သူက ရှေ့နေတစ်ယောက်မဟုတ်လား''

ကိုယ်လေးစားချစ်ခင်ရသော ဘာဘဦးကျော်မင်းခေါင်ကို ချစ်သူကလည်း သိသည်ဆိုပါလား။ လောကကြီးက အဆင်ပြေ ချောမွေ့မှုတွေကို လက်ဆောင်အဖြစ် တစ်ခုပြီးတစ်ခု နှင်းစက် ဘဝထဲကို ပို့လွှတ်နေပြီ။

''ဟုတ်တယ်လေ ကျူးရဲ့၊ အဘနဲ့ကျူးနဲ့ သိတယ်ဆို တော့ ကျွန်မ ဝမ်းသာလိုက်တာ''

''ကိုယ်တစ်ရက်လောက် အနက်ကယ်ကျော်နဲ့သွားတွေ့ လိုက်ပါ့မယ်၊ ကိုယ်နဲ့နှင်းစက်ဖြူဖြူဟာ ချစ်သူတွေပါလို့''

''ဟယ် ရှက်စရာကြီး ကျူးရယ်''

လရောင်အောက်က ချစ်သူရဲ့ရှက်မျက်ဝန်းလေးကို ကြင်နာစွာ ငုံ့မိုးစိုက်ငေးကြည့်ရင်း မရေတွက်နိုင်သော အနမ်း ပွင့်တွေ ထပ်ပြီးချွေမိပြန်ပါတယ်။

''ဟင့်အင်း . . . ကျူး မဆိုးနဲ့ကွာ၊ ပြန်တော့နော်၊ မနက်မိုးလင်းတော့မယ်၊ တော်ကြာဆို ဘွားငြိမ်း နိုးလာတော့ မယ်''

ခံစားမှုတွေကတော့ ရှိန်းမြနေဆဲ။





အခန်း ( ၂၂ )

တစ်ခါတစ်ရံတွင် ကျူးသည် ကျွန်မ လုံးဝထင်မထား သော လုပ်ကွက်ခပ်ဆန်းဆန်းများဖြင့် ကျွန်မ ပျော်အောင်, ရယ်မောအောင် အံ့သြအောင် အမြဲလုပ်ပြတတ်သော ချစ်သူ ကလေးဖြစ်ပါသည်။

''ချစ် . . . ဒီည ကိုယ့်ရဲ့တစ်ကိုယ်တော်ဖျော်ဖြေပွဲရှိ တယ်၊ ချစ် လာအားပေးမှာလား''

''အင်းလေ . . . ကိုယ့်ချစ်သူရဲ့ပွဲကို လာအားပေးရမှာ ပေါ့၊ ရွှေကျေးကိုလည်း ခေါ်လာမယ်လေ''

''အိုး . . . နိုး . . . နိုး . . . မလိုဘူး ကိုယ်က ချစ်တစ် ယောက်တည်းကိုပဲ လာစေချင်တာ၊ ညကျရင် ခြံထဲသာ ဆင်း လာခဲ့လိုက်ပါ ကိုယ်စောင့်နေမယ်၊ ချစ်လာမှ ကိုယ့်ရဲ့ဖျော်ဖြေ မှုက စမှာ၊ ချစ် အရမ်းကိုအံ့သြသွားစေရမယ်၊ ပျော်လည်း ပျော်သွားစေရမယ်''



www.burmeseclassic.com

www.burmeseclassic.com



"တကယ်"

"အင်းပေါ့"

ညဘက်ရောက်လို့ နှင်းစက် ဘယ်သူမှမသိအောင် တိတ်တိတ်လေး ချောင်းစပ်နားကိုလျှောက်သွားကာ ကျူးရင့်ရဲ့ အရိပ်အယောင်ကိုတောင် မတွေ့ရ၍ ကျူးရင့်တို့အိမ်ဘက်ကို လှမ်းကြည့်လိုက်၏။ တစ်အိမ်လုံး မီးရောင်ပင်မမြင်။

လသာရက်မဟုတ်လို့ ပတ်ဝန်းကျင်တစ်ခုလုံး မှောင်မိုတ်နေ၏။

ပုစဉ်းရင်ကွဲသံနှင့်လေတိုးသံသဲ့သဲ့မှလွဲ၍ ဘာမျှမကြားရ။

ကျူးတော့ ငါ့ကိုပုံပြောပြီလား။ သူ့တစ်ကိုယ်တော်ရှိုးပွဲက ဘယ်မှာမှန်းလည်းမသိ။ နက်က ဖုန်းထဲမှာ မေးမထားမိတဲ့ ကိုယ့်ကိုယ်ကိုသာ အကြိမ်ကြိမ်ကျိန်ဆဲမိပါရဲ့။

ချောင်းစပ်နားမှာ တစ်ယောက်တည်း ခပ်တွေတွေလေး ရပ်ပြီး ရင်မှာ နုံးခွေသွား၏။

ထိုစဉ် ကျူးတို့ခြံထဲမှ ရုတ်ခြည်းဆိုသလို လင်းထိန်သွားကာ မျက်စိကျိန်းသွားသဖြင့် မျက်စိလေးကို လက်ဝါးနှစ်ဖက်ဖြင့် အသာကာလိုက်ပြီး ဘာကြောင့်များ လင်းသွားရသည်ဆိုတာကို အဖြေရှာလိုက်၏။

အို ... တစ်ခြံလုံးရောင်စုံမီးသီးများက အပင်တွေမှာ တင်မဟုတ်၊ အိမ်ကြီးရဲ့အပြင်ဘက်နေရာအနှံ့မှာပါ ထွန်းညှိထား၏။





ချောင်းရဲ့ဟိုဘက်ထိပ် ဒီဘက်ထိပ်သို့ ယာယီထိုးထားသော တံတားငယ်လေးမှာလည်း ရောင်စုံမီးတန်းလေးတွေ စီတန်းလျက် လင်းထိန်နေ၏။

"ချစ် ... အရမ်းအံ့ဩသွားလား"

ကိုယ့်နောက်မှ ချစ်သူရဲ့အသံကို ကြားလိုက်၍ လှည့်ကြည့်မိတော့ ဒီဇိုင်းဆန်းသော ဝတ်စုံတစ်ခုကို ဝတ်ဆင်ထားပြီး အရမ်းကိုကြည့်လို့ကောင်းလွန်းနေ၏။

"ကျူးရယ် ... ကျွန်မက ကျူး ကျွန်မကိုထားခဲ့ပြီး ကျူးတစ်ယောက်တည်း သွားပြီထင်နေတာ"

"ကိုယ်က ချစ်ကို ဘာကြောင့်ထားခဲ့ရမှာလဲ၊ ကိုယ့်ရဲ့ တစ်ကိုယ်တော်ဖျော်ဖြေရေးအစီအစဉ်က ဒီခြံထဲမှာပဲ"

"ဟယ် ... တကယ်"

"အင်းပေါ့ ... ကိုယ့်ရဲ့တစ်ကိုယ်တော်ဖျော်ဖြေရေးအစီအစဉ်ကို လာအားပေးတဲ့ပရိသတ်ကလည်း ချစ်တစ်ယောက်တည်းပဲပေါ့"

"ပြီးရင် ကိုယ်တို့ရဲ့ဂီတသံစဉ်တွေအောက်မှာ ကိုယ့်နဲ့ချစ် အတူတူကကြမယ်လေ"

"အို ... ရင်ခုန်စရာကောင်းလိုက်တာ ကျူးရယ်"

ချစ်သူရဲ့သီချင်းသံတွေဟာ ကျွန်မဘဝမှာ အချိုမြိန်ဆုံးနှင့်အသာယာဆုံးလို့ ကိုယ့်ငါးချဉ်ကိုယ်ချဉ်မိတာ မှားတော့မမှားပါဘူးနော်။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်မချစ်သူဟာ လောကမှာ အတော်ဆုံးအနုပညာရှင်တစ်ယောက်ဖြစ်တဲ့အပြင် မိန်းမတစ်



www.burmeseclassic.com

www.burmeseclassic.com



ယောက်ကို ချစ်တတ်တဲ့နေရာမှာလည်း အနုစိတ်နဲ့ ဂရုတစိုက် ကြင်နာတတ်သော ရှားပါးယောက်ျားတစ်ယောက်လည်း ဖြစ်ပါသည်။

သာမန်မိန်းကလေးတစ်ယောက်၏စိတ်နှလုံးကို တအိုး ရိုပ်တက်ပြီး မူးရီလာအောင် ဆွဲငင်နိုင်သော ညို့မာတ်တွေနှံ့ နေသလားဟုပင် သံသယဝင်မိအောင်ကို ဆွဲအောင်အား ကောင်းလွန်းသော ချစ်သူတစ်ယောက်ပါ။

ဘဝတစ်ခုပြောင်းလဲဖို့အတွက် အချစ်သည် အဓိကကျ သော အခန်းကဏ္ဍမှာ ပါဝင်ခဲ့ပါသည်။

ညစဉ်ညတိုင်းဆိုသလို မရိုးနိုင်သော အကြောင်းအရာ တွေကို ပေးစွမ်းနိုင်သော သူ့ရဲ့စိတ်ကူးစိတ်သန်းလေးတွေဟာ တစ်ခါတလေမှာ ကျွန်မအတွက် အရမ်းကို Suprised ဖြစ်စေပါ တယ်။

တစ်ခါတစ်ရံ ကျွန်မအိပ်မောကျနေလောက်ပြီဆိုရင် သူ ဆီက ဖုန်းခေါ်သံက ကျွန်မရဲ့အအိပ်ဆတ်သော အကြားအာရုံကို လာရောက်နှိုးဆော်ပြန်တယ်။ ဆတ်ခနဲဆို အိပ်ရာမှထထိုင်လိုက် ပြီး ခေါင်းအုံးလေးဘေးမှာ ထား,အိပ်တတ်သော ဖုန်းလေးကို ကောက်ယူပြီး . . .

"ဟဲလို"

"ချစ် . . . အိပ်နေပြီလား"

"အင်းပေါ့ ကျူးရဲ့"

အိပ်ချင်မူးတူးအသံပေါက်နေသော ကိုယ့်အသံကို ထိန်း





ပြီး ပြောရင်း . . .

"ကျူး မအိပ်သေးဘူးလား"

"အိပ်လို့မပျော်လို့"

"ကိုယ် အခု ကိုယ့်အခန်းဘေးက လေသာဆောင်မှာ ဂစ်တာထိုင်တီးနေတာ"

"ဟယ် ကျူးရယ် . . . အိပ်တော့လေ အိပ်ရေးပျက်ရင် ကျူးရဲ့မျက်နှာပြည့်ပြည့်လေး ချောင်ကျသွားမှာပေါ့"

"ဟင့်အင်း ချစ်အကြောင်းတွေးနေရင် ကိုယ့်အတွက် အလိုလို အင်အားတွေ တိုးနေတာကွ"

"အင်းပါ . . . ဒါဆိုလည်း ဒီထက်အင်အားတွေ ထပ် တိုးသွားအောင် အိပ်လိုက်နော် ကျူး။ ကျွန်မ ကျူးရဲ့အိပ်မက် ထဲကို အလည်လာခဲ့မယ်လေ"

"တကယ်လာမှာလား"

ဖုန်းထဲမှ ချစ်သူရဲ့အသံသည် လှိုက်ဖိုမှုတွေနဲ့ စူးနင့် ကြည်မြနေပါလားကွယ်။

"အင်းပေါ့ . . . တကယ်လာမယ်"

"ဒါဆို . . . ဂွတ်နိုက် ချစ်ရေ ကိုယ်အိပ်တော့မယ်၊ ကိုယ့်ကြောင့် ချစ်လည်း အိပ်ရေးပျက်သွားပြီ ဆောရီးပဲ၊ ချစ်ကို အိပ်မက်ထဲကနေ စောင့်နေမယ်"

တစ်ဖက်မှ ဖုန်းပိတ်သွားသောကြောင့် ချစ်သူရဲ့အသံ ကို မကြားရတော့။ ဩော် ချစ်တတ်လွန်းတဲ့ ကျူးရယ်။

လရောင်ကို ခေတ္တငေးမောလိုက်ပြီး ချစ်သူရဲ့အိပ်မက်



www.burmeseclassic.com

www.burmeseclassic.com



ထဲကို အလည်သွားနိုင်ဖို့ မေးစက်ရှည်းမှာပါလားဟုတွေးရင်း အချစ်ကို သိမ်မွေ့စွာခံစားပြီးသော မိန်းမတစ်ယောက်သည် နက်ရှိုင်းညင်သာစွာပင် အိပ်ပျော်သွားခဲ့ပါသည်။

အံ့ဩစရာကောင်းသည်မှာ တစ်ညလုံး အိပ်မက်ထဲတွင် ကျူးရှိနေခဲ့ခြင်းဖြစ်ပါသည်။

အိပ်မက်ကိုတော့ သူမ အစအဆုံး ပြောပြနိုင်လောက်အောင် မမှတ်မိပေမယ့် သူကတော့ အိပ်မက်ထဲမှာ ထင်ရှားစွာ ပါဝင်နေပါသည်။

နံနက်အိပ်ရာမှနိုးအထတွင်တော့ သူမသည် ပန်းခင်းကြီးထဲမှာ ကူးခတ်နေရသလို ပန်းရနံ့တွေက သူမရဲ့နှိုးထခြင်းတွေကို လန်းဆန်းစွာ ဆီးကြိုနေလေသည်။

သူမမျက်လုံးများ ဖျတ်ခနဲဖွင့်လိုက်သည်နှင့် အိပ်ရာနံဘေးမှာ နှင်းဆီအနီရဲရဲ အပွင့်စိုစိုကြီးတွေနှင့် ပုံဖော်ထားသော ပန်းစည်းလှလှလေးတစ်ခုကို တွေ့လိုက်သည်။ ထိုပန်းစည်းထဲတွင် ကတ်ပြားလေးတစ်ခု။

ချစ် ... သာယာကြည်မွေ့ခြင်းတွေနဲ့ နိုးထနိုင်ပါစေ။ ကိုယ့်အိပ်မက်ထဲကို လာပေးတဲ့အတွက် ကျေးဇူးပဲ။

"ဘွားငြိမ်း"

သူမရဲ့ခေါ်သံမှာ သိမ်မွေ့စွာ တုန်ယင်လျက်ရှိလေသည်။





ါ်သံကြောင့် အခန်းထဲဝင်လာသူက မနီ။ သူမလေးရဲ့မျက်နှာ နှင်းစက်ကိုကြည့်ပြီး ပြုံးစိစိနဲ့ပါ။

"မနီ ... ဘွားငြိမ်းရော ... ဒီပန်းခင်းလေးက ဘယ်နေ့ ဘယ်လိုရောက်နေတာလဲ"

မနီရဲ့မျက်နှာက ပို၍ ပြုံးဖြိုးဖြိုးဖြစ်သွားကာ ...

"မင်းသားလေးက မနက်အစောကြီး ခြံရှေ့ကနေ အဘ ုအေးကို လာပေးသွားတာ"

"နှင်က ဘယ်လိုမြင်လဲ"

"မနီတော့ မမြင်ပါဘူး။ အဘလှအေးက ဘွားငြိမ်းကို ပြောနေတာကြားတာ၊ ဒီပန်းစည်းလေးကို နှင်းစက်အိပ်ရာဘေး ာ သွားထားပေးလိုက်ပါလို့ ပြောသံကြားတာ"

မနီကို ဘာမှမမေးတော့ဘဲ ဘွားငြိမ်းရှိရာသို့ ထလာ လိုက်၏။

ဘုရားခန်းထဲမှ ထွက်လာသော ဘွားငြိမ်းက နှင်းစက် ကိုလည်းမြင်ရော ပြုံးရွှင်စွာဖြင့် ...

"သမီး နိုးပြီလား။ အဟင်း ... ဒီသမီးလေးအတွက် ဘွားငြိမ်း ပီတိဖြစ်လိုက်တာကွယ်၊ ဘွားငြိမ်းလေ ခုနေ ခေါက်ခနဲ သေမယ်ဆိုရင်တောင် သေပျော်ပါပြီကွယ်"

"ဘွားငြိမ်းကလည်း စောစောစီးစီး မပြောကောင်း မဆိုကောင်း"

"နှင်းစက်ဘေးမှာ ဘယ်လိုလုပ်ပြီး ပန်းစည်းလေး ရောက်နေတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"မနက်က အစောကြီး ကောင်လေးတစ်ယောက်က ကိုလူအေးကို ပေးသွားတာတဲ့၊ နှင်းစက်ဖြူဖြူရဲ့အိပ်ရာဘေးမှာ ဒီပန်းစည်းလေးထားပါဆိုပြီး ကိုလူအေးကို ပြောသွားတာတဲ့လေ"

"ကိုလူအေးပြောတာတော့ အဲဒီကောင်လေးက မင်းသားလေးတဲ့"

"ဟုတ်လား ဿမီး၊ ဒီမင်းသားလေးဆိုတဲ့လူလေးနဲ့ သမီးနဲ့က ဘယ်လိုပတ်သက်နေတာလဲဟင်"

ဘွားငြိမ်းကို ဒီထက်ဝမ်းသာစေချင်ပါသည်။

"အဲဒါ ... နှင်းစက်ရဲ့ချစ်သူပါ ဘွားငြိမ်းရဲ့"

"အမယ်လေး ဝမ်းသာလိုက်တာကွယ်၊ ငါ့မြေးလေးအတွက် ဘွားငြိမ်း ဘုရားမှာ ဆုတောင်းရကျိုးနပ်ပြီပေါ့ကွယ်"

ဘွားငြိမ်းအသံတွေက ဝမ်းသာလွန်း၍ အဖျားခတ်တုန်ယင်နေပါ၏။

ဘွားငြိမ်းနည်းတူ သူမသည်လည်း အချိန်မြန်နေသောရင်အစုံကို ကျေနပ်ကြည်နူးခြင်းတွေနဲ့အတူ ထိန်းညှိလိုက်ပြီး ပန်းခင်းကြီးထဲကို ဆင်းလာလိုက်သည်။ ထိုပန်းခင်းရဲ့တစ်ဖက်ချောင်းစပ်မှာတော့ ချစ်သူဟာ သူ့ရဲ့အပြုံးနုနုတွေနဲ့အတူ ကျွန်မကို လက်ကမ်းကြိုဆိုနေရဲ့။

တကယ်တော့ ချစ်သူဟာ ကျွန်မရဲ့နှလုံးသားထဲမှာ အမြဲထာဝရ တည်ရှိနေမှာပါ။





အခန်း ( ၂၃ )

'တီ .. တီ .. တီ .. တီ'

ဖုန်းမြည်သံကြောင့် မီးဖိုခန်းထဲမှာ ဘွားငြိမ်းတို့ကို ဝိုင်းကူပေးနေရာမှ အခန်းထဲသို့ ပြေးဝင်သွားလိုက်၏။

ဖုန်းမြည်သံကို သတိုးဟေသာလည်း ကြားသွားသည်ထင်၏။ အခန်းအပေါက်ဝတွင် ခါးထောက်၍ လာရပ်ရင်း ...

"တယ်လဲကြီးပွားနေပါလား၊ ဒီဖုန်းက ဘယ်ကရတာလဲ"

မေးပုံကိုက ဘယ်လောက်ရင့်သီးလိုက်ပါသလဲ။

ထိုမေးခွန်းကို သူမကလည်း ခေါင်းမော့ရင်ကော့ကာပင် လုလုပပလေး ဖြေလိုက်ပါ၏။

"ငါ့ချစ်သူပေးထားတာ မမ"

"ဘာ"

"နားမရှင်းလို့လား၊ ဒါဆိုလည်း ငါထပ်ပြောမယ် ... ငါ့



www.burmeseclassic.com

www.burmeseclassic.com



ချစ်သူ ပေးထားတာ''

သူမစကားကြောင့် သတိုးဟောသာ မဲ့ကာရွဲ့ကာ ဖျော့ . . .
တာဖြင့် . . .

''ဘယ်က အကောင်တွေနဲ့ ရှုပ်နေပြန်ပြီလဲ၊ လမ်းဘေး . . .
က ကလေကဝဆိုရင်တော့ မာမီက ခွင့်ပြုမှာမဟုတ်ဘူးနော် . . .

''လမ်းဘေးက ကလေကဝက သူ့ရဲ့ချစ်သူကို ဖုန်း . . .
ထားနိုင်မလား ဟောသာရယ်၊ နင် အဲဒီလောက် ဉာဏ်မ . . .
စမ်းပါနဲ့ နင့်တို့အတွေးထဲမှာ လူတစ်ဖက်သားကို ဘယ်လိုအထ . . .
သေးရှုတ်ချအပြစ်တင်ရမလဲလို့ စောင့်ကြည့်ဖို့ပဲ ရှိတာ မဟု . . .
လား၊ စိတ်ကို ဖြူဖြူလေးထား၊ အရာရာဟာ သူ့သဘောအတိုင်း . . .
ဖြစ်သွားကာ၊ ဘာမှလုပ်ယူလို့မရဘူး''

ဖုန်းသံကလည်း အဆက်မပြတ်မြည်နေဆဲမို့။

''နေဦး . . . ငါ့ချစ်သူနဲ့ ဖုန်းပြောလိုက်ဦးမယ်''

ဟုဆိုပြီး ဖုန်းခလုတ်ကလေးကို နှိပ်လိုက်ပြီး . . .

''ဟဲလို . . . ကိုလား ပြော''

အရင်က ကျူးလို့ခေါ်နေရာမှ ယခု ဟောသာ့ရှေ့မှာ . . .
ကိုဟူသော နာမ်စားလေးကို သုံးလိုက်သည်။

နှင်းစက်ဖြူဖြူရဲ့ချစ်သူဟာ မင်းသားကျူးရင့်ဆိုတာကို
သူတို့တွေကို မသိစေချင်သေးပါ။

''ကိုကတော့ ပိုပြီ . . . အင်းပါ စိတ်ချ''

''———————''

''ချစ်ပါတယ်ဆိုမှ ကိုကလည်း''





နှင်းစက်ရဲ့တမင်ဖန်တီးထားသော ချိုအီအီစကားတွေ
ကြောင့် ဟောသာ့ရင်ထဲမှာ မနာလိုမှု အထင်သေးမှုတွေ ရော
သွက်ပြီး ခပ်မဲ့မဲ့ပြုံးလိုက်၏။

ပြီးတော့ ဖုန်းပြောပြီးသွားသော နှင်းစက်ကို ခနဲ့တော့၏။

''ကြည့်လည်းလုပ်ဦး မယ်မင်းကြီးမရေ . . . သိပ်မကြာ
ခင် ဗိုက်ထွက်လာဦးမယ်၊ အဲဒီလိုဆိုရင်တော့ ကိုကိုလွင်လိုလူနဲ့
လွဲရချေရဲ့''

သူမစကားတွေက ဘောင်ကျော်လာပြီ။ ဒီစကားဟာ
ကိုယ့်ရဲ့ဂုဏ်သိက္ခာကို ထိပါးစော်ကားလာတဲ့စကား။ အဲဒါကြောင့်
ခေါင်းကို ဆတ်ခနဲမော့လိုက်ပြီး မထေ့တထေ့အပြုံးဖြင့် . . .

''အရာရာကို ကိုယ့်စိတ်နဲ့ နှိုင်းမနေနဲ့ဟောသာ၊ ကိုယ်နဲ့
တရားဝင်လက်မထပ်ရသေးတဲ့ယောကျ်ားတစ်ယောက်ကို ကိုယ့်
ရဲ့အပျိုစင်ဘဝနဲ့အသွေးအသားကို ရက်ရက်ရောရောပုံပေးတတ်
တဲ့မိန်းမစားမျိုးထဲမှာ ငါမပါဘူး။ နင်သိအောင် ဆက်ပြောလိုက်
ဦးမယ်၊ နင်တို့ရဲ့ ကိုကိုလွင်ကို ငါ ဘယ်တော့မှ လက်ထပ်ဖို့
စိတ်မကူးဘူး''

စိတ်ထဲရှိရာတွေကို နှုတ်ဖျားမှ တရစပ်ပြောချလိုက်ပြီး
ဟောသာ့ရှေ့မှ ဖြတ်ကျော်ကာ အခန်းထဲမှ ထွက်လာခဲ့လိုက်၏။

ဟောသာ့မှာသာ နှင်းစက်ကို ပြန်ပြောရန် စကားလုံးအစ
ရှာမရရှာဖြင့် မီးဝင်းဝင်းတောက်သော မျက်လုံးတွေဖြင့် နေရာ
မှာပင်ရပ်ပြီး ကျန်ခဲ့လေသည်။

ထိုကိစ္စအား မာမီ့ကိုပြောပြတော့ မာမီ့ခမျာ မျက်နှာ



www.burmeseclassic.com

www.burmeseclassic.com



တစ်ပြင်လုံး သွေးဆုတ်ဖြူရော်သွားဏ်။

"အမယ်လေး . . . ကိုယ်ကျိုးတော့ နည်းပါပြီ၊ ဘူး ဒီကောင်မကို ကိုကိုလွင်နဲ့ အမြန်ဆုံးစီစဉ်မှဖြစ်မှာပါ။ မှမလုပ်ဖြစ်ရင် မာမီတို့ဘဝတော့ ပျက်ပြီ"

သတိုးဟောသာ၏မိခင် ပြောသောစကားများကို လည်စွာဖြင့် . . .

"မာမီရယ် သူ့ကို ကိုကိုလွင်နဲ့မပေးစားဖြစ်တာနဲ့ တို့က ဘာကြောင့် ဘဝပျက်ရမှာလဲ"

"ညည်းမသိပါဘူး ဟောသာရယ်၊ မာမီ ဘာတွေ နေတာလဲဆိုတာ ညည်းတစ်ချိန်ချိန်မှာ နားလည်လာမှာပါ"

ဒေါ်ထူးထူးမြိုင်သည် သူ့ရဲ့အကြံအစည်ကို အချိန် မနေတော့ဘဲ အမြန်အကောင်အထည်ဖော်မှပင်ဖြစ်တော့မည် တွေးလိုက်၏။

"နှင်းစက် ဒီနေ့ညနေ ညည်းကိုကိုက ပါတီပွဲတစ်ခု သွားစရာရှိတယ်၊ အဲဒါ ညည်းအဖော်လိုက်သွားပေးလိုက်ပါ"

နှင်းစက် စိတ်ရှုပ်သွားသည်။ ဒီလိုအချိန်မှာ နှင်းစက် အနေနဲ့ ကိုကိုနဲ့ တပူးတွဲတွဲမသွားမလာသင့်တော့။ ကိုယ့် ချစ်သူရှိနေပြီလေ။

"နှင်းစက် မလိုက်ချင်ဘူး မာမီထူး"

"ပါတီပွဲလေးကို အဖော်လိုက်သွားပေးတာ ညည်း အသားပုံပါသွားတာ မဟုတ်ပါဘူးအေ၊ လိုက်သွားလိုက်ပါ"

"ညနေလေးနာရီ သူလာခေါ်လိမ့်မယ်၊ အဆင်သင့်ပြင်





ထားလိုက်"

မာမီထူးအတွက် သနပ်ခါးသွေးနေရသော နှင်းစက်ရဲ့ လက်အစုံမှာ အင်အားမရှိတော့။ ဒီဂယက်တွေက သူမဘဝမှာ ဘယ်အချိန်ထိ ရိုက်ခတ်နေဦးမှာပါလဲ။

တစ်ကိုယ်ကြား သက်ပြင်းယဲ့ယဲ့တစ်ရှိုက်စာကို မှုတ်ထုတ်ရင်း ညနေအတွက် ကိုကိုလွင်နှင့်ပါတီပွဲလိုက်သွားရမည့် အရေးကိုတွေးရင်း ရင်တွေပူလာ၏။

ကျူးသာသိရင် ဘယ်နည်းနဲ့မှ လက်ခံမှာမဟုတ်။

ကိုကို့ကို သူ့မှာချစ်သူရှိနေပြီဆိုတဲ့အကြောင်းကို ဒီနေ့တော့ အပြတ်ပြောလိုက်တော့မယ်။ ခွင့်လွှတ်ပါလို့ပဲ တောင်းပန်ချင်ပါတယ် ကိုကိုရယ်။ နှလုံးသားခံစားချက်မပါဘဲ အိမ်ထောင်ရေးတစ်ခုကို ဖွတ်အတင်း ထူထောင်ဖို့ ဘယ်လိုမှမဖြစ်နိုင်လို့ပါ။

ညနေဘက် ကိုကိုလွင်လာတော့ ဒေါ်ထူးထူးမြိုင် ဆင်မြန်းပေးလိုက်သော ဝတ်စုံအသစ်နှင့် ကျော့ကျော့မော့မော့လေး လှနေသော နှင်းစက်ကိုကြည့်ပြီး ကိုကို ခပ်တိုးတိုးလေးပြော၏။

"လှလိုက်တာ ဖြူလေးရယ် . . . ဖြူလေးအလှက ဘယ်အချိန်ကြည့်ကြည့် ကိုယ့်ရင်ကို အေးနေတာ"

"ဒီလောက်လည်း မဟုတ်ပါဘူး ကိုကိုရယ်"

ဟု ရှက်ဝဲဝဲလေးဖြင့် ပြန်ပြောလိုက်သည်။

ပါတီပွဲရောက်တော့ တကယ့်လူကုံထံအသိုင်းအဝိုင်းတွေ ကျင်းပတဲ့ပွဲမို့ အခေါင်အယောင်တွေနဲ့ ဖိတ်ဖိတ်တောက်နေ ပါ၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုညော်ခံပွဲတစ်နေရာမှာတော့ ကိုဖေသည် တခြားလူကြီးလူကောင်းနှစ်ဦးနှင့်ထိုင်နေသည်။ နှင်းစက်ဖြူဖြူနှင့်သူမသိသောခပ်ဖြောင့်ဖြောင့်လူတစ်ယောက် တွဲပြီးဝင်လာတာတွေ့ပေမယ့် သွားပြီး မနှုတ်ဆက်ဖြစ်။ နှင်းစက်နှင့်ပါလာသောထိုလူက တခြားလူများနှင့် လက်ဆွဲနှုတ်ဆက်စကားတွေပြောနေ၏။

အမှန်တကယ်ဆို ဒီပွဲက သခင်လေးတက်ရမယ့်ပွဲ။ သူမတက်ချင်၍ သခင်လေးကိုယ်စား ကိုယ်က တက်ရတာ။ ဒီအချိန်ဒီပွဲမှာ သခင်လေးသာရှိနေရင် သူ့ရဲ့ချစ်သူလေးကို တခြားသူစိမ်းယောကျ်ားတစ်ယောက်နဲ့ ခုလိုတွဲတွေ့ရရင် တော်တော်လေးသွေးဖျက်သွားမှာ။ ခုလည်း နှင်းစက်နှင့်ထိုလူရဲ့အခြေအနေကိုသိချင်၍ တမင်တကာပင် သွားမနှုတ်ဆက်ဘဲ ခပ်လှမ်းလှမ်းကနေ အကဲခတ်တော့မည်။ ညော်ခံရေးအစီအစဉ်က ဘူဖေးလ်စနစ်နဲ့မို့ ကိုကိုက အရင်ဆုံး အစားအသောက်မျိုးစုံ ပြင်ဆင်ထားသောစားပွဲ ရှည်ကြီးဘက်သို့ လျှောက်သွားကြပြီး ...

နှင်းစက်အဖွက်ရော သူ့အတွက်ပါ ပန်းကန်ထဲကို အစားအသောက်တချို့ ခပ်ထည့်ပြီး လွတ်နေသောစားပွဲတစ်လုံးတွင် ဝင်ထိုင်လိုက်ကြ၏။ waiter လေးက အဖျော်ယမကာများအား ကိုကိုနှင့်နှင်းစက်ရှေ့သို့ လာချပေးသွား၏။

"ဖြူလေး စားလေ"

ဟိုဟိုဒီဒီငေးနေသော ဖြူလေးကို အရိပ်တကြည့်ကြည့်ဖြင့် ခပ်တိုးတိုးလေး ပြောလိုက်၏။

အမှန်တကယ်တော့ နှင်းစက်ရင်ထဲမှာ ဘာမှမစားချင်





ကောက်အောင် ပြည့်နေပါသည်။ သူ့ရင်ထဲ သူ့အတွေးထဲမှာ အပြန် ကိုကို့ကို သူ့မှာချစ်သူရှိတယ်ဆိုတဲ့အကြောင်းကို ပြောဖို့အတွက် စကားလုံးတွေ စီနေမိသည်။

"နှင်းစက် ရင်ပြည့်နေလို့ မစားချင်ဘူး ကိုကို"

"လူမြင်အောင်တော့ နည်းနည်းလေးစားလိုက်ပါ ကလေးရယ်"

ကလေးငယ်တစ်ယောက်လို ချော့မော့ကျွေးသလို ပြောသဖြင့် ရင်မှာ အားနာစိတ်နှင့်အတူ နည်းနည်းတော့ စားလိုက်ပါတယ်။ အသားဖတ်ကလေးများကို ခက်ရင်းနှင့်ထိုးစားနေသော နှင်းစက်မမြင်အောင် ကိုကိုသည် တစ်စုံတစ်ခုကို လျှို့ဝှက်လျင်မြန်စွာ လုပ်ဆောင်လိုက်ပါသည်။ ပြီးသည်နှင့် ...

"အအီလေးပြေသွားအောင် အချိုရည်လေး သောက်လိုက်ပါလားဟင် ဖြူလေး။ ကိုကို ဝိုင်နည်းနည်းရောပေးထားတယ်"

"ဟင့်အင်း မသောက်ချင်ဘူး"

ဝိုင်ဆို၍ နှင်းစက် ငြင်းလိုက်ခြင်းဖြစ်သည်။

"ဝိုင်က မမူးပါဘူးကွာ၊ ဘယ်လိုမှမနေဘူး။ အချိုရည်နဲ့ရောထားတာပဲ သောက်လိုက်ပါ"

ဆက်ပြီးနေရင်လည်း ကိုကိုက ဖွတ်အတင်းတိုက်နေဦးမှာမို့ ကိုကိုကမ်းပေးသော အချိုရည်ခွက်ကိုလှမ်းယူပြီး သောက်လိုက်၏။ သုံးလေးငုံသာသောက်သော နှင်းစက်ကိုကြည့်ပြီး ကိုကိုက အားမလိုအားမရဖြင့်လွန်းစွာဖြင့် ...



www.burmeseclassic.com

www.burmeseclassic.com



"အကုန်သောက်လိုက်လေ ဖြူလေးရဲ့၊ ဒါမှ လူက လန်းသွားမှာ၊ ဖြူလေး မျက်လုံးညှိုးနေတာ သိပ်မလန်းသလိုပဲ နေမကောင်းဘူးလား"

"ကောင်းပါတယ် ကိုကို"

ဟုဆိုပြီး အချိုရည်ပန်းကန်ခွက်ထဲမှ ကျန်သော အချိုရည်တွေကို အကုန်မော့သောက်လိုက်၏။

ထိုမြင်ကွင်းအားလုံးကိုမြင်နေရသော ကိုဇေ့စိတ်ထဲမှာတော့ သိပ်ပြီး မရိုးသားတော့ပါ။ ဘာဖြစ်လို့လဲဆိုတော့ နှင်းစက်နှင့်တွဲလာသောလူက သူမ,မသိအောင် တစ်စုံတစ်ခုထည့်လိုက်သောကြောင့်ပင်။ ဒါကို အသေအချာမြင်လိုက်ရတာပါ။ ဘယ်လိုမှ မမှားနိုင်။ နှင်းစက် အမြင်အာရုံတွေ တဖြည်းဖြည်း ဝေဝါးစပြုလာပြီး အာရုံတွေ မလန်းဆန်းနိုင်လောက်အောင် အသိစိတ်တွေက ခန္ဓာကိုယ်က လွတ်ထွက်ခွာစပြုနေပြီ။ မျက်ခွံတွေ လေးလံထိုင်းမှိုင်းလာသည်။

"ဖြူလေး ဘာဖြစ်တာလဲဟင်"

သတိလေးကပ်ပြီး ဖြေလိုက်သောစကားသံတွေက မညီမညာသော သံစဉ်တစ်ပုဒ်လို။

"ပြန်ကြရအောင် ကိုကို၊ ဘာတွေဖြစ်ကုန်တာလဲ မသိတော့ဘူး"

"အင်း ... ဒါဆို ပြန်ကြမယ်နော်"

ကိုကို နှင်းစက်ကိုတွဲပြီး ခန်းမထဲမှ ထွက်လာခဲ့လိုက်၏။





ဒေါ်ထူးထူးမြိုင်မှာတော့ သူ့ရဲ့အကြံအစည်တွေ အထမြောက်အောင်မြင်တော့မှာမို့ ရင်ထဲမှာ ပီတိလှိုင်းတွေထန်နေရ၏။ အရင်ညတွေထက် အိမ်မှာနေရတာ သာယာနေသလိုလို။

ဒီည နှင်းစက်အိမ်ကို ပြန်လာမှာမဟုတ်။ ကိုကိုလွင်က သူမရဲ့အပျိုစင်ညကို တစိမ့်စိမ့်နဲ့ ဖဲ့ချွေစားသုံးမယ့်ည။

"အဟင်း ... နောက်ဆုံးတော့ ငါ့ရဲ့အကွက်ထဲကို လုလုပပကြီး သက်ဆင်းရတာပေါ့"

အတွေးအာရုံတွေက အနာဂတ်အတွက် အတိတ်ကောင်း နိမိတ်ကောင်းတွေကို ဆောင်ကျဉ်းပေးနေပါပြီ။

"မာမီ"

အနားမှာ ခပ်တိုးတိုးခေါ်လိုက်သံကြောင့် ဒေါ်ထူးထူးမြိုင် အတွေးတွေ ပြတ်တောက်သွားရ၏။

"ဘာလဲ ဆွေဇင်"

သတိုးဆွေဇင်ရဲ့မျက်နှာက မလန်းဆန်းခြင်းတွေဖြင့် ညိုမှောင်နေ၏။

"မေမေ ... နှင်းစက်နဲ့ကိုကို့ကို တကယ်လက်ထပ်ပေးတော့မှာလားဟင်"

"ဒါပေါ့ သမီးရဲ့၊ ကိုကိုလွင်နဲ့နှင်းစက်ကို လက်ထပ်ပေးမှ သူ့ရဲ့ပိုင်ဆိုင်မှုတွေကို မာမီတို့ လက်ဝါးကြီးအုပ်နိုင်မှာပေါ့"

"ကိုကိုလွင်ဆိုတာ မာမီရဲ့မွေးစားသားတစ်ယောက်ပဲ၊ မာမီက သေဆိုသေ; ရှင်ဆိုရှင်ရမယ့်သူတစ်ယောက်၊ ဒီညတစ်ညကို ကျော်လွန်ပြီး နောက်တစ်နေ့မှာ နှင်းစက် ကိုကိုလွင်ကို



www.burmeseclassic.com

www.burmeseclassic.com



ငြင်းလို့မရအောင်ကို လက်ခံရလိမ့်မယ်''

"ရှင် ဘာဖြစ်လို့လဲ မာမီ"

"ဒီညပါတီပွဲကအပြန် နှင်းစက်ကို သူ့အိမ်ကိုခေါ်သွားပြီး နှင်းစက်ရဲ့အပျိုစင်ညလေးကို သူ သိမ်းပိုက်လိုက်လိမ့်မယ် ... အဟင်း ဟင်း ဟင်း"

ဒေါ်ထူးထူးမြိုင်က သဘောအကျကြီးကျနေသလောက် ဆွေဖင်မှာတော့ ဟန်မဆောင်နိုင်သော ကြေကွဲဆို့နင့်သည့် အမူအရာဖြင့် မျက်နှာကို လက်ဝါးနှစ်ဖက်ဖြင့်အုပ်ကာ တသိမ့်သိမ့် ရှိုက်ငိုလို့နေပါ၏။ သမီးဖြစ်သူကိုကြည့်ပြီး ဒေါ်ထူးထူးမြိုင် အံ့ဩသွား၏၊ သမီးငယ် ဘာကြောင့်ငိုရသလဲ။

"သမီး ဘာဖြစ်လို့လဲ၊ ဘာလို့ငိုတာလဲ၊ မာမီ့ကိုပြောစမ်း"

"သမီး ... သမီးမှာ ကိုယ်ဝန်ရှိနေပြီ မာမီ"

သမီးငယ်ဆီမှ သူမ လုံးဝမျှော်လင့်မထားသောစကား တစ်ခွန်းက ဒေါ်ထူးထူးမြိုင်ရဲ့ဦးခေါင်းကို မိုးကြိုးအစင်းတစ်ရာနဲ့ ပစ်ခွင်းလိုက်သလို အစိတ်စိတ်အမြွာမြွာ ကွဲကုန်သည်ဟု ခံစားရ၏။

"ဘာ ... ကိုယ်ဝန်ရှိနေပြီ ဟုတ်လား၊ နေပါဦး ... သမီးရယ် ဘယ်သူနဲ့လဲ၊ ဘာကြောင့် ဒီလောက်မိုက်မဲရတာလဲ"

"သမီးအမှားပါ မာမီရယ်၊ သမီးကို ခွင့်လွှတ်ပါ"

"ဒီအချိန်မှာ ဒါတွေပြောနေလို့ ပြဿနာက ပြေလည်သွားမှာလား။ ဘယ်သူ့သားနဲ့လဲ ... မာမီ အဲဒီကောင်လေးကို





သွားတွေ့ပြီး လက်ထပ်ဖို့စီစဉ်ပေးမယ်''

"ဟင့်အင်း မာမီ ... မဖြစ်နိုင်တော့ဘူး"

"ဘာလို့မဖြစ်နိုင်ရမှာလဲ၊ ဘာလဲ ကောင်လေးက နိုင်ငံခြားထွက်သွားလို့လား"

"မဟုတ်ဘူး မာမီ၊ ဒီ ... ဒီကိုယ်ဝန်ဟာ ကိုကိုနဲ့ရတဲ့ကိုယ် ..."

ဆွေဖင်စကားပင် မဆုံးလိုက်ပါ။ ဒေါ်ထူးထူးမြိုင်တစ်ယောက် မျက်လုံးများပြူးသွားကာ ...

"ဘာ"

ဟု အော်လိုက်သောအသံနက်နက်မှာ ...

ဝမ်းခေါင်းသံပါသွားရလောက်အောင် အသံက ညှော်ခန်းတစ်ခုလုံး ဟိန်းသွား၏။

"ပြန်ပြောစမ်း ... ငါနားကြားများ လွဲသွားသလား ပြန်ပြောစမ်း"

"မာမီ နားကြားမလွဲပါဘူး။ ကိုကိုနဲ့သမီးနဲ့ ငြိနေတာကြာပါပြီ၊ မာမီက ဒါကိုမသိတော့ ကိုကိုနဲ့နှင်းစက်ကို အတင်းပေးစားဖို့လုပ်နေတာ၊ သမီးက ကိုကို့ကို လက်မခံဖို့ ပြောပါတယ်၊ အဟင့် ... ဟင့် ဟင့် ဒါပေမဲ့ ကိုကိုက မာမီရဲ့အစီအစဉ်ကို ကျေကျေနပ်နပ်ကြီး လက်ခံတယ်၊ သူ့လုပ်ရပ်က လူမဆန်ဘူး မာမီ၊ အမှန်တကယ်ဆို သူ ဒီကိစ္စကို ငြင်းသင့်တယ်''

"အို ... ဘုရားရေ ကိုယ်ကျိုးတော့ နည်းကုန်ပါပြီ၊ ဒါတွေကို နင်တို့ အစောကြီးကတည်းက ဖွင့်ပြောပါလား။ ခုတော့



www.burmeseclassic.com

www.burmeseclassic.com



အမယ်လေး ... ဘုရား ဘုရား''

ဒေါ်ထူးထူးမြိုင်စိတ်တွေ ကယောင်ချောက်ချားဖြစ်ကာ အရူးတစ်ယောက်လို ဆွေ့ဆွေ့ခုန်ကာ အော်ဟစ်ငိုယိုပြီး ကြမ်းပြင်ပေါ်သို့ ဘုန်းခနဲလဲကျသွားပါ၏။ နောက်ဆက်တွဲကတော့ သတိလစ်မေ့မြောသွားခြင်းပါ။ လဲကျသွားသော မိခင်ဖြစ်သူကို ကြည့်ပြီး မျက်ကလူးဆန်ပျာဖြင့် ဘာလုပ်၍ ဘာကိုင်ရမယ်မှန်း မသိတော့။ ဘွားငြိမ်းကိုသာ အသံကုန်အော်ဟစ်၍ခေါ်လေတော့၏။

"မာမီ ... မာမီ ... အမယ်လေး မာမို့ကိုကယ်ကြပါဦး ... ဘွားငြိမ်း ဘွားငြိမ်း"

ဘဝတစ်ခုမှာ အကောင်းလောကခံနှင့်အဆိုးလောကခံက ရင်းနှီးစွာမိတ်ဆွေဖွဲ့နေကြတာလေ။





အခန်း ( ၂၄ )

ဆေးအရှိန်ကြောင့် အိပ်မောကျနေသော ဖြူလေးရဲ့နဖူးပြင်ကို ကိုကိုလွင် တရှိုက်မက်မက်နမ်းလိုက်ပြီး ရမ္မက်ခိုးတွေဝေနေသောအကြည့်တွေဖြင့် နှင်းစက်ရဲ့အလှတရားတွေကို ခံ့မင်မြတ်နိုးလွန်းသော ရာဂဦးဆောင်သောစိတ်ခံစားမှုက ရင်မှာဆင့်ကဲ,ဆင့်ကဲ ပေါက်ပွားလာပါ၏။

လှလိုက်တာ ဖြူလေးရယ်။ အဟင်း ... ကမ္ဘာပေါ်မှာ ကိုယ့်လောက်ကံကောင်းတဲ့သူ ရှိနိုင်ပါဦးမလား။ ငွေထုပ်တူးတာ ရတနာသေတ္တာပါ တစ်ခါတည်းတူးမိဆိုသလိုမျိုးပေါ့။ သိပ်လှတဲ့ မင်းလေးကိုရော သိပ်ကိုများပြားလွန်းတဲ့ မင်းရဲ့ ပိုင်ဆိုင်မှုစည်းစိမ်ဥစ္စာတွေကိုရောပေါ့။ ဒီကြားထဲ မာမီထူးက ဆင်ဖြူတော်မှိုပြီး ကြိုစုပ်ချင်သေးတာ။

"အဟင်း ... ဆောရီးပဲ မာမီထူးရေ နှင်းစက်ဖြူရဲ့စည်းစိမ်ဥစ္စာတွေကို နောင်ဘဝကျမှပဲ ခွဲယူပေတော့ ခင်ဗျား



www.burmeseclassic.com

www.burmeseclassic.com



ကြီးလို စိတ်ကောင်းမရှိတဲ့ မိန်းမဆိုးကြီးကို ကျွန်တော်ကလည်း ဖြူလေးရဲ့မျက်နှာကြောင့် သည်းခံနေရတာ''

ကိုယ့်ကိုသာ သူ့ရဲ့မွေးစားသားဆိုပြီး ခေါင်းစဉ်တွေ လျှောက်တပ်နေတာ။ ကိုယ့်ဘဝအတွက် ဘာမှလည်း အထောက် အကူရတာလဲမဟုတ်။ ကိုယ့်ကို ဒီဂွင်ဖြစ်သွားအောင် ကူညီပေးတဲ့ အတွက် ကျေးဇူးတော့တင်ပါတယ်။

ဟိုတစ်ယောက် သတိုးခွေဖင် သူ့ကို ဘယ်လိုမှချစ်လို့ မရတာ ကိုယ့်ကိုယ်ကိုယ် အသိဆုံး။ အဲဒါကို မိန်းမတစ်ယောက် ရဲ့ဂုဏ်သိက္ခာကိုထောက်။ သူ့ဘဝကို ကိုယ့်ထံမှာ ရက်ရက်ရော ရော အပ်နှင်းတယ်။ သူ တကယ်ချစ်ခဲ့တာ ဖြူလေးကိုပါ။ ကိုကို ဖြူလေးကို သိပ်ချစ်တယ် ဖြူလေးရယ်။

ကိုကိုလွင်သည် နှင်းစက်ရဲ့အပေါ်ခြုံသိုးမွေးဝတ်ရုံလေး ကို ဆွဲခွာလိုက်၏။ ဝင်းမွတ်အိစက်နေသော လည်တိုင်ကျော့ ကျော့နှင့် ဖြူဝင်းနေသော ပခုံးသားတစ်ပိုက်ကို ရှူ့ကာ်နိုးတွေ ဝေစွာဖြင့် နေရာမလပ် နမ်းလိုက်၏။

'တင်း . . တောင် . . တင်းတောင်'

အိမ်ရှေ့လူခေါ်ဘဲလ်သံကြောင့် ကိုကိုလွင် စိတ်တိုသွား ၏။ ဘယ်သူများလဲ။ ခွေဖင်လား။ ခွေဖင်ဆိုရင်လည်း လာ လမ်းအတိုင်းသာ လှည့်ပြန်နိုင်းရုံပေါ့။ ဒီနေ့ည ဖြူလေးနဲ့ ကိုယ့်ရဲ့ အချစ် ပျားရည်ဆမ်းပွဲကို ဘယ်သူမှ လာနှောင့်ယှက်ခွင့်မပေး။

တံခါးလော့ခ်ကို ဆွဲလှည့်ဖွင့်လိုက်၏။

'ခွပ်'





'အင့်'

တံခါးဖွင့်လိုက်သည်နှင့် ပါးရိုးတစ်ဖက် ပူခနဲခံစားလိုက် ရ၏။ လူက ကြမ်းပြင်မှာ ဖင်ထိုင်လျက် လဲကျသွား၏။

''မင်း . . . မင်းတို့ ဘယ်သူလဲ၊ ဓားပြတွေလား။ အနု ကြမ်းစီးဖို့လား''

မျက်နှာဖုံးစွပ်လူနှစ်ယောက်အနက်မှ တစ်ယောက်က အိမ်ထဲဝင်သွားပြီး ကျန်တစ်ယောက်က . . .

''ခင်ဗျား သိစရာမလိုဘူး။ နှင်းစက်ဖြူဖြူ ဘယ်မှာလဲ''

''ဖြူလေးက ငါ့ကောင်မလေးကွ၊ မင်းတို့နဲ့ ဘာပတ် သက်လို့လဲ''

ဟုပြောပြီး ပြန်ပြီးခုခံရန် ကုန်းထလိုက်၏။

'ခွပ်'

ခံလိုက်ရပြန်ပြီ ဒုတိယအကြိမ်။

''မင်းထဖို့ မကြိုးစားနဲ့၊ နေရာကနေ တစ်လှမ်းရွေ့တာ နဲ့ မင်းရဲ့အလောင်းကို မြစ်ထဲသွားပြီး ပစ်ချပစ်မယ်၊ အသက် မသေချင်ရင် လုံးဝမလှုပ်နဲ့''

''မင်းတို့ ဓားပြတွေ''

''ငါတို့က ဓားပြတွေ မဟုတ်ဘူးကွ၊ မင်းလိုလူယုတ်မာ ကို ဆုံးမဖို့ ရောက်လာတာ''

အခန်းထဲဝင်သွားသောတစ်ယောက်က နှင်းစက်ကို ပွေ့ ချီပြီး ပြန်ထွက်လာ၏။ တော်ပါသေးရဲ့ လူယုတ်မာရန်က သီသိ လေးလွတ်သွားလို့ပေါ့။ အခုမှ အပေါ်ရုံပဝါလေးပဲ ဖယ်ရသေး



www.burmeseclassic.com

www.burmeseclassic.com



တာ။ နောက်ထပ်မိနစ်ပိုင်းလောက်သာ နောက်ကျခဲ့ရင်တော့ တွေ့တောင်မတွေ့ရပါဘူး။ ကိုကိုလွင်ခများမှာတော့ ကြမ်းပြင်ပေါ်တွင် တုတ်တုတ်တောင် မလှုပ်ရဲရှာပါ။

"မင်း . . . မင်းတို့ . . . ငါ့လက်ထပ်မယ့်ကောင်မလေးကို ဘာလို့ခေါ်သွားတာလဲ၊ ပြန်ထားခဲ့၊ မင်းတို့ကို ပိုင်နက်ကျူးလွန်မှုနဲ့ တရားစွဲမယ်"

အရုပ်မျက်နှာဖုံးကြားမှ မထိတထိပြုံးလိုက်ပြီး . . .

"ကျုပ်တို့ ဘယ်သူလဲဆိုတာ အရင်စုံစမ်းလိုက်ဦး။ ပြီးမှ တရားစွဲ၊ ဟုတ်ပြီလား လူယုတ်မာကြီး"

"ဝုန်း"

တံခါးကိုပိတ်ပြီး အိမ်အောက်ထပ်မှာရပ်ထားသော ကားရှိရာသို့ အမြန်ဆင်းလာကြ၏။

အောက်ရောက်မှ မျက်နှာဖုံးကို ချွတ်လိုက်ကြ၏။

နောက်ခန်းတံခါးကို ကိုဇော အဆင်သင့်ဖွင့်လိုက်ပြီးသည်နှင့် ကျူးက ချစ်သူလေးကို ကားနောက်ခန်းထဲသို့ ညင်သာစွာထည့်သိမ်းလိုက်ပြီး သူပါ ကားနောက်ခန်းမှာပင် ချစ်သူရဲ့ကိုယ်လေးကို ထိန်းမတ်ရင်း လိုက်လာခဲ့၏။

ရင်ထဲမှာ ဆို့နင့်နေသော အလုံးကြီး ခုမှပင် ကျသွားတော့သည်။ တော်တော်ဆိုးတဲ့ကောင်မလေး။ ကိုယ့်ချစ်သူမဟုတ်ဘဲနဲ့များ ပါတီပွဲကို လိုက်သွားရတယ်လို့။ ဒီလိုအခြေအနေတွေဖြစ်မယ်မှန်းသိရင် ဒီပါတီပွဲကို ကိုဇော့ကိုမလွှတ်ဘဲ သူကိုယ်တိုင်သွားပါတယ်။ ခုတော့ . . . ကိုဇော့ရဲ့ပါးနပ်မှုကြောင့် ချစ်သူလေး





နှုတ်မဆိုမနစ်ရတာ။

"ကိုကျူး . . . နှင်းစက်ကို ဘယ်ကိုပို့မလဲ"

"အိမ်ပဲခေါ်သွားတော့မယ်လေ၊ သူ့အိမ်ကိုတော့ ဘယ်နည်းနဲ့မှ ပြန်မပို့နိုင်တော့ဘူး။ ခုကစပြီး နှင်းစက်ကို ငါ နိုးပြေးလိုက်ပြီကွာ"

ညဈေးလရောင်သည် တရိပ်ရိပ်ပြေးနေသော ကားကလေးထဲက ချစ်သူနှစ်ဦးထံသို့ အလင်းရောင်ရသလောက် ပေးရှာပါ၏။

ဆေးအရှိန်ကြောင့် အိပ်မောကျနေသော ချစ်သူရဲ့မျက်နှာကို ငုံ့မိုးကြည့်လိုက်ပြီး အနာဂတ်အတွက် ဘယ်လိုငြိမ်းချမ်းကြည်မွေ့ခြင်းတွေ ပေးရမလဲဟု စဉ်းစားရင်း ရင်မှာပီတိအဟုန်က နှလုံးသားနံရံတွေကို အရှိန်ပြင်းပြင်း ဝင်ဆောင့်နေ၏။ နှလုံးခုန်သံတွေကတော့ တဒုတ်ဒုတ်နဲ့ပေါ့။

နှင်းစက်ရဲ့မျက်ခွံတွေက ဖွင့်လို့မရလောက်အောင်ကို လေးလံလွန်းနေ၏။ ခေါင်းတစ်ခုလုံးကလည်း အုံခဲနေလေသည်။

"နိုးပြီလား ချစ်"

အသိတ်စိတ်တွေ ပုံမှန်ပြန်ဖြစ်လာသော နိုးထခြင်းအစတွင် ချစ်သူရဲ့အသံ၊ ချစ်သူရဲ့ပုံရိပ်ကို အရင်ဦးဆုံးမြင်တွေ့လိုက်ရသဖြင့် အတွေးတွေက အမြင်နှင့်ထပ်တူညီခြင်းမရှိစွာဖြင့် အံ့ဩ



www.burmeseclassic.com

www.burmeseclassic.com



ခြင်းတွေနဲ့ ဆတ်ခနဲ ထထိုင်လိုက်၏။

"ဟင် ... ကျူး ... ကျူး ဘယ်ကနေဘယ်လို နှင်းစက်အခန်းထဲ ရောက်နေရတာလဲ"

လွဲမှားခြင်းကို ကိုယ်က စတင်တယ်ဆိုတာကို အလုံးဝ မရိပ်မိသေး။

"သေချာလည်း ကြည့်ပါဦး ချစ်ရဲ့ ... ဒါ ဘယ်သူ့အခန်းလဲလို့"

ဒီတော့မှ နှင်းစက်အခန်းရဲ့အနေအထားကို မျက်လုံးဝေ့ကြည့်လိုက်၏။

ဟင် ... ဒါ ကိုယ့်အခန်းမှမဟုတ်ဘဲ၊ ဘယ်လိုဖြစ်တာလဲ။ ညက ဘာတွေဖြစ်ခဲ့ကြတာလဲ၊ ည ... ညသူမ ပါတီပွဲမှာ ကိုကိုနဲ့အတူ ရှိခဲ့တယ်။ ခုနိုးတော့ ကျူးအခန်းထဲကို ရောက်နေတယ်။ ဘာတွေလဲ။ ဘာတွေလဲကွယ်။

"ဒါ ... ကျူးရဲ့အခန်းလားဟင်"

"ဒါပေါ့ ချစ်ရဲ့၊ ခု ချစ်ရောက်နေတာ ကိုယ့်ရဲ့အခန်းထဲကို"

"မနေ့ညက ကိုယ် ချစ်ကို ခိုးပြေးလာတာလေ"

"အို မဟုတ်တာ ကျူးရယ်၊ မနောက်ပါနဲ့"

"တကယ်ပြောတာ၊ ချစ်ကို ညက ဟိုလူယုတ်မာလက်ထဲကနေ ကိုယ်မှာ သက်စွန့်ဆံဖျား ကယ်ခဲ့ရတာ၊ ချစ်ရဲ့ကိုယ်လုံးကလေး တော်တော်လေးတာပဲကွာ၊ ကိုယ့်မှာ မနည်းထွေးခဲ့ရတာ၊ ၅ လွှာတိုက်ခန်းပေါ်ကနေဆိုတော့ စဉ်းစားသာကြည့်





တော့"

"ကျူး အဲဒီအဖြစ်အပျက်တွေကို ကျွန် ... ကျွန်မကို ပြန်ပြောပြပါလားဟင်"

ရင်မှာစိုးရိမ်ထိတ်လန့်ခြင်းတွေနဲ့အတူ ချစ်သူကိုတောင်းဆိုမိပါသည်။ ဒါတာ ကိုယ့်ဘဝတစ်ခုလုံးနဲ့ဆိုင်တဲ့ ပြဿနာဆိုးတစ်ခုပဲ။ ချစ်သူရဲ့မျက်ဝန်းများက အံ့ဩစိတ်၊ စိုးရိမ်ပူပန်စိတ်တွေနဲ့ အရောင်တဖျပ်ဖျပ်လက်နေသည်။ သူ့ရဲ့ဂုဏ်သိက္ခာ လုံခြုံမှုအတွက် အစိုးရိမ်ပိုနေသော ချစ်သူလေးကိုကြည့်ပြီး ကျူးရင့်သနားသွားရ၏။ ဘာမှမသိရှာသေးသောချစ်သူလေးကို အဖြစ်မှန်ပြောပြမှာပါ။ အနာဂတ်ကို စိတ်ရှင်းရှင်းနဲ့ ဖြတ်သန်းပါချစ်သူ။

"အို.. ဘုရားရေ.. ဒါ.. ဒါဟာအမှန်ပဲလား ကျူး"

"ကိုယ့်ချစ်သူလေးကို ကိုယ်က ဘာလို့အဓိပ္ပာယ်မဲ့ညာရမှာလဲ၊ မယုံရင် ကိုဇော်ကိုမေးကြည့်"

"အဖြစ်အပျက်က တကယ့်ကို မယုံနိုင်စရာပါပဲ ကျူးရယ်၊ ဘုရား ... ဘုရား ယုတ်မာလိုက်ကြတာ"

"ယုတ်မာတာကတော့ ကမ်းကုန်ပဲ၊ ဒီတော့ ခုကစပြီး ချစ်က ကိုယ့်မိန်းမဖြစ်သွားပြီနော်"

နှင်းစက် ရှက်ရယ်ရယ်လေးဖြင့် ခေါင်းကို ငုံ့လိုက်ပြီး

"အို ... ဘာဆိုင်လို့လဲ"

"ဆိုင်တာပေါ့ ... ချစ်ကို ညက ဒီကိုခိုးပြေးလာတာလေ၊ ဒါကြောင့် ချစ်က ကိုယ့်မိန်းမဖြစ်ပြီပေါ့၊ တအောင့်နေရင်တောင် ချစ်ကို ပြန်အပ်ဖို့အတွက် အန်ကယ်ဦးကျော်မင်းခေါင်



www.burmeseclassic.com

www.burmeseclassic.com



ရောက်လာတော့မယ်၊ ညကကိုယ်အဖြစ်မှန်အားလုံးကို ရှ
လှမ်းပြောပြလိုက်ပြီ''

ကျူးရှင့် ချစ်သူရဲ့လက်ကလေးကို ညင်သာစွာ ဆွဲ
လိုက်ပြီး နမ်းရှိုက်လိုက်၏။

''ချစ်... ခုချိန်ကစပြီး ချစ်ရဲ့ဘဝ အရှုပ်ဆိုး အကျ
တန်စေမယ့် ဘယ်လိုအကြောင်းအရာမျိုးကိုမဆို ချစ်ရေ့
မားမားရပ်ပြီး ကာကွယ်ပေးပါ့မယ်လို့ ကတိပေးပါတယ်ကွာ
စပြီး ကိုယ်တို့ ငြိမ်းချမ်းတဲ့ဘဝလေးကို တည်ဆောက်ြ
အောင်နော်''

''ကျူးရဲ့ဆန္ဒဟာ ကျွန်မရဲ့ဆန္ဒပဲပေါ့၊ ကျွန်မက ကျ
အရိပ်ကလေးတစ်ခု ဖြစ်ခွင့်ရရင်တောင် ကျေနပ်နေတဲ့သူ

ချစ်သူရဲ့ရင်ခွင်သည် ထင်ထားတာထက်ပိုပြီး နွေး
လုံခြုံနေပါလားကွယ်။ ကိုယ့်ရင်ခွင်ထဲ နိုဝင်လာသောချစ်သူ
ကို အနမ်းတွေနဲ့ နှစ်သိမ့်ပေးလိုက်သော ကျူးရှင့်ရဲ့ရင်ထဲ
အချစ်ပန်းတွေ အခါခါပွင့်ဖို့ နေခြည်အလာကို စောင့်မျှော်နေကြ

''ကျွန်မရဲ့အနာဂတ်ကို ကျူးရဲ့စိတ်ကြိုက် ပုံဖော်
တော့နော်''

ချစ်သူနှစ်ဦး၏ရင်ခွေ့မျှားသည် အချင်းချင်း မိတ်ဖွဲ့
ကြ၏။ တအောင့်ကြာတော့ ဘဘဦးကျော်မင်းခေါင်ရောက်လာ
ချစ်သူနှစ်ဦး ဧည့်ခန်းထဲသို့ ထွက်လာကြ၏။ ဘဘ
နှင်းစက်ကိုမြင်တော့ စိတ်မကောင်းဖြစ်လွန်းသောအသံဖြင့်...

''သမီးရယ်... ကံသီပေလို့သာပေါ့၊ ငါ့သမီးသာ တ





ခုဖြစ်ရင် ဘဘတော့ သေတာတောင် အသေဖြောင့်မှာမဟုတ်
ဘူးကွယ့်၊ အဲဒါ ဘဘအပြစ်တွေပါကွယ်၊ သမီးဆီကို တစ်လ
တစ်ကြိမ်ကလွဲပြီး ကျန်တဲ့အချိန်တွေမှာ မလာဖြစ်တဲ့ ဘဘရဲ့
ပေါ့ ပြုမှုတွေကြောင့်ပါ''

''ဘဘမှစိတ်မကောင်းမဖြစ်ပါနဲ့တော့ ဘဘရယ်၊ နှင်း
က်လည်း သူတို့လက်က ရုန်းထွက်လာခဲ့ပြီပဲ''

''အဲဒါ မောင်ကျူးရှင့်ကြောင့်ပေါ့''

သမီးနဲ့မောင်ကျူးရှင့်ကိစ္စကို ဘဘ အကုန်သိပြီးပြီကွယ်၊
ဘဘ ကျေနပ်တယ်''

''သမီးဒယ်ဒီရဲ့သေတမ်းစာထဲက စည်းမျဉ်းဖယား
အတိုင်းဆိုရင် အားလုံးဟာ အချိန်ကိုက်ပါပဲကွယ်''

နှင်းစက် ဘဘပြောတာကို သိပ်နားမလည်ပါ။ ဒယ်ဒီ
က သေတမ်းစာမှာ ဘာတွေရေးထားခဲ့လို့ပါလိမ့်။

''ဘာကိုအချိန်ကိုက်တာလဲဟင် ဘဘ''

''သမီးဒယ်ဒီက သမီးကို အသက်နှစ်ဆယ်ပြည့်ရင်
သင့်တော်မယ့်သူနဲ့ အိမ်ထောင်ချပေးပြီး သူ့ရဲ့ပိုင်ဆိုင်မှုတွေ
အားလုံးကို သမီးကိုလွှဲပေးဖို့ပါပဲကွယ်''

''ဘဘ ခုလို secreat လုပ်ရတာလည်း သမီးဒယ်ဒီရဲ့
ဆန္ဒကြောင့်ပါ၊ ဒီအကြောင်းတွေကို ရိပ်မိတဲ့ ဒေါ်ရှုးထူးမြိုင်က
သမီးကို သူ့ရဲ့မွေးစားသားဆိုတဲ့ ကောင်လေးနဲ့ အိမ်ထောင်ချ
ပေးဖို့ တိတ်တဆိတ်စီစဉ်နေတာ''

''ဒါတွေကို ဘဘက ဘယ်လိုသိတာလဲဟင်''



www.burmeseclassic.com

www.burmeseclassic.com



ဘဘက နှင်းစက်ရဲ့အမေးကို ချက်ချင်းမဖြေသေး ဘဲ အသံခပ်အစ်အစ်ဖြင့် ရယ်လိုက်ပြီး . . .

"ဒေါ်ထူးထူးမြိုင်ရဲ့လုပ်ရပ်တွေအကုန်လုံးကို ဘဘက နောက်ကွယ်ကနေ စောင့်ကြည့်နေတာပေါ့ကွယ်"

သူတို့သားအမိအတွက် မဆီမဆိုင် စိုးရိမ်ပေးမိလိုက် သေး၏။

"သူတို့သားအမိအတွက်ရော ဒယ်ဒီက ဘယ်လိုစီစဉ် ပေးခဲ့သေးလဲဟင်"

"အခုလက်ရှိကုမ္ပဏီကိုသာ သူတို့သားအမိနာမည်နဲ့ လွှဲပေးခဲ့တာပါ။ ကျန်တာအားလုံးဖြစ်တဲ့ဘဏ်မှာရှိတဲ့ ငွေသား သိန်းသုံးသောင်းရယ်, ဘဘကိုယ်တိုင် ဦးစီးပေးနေတဲ့ နယ်က ဆန်စက်, ဆီစက်တွေရယ်, အတွင်းပစ္စည်းတွေ စိန်, ရွှေ ရတနာ အားလုံးနဲ့ အခုလက်ရှိနေနေတဲ့ တိုက်နဲ့ကားရယ်, ရွှေတောင် ကြားက တိုက်ရယ်, အဲဒါတွေအားလုံးကိုတော့ သမီးလေးရဲ့ နာမည်နဲ့ လွှဲခဲ့တာပါကွယ်၊ ရတနာပစ္စည်းတွေကလည်း စိန် ထည်တွေကပဲ ကာလပေါက်ဈေးနဲ့ဆိုရင် သိန်းသုံးထောင် လောက်တန်လိမ့်မယ်ကွယ့်၊ ရွှေထည်တွေကတော့ အလေးချိန် အားဖြင့် ပြောမယ်ဆိုရင် ငါး ပိဿာလောက်တောင်ရှိမယ်"

"အို ဒယ်ဒီရယ် . . . သမီးအပေါ် အဲဒီလောက်တောင် ချစ်ရလား။ သမီးရဲ့ရှေ့ရေးအတွက် အကွက်ကျကျစီစဉ်ပေးခဲ့တဲ့ ဒယ်ဒီကို သမီးကျေးဇူးတုံ့ပြန်ဖို့ အခွင့်အရေးလေးတောင် မရ တော့ဘူးလား"





"ဘဘကို သမီးတောင်းဆိုပါရစေ"

"ပြော သမီး . . . ဘဘ ဘာလုပ်ပေးရမလဲ"

"ဒယ်ဒီထားခဲ့တဲ့ ရတနာတွေက တချို့တစ်ဝက်ကို ထုခွဲရောင်းချပြီးတော့ မိဘမဲ့ကလေးတွေနဲ့ ရွှေတိဂုံဘုရားမှာ ငွေပဒေသာပင်ပိုက်ထူပြီး ဒယ်ဒီ့အတွက် ရည်စူးပြီး လှူချင် တယ်"

"ကျန်တဲ့ပစ္စည်းတွေကိုလည်း ဘုရားတည် ကျောင်း ဆောက်ပြီး စေတီတစ်ခုမှာ ဌာပနာထည့်ချင်ပါတယ်"

ဘဘက ဝမ်းသာကျေနပ်သောပီတိအသံကြီးဖြင့် . . .

"ဟာ . . . ကောင်းလိုက်တဲ့သဒ္ဓါတရား။ ဘဘခွင့်ပြု တယ် သမီး . . . ဒါဟာ ဘယ်လိုမှ အဖိုးမဖြတ်နိုင်တဲ့ ဒါနတွေပဲ ကွယ်၊ အင်း . . . အံ့ဩွယ်ရယ် မင်းသမီးက မင်းထင်ထားတာ ထက်တောင် ပိုပြီးသိတတ်လိမ္မာလွန်းနေပါလားကွာ"

ဘဘကပြောပြီး မျက်ရည်ဝဲလာတော့ နှင်းစက်မှာ ဒယ်ဒီ့ကို သတိရတဲ့စိတ်နဲ့ တသိမ့်သိမ့်ရှိုက်ငိုမိပါသည်။

ကျူးသာ ဘေးနားကနေ အသံပေးနှစ်သိမ့်မေးရှာပါ၏။

သြော် . . . ခုတော့လည်း ကိုယ့်ဘေးမှာ ကိုယ့်ပခုံးလေး ကို အသာပုတ်ပြီး နှစ်သိမ့်ပေးမယ့် အကြင်နာလက်တစ်စုံ ရှိနေ ပါပြီ။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း ( ၂၅ )

ဧည့်ခန်းထဲမှာ ဘဘဦးကျော်မင်းခေါင်ရယ်၊ သတိုးဟေသာတို့ညီအစ်မရယ်၊ လေဖြတ်ထား၍ ဝှီးချဲလ်ဖြင့် ထိုင်နေရရှာသော ဒေါ်ထူးထူးမြိုင်ရယ်။

အားလုံးက ဘဘဦးကျော်မင်းခေါင်ဆီမှ ဦးအံ့ဘွယ်ရဲ့ သေတမ်းစာထဲမှာပါတဲ့အကြောင်းအရာတွေကိုသာ လောဘရမ္မက်တွေဖြင့် ငံ့လင့်နေကြ၏။

သေတမ်းစာရဲ့ စည်းမျဉ်းစည်းကမ်းကို အရိပ်အမြွက်လောက် ကြိုသိနေသော ဒေါ်ထူးထူးမြိုင်မှာတော့ လေဖြတ်ထားသဖြင့် ဘာစကားတစ်ခွန်းမှ မပြောနိုင်ရှာတော့။

သောကတွေက အသိဉာဏ်တွေကို ဝါးမျိုကုန်ရှာ၏။ ကိုယ့်ရဲ့လောဘတွေကိုတောင် ထုတ်ဖော်မပြောပြနိုင်ရှာတော့။

မျှော်လင့်ချက်မဲ့စွာဖြင့် ပါးပြင်ပေါ်သို့ မျက်ရည်များ





"အဟမ်း"

သေတမ်းစာကို ဖတ်ပြဖို့အတွက် အရှိန်ယူသည့်အနေဖြင့် ဘဘဦးကျော်မင်းခေါင်သည် လည်ချောင်းကို တစ်ချက်ရှင်းလိုက်ပြီး . . .

"ကွယ်လွန်သူ ဦးအံ့ဘွယ်ရဲ့ဆန္ဒအရ ဒေါ်ထူးထူးမြိုင်လက်ရှိစီမံအုပ်ချုပ်နေတဲ့ ကုမ္ပဏီကိုတော့ ဒေါ်ထူးထူးမြိုင်တို့ သားအမိသုံးယောက်အတွက် လွှဲပြောင်းပေးခဲ့ပြီး၊ ကျန်တဲ့ပိုင်ဆိုင်မှုအားလုံး ယခုလက်ရှိ တိုက်နဲ့ကားပါမကျန် ပိုင်ဆိုင်မှုအားလုံးကိုတော့ သမီးဖြစ်သူ နှင်းစက်ဖြူဖြူရဲ့အသက်နှစ်ဆယ်ပြည့်ရင် သူ့ချစ်သူနဲ့ပဲဖြစ်ဖြစ် ဒါမှမဟုတ် အမွေထိန်းဖြစ်သူ ကျွန်တော်ကပဲဖြစ်ဖြစ် သင့်တော်တဲ့လူငယ်တစ်ဦးဦးနဲ့ အိမ်ထောင်ချပေးပြီးမှ လွှဲပြောင်းပေးရမှာ ဖြစ်ပါတယ်"

ဦးကျော်မင်းခေါင်ရဲ့သေတမ်းစာဖတ်အပြီးမှာ သတိုးဟေသာက ခပ်မဲ့မဲ့လေး ပြုံးလိုက်ပြီး . . .

"အဟင်း . . . လက်ရှိအခြေအနေမှာတော့ နှင်းစက်ဖြူဖြူက ကျွန်မညီမလေးဆွေဇင်ရဲ့ခင်ပွန်းနဲ့ ခိုးရာလိုက်ပြေးသွားတာ၊ ဘယ်ရောက်လို့ရောက်မှန်းတောင် မသိပါဘူးရှင်"

ဆွေဇင်က အပူရုပ်ဖြင့်ဟန်လုပ်ရင်း မျက်ရည်လည်ရွဲဖြင့်

"ဟုတ်ပါတယ် ဘဘရယ်၊ ကိုကိုလွင်နဲ့ သမီးက တရားရုံးတစ်ခုမှာ လက်မှတ်ထိုးထားကြပါတယ်၊ ခုတော့ သူ . . . သူတို့ လုပ်ရက်တယ် ဘဘရယ်၊ သမီးမှာ ကိုကိုရဲ့ကိုယ်ဝန်ကိုတောင် လွယ်ထားရပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



သတိုးဟေသာက သူတို့ရဲ့ဆန္ဒအမှန်တွေကို အရိပ်အမြွက် တင် ပြသေး၏။

"ဖြစ်သင့်တာက နှင်းစက်အနေနဲ့ သူခိုးယူပေါင်းသင်းနေတဲ့ ကိုကိုလွင်နဲ့ မယားကြီးဖြစ်သူ ဆွေဇင်ကို နစ်နာကြေးအနေနဲ့ ပေးသင့်တယ်လို့ ထင်ပါတယ်"

သူမတို့ရဲ့စကားတွေကြောင့် ဦးကျော်မင်းခေါင် ပြုံးလိုက်၏၊ ပြီးမှ . . .

"အင်း . . . သမီးတို့ထင်သလို နှင်းစက်ကလေးက ကိုကိုလွင်နဲ့အတူ တစ်နေရာမှာ ခိုးယူပေါင်းသင်းနေတယ်ဆိုတာ မဟုတ်ပါဘူးကွယ်"

ဟေသာနဲ့ဆွေဇင် ဦးကျော်မင်းခေါင်စကားကြောင့် တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ကာ မခိုးမခန့်ရယ်လိုက်ကြ၏။

"အဟင်း ဘဘရယ် . . . ကိုကိုလွင်နဲ့ ပါတီပွဲကိုလိုက်သွားတဲ့ညကတည်းက နှင်းစက် ပြန်မလာတာ ခုချိန်ထိပဲလေ၊ ဒါကို ခိုးယူပေါင်းသင်းတယ်လို့ မပြောလို့ ဘယ်လိုပြောရမလဲ၊ ဘာလဲ လင်နောက်လိုက်တယ်လို့ ပြောရမလား"

ဦးကျော်မင်းခေါင် လက်ကာပြရင်း သူမတို့နှစ်ယောက်ဆက်ပြောလာမယ့် စကားလုံးရိုင်းရိုင်းတွေကို တားမြစ်လိုက်၏။

မိတွေးသမီးတွေ ပီသပါပေတယ်။

"သမီးတို့ထင်သလို မဟုတ်ပါဘူးကွယ်၊ တကယ့်အဖြစ်မှန်က ကိုကိုလွင်နဲ့အတူ ဒေါ်ထူးထူးမြိုင်ရဲ့အကြံအစည်ကဲ ပါတီပွဲကို ကိုကိုလွင်နဲ့အတူ နှင်းစက်ကို အတင်းဖွတ်လိုက်ခိုင်းပြီး





တီပွဲရောက်ရင် ကိုကိုလွင်က နှင်းစက်သောက်မယ့်အအေးဖန်ခွက်ထဲကို အိပ်ဆေးမှုန့်တွေထည့်ပြီး နှင်းစက်ကိုတိုက်ဘယ်၊ ဒါကို နှင်းစက်က မသိတော့ ဒီအအေးကို သောက်မိပါလိမ့်မယ် . . . ၊ ဒီအိပ်ဆေးတန်ခိုးရဲ့ဆေးအရှိန်ကြောင့် အသိစိတ်ကင်းမဲ့သွားတဲ့ နှင်းစက်ကို ကိုကိုလွင်က သူ့အိမ်ကိုခေါ်သွားပြီး အပိုင်သိမ်းဖို့ ကြံစားနေတဲ့အချိန်မှာ နှင်းစက်ကို သူ့ရဲ့ချစ်သူကောင်လေးက အချိန်မီ ဝင်ကယ်လိုက်လို့သာ ကိုကိုလွင်ရဲ့စော်ကားခံရမှုမှ လွတ်မြောက်ခဲ့တာပါ . . . နှင်းစက်ဟာ အခု ကိုကိုလွင်နဲ့အတူရှိနေတာ မဟုတ်ပါဘူး၊ သူ့ချစ်သူနဲ့အတူ ရှိနေတာပါ"

"ရှင်"

"အို"

ညီအစ်မနှစ်ယောက်စလုံးထံမှ အာမေဋိတ်သံများ တစ်ပြိုင်နက်တည်း ထွက်လာ၏။ ဒေါ်ထူးထူးမြိုင်ရဲ့မျက်ဝန်းမှာလည်း စကားမပြောနိုင်လောက်အောင် ပါးတစ်ခြမ်းရွဲ့နေပေမယ့် မျက်ဝန်းမှ မျှော်လင့်ခြင်းအရောင်တစ်ခုကတော့ ဖြတ်သန်းသွားပါ၏။ ဆွေဇင်က ဝမ်းသာအားရဖြင့် . . .

"ဒါ . . . တကယ်ပဲလားဟင်"

"ဒါတွေဟာ တကယ်ပါ . . . တကယ့်အမှန်တွေပါကွယ်"

ထိုစဉ် ဧည့်ခန်းထဲသို့ ကျူးရင့်နှင့်နှင်းစက် ဝင်လာ၏။

ကျူးရင့်ကိုမြင်တော့ ဟေသာမှာ တအံ့တဩဖြင့် မယုံနိုင်လောက်သောအမူအရာ ထင်ရှားစွာဖြင့် . . .



www.burmeseclassic.com

www.burmeseclassic.com



"ဟယ် ... ကျူးရင့် ရှင်က ဘယ်လိုရောက်လာတာလဲ၊ နှင်းစက်နဲ့ ပါလာတာလား"

"ဒါပေါ့ ... နှင်းစက်ရဲ့ချစ်သူက ကိုယ်လေ၊ သူဟာ ကိုယ့်ရှာနေတဲ့ စင်ဒရဲလားပေါ့"

ကံတရားရဲ့မျက်လှည့်ပြကွက်က ဆန်းကြယ်လှပါတယ်။ ဘယ်လိုမှ မဆုံစည်းနိုင်ဘူးဟုထင်ထားတဲ့ သူနှစ်ဦးက ချစ်သူတွေတဲ့။ ဇါမှာတော့ မင်းသားလေးကို ကျိတ်ပြီးစွဲလမ်းလိုက်ရတာ။ မင်းသားက နှင်းစက်ရဲ့ချစ်သူတဲ့ ... တကယ့်ကို မယုံနိုင်စရာပါပဲ။

"ဟုတ်တယ် ဟေသာ၊ ကျူးနဲ့ငါနဲ့ ရှေ့လကျရင် လက်ထပ်ကြတော့မှာပါ၊ လူကြီးတွေ မင်္ဂလာပွဲအတွက်တောင် ရက်ရွေးပြီးပြီ"

နှင်းစက်က ဘာမှမဖြစ်သလိုပဲ ပြုံးပြုံးရွှင်ရွှင်နဲ့ ပြောလေသည်။

"သမီး"

ဘွားငြိမ်း အခန်းကွယ်မှနေ၍ မျက်ရည်စက်လက်ဖြင့် ထွက်လာ၏။

"ဘွားငြိမ်း"

"သမီးလေးရယ်၊ ခုတော့ သမီးလေးရဲ့ဘဝ ငြိမ်းချမ်းသွားပြီပေါ့ကွယ်"

ဘွားငြိမ်းရဲ့ခန္ဓာကိုယ်ဝဝကြီးကို သိမ်းဖက်လိုက်ပြီး ..

"ဒါပေါ့ ဘွားငြိမ်းရယ်၊ ခုချိန်ကစပြီး ဘွားငြိမ်းလည်း





အိမ်မှုကိစ္စတွေကို ဘာမှမလုပ်ရတော့ဘူးနော်"

ဦးကျော်မင်းခေါင်က ထောက်ထားခြင်းမရှိသောစကားကို ဆိုလေပြီ။ ဒါဟာ တာဝန်ဝတ္တရားတစ်ခုပဲ။ ဦးအံ့ဘွယ်ရဲ့ သေတမ်းစာအရ ဆုံးဖြတ်ရတာဖြစ်တဲ့အတွက် သူကိုယ်တိုင်လည်း ဘာမှမတတ်နိုင်ပါဘူး။

"ကဲ ... ဦးအံ့ဘွယ်ရဲ့သေတမ်းစာအရဆိုရင် ဒီအိမ်ကြီးကို နှင်းစက်ဖြူဖြူကို လွှဲပေးရတော့မှာပါ၊ ဒါကြောင့် ဒေါ်ထူးထူးမြိုင်တို့မိသားစုက ဒီနေ့ပဲ ဆင်းပေးကြဖို့ မေတ္တာရပ်ခံပါတယ်"

"ရှင်"

ထိတ်လန့်ခြင်းတွေနှင့်အတူ ခန္ဓာကိုယ်ထဲမှာ လည်ပတ်နေတဲ့သွေးကြောတွေ ထုံထိုင်းရပ်တန့်သွားရလောက်အောင် တုန်လှုပ်သွားသူများက ဒေါ်ထူးထူးမြိုင်တို့သားအမိသုံးယောက်။ သူတို့သားအမိသုံးယောက်မှာ ဘာများကျန်တော့မှာလဲ။ကုမ္ပဏီကိုလည်း ဦးသော်ဇင်ကို အကြွေးတွေပြန်မဆပ်နိုင်လို့ လွှဲပေးရတော့မယ်။ ကျန်တဲ့အတွင်းပစ္စည်းတချို့ဆိုတာလည်း ဖဲကြွေးတင်ဂျင်ဝိုင်းမှာ ရှုံးတာနဲ့တင်ပဲ တက်တက်စင်အောင် ပြောင်ခဲ့ပြီ။

ဒါတောင် ဟေသာတို့ညီအစ်မ နှင်းစက် အိမ်ကထွက်သွားပြီးမှ သိခဲ့ရတာ။ အဲဒီတုန်းက ဒီလောက်ထိ မတုန်လှုပ်ခဲ့ကြ။ သူများမကောင်းကြံ ကိုယ်သာခံဆိုတဲ့အတိုင်း နှင်းစက်အပေါ်မှာ အမြဲတမ်း စိတ်ကောင်းမမွေးနိုင်ခဲ့ရှာသော သူတို့ရဲ့စိတ်မှောင်မှောင်တွေကို လောကကြီးက ခုတော့ ကောင်းကောင်း



www.burmeseclassic.com

www.burmeseclassic.com



ပြန်ပြီးသင်ခန်းစာပေးနေပြီပေါ့။

"သိပ်လည်း စိတ်မလျှော့ရှားပါနဲ့ ဟောသာရယ်၊ ဒို့ကို နင်တို့ ရက်စက်ခဲ့သလို ငါက နင်တို့သားအမိကို ပြန်ပြီးမရက်စက်ပါဘူး"

"ဒီအိမ်ကနေ ဖယ်ပေးရပေမယ့် နင်တို့သားအမိကို ရွှေတောင်ကြားကအိမ်ကိုပေးမှာပါ၊ ကုမ္ပဏီကိုလည်း ပြန်ထူထောင်နိုင်အောင် ငါ့ရှယ်ယာတွေထဲက ၅၀% ကို ခွဲပေးပါ့မယ်"

နှင်းစက်ထံမှ မဂ်လာရှိသော စကားကြားရတော့ ဟောသာနှင့်ခွေဖင်မှာ ကိုယ့်အပြစ်ကိုယ်သိပြီး ဝန်ချတောင်းပန်လိုသောစိတ်တွေက သူတို့ရဲ့လေးလံသော ခြေလှမ်းတွေကို ဦးဆောင်ခေါ်ဆောင်ပြီး နှင်းစက်ရှေ့မှာ ဒူးထောက်၍ ထိုင်ချလိုက်ကြ၏။

"နှင်းစက်ရယ်... ငါတို့ကိုခွင့်လွှတ်ပါ။ နင့်အပေါ် ငါတို့ နည်းနည်းလေးမှ မကောင်းခဲ့ကြဘူး။ အဲဒီနောင်တတွေဟာ ငါတို့ သေသွားတဲ့ထိ ငါတို့ရဲ့စိတ်ဝိညာဉ်တွေမှာ ကပ်ပါလာကြဦးမှာပါ"

ကိုယ့်ကို လက်မြှောက်အရှုံးပေးလာသူကို အနိုင်မယူရက်တာ နှင်းစက်ရဲ့စိတ်ရင်းအမှန်ပါ။ ဒါကြောင့် ညီအစ်မနှစ်ယောက်စလုံးကို ဖေးကူကာ ရယ်မောလိုက်ပြီး...

"မလိုပါဘူးဟယ်... ငါ နင်တို့ကို အရင်ကတည်းက မမုန်းခဲ့ပါဘူး။ ဒါကြောင့် ခွင့်လွှတ်တယ်ဆိုတဲ့စကားကို အထူးတလည်တောင် ပြောစရာမလိုတော့ပါဘူး။ နင်တို့ ငါတို့တွေက လောက,က ချမှတ်တဲ့ ဇာတ်ရုပ်အတိုင်း ဘဝကိုရပ်တည်ကြရ





တာပဲ"

"အဓိက,က ကိုယ့်လုပ်ရပ်ကို ကောင်းတယ်,မကောင်းဘူးဆိုတဲ့ ခွဲခြားတတ်တဲ့ ဉာဏ်လေးရှိဖို့ပဲ လိုအပ်တာပါ၊ နင်တို့နဲ့ငါဟာ အမြဲတမ်း ညီအစ်မတွေပါပဲ"

ညီအစ်မနှစ်ယောက် အပြုံးကိုယ်စီဖြင့် နှင်းစက်၏ခန္ဓာကိုယ်လေးကိုသိုင်းဖက်လိုက်ကြပြီး...

"ဝမ်းသာလိုက်တာ နှင်းစက်ရယ်၊ ငါတို့ နင့်ကို တစ်သက်လုံး အနိုင်ယူလာသမျှတွေကို နင်က ဒီလိုသိမ်မွေ့တဲ့စိတ်ထားလေးနဲ့ ငါတို့ရဲ့စိတ်ဆိုးစိတ်ညစ်တွေကို အနိုင်ယူလိုက်တာပါပဲ"

"အဲဒီအတွက် ငါတို့ကျေနပ်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



## အခန်း ( ၂၆ )

"ချစ် . . . ကိုယ်တို့ဝဲလ်ဒင်ကို အပျော်စီးသင်္ဘောကြီးကို စင်းလုံးငှားပြီး အဲဒီအပေါ်မှာပဲ ကျင်းပရင်ကောင်းမယ်၊ အားလုံးရဲ့စိတ်တွေလည်း Relax ဖြစ်သွားတာပေါ့"

"ဟိုတယ်မှာဆိုရင် ကိုယ့်စိတ်တွေကျဉ်းကျပ်မှာ၊ လာတဲ့ ဧည့်ပရိသတ်တွေလည်း စိတ်ကျဉ်းကျပ်ပြီး ပျော်စရာကောင်းမှာ မဟုတ်ဘူး"

"ကောင်းသားပဲ ကျူးရဲ့ . . . ကျွန်မတို့မင်္ဂလာပွဲလေးကို လွတ်လွတ်လပ်လပ်, ပေါ့ပေါ့ပါးပါးနဲ့ကျင်းပတော့ အားလုံးလည်း စိတ်ဝင်စားကြမှာ"

ချစ်သူရဲ့ဆန်းသစ်တဲ့အတွေးတွေကို နှင်းစက်လည်း သဘောကျပါ၏။ ကောင်းကင်မှာ ကြယ်ကလေးတွေ လဲ့ဖြာနေကြ၏။

"ချစ် အခု ကိုယ်တို့ ဘယ်အိမ်ကို ပြန်ကြမလဲ၊ ချစ်ရဲ့





အိမ်ကိုသွားမလား၊ ကိုယ့်ရဲ့မေတ္တာစံအိမ်ကို သွားမလား"

"ကျွန်မတို့အိမ်ကို ဘာမှမရှင်းလင်းရသေးဘူး ကျူးရဲ့၊ မာမီထူးပြောင်းသွားကတည်းက ဒီအတိုင်းပဲ ပစ်ထားတာလေ"

"ဒါဆို ကိုယ့်ရဲ့မေတ္တာစံအိမ်ကလေးကိုပဲ မောင်းတော့မယ်နော်"

"အင်း ပေါ့"

မေတ္တာစံအိမ်ရှေ့ရောက်တော့ ကိုဇော်တို့ အသာမောင်တို့က အဆင်သင့်ထွက်ကြိုနေကြ၏။

ကျူးက ကားပေါ်မှဆင်းပြီး . . .

"အဆင်သင့်ဖြစ်ပြီလား ကိုဇေ"

"ဖြစ်ပါပြီ ကိုကျူး"

"အဲ . . . ကိုကျူးတို့ ကနေ့ဒါကို အလည်သွားနေတဲ့ တစ်ချိန်လုံးမှာတော့ မီဒီယာတွေက အမြဲမပြတ်ဆက်သွယ်တယ်၊ မင်းသားလေး ဘယ်ပျောက်နေသလဲ၊ မင်္ဂလာပွဲကို ဘယ်တော့လောက် စီစဉ်ဖြစ်မလဲပေါ့"

"မင်း ဘာတွေပြန်ပြောလိုက်လဲ"

"ကနေ့ဒါကို သူ့ရဲ့ဇနီးလောင်း စင်ဒရဲလားနဲ့ အလည်သွားတယ်လို့ပဲ ပြောထားပါတယ်၊ မင်္ဂလာပွဲကတော့ အတိအကျ ရက်မသတ်မှတ်ရသေးဘူးလို့ ပြောထားပါတယ်"

"အေး . . . ကောင်းတယ်"

ကိုဇော်ကို မှာစရာရှိတာမှာပြီး အိမ်ထဲ ဝင်လိုက်ကြ၏။ ကိုဇောတို့အိမ်ထဲကို လိုက်မဝင်လာကြဘဲ အပြင်မှာပဲ ရပ်ပြီးကျန်



www.burmeseclassic.com

www.burmeseclassic.com



ခဲ့၏။

အိမ်ထဲ လှမ်းဝင်လိုက်သည်နှင့် မွှေးပျံ့သောရနံ့တို့က သူမလေးရဲ့စိတ်အာရုံတွေကို ဆီးကြိုပွေ့ဖက်၏။

"ဟယ် ... နှင်းဆီတွေ၊ အို ... များလိုက်တာ ကျူး ရယ်"

အခန်းနံရံတွေမှာရော ... ပန်းခြင်းကြီးတွေနဲ့ရော ကြမ်းပြင်တွေပေါ်မှာ လှပဆန်းကြယ်လွန်းစွာ တန်ဆာဆင်ထားသော အဖြူ၊ အနီ၊ အဝါ၊ ပန်းရောင် စသော အရောင်အသွေးစုံလင်သော နှင်းဆီတွေ အိမ်ကြီးတစ်ခုလုံးကို ပန်းတွေနဲ့ ကာရံထားသည်ဟုထင်ရလောက်အောင်များ လွန်းပေ၏။

ပန်းတွေရဲ့အလယ်မှာတော့ ကြီးမားသော အသည်းပုံ အနီရဲရဲကြီးဖြင့် ပုံဖော်ထားသော ကိတ်မုန့်ကြီးတစ်လုံး သူမ အံ့သြမှင်တက်နေဆဲမှာပဲ အနောက်မှ သိမ်းကျုံးဖက်တွယ်လိုက်သော အထိအတွေ့နွေးနွေးနဲ့အတူ သူမရဲ့ကုတ်သားဝင်းဝင်းလေးပေါ်သို့ နွေးထွေးသောချစ်သူရဲ့အနမ်းတစ်စုံကျလာ၏။

"ချစ်ရယ် ... ကိုယ်လေ မင်းကို အရမ်းချစ်တယ်"

"ကျွန်မလည်း ကျူးကို ချစ်ပါတယ်ကွယ်"

"ဒီနေ့ ဘာနေ့လဲချစ်"

"ဟင် ... ဒီနေ့ စနေနေ့လေ ကျူးရဲ့"

"ဒီကောင်မလေးတော့ အားမနာတမ်း အနမ်းခံချင်ပြီထင်တယ်၊ ပြောစမ်း ကိုယ်မွေးနေ့တောင် ကိုယ်မမှတ်မိရအောင် ဘယ်ကိုစိတ်ရောက်နေလဲ"





ဒီတော့မှ နှင်းစက်ကိုယ့်မွေးနေ့ဆိုတာ သတိရတော့၏။

"အို ... ဟုတ်ပါရဲ့ ကြည့်စမ်း၊ ကျွန်မ မေ့နေတာ ကျူးရဲ့"

"ကျွန်မ အာရုံထဲမှာ ကျူးပဲ အချိန်ပြည့်ရှိနေတော့ ကိုယ့်မွေးနေ့တောင် ကိုယ်မေ့နေတယ်"

ကျူးက သူ့ကုတ်အကျႌထဲမှ ကတ္တီပါဘူးလေးတစ်ခု ထုတ်ပြီးဖွင့်ကာ ...

"ဒီမှာကြည့်စမ်း ချစ်၊ ဒါ ကိုယ်တို့ရဲ့လက်ထပ်လက်စွပ် မလှဘူးလား"

အင်္ဂလိပ်စာလုံးလေးနှင့် ပုံဖော်ထားသော ပုလက်တီနမ် လက်စွပ်လေးနှစ်ကွင်း။

ကျူးရဲ့လက်စွပ်ကလေးမှာ K ဆိုတဲ့စာလုံးလေး၊ နှင်းစက်ရဲ့လက်စွပ်ကလေးမှာ N ဆိုသောစာလုံးလေးတွေကို စိန်ကလေးတွေ မြှုပ်ပြီး ပုံဖော်ထား၏။တစ်ယောက်နှင့်တစ်ယောက် အပြန်အလှန်လက်စွပ် ကလေးတွေကို စွပ်ပေးကြ၏။

ထိုခဏမှာပင် တစ်ခန်းလုံးမီးတွေမှိန်ကျသွားပြီး ကိတ်မုန့်ကလေးပတ်ပတ်လယ်မှာသာ အသည်းပုံသဏ္ဌာန်အလင်းလေးတွေ ဖြာထွက်လာ၏။

"အို ... မှောင်သွားပြီ ကျူး"

"ကိုယ် တမင်အမှောင်ချခိုင်းလိုက်တာလေ၊ ဒါမှ ကိုယ့်ချစ်သူကို နမ်းတာ လူမမြင်မှာပေါ့၊ အဲဒီအနမ်းတွေက ချစ်အတွက် မွေးနေ့လက်ဆောင်အနမ်းပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"အို... ကျုံး... လွှတ်ပါ၊ ဟိုမှာ ကိတ်မုန့်သွားလှီးကြမယ်လေ"

"ဟင့်အင်း ... နမ်းပြီးမှ လှီးမယ်ကွာ"

အမှောင်ထဲမှာပင် ချစ်သူရဲ့ရင်ခွင်ကျယ်ကြီးထဲက ရုန်းထွက်ခဲ့ပြီး ကိတ်မုန့်ရှိရာသို့အပြေး ချစ်သူကလည်း အလွှတ်မပေး။

"ဟော့ ... ဟော့ ... ချစ် ... အဲဒီလို မညစ်နဲ့ကွာ၊ မွေးနေ့လက်ဆောင်ဆိုတာ ဘာပေးပေး ယူရတယ်လေ"

"အဟင်း ဟင်း ... ပေးချင်ရင် မိအောင်ဖမ်းပေါ့ ကျုံးရဲ့"

"အဟင်း ... ဟင်းဟင်း"

"ဟား ဟား... ပြေးပေါ့ကွာ၊ မိရင်တော့ မညှာစတမ်းပေါ့"

မေတ္တာစံအိမ်လေးထဲမှ ချစ်သူနှစ်ဦးသည် လှိုက်မောမှုတွေနဲ့ အချစ်ကို သီကုံးဖွဲ့ဆိုနေကြ၏။

ဂီတသံစဉ်လေးတစ်ပုဒ်က အိတ်ကြီးထဲမှ မှောင်ရိပ်ခိုင်းပျံနေသော ညချမ်းလေးရဲ့အပြင်လောကသို့ ခုန်ပေါက်မြူးထူးစွာ ထွက်ပေါ်လာလေ၏။

ထိုဂီတသံစဉ်တွေကို အိပ်တန်းဝင်ငှက်ကလေးတွေက နှိုးနှားထောင်နေကြလေရဲ့။

သမီးပျို



www.burmeseclassic.com